The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .17, NO . 26 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | July 10 , 2017

# ပြည်ပကုန်သွယ်မှု (၃)လအတွင်း အမေရိကန်ဒေါ်လာ ၇ ဒသမ ၈ ဘီလီယံသို့ရောက်ရှိ ယခင်နှစ် ကာလတူထက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံ ပိုမိုဆောင်ရွက်နိုင်

စာမျက်နှာ - ၈



- FMI ကုမ္ပဏီ၏ အစုရှယ်ယာများအတွက် အမြတ်ဝေစုများကို ဩဂုတ် ၉ ရက်တွင် စတင်ထုတ်ပေးသွားမည်

စာမျက်နှာ - ၉

- ထိုင်းနိုင်ငံမှ Ceva Logistics ကုမ္ပဏီက ရန်ကုန်မြို့တွင် ရုံးခွဲဖွင့်လှစ်

စာမျက်နှာ - ၁၃

- ပြည်တွင်းကုန်သွယ်မှု မြှင့်တင်ရေးအတွက် ပေါက်မြို့နယ်၊ အုန်းတောမြောက်စကျေးရွာတွင် ကြက်သွန်နီ၊ အာလူးစိုက် တောင်သူများအား အသိပညာပေး ဟောပြောပွဲကျင်းပ

စာမျက်နှာ - ၂၃

## တရုတ်နိုင်ငံသို့ ပို့ကုန် တင်ပို့မည်ဆိုလျှင်

စာမျက်နှာ - ၁၈




**Top-Kick Multi - Crop Thresher** စပါး နှင့် ပဲအမျိုးမျိုး ခြွေလှေ့စက်



စပါး၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစဉ်းငုံ၊ ပဲကြီး၊ ကုလားပဲ၊
စားတော်ပဲ၊ ပဲပိစပ်၊ ပဲလွန်းနီ၊ ဂျုံ၊ နေကြာ၊
မြေပဲ၊ ပြောင်းအစရှိသည့်သီးထပ်၊ သီးညှပ် ပဲအမျိုးမျိုးတို့ကို
ခြွေလှေ့စက် တစ်လုံးတည်းဖြင့်လွယ်ကူစွာခြွေလှေ့နိုင်ပါသည်။
သီးနှံ တစ်မျိုးပြောင်း၍ခြွေလှေ့တိုင်းမည်သည့်နေရာ
ဒေသမဆိုလိုက်လံခြွေလှေ့ပြသပေးပါသည်။

ပဲကွဲမှုမရှိကြောင်း နှင့် သဲ ခဲ ကင်းစင်မှုကို အာမခံပါသည်
စပါးတင်းတစ်ထောင်ခြွေလှေ့ပါကအလေအလွင့်အနေဖြင့် (၄) ပြည်သာလျော့မည်။
ရိုးမဘဏ်(ပြည်ဘဏ်ခွဲ)ဖြင့် ချိတ်ဆက်၍ အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ပါသည်။
Ko Zaw Moe Aung(Electronic Service Engineer)
Top-Kick Engineering Group
No.(14),Mekkheyar Min Thar Gyi Mg Phyo Street,Industrial Zone(1),Pyay.
Ph:09-5409513,09-253100337,09-253149075

ဆက်သွယ်ရန် - ကိုဇော်မိုးအောင်( 09-5409513)အမှတ်(၂၀)၊ ဦးလူကြီးလမ်း၊ စက်မှုဇုန်(၁)၊ ပြည်မြို့

# Myint Thukha Nadi Logistics Co.,Ltd.

A Myintthukhanadi Company




**Head Office ;**

No.408, Tower(B), Myaing Hay Wun Condo, 8 miles, Mayangone Township, Yangon, Myanmar.

Tel ; (+95)1-651049, (+95)9-5109786

Website ; www.myintthukhanadi.com, E-mail ; myintthukhanadi@gmail.com

; MyintThukhaNadi Logistics



# ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်ဒေသများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အင်္ဂမအကြိမ် မြန်မာ-ထိုင်း ပူးတွဲညှိနှိုင်းရေးကော်မတီ (8th JCC) အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်



ထားဝယ် အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်ဒေသများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အဋ္ဌမအကြိမ် မြန်မာ-ထိုင်း ပူးတွဲညှိနှိုင်းရေးကော်မတီ (8th JCC) အစည်းအဝေးကို ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ ဇွန် ၂၉ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့သည်။

အဆိုပါအစည်း အဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဦးဆောင်သည့် သက်ဆိုင်ရာဌာနအကြီးအကဲများပါဝင်သော ထားဝယ်အထူး စီးပွားရေးဇုန်တည်ဆောက်ရေး အထူးလုပ်ငန်းအဖွဲ့ဝင်များ ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး၊ ထိုင်းနိုင်ငံဘက်မှ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဝန်ကြီး H.E.Mr. ArkhomTermpittayapaisith ဦးဆောင်သော အဖွဲ့တို့နှင့်တွေ့ဆုံ၍ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်ဒေသများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထိုသို့ဆွေးနွေးရာတွင် ထားဝယ်အထူးစီးပွားရေးဇုန်ကို မြန်မာ-ထိုင်း နှစ်ဖက်စလုံးက ပူးပေါင်း၍ အမြန်ဆုံး ဆက်လက်အကောင်အထည်ဖော်ရေး၊ ထားဝယ်အထူးစီးပွားရေးဇုန်နှင့်မြန်မာ-ထိုင်းနယ်စပ်သို့ ဆက်သွယ်မည့် နှစ်လမ်းသွားကားလမ်း တည်ဆောက်ရေးနှင့် ထားဝယ်အထူးစီးပွားရေးဇုန်၏ ကနဦးစီမံကိန်းအပိုင်းကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး၊ ယင်းလုပ်ငန်း နှစ်မျိုးစလုံးအတွက် ပူးတွဲအထူးလုပ်ငန်းအဖွဲ့များ ထူထောင်ဖွဲ့စည်းရေးတို့ကို အမြန်ဆုံး အကောင်အထည်ဖော်သွားကြရန် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံသို့ရောက်ရှိစဉ် ဇွန်လ ၂၉ ရက်တွင် Laem Chabang ရေနက်ဆိပ်ကမ်း၊ စက်မှုဇုန်၊ Single Rail Transfer Operator Project နှင့် Motorway Control တို့သို့ သွားရောက်လေ့လာခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့်အတူ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာဦးနှင့် ထားဝယ် အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ (၂) ဒေါက်တာမြင့်ဆန်းတို့ လိုက်ပါခဲ့ကြောင်း သတင်းရရှိသည်။

MOC(IR)

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Tateshi HIGUCHI ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Tateshi HIGUCHI ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဇူလိုင် ၇ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ဧည့်ခန်းမ(၁) ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ မြန်မာ-ထိုင်း-ဂျပန် သုံးပွင့်ဆိုင် ဆွေးနွေးရေး၊ ထိုင်းနိုင်ငံတွင် ၂၀၁၇ခုနှစ်၊ ဇွန် ၃၀ ရက်က ကျင်းပခဲ့သည့် အဋ္ဌမအကြိမ် မြန်မာ-ထိုင်း ပူးတွဲညှိနှိုင်းရေးကော်မတီ အစည်းအဝေးရလဒ်များနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များ၊ ထားဝယ်အထူးစီးပွားရေးဇုန်ဆိုင်ရာ Master Plan အား အသစ်ထပ်မံ ရေးဆွဲပေးရန်ကိစ္စ၊ ဂျပန်နိုင်ငံမှ ပေးအပ်သော အကူအညီများအား ပိုမိုထိရောက်စွာအသုံးချနိုင်ရေး၊ မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန် သီးနှံများ၏ အရည်အသွေး စီမံခန့်ခွဲမှုအပိုင်းတွင် ဂျပန်နည်းပညာနှင့် အကူအညီများ ပိုမိုရရှိရေးနှင့် ထားဝယ်အထူးစီးပွားရေး ဇုန် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်စပ်နေသည့်တနင်္သာရီကမ်းမြောင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ ဆွေးနွေးခဲ့ကြ သည်။

အဆိုပါ တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

MOC(IR)

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး Laboratory Network မှ အဖွဲ့ဝင်များအား တွေ့ဆုံ အမှာစကားပြောကြား

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် Laboratory Network အဖွဲ့ဝင်များနှင့် ဇူလိုင် ၇ ရက်က တွေ့ဆုံခဲ့သည်။

အဆိုပါတွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာ၌ ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များတွင် ဓာတ်ခွဲခန်းများရှိသော်လည်း ပေါင်းစပ်ဆောင်ရွက်မှု ပိုမိုကောင်းမွန်ရန် လိုအပ်နေသေးသည်ကို တွေ့ရှိရကြောင်း၊ တင်သွင်းလာသည့် အစားအသောက်နှင့် ဆေးဝါးများ၏ အရည်အသွေးနှင့် လုံခြုံစိတ်ချရမှုရှိရန် လိုအပ်သလို ပို့ကုန်တင်ပို့ရေးအပိုင်းတွင်လည်း နိုင်ငံအလိုက် လိုအပ်ချက်များကို ဓာတ်ခွဲခန်းများက စစ်ဆေးသိရှိ ဆောင်ရွက်ပေးနိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် ပို့ကုန်လုပ်ငန်းရှင်များကိုလည်း Awareness ပေးရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း ပို့ကုန်မြှင့်တင်ရေး ဆောင်ရွက်ရာတွင် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုမှတစ်ဆင့် Bilateral Agreement ပုံစံဖြင့် ကုန်သွယ်မှု တိုးမြှင့်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တင်သွင်း/တင်ပို့သည့် ကုန်ပစ္စည်းများနှင့်ပတ်သက်၍ အရည်အသွေး စံချိန်စံညွှန်း သတ်မှတ်ထုတ်ပြန်ရန် လိုအပ်နေပြီဖြစ်ပါကြောင်း၊ သို့မှသာ စံချိန်စံညွှန်းနဲ့အညီ စစ်ဆေးခွင့်ပြုနိုင်မည်ဖြစ်ပါကြောင်း၊ အရည်အသွေးပြည့်ဝသည့် ဓာတ်ခွဲခန်းများ ဖြစ်လာရေးအတွက် Lab infrastructure and Human Resource Development ပြည့်စုံလုံလောက်ရန်

စာမျက်နှာ (၁၇) သို့ ➤

Commerce
JOURNAL
အတိုင်ပင်ခံစာတည်း
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်
စာတည်းမှူးချုပ်
အောင်သူရ
တာဝန်ခံစာတည်း
ခင်သီတာအေး
အုပ်ချုပ်ရေးမှူး
ဒေါ်အေးအေးမော်
စာတည်းအဖွဲ့
ဖြူဖြူဝင်း
လက်ထောက်စာတည်း
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း
သတင်းထောက်များ
ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊
နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဧနိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)
Proof & Layout Design ကြီးကြပ်
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း
ကြော်ငြာတာဝန်ခံ
မြင့်ဇင်ညွှန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)
ထုတ်ဝေသူ
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃
ဖြန့်ချိရေးတာဝန်ခံ
သန်းစိုး
ဖြန့်ချိရေး
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်
ကွန်ပျူတာ
ခိုင်ဇော်မင်း
သင်းသီရိအောင်
Layout Design & Graphic Design
CJ Design Group
ပုံနှိပ်သူ
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
Email Address
commercejournal.editor@gmail.com

# ရက်သတ္တပတ်အတွင်းမွန်တီနီဂရိုးနိုင်ငံသို့ ဆန်ကွဲတန်ချိန် တစ်ရာတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများနဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဇွန်၂၄ ရက်မှ ၃၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၂၆ သန်းတန်ဖိုးရှိ ဆန်နဲ့ ကောက်ညှင်းဆန် ၂၀၀၇၈တန် တင်ပို့ခဲ့ရာ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၁၀၅၃၆ တန်၊ ဧည့်မထဆန် ၆၉၈၉ တန်နဲ့ ကောက်ညှင်းဆန် ၁၆ တန်ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၉၇ တန်ခန့်နဲ့ ဧည့်မထဆန် ၁၅၈ တန်ခန့်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၂၂၇၉ တန်ကျော်၊ စစ်တွေ ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၃ တန်တင်ပို့ခဲ့ပါတယ်။ မြန်မာ-တရုတ်နယ်စပ်နဲ့၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဇွန်လအတွင်းက အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၇၃၈ သန်း တန်ဖိုးရှိ ဆန်နဲ့ ကောက်ညှင်းဆန် ၈၅၆၃၂ တန် တင်ပို့ခဲ့ပြီး အနီးစပ်ဆုံးမေလနဲ့နှိုင်းယှဉ်ပါက မေလက ၁၈၈၇၈၉ တန်ကျော် တင်ပို့ ခဲ့တဲ့အတွက် ဇွန်လမှာ ၁၀၃၁၅၇ တန် လျော့နည်း တင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၊ လွယ်ဂျယ်နဲ့ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ သုညဒသမ ၆၀၈ သန်းတန်ဖိုးရှိဆန်ကွဲ ၂၆၄၂ တန် တင်ပို့ခဲ့ပါတယ်။ ဇွန်လ တစ်လလုံးအတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၈၈ သန်းတန်ဖိုးရှိ ဆန်ကွဲ ၁၄၈၅၈ တန် တင်ပို့ခဲ့ပါတယ်။ အနီးစပ်ဆုံး မေလက ဆန်ကွဲ ၂၃၃၁၁ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ၈၄၅၃ တန်လျော့နည်းခဲ့ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဇွန် ၂၅ ရက်မှ ဇူလိုင် ၁ရက်အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၅၀၆သန်း တန်ဖိုးရှိ ဆန်ဖြူနဲ့ပေါင်းဆန် ၂၂၀၉၃ တန် တင်ပို့ ခဲ့ပါတယ်။ နိုင်ငံအလိုက် တင်ပို့မှုများမှာ တောင်အာဖရိကနိုင်ငံသို့ ဧည့်မထဆန် တန်ချိန် ၅၀၀၊ ဘီနင်နိုင်ငံသို့ ဧည့်မထဆန် ၁၂၅ တန်၊ ဆီနီဂေါ နိုင်ငံသို့ ဧည့်မထဆန် တန်ချိန် ၂၅၀၊ မက်ဒါဂါ စကားနိုင်ငံသို့ ဧည့်မထဆန်၉၂၅ တန်၊ အီးယူနိုင်ငံများသို့ ပေါင်းဆန် ၉၂၅ တန်နဲ့ ဧည့်မထဆန် ၁၄၄၅တန်၊ ရုရှားနိုင်ငံသို့ပေါင်းဆန်တန်ချိန် ၁၀၀နဲ့ ဧည့်မထဆန် ၈၂၅ တန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဧည့်မထဆန် ၈၇၅ တန်၊ သီရိလင်္ကာနိုင်ငံသို့ ဧည့်မထဆန် ၂၁၂၅ တန်၊ စင်ကာပူနိုင်ငံသို့ ဧည့်မထဆန် ၆၂၃ တန်နဲ့ ငစိန်တန်ချိန် ၅၀၊ တရုတ်နိုင်ငံသို့ ဧည့်မထဆန် တန်ချိန် ၂၀၀၊ အိုင်ဗရီကို့စ်နိုင်ငံသို့ ဧည့်မထဆန် တန်ချိန်၁၂၀၀၀တင်ပို့ခဲ့တာဖြစ်ပါတယ်။ဇွန်လတစ်လလုံးမှာ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၅၂၅ သန်း တန်ဖိုးရှိဆန် တန်ချိန်၄၈၈၁၀ တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး မေလက ၇၂၀၄၆ တန် တင်ပို့ခဲ့တဲ့အတွက် ယခုလမှာ ၂၃၂၃၆ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။

ဇွန် ၂၅ ရက်မှ ဇူလိုင် ၁ ရက်ထိ သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၁၇ သန်း တန်ဖိုးရှိ ဆန်ကွဲ ၁၇၅၉၇ တန် တင်ပို့ခဲ့ပြီး တောင်အာဖရိကနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၃၀၀၊ ဆီနီဂေါနိုင်ငံသို့တန် ၅၀၀၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၅၀၊ အင်ဒိုနီးရှားနိုင်ငံသို့ ၂၇၂၅ တန်၊ မလေးရှားနိုင်ငံသို့ ၁၀၄ တန် ၊အီးယူနိုင်ငံသို့ ၁၃၈၁၈ တန်နဲ့ ဈေးကွက်သစ် မွန်တီနီဂရိုးနိုင်ငံသို့ ဆန်ကွဲတန်ချိန်၁၀၀တင်ပို့ခဲ့ပါတယ်။ ဇွန်လအတွင်းမှာတော့ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၁၃ သန်းတန်ဖိုးရှိ ဆန်ကွဲ ၄၉၃၄၄ တန် တင်ပို့ခဲ့ပြီး မေလက ၅၁၂၇၁ တန် တင်ပို့ခဲ့တဲ့အတွက် ယခုလမှာ ၁၉၂၇ တန် လျော့နည်းခဲ့ပါတယ်။ ယခုလ ဆန်ကွဲတင်ပို့မှုလျော့နည်းသော်လည်း ဈေးကွက်သစ်များ ထပ်မံရရှိလာတာတွေ့ရပါတယ်။

**ယဉ်ယဉ်အေး**

## ကယားပြည်နယ်သို့ ဇွန်လအတွင်းဆန်စီးဝင်မှု ယခင်လထက်များပြားလာ

ကယားပြည်နယ်အတွင်းသို့ အခြားမြို့များမှ ဆန်များပုံမှန်တင်သွင်းလိုက်ရာ ဇွန်လအတွင်းတွင် ဆန်အိတ်ပေါင်း ၂၇၂၇၀ အိတ်၊ ၁၃၆၉ တန် တင်သွင်းခဲ့ရာ ယခင်မေလထက် ဆန်တန်ချိန် ၆၄၀ တန်ခန့်ပိုမိုတင်သွင်းလာကြောင်း မြို့ဦးဂိတ်စာရင်းအရ သိရှိရပါတယ်။ ဒေသခံတောင်သူများနှင့်ဆန်စက်များထံတွင် ဆန်စပါးလက်ကျန်နည်းပါးခြင်း၊ ဒေသတွင်းဆန်စပါးလိုအပ်ချက်ရှိခြင်းနှင့် နွေစပါးလည်း မထွက်ရှိသေးတာကြောင့် ယခုကဲ့သို့ ဆန်ပိုမိုတင်သွင်းလာရခြင်းဖြစ်ကြောင်း ဆန်စက်လုပ်ငန်းရှင်များထံမှ သိရှိရပါတယ်။ ဇူလိုင်လ ပထမပတ်အတွင်းတွင် ရန်ကုန်မြို့မှဆန် ၁၀၃၀ အိတ်၊ မန္တလေးမြို့မှဆန် ၅၀၀ အိတ်၊ ရွှေဘိုမြို့မှ အိတ် ၁၃၅၀ စုစုပေါင်းအိတ် ၂၈၈၀ အိတ် (တန်ချိန်အားဖြင့် ၁၄၅ တန်)ရှိရာ တစ်ရက်လျှင် ၂၀ တန်ခန့်တင်သွင်းလာခဲ့ပြီး အခြားမြို့များသို့ ဆန်တင်ပို့ရာတွင်လည်း ဆန်အိတ်ပေါင်း ၆၂၀၊၃၁တန်ခန့် တင်ပို့ကြောင်း မြို့ဦးဂိတ်စာရင်းအရ သိရှိရပါတယ်။

ယခုတစ်ပတ်အတွင်း ကယားပြည်နယ်တွင် ပေါ်ဆန်းဆန် တစ်အိတ်လျှင် ကျပ် ၄၅၀၀၀ ၊ တစ်ပြည်လျှင် ကျပ် ၁၉၀၀၊ ပေါ်ကွဲဆန်တစ်အိတ်လျှင် ကျပ် ၂၆၅၀၀၊ တစ်ပြည်လျှင် ကျပ် ၁၂၅၀၊ ဧည့်မထ(ဒေသ)ဆန် တစ်အိတ်လျှင်ကျပ် ၃၂၀၀၀၊ တစ်ပြည်လျှင် ကျပ် ၁၃၅၀၊ ငစိန်ဆန်တစ်အိတ်လျှင် ကျပ် ၁၉၅၀၀၊ တစ်ပြည်လျှင် ကျပ် ၈၅၀ ဈေးဖြင့် ဈေးငြိမ်လျက်ရှိပြီး စပါးတင်း ၁၀၀ လျှင် ၇၆၆၈၀၀ ကျပ် ဈေးပေါက်ပြီး ယခင်တစ်ပတ်ထက် ၁၆၈၀၀ ကျပ် ဈေးတက်လာကြောင်း ကယားကုန်ဈေးနှုန်းသတင်းအရသိရှိရပါတယ်။

**ထွန်းနိုင်လင်း (လွိုင်ကော်)**

## ဆန်ချောနဲ့ ဆန်ကြမ်းဈေးမြင့်တက်

ယခုတစ်ပတ်ရန်ကုန်မြို့ ဝါးတန်းဆန်ကုန်စည်ဒိုင်ရဲ့ဆန်ဈေးကွက်မှာဆန်ချော အမြင့်နဲ့ဆန်ကြမ်းအမြင့်တို့ ဈေးတက်ကြောင်းသိရပါတယ်။ ဆန်ချောဖြစ်တဲ့ ဖျာပုံပေါ်ဆန်း ထိပ်စတစ်အိတ်ကျပ် ၃၄၅၀၀၊ လတ်စတစ်အိတ်ကျပ်၃၃၀၀၀၊ပုသိမ်/မြောင်းမြပေါ်ဆန်းဆန် ထိပ်စတစ်အိတ်ကျပ် ၃၆၅၀၀၊ လတ်စတစ်အိတ် ကျပ် ၃၄၀၀၀၊ နယ်စုံ ကျိုက်လတ်ပေါ်ဆန်း ထိပ်စတစ်အိတ်ကျပ်၃၂၀၀၀၊လတ်စ တစ်အိတ်ကျပ် ၃၁၀၀၀ ဖြင့် ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေသော်လည်း ရွှေဘိုပေါ်ဆန်းဆန်ကတော့ တစ်အိတ်ကိုကျပ် ၄၃၀၀၀ မှ ကျပ် ၄၅၀၀၀ အထိရှိပြီး တစ်အိတ်ကို ကျပ် ၁၀၀၀ခန့် ဈေးတက်ပါတယ်။

ယခုတစ်ပတ်မှာ ဆန်ကြမ်းလည်း ဈေးအနည်းငယ်တက်ပါတယ်။ ဧည့်မထ ထိပ်စ တစ်အိတ် ကျပ် ၁၉၅၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၁၇၅၀၀၊ နွေသီးထပ်ရှယ် တစ်အိတ်ကျပ် ၁၈၅၀၀ မှ ၁၉၅၀၀၊ အိတ်စပို့ ၂၅ မှတ် တစ်အိတ်ကျပ်၁၇၀၀၀ မှ ကျပ် ၁၇၅၀၀ ဖြစ်ပြီး တစ်အိတ်ကို ကျပ် ၃၀၀ မှ ၅၀၀ အထိ ဈေးတက်ပါတယ်။ ပြည်တွင်းရော အိတ်စပို့ပါ အဝယ်လိုက်တဲ့အတွက် ဈေးအနည်းငယ်တက်တယ်လို့ ဝါးတန်းဆန်ဈေးကွက်မှသိရတယ်။နွေဆန်ရက်၉၀တစ်အိတ်ကို ကျပ် ၁၉၅၀၀ မှ ၂၁၀၀၀၊ မနောသုခ တစ်အိတ်ကို ကျပ် ၂၄၀၀၀ မှ ကျပ် ၂၅၀၀၀ဖြစ်ပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။ ကုန်စည်ဒိုင်ကို ဆန်အဝင်ပုံမှန်ရှိပြီး အိတ်စပို့ဆန် အရောင်းအဝယ်သွက်တယ်လို့သိရပါတယ်။မူဆယ်ဆန်ဈေးကွက်မှာ ဆန်အဝင်များပြီး ဆန်ဈေးအတက်အကျမရှိဘဲ ဧည့်မထ ၅ မှတ် မော်ဘီနဲ့ စူပါတစ်အိတ် ၁၃၂ ယွမ်မှ ၁၃၅ ယွမ်၊ ဧည့်မထ ၁၀မှတ် မော်ဘီတစ်အိတ် ၁၂၈ ယွမ်မှ ၁၂၉ ယွမ်၊ ဧည်မထ၁၀ မှတ် စူပါတစ်အိတ် ယွမ် ၁၃၀ မှ ၁၃၁ ယွမ်၊ ငစိန် ၅ မှတ် တစ်အိတ် ၁၂၀ ယွမ်မှ ၁၂၃ ယွမ်၊ ငစိန် ၁၅ မှတ် တစ်အိတ် ၁၁၈ ယွမ်မှ ယွမ်၁၂၀ ၊ ငစိန် ၂၅ မှတ် တစ်အိတ် ၁၁၃ ယွမ်မှ ၁၁၅ ယွမ်ရှိပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။

မြို့တွင်းနယ်စုံမှ မူဆယ်သို့ ဆန်အဝင်မှာ ဇွန် ၂၉ ရက်မှ ဇူလိုင် ၅ ရက်အထိ တန်ချိန် ၂၂၅၅၀ ရှိပြီး ယခင်တစ်ပတ်ထက် ဆန်အဝင် ၈၉၄၂ တန် ပိုမိုပါတယ်။ ဆန်အဝင်များပေမယ့် အရောင်းအဝယ်ကတော့ပုံမှန်ပဲရှိတယ်လို့သိရပါတယ်။ဇူလိုင် ၆ရက် ငွေလဲနှုန်းအရ တစ်ယွမ်ကို ၁၉၆ ဒသမ ၄၆ ကျပ်ရှိတယ်လို့ မူဆယ်ဈေးကွက်မှသိရပါတယ်။

**ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၅-၇-၂၀၁၇ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၇၀ | ၄၅၅ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၅၅ | ၄၃၉ | ▽ | ၄၁၀ | ၄၀၅ | ▽ | ၄၁၅ | ၄၁၅ | □ | ၄၃၄ | ၄၃၀ | ▽ |
| ဆန်ဖြူ ၁၀% | ၄၄၅ | ၄၃၀ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၄၀ | ၄၂၇ | ▽ | ၃၉၅ | ၃၉၀ | ▽ | - | - | - | ၄၂၂ | ၄၂၀ | ▽ |
| ဆန်ဖြူ ၂၅% | ၄၂၇ | ၄၃၅ | △ | ၃၀၅ | ၃၀၀ | ▽ | ၃၆၅ | ၃၆၅ | □ | ၃၇၅ | ၃၇၅ | □ |
| ပေါင်းဆန် | ၄၀၅ | ၄၇၀ | ▽ | - | - | - | ၄၂၅ | ၄၃၀ | △ | ၄၂၅ | ၄၂၅ | □ |

*Source: thairiceexporters*

## ပြည်တွင်းမြို့ကြီးများ၏ (၇-၇-၂၀၁၇)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၄၅၀ | □ | ၁၇၀၀၀ | □ | ၆၅၃၂ | □ | ၃၂၅၀၀ | □ |
| ပုသိမ် | ၄၆၀၀ | □ | ၂၀၀၀၀ | □ | ၇၇၃၀ | △ | ၃၅၅၀၀ | □ |
| ပဲခူး | ၄၄၀၀ | △ | ၁၈၀၀၀ | □ | ၆၅၀၀ | □ | ၃၂၀၀၀ | □ |
| ရွှေဘို | ၆၅၀၀ | △ | ၂၆၂၀ | ▽ | ၁၁၅၀၀ | ▽ | ၃၉၄၀၀ | ▽ |
| စစ်တွေ | ၃၈၅၀ | □ | ၁၇၀၀၀ | □ | ၇၂၀၀ | □ | ၃၂၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၄၈၀၀ | □ | ၂၅၀၀၀ | △ | - | - | ၄၂၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၄၁၅၀ | △ | ၁၆၈၀၀ | □ | - | - | ၃၀၀၀၀ | □ |
| မန္တလေး | ၆၅၀၀ | □ | ၂၆၀၀၀ | □ | - | - | ၃၆၀၀၀ | □ |
| မကွေး | ၆၈၀၀ | □ | ၂၂၅၀၀ | □ | - | - | ၃၈၀၀၀ | □ |
| မော်လမြိုင် | ၄၄၀၀ | □ | ၁၈၀၀၀ | □ | ၇၀၀၀ | □ | ၂၆၀၀၀ | □ |
| လွိုင်ကော် | ၇၆၀၀ | △ | ၃၂၀၀၀ | □ | - | - | ၄၅၀၀၀ | □ |
| မြိတ် | ၃၈၀၀ | □ | ၂၂၅၀၀ | △ | - | - | ၄၂၀၀၀ | □ |
| ဘားအံ | ၄၅၀၀ | △ | ၁၈၅၀၀ | □ | - | - | ၃၈၅၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၃-၇-၂၀၁၇ မှ ၇-၇-၂၀၁၇ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 665 | 41,089,287.782 |
| 2 | Form D | 37 | 2,206,017.660 |
| 3 | Form E | 96 | 12,650,965.064 |
| 4 | Korea GSP | 7 | 149,014.500 |
| 5 | Form AK | 77 | 3,803,892.470 |
| 6 | Form AJ | 13 | 1,075,316.940 |
| 7 | Form AI | 92 | 8,698,687.300 |
| 8 | Form AANZ | 8 | 33,076.100 |
| 9 | Form DFTP | - | - |
| **Grand Total** | | **995** | **69,706,257.816** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၇-၇-၂၀၁၇ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၃၀/၆ | ၇/၇ | ပြောင်းလဲမှု | ၃၀/၆ | ၇/၇ | ပြောင်းလဲမှု | ၃၀/၆ | ၇/၇ | ပြောင်းလဲမှု | ၃၀/၆ | ၇/၇ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၄၁၂ | ၁၃၈၅ | ▼ | ၁၄၁၇ | ၁၃၈၃ | ▼ | ၁၄၂၅ | ၁၄၀၀ | ▼ | ၁၄၁၀ | ၁၃၉၀ | ▼ |
| ပဲစင်းငုံ | ၁၀၂၇ | ၁၀၁၂ | ▼ | ၉၆၇ | ၉၅၀ | ▼ | ၉၉၀ | ၉၇၀ | ▼ | ၉၆၅ | ၉၅၀ | ▼ |
| ပဲတီစိမ်း | ၁၄၆၅ | ၁၄၀၀ | ▼ | ၂၀၄၄ | ၂၀၂၇ | ▼ | ၁၉၂၁ | ၁၈၄၂ | ▼ | ၁၅၈၀ | ၁၆၈၅ | ▲ |
| ကုလားပဲရိုးရိုး | ၂၆၅၀ | ၂၆၀၀ | ■ | ၂၁၃၁ | ၁၉၅၆ | ▼ | ၂၁၄၇ | ၂၁၅၈ | ▲ | ၁၉၅၀ | ၂၀၀၀ | ▲ |
| ပဲလွန်းဖြူ | ၁၄၆၅ | ၁၅၃၀ | ▲ | ၁၅၈၃ | ၁၂၅၀ | ▼ | - | - | - | ၁၅၀၀ | ၁၅၀၀ | ■ |
| ထောပတ်ပဲ | ၁၅၆၅ | ၁၅၆၅ | ■ | ၁၆၈၉ | ၁၆၈၉ | ■ | - | - | - | ၁၅၈၀ | ၁၅၈၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၇-၇-၂၀၁၇ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၂၉/၆ | ၇/၇ | ပြောင်းလဲမှု | ၂၉/၆ | ၇/၇ | ပြောင်းလဲမှု | ၂၉/၆ | ၇/၇ | ပြောင်းလဲမှု |
| မတ်ပဲ | ၆၄၀ | ၆၄၀ | ■ | ၇၀၆ | ၆၈၇ | ▼ | ၆၉၈ | ၆၉၅ | ▼ |
| ပဲစင်းငုံ | ၄၆၀ | ၄၇၀ | ▲ | ၅၄၇ | ၅၄၁ | ▼ | ၅၈၆ | ၅၇၄ | ▼ |
| ပဲတီစိမ်း | ၇၀၀ | ၆၈၀ | ▼ | - | - | - | ၆၉၈ | ၆၈၀ | ▼ |
| ကုလားပဲဖြူလုံးကြီး | ၁၀၀၀ | ၁၀၀၀ | ■ | ၈၅၃ | ၈၅၀ | ▼ | ၈၃၀ | ၈၄၂ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၂၄-၆-၁၇)ထိ | ယခုတစ်ပတ် (၁-၇-၁၇)ထိ | (၁-၁-၁၇) မှ (၁-၇-၁၇) ထိ |
| မတ်ပဲ | ၂၆၂၉၂၀ | ၁၃၂၃၁ | ၂၇၆၁၅၁ |
| ပဲတီစိမ်း | ၉၁၂၀၃ | ၂၀၁၀ | ၉၃၂၁၃ |
| ပဲစင်းငုံ | ၁၅၅၀၅၀ | ၃၆၃၆ | ၁၅၈၆၈၆ |
| ကုလားပဲ | ၂၉၉၃၆ | ၄၀၃ | ၃၀၃၃၉ |
| ပဲလွန်းဖြူ | ၁၁၅၃၄ | ၁၀၂ | ၁၁၆၃၆ |
| မြေထောက်ပဲ | ၇၆၇၇ | ၃၃၄ | ၈၀၁၁ |

## မုံရွာကုန်စည်ဒိုင်ပဲမျိုးစုံဈေးကွက်တွင် မြေပဲဆန်ဈေးငြိမ်လျက် အရောင်းအဝယ်ပုံမှန်ဖြစ်

မုံရွာကုန်စည်ဒိုင်ပဲမျိုးစုံဈေးကွက်တွင် ဆီထွက်သီးနှံဖြစ်သောမြေပဲဆန်ပေါက်ဈေးနှုန်းမှာ ယခင်တစ်ပတ်က မြင့်တက်ခဲ့သည့်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ မုံရွာကုန်စည်ဒိုင်သို့ နေ့စဉ် မြေပဲဆန် အိတ် ၁၀၀၀ ခန့် ဝင်ရောက်လျက်ရှိပြီး ယခုတစ်ပတ်မြေပဲဆန် တစ်ပိဿာပေါက်ဈေးနှုန်းမှာ (လုံးဆန်ဖြူ) ကျပ် ၂၃၀၀နဲ့အိတ်၅၀၀ခန့်၊ (လုံးဆန်နီ) ကျပ် ၂၂၅၀နဲ့ အိတ် ၂၀၀ခန့်၊ (ဆီဆန်) ကျပ် ၂၀၀၀နဲ့ အိတ် ၂၀၀ခန့် အသီးသီး အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ မြေပဲလုံးဆန်ဖြူကို ရန်ကုန်ဝယ်လက်ကဝယ်ယူပြီး လုံးဆန်နီကို မန္တလေးဝယ်လက်က ဝယ်ယူလျက်ရှိကာ ဆီဆန်ကို မုံရွာမြို့တွင်း ဆီစက်သမားများနှင့် ဘုတလင် ခင်မွန်ဆီစက်သမားများက အသီးသီးဝယ်ယူလျက်ရှိကြောင်းသိရပါတယ်။

ကြည်ကြည်နွယ်(မုံရွာ)

## လက်လီပဲဈေးကွက်မှာ ပြည်ထောပတ်ပဲဈေးကောင်းရနေ

ဇူလိုင်လဆန်းရက်အတွင်း ပြည်ပဲဈေးကွက်ရဲ့ အရောင်းအဝယ်ဖြစ်နေတဲ့ လက်လီပဲဈေးကွက်မှာ ထောပတ်ပဲသီးနှံဟာ ပစ္စည်းလက်ကျန်လည်း သိပ်မရှိတဲ့အတွက် အိတ်အနည်းငယ်သာ ရောင်းချခဲ့တာကို တွေ့ရပါတယ်။ ကျန်လက်လီပဲများဖြစ်တဲ့ ဘိုကိတ်၊ ပဲလွန်းဖြူ ပဲပုပ်သီးနှံများက ကျပ်သုံးသောင်းဈေးအောက်လျော့နည်းရရှိပေမယ့် ထောပတ်ပဲသီးနှံကတော့ ကျပ်သုံးသောင်းအထက်ရရှိနေတာကြောင့် ပြည်ပဝယ်လက်ပဲများဖြစ်တဲ့ မတ်ပဲ၊ ပဲစင်းငုံသီးနှံများထက်ပင် ဈေးကောင်းရနေခဲ့ပါတယ်။ ဇွန်လမှစ၍ ယခုအချိန်ထိ ပဲဈေးဟာ ကျပ်သုံးသောင်းအထက်မှာ ဆက်လက်အရောင်းအဝယ်ဖြစ်နေခဲ့ကြောင်း သိရပါတယ်။

ခင်ဆွေဝင်း

## ၂၀၁၇ ခုနှစ်၊ ဇွန်လအတွင်းမုံရွာကုန်စည်ဒိုင်မှာ အရောင်းအဝယ်ဖြစ်တဲ့ သီးနှံများ၏ ယခင်နှစ်ကာလတူအချိန်ဖြစ်ပေါ်ခဲ့တဲ့ဈေးနှုန်းနှင့်ဈေးကွက်

မုံရွာကုန်စည်ဒိုင်မှာ ပြည်ပဝယ်လက်ပဲများဖြစ်တဲ့ ပဲစင်းငုံ၊ မတ်ပဲ၊ ပဲတီစိမ်းဈေးကွက်အခြေအနေမှာ ၂၀၁၆ ခုနှစ်၊ ဇွန်လအတွင်း ပဲစင်းငုံတစ်တင်း နိမ့်/မြင့်ပေါက်ဈေးနှုန်းမှာကျပ် ၄၇၅၀၀၊ ကျပ် ၄၉၇၀၀နှုန်းနဲ့ အရောင်းအဝယ်ဖြစ်ခဲ့လို့ ယခုနှစ်ကာလတူပေါက်ဈေးနှုန်းမှာ ထက်ဝက်ကျော်ဈေးနိမ့်နေကြောင်းတွေ့ရပါတယ်။ ယခုတစ်ပတ် ပဲစင်းငုံ တစ်တင်းပေါက်ဈေးနှုန်းမှာ ကျပ်၁၉၄၀၀နှုန်းပေါက်ပြီး နေ့စဉ်အိတ် ၈၀၀ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။

မတ်ပဲသီးနှံရဲ့ ၂၀၁၆ခုနှစ်၊ ဇွန်လအတွင်းဖြစ်ပေါ်ခဲ့သော နိမ့်/မြင့်ပေါက်ဈေးနှုန်းမှာ ကျပ် ၅၁၀၀၀၊ ကျပ်၅၈၅၀၀ နှုန်းနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုနှစ်ကာလတူနိမ့်/မြင့်ပေါက်ဈေးနှုန်းမှာ ကျပ် ၂၆၅၀၀၊ ကျပ် ၃၀၀၀၀နှုန်းနဲ့ အရောင်းအဝယ်ဖြစ်ကာ ယခုနှစ်ကာလတူပေါက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ထက်ဝက်နီးပါး လျော့နည်းနေကြောင်း တွေ့ရပါတယ်။ ယခုတစ်ပတ်မတ်ပဲတစ်တင်း ပေါက်ဈေးနှုန်းမှာ ကျပ် ၂၈၃၀၀ နှုန်းပေါက်ပြီး အိတ် ၅၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

ပဲတီစိမ်းသီးနှံရဲ့ ၂၀၁၆ခုနှစ်၊ ဇွန်လအတွင်းဖြစ်ပေါ်ခဲ့သော နိမ့်/မြင့်ပေါက်ဈေးနှုန်းမှာကျပ် ၃၀၇၀၀၊ ကျပ် ၃၃၀၀၀ နှုန်းနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုနှစ်ကာလတူ နိမ့်/မြင့်ပေါက်ဈေးနှုန်းမှာ ကျပ် ၃၃၅၀၀၊ ကျပ် ၄၃၀၀၀နှုန်းနဲ့ အရောင်းအဝယ်ဖြစ်ကာ ယခုနှစ်ကာလတူ ပေါက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးမြင့်လျှက်ရှိကြောင်း တွေ့ရပါတယ်။ ယခုတစ်ပတ် ပဲတီစိမ်းတစ်တင်း ပေါက်ဈေးနှုန်းမှာ ကျပ်၃၆၅၀၀နှုန်းပေါက်ပြီး အဝင်ရှိသလောက် အရောင်းအဝယ်သွက်လျက်ရှိကြောင်း သိရပါတယ်။

ပြည်တွင်းဝယ်လက်ပဲများဖြစ်တဲ့ ကုလားပဲဖြူလုံးကြီး၊ 929၊ ပဲကြီး၊ စွန်တာနီ၊ ထောပတ်ပဲ၊ မြေ ထောက်ပဲ၊ ပဲပုပ်၊ ဂျုံ၊ CP ပြောင်းစသည့်သီးနှံများလည်း ဇွန်လအတွင်းမှာဈေးနှုန်း အတက်/အကျ အနည်းငယ်ရှိသော်လည်း အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးနဲ့ 929 သီးနှံရဲ့ ၂၀၁၆ ခုနှစ်၊ ဇွန်လအတွင်း ဖြစ်ပေါ်ခဲ့သော နိမ့်/မြင့်ပေါက်ဈေးနှုန်းမှာ ကုလားပဲဖြူလုံးကြီး တစ်တင်း ကျပ် ၃၈၀၀၀၊ ကျပ် ၃၉၈၀၀ နှုန်းပေါက်ပြီး 929 တစ်တင်း ကျပ် ၃၇၂၀၀၊ ကျပ် ၃၈၇၀၀နှုန်းနှင့် အရောင်းအဝယ် ဖြစ်ပါတယ်။ ယခုနှစ်ကာလတူ ပေါက်ဈေးနှုန်းမှာ ကုလားပဲဖြူလုံးကြီး တစ်တင်း ကျပ် ၄၀၃၀၀၊ ကျပ် ၄၂၀၀၀နှုန်းဖြစ်ပြီး 929 တစ်တင်းကျပ် ၃၇၅၀၀၊ ကျပ် ၃၈၇၀၀ နှုန်းပေါက်လျက် ယခင်နှစ်ကာလတူ ပေါက်ဈေးနှင့် နှိုင်းယှဉ်ပါ ကဈေးမြင့်နေကြောင်းတွေ့ရပါတယ်။ ယခုတစ်ပတ်မှာ ကုလားပဲဖြူလုံးကြီးတစ်တင်း ကျပ် ၄၀၅၀၀၊ 929 တစ်တင်း ကျပ် ၃၈၀၀၀ နှုန်း အသီးသီးပေါက်လျက် နေ့စဉ် အိတ် ၈၀၀ကျော် အရောင်းအဝယ် ပုံမှန်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

ပဲကြီးသီးနှံရဲ့ ၂၀၁၆ ခုနှစ်၊ ဇွန်လအတွင်းဖြစ်ပေါ်ခဲ့သော နိမ့်/မြင့်ပေါက်ဈေးနှုန်းမှာ ကျပ် ၂၆၀၀၀၊ ကျပ် ၂၇၅၀၀ နှုန်းနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုနှစ်ကာလတူ နိမ့်/မြင့် ပေါက်ဈေးနှုန်းမှာ ကျပ်၄၂၀၀၀၊ ကျပ် ၄၉၅၀၀နှုန်းနဲ့ အရောင်းအဝယ်ဖြစ်ကာ ယခုနှစ်ကာလတူပေါက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ယခင်နှစ်ပေါက်ဈေးထက်မြင့်တက်နေကြောင်း တွေ့ရပါတယ်။ ယခုတစ်ပတ် ပဲကြီးတစ်တင်းပေါက်ဈေးနှုန်းမှာ ကျပ် ၄၇၀၀၀ နှုန်းပေါက်ပြီး အိတ် ၁၅၀ခန့် အရောင်းအဝယ် ပုံမှန်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ စွန်တာနီပဲရဲ့ ၂၀၁၆ခုနှစ်၊ ဇွန်လအတွင်း ဖြစ်ပေါ်ခဲ့သော နိမ့်/မြင့်ပေါက်ဈေးနှုန်းမှာ တစ်တင်း ကျပ် ၁၄၇၀၀၊ ကျပ် ၁၇၀၀၀ နှုန်းနဲ့ အရောင်းအဝယ် ဖြစ်လျက်ရှိပြီး ယခုနှစ်ကာလတူပေါက်ဈေးနှုန်းမှာ တစ်တင်း ကျပ် ၂၄၀၀၀၊ ကျပ် ၂၆၅၀၀ နှုန်းနဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိကာ ယခင်နှစ်ကာလ တူပေါက်ဈေးနှုန်းထက် ဈေးမြင့်နေကြောင်း တွေ့ရပါတယ်။ ယခုတစ်ပတ်ဖြစ်ပေါ်ခဲ့သော ပဲတစ်တင်းပေါက်ဈေးနှုန်းမှာ ကျပ် ၂၅၀၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ထောပတ်ပဲသီးနှံရဲ့ ၂၀၁၆ ခုနှစ်၊ ဇွန်လအတွင်း ဖြစ်ပေါ်ခဲ့သောနိမ့်/မြင့် ပေါက်ဈေးနှုန်းမှာ တစ်တင်းကျပ် ၁၁၀၀၀၊ ကျပ် ၁၁၅၀၀နှုန်းနဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခုနှစ်ကာလတူ ပေါက်ဈေးနှုန်းမှာ တစ်တင်းကျပ် ၂၆၀၀၀၊ ကျပ် ၃၂၀၀၀ နှုန်းနဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိကာ ယခင်နှစ် ကာလတူပေါက်ဈေးနှုန်း၏ ထက်ဝက်ကျော်ဈေးမြင့်နေကြောင်း တွေ့ရပါတယ်။ ယခုတစ်ပတ်ဖြစ်ပေါ်ခဲ့သော ထောပတ်ပဲတစ်တင်းပေါက်ဈေးနှုန်းမှာ ကျပ် ၂၇၀၀၀ နှုန်းဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ မြေထောက်ပဲသီးနှံရဲ့ ၂၀၁၆ ခုနှစ်၊ ဇွန်လအတွင်း ဖြစ်ပေါ်ခဲ့သော နိမ့်/မြင့်ပေါက်ဈေးနှုန်းမှာ တစ်တင်း ကျပ် ၁၇၀၀၀၊ ကျပ် ၁၉၅၀၀ နှုန်းနဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခုနှစ်ကာလတူ ပေါက်ဈေးနှုန်းမှာ တစ်တင်းကျပ် ၃၀၀၀၀၊ ကျပ် ၃၁၅၀၀ နှုန်းနဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိကာ ယခင် နှစ် ကာလတူပေါက်ဈေးနှုန်းထက် ဈေးမြင့်နေကြောင်း တွေ့ရပါတယ်။ ယခုတစ်ပတ်ဖြစ်ပေါ်ခဲ့သော မြေထောက်ပဲ တစ်တင်း ပေါက်ဈေးနှုန်းမှာ ကျပ် ၃၁၀၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ပဲပုပ်သီးနှံရဲ့ ၂၀၁၆ ခုနှစ်၊ ဇွန်လအတွင်းဖြစ်ပေါ်ခဲ့သော နိမ့်/မြင့်ပေါက်ဈေးနှုန်းမှာ တစ်တင်းကျပ် ၁၈၀၀၀၊ ကျပ် ၁၈၅၀၀ နှုန်းနဲ့ အရောင်းအဝယ် ဖြစ်လျက်ရှိပြီး ယခုနှစ်ကာလတူပေါက်ဈေးနှုန်းမှာ တစ်တင်း ကျပ် ၂၈၅၀၀၊ ကျပ် ၃၀၀၀၀ နှုန်းနဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိကာ ယခင်နှစ်ကာလတူပေါက်ဈေးနှုန်းထက် ဈေးမြင့်နေကြောင်း တွေ့ရပါတယ်။

ယခုတစ်ပတ်ဖြစ်ပေါ်ခဲ့သော ပဲပုပ်တစ်တင်းပေါက်ဈေးနှုန်းမှာ ကျပ် ၂၉၀၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ဂျုံသီးနှံရဲ့ ၂၀၁၆ ခုနှစ်၊ ဇွန်လအတွင်း ဖြစ်ပေါ်ခဲ့သော နိမ့်/မြင့်ပေါက်ဈေးနှုန်းမှာ တစ်တင်း ကျပ် ၁၅၄၀၀ နှုန်းနဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခုနှစ်ကာလတူပေါက်ဈေးနှုန်းမှာ တစ်တင်းကျပ် ၂၀၀၀၀ နှုန်းနဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိကာ ယခင်နှစ်ကာလတူပေါက်ဈေးနှုန်းထက် ဈေးမြင့်နေကြောင်း တွေ့ရပါတယ်။ ယခုတစ်ပတ်ဖြစ်ပေါ် ခဲ့သော ဂျုံတစ်တင်း ပေါက်ဈေးနှုန်းမှာကျပ် ၂၀၀၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ CP ပြောင်းသီးနှံမှာ ၂၀၁၆ခုနှစ်၊ ဇွန်လအတွင်းဖြစ်ပေါ်ခဲ့သော နိမ့်/မြင့်ပေါက်ဈေးနှုန်းမှာ တစ်တင်းကျပ် ၇၈၀၀၊ ကျပ် ၈၂၀၀ နှုန်းနဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခုနှစ်ကာလတူ ပေါက်ဈေးနှုန်းမှာ တစ်တင်း ကျပ် ၇၂၀၀၊ ကျပ် ၉၀၀၀ နှုန်းနဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိကာ ယခင်နှစ်ကာလတူ ပေါက်ဈေးနှုန်းထက် ဈေးမြင့်နေပြီး ဇွန်လအတွင်းမှာ အရောင်းအဝယ်သွက်နေကြောင်း သိရပါတယ်။ ယခုတစ်ပတ်ဖြစ်ပေါ်ခဲ့သော CP ပြောင်း တစ်တင်းပေါက်ဈေးနှုန်းမှာ ကျပ် ၈၆၀၀ နှုန်းဖြင့် အသီးသီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း လေ့လာ သိရှိရပါတယ်။

ကြည်ကြည်နွယ်(မုံရွာ)

## ပြည်ပဲစင်းငုံဈေးအေးသည်ထက်အေးလာ

ပြည်ပဲဈေးကွက်အတွင်း ဇူလိုင်လဆန်းရက်တွင် ပဲသီးနှံမျိုးစုံအရောင်းအဝယ်ဖြစ်နေသော်လည်း ပြည်ပဝယ်လက်ပဲများဖြစ်သော မတ်ပဲနှင့်ပဲစင်းငုံသီးနှံများမှာ နေ့စဉ်အရောင်းအဝယ်မဖြစ်ခဲ့ဘဲ ရက်ခြားသာ အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။ ပဲဈေးနှုန်းမှာ ဈေးအေးနေလို့ ပဲစင်းငုံသီးနှံတစ်တင်းလျှင် ကျပ် ၁၈၈၀၀ ဖြင့် ဈေးအနိမ့်နဲ့ ရောင်းဝယ်နေခဲ့သလို ဇွန်လကုန်က ဈေးထက်ထပ်မံကျဆင်းသွားခဲ့ပါတယ်။ ဇွန်လကုန်ရက်တွင် ပဲစင်းငုံတစ်တင်းလျှင် ကျပ် ၁၉၃၀၀ဖြင့် ရန်ကုန်ဝယ်လက်က ဝယ်ယူလျက်ရှိလို့ လျှောင်ပဲလက်ကျန်များဖြင့် အိတ် ၂၀၀ကျော်မှ ၃၀၀ကျော်အထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။

ခင်ဆွေဝင်း

## မြန်မာ့ဆိပ်ကမ်းတွင် ၆ . ၇ . ၂၀၁၇ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ကြည့်မြင်တိုင်ဆိပ်ကမ်း | - TUG:HTOO NO (1) | အလုပ်မလုပ် |
| မြန်မာနိုင်ဂရုဆိပ်ကမ်း | - MV.VIET STAR | P.Oil (In Bulk) ကုန်သေတ္တာ ၄၇၅၀ကုန်ချရန် |
| အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (၁) | - TRANG AN - 05 | သကြားတန် ၁၁၅၀၀ ကုန်ချဆဲ |
| အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (၂ ) | - DAFU | Steel & G/C ၁၇၉၁ တန်ကုန်ချဆဲ |
| အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (၃ ) | - CAPE FLOWER | Sea Fish ၁၅၀တန်ကုန်ချဆဲ |
| မြန်မာ့စက်မှုဆိပ်ကမ်း (၄) | - MCC MERGUI | ကုန်သေတ္တာ ၆၅၃ ကုန်တင်ရန် |
| ဆူးလေဆိပ်ကမ်း (၁) | - MAAN AUNG | သကြား ၇၀၀၀ တန် ကုန်ချ ဆဲ |
| ဆူးလေဆိပ်ကမ်း (၄) | - SEA MERAY | ဆန် ၁၀၀၀၀ တန် ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၅) | - MARILIA | ဆန် ၂၁၀၀၀ တန် ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၇) | - TETON | ဆန် ၃၀၀၀၀တန် ကုန်တင်ဆဲ |
| ဗိုလ်တထောင်ဆိပ်ကမ်း(၁) | - HAN THAR | Fertilizer ၆၇၀၀ ကုန်ချဆဲ |
| ဗိုလ်တထောင်ဆိပ်ကမ်း(၃) | - OEL MALAYSIA | ကုန်သေတ္တာ ၄၆၀ ကုန်တင်ဆဲ |
| မြန်မာ့သီလဝါဆိပ်ကမ်း (၂ ) | - CO CO GYUN | Locomotive&Parts 5421 ကုန်ချရန် |
| မြန်မာ့သီလဝါဆိပ်ကမ်း (၃) | - DZ QING DAO | (50) Units Truck & Steel ၃၁၆၉၈ ကုန်ချရန် |
| မြန်မာ့သီလဝါဆိပ်ကမ်း (၄) | - LE TONG | Buses & Steel ၁၃၀၅၇ ကုန်ချဆဲ |
| မြန်မာ့သီလဝါဆိပ်ကမ်း (၅) | - CALIMERO | Steel ၁၆၀၀၀ တန်ကုန်ချဆဲ |
| နန်းသီတာဆိပ်ကမ်း | - WEI THU KAMMA | Kennal Oil (IN Bulk) တန် ၅၀၀ ကုန်ချရန် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| MAJESTY | ဆန် ၂၅၀၀၀ တန်ကုန်တင်ရန် | W/AFRICA | ၇.၇.၂၀၁၇ |
| DONG AN QUEEN | Concrete Pile တန် ၄၆၀၂ ကုန်ချရန် | VIETNAM | ၈.၇.၂၀၁၇ |
| HAN DE | ကုန်သေတ္တာ ၁၀ လုံး ကုန်ချရန် | INDIA | ၉.၇.၂၀၁၇ |
| GLOVIS PRESTIGE | Units Vehicle (RO/RO) ၁၃၁၉ တန် ကုန်ချရန် | JAPAN | ၁၀.၇.၂၀၁၇ |
| NASHICO-06 | Ammoniunm Nitrate ၃၀၁၀ တန် ကုန်ချရန် | VIETNAM | ၁၂.၇.၂၀၁၇ |
| GLOBAL PROSPERITY | Steel ၁၅၅၅ တန် ကုန်ချရန် | JAPAN | ၁၂.၇.၂၀၁၇ |
| RYU JIN | Units Vehicle (RO/RO) ၅၂၃ တန် ကုန်ချရန် | JAPAN | ၁၃.၇.၂၀၁၇ |
| AEGIS FORTUNE | Steel& Fertilizer + G/C ၁၃၁၉ တန် ကုန်ချရန် | JAPAN | ၂၁.၇.၂၀၁၇ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| EVER ABLE | SINGAPORE | ထီးတန်းဆိပ်ကမ်း | ၆.၇.၂၀၁၇ |
| CHINDWIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၆.၇.၂၀၁၇ |
| NESHAT | SINGAPORE | သီလဝါဆိပ်ကမ်း | ၈.၇.၂၀၁၇ |
| ARCA | SINGAPORE | သီလဝါဆိပ်ကမ်း | ၈.၇.၂၀၁၇ |
| BAGAN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၈.၇.၂၀၁၇ |
| SOUL OF LUCK | SINGAPORE | သီလဝါဆိပ်ကမ်း | ၈.၇.၂၀၁၇ |
| HUNS BHUN | SINGAPORE | သီလဝါ/အလုံ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း | ၈.၇.၂၀၁၇ |
| KOTA RATNA | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၈.၇.၂၀၁၇ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၉.၇.၂၀၁၇ |
| XETHA BHUM | SINGAPORE | စက်မှုဆိပ်ကမ်း/သီလဝါဆိပ်ကမ်း | ၉.၇.၂၀၁၇ |
| MAERSK ATLANTIC | SINGAPORE | သီလဝါ/ စက်မှုဆိပ်ကမ်း | ၉.၇.၂၀၁၇ |
| MERARIS GORONTALO | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၀.၇.၂၀၁၇ |
| MCC HOLONG | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၀.၇.၂၀၁၇ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.FLY GURNARD | MOGAS 92 RON | - | ၇.၇.၂၀၁၇ |
| MT.GLORY OCEAN | ဒီဇယ်ဆီ | SINGAPORE | ၈.၇.၂၀၁၇ |
| MT.CHAO ANOMA | P'Oil (In Bulk) | INDONESIA | ၈.၇.၂၀၁၇ |
| MT.GULHOL MEN | MOGAS 92 RON | SINGAPORE | ၈.၇.၂၀၁၇ |
| MT.BTS CAPELLA | MOGAS 92 RON | SINGAPORE | ၈.၇.၂၀၁၇ |
| MT.CORVUS | P'Oil (In Bulk) | INDONESIA | ၈.၇.၂၀၁၇ |
| MT.FLY MARLIN | ဒီဇယ်ဆီ | SINGAPORE | ၈.၇.၂၀၁၇ |
| MT.GOLDEN COVENANT | ဒီဇယ်ဆီ | SINGAPORE | ၈.၇.၂၀၁၇ |
| MT.PRIMEROSE | P'Oil (In Bulk) | INDONESIA | ၉.၇.၂၀၁၇ |
| MT.GAEA | ဒီဇယ်ဆီ | SINGAPORE | ၁၀.၇.၂၀၁၇ |
| MT.YU RU | ဒီဇယ်ဆီ | SINGAPORE | ၁၁.၇.၂၀၁၇ |

## ဇူလိုင်လပထမပတ်တွင် မုံရွာကုန်စည်ဒိုင်၏ပဲဈေးကွက်၌ ကုလားပဲဈေးဆက်မာ

မုံရွာကုန်စည်ဒိုင်ဈေးကွက်၏ ဇူလိုင်လပထမပတ်ပဲမျိုးစုံဈေးကွက်မှာ ပြည်ပပို့ကုန်များအနက် ငုံနီ၊မတ်ပဲ၊ကုလားပဲတို့ကိုမှာ ရန်ကုန်ဝယ်လက်အဆွဲသွက်ခဲ့လို့ ဈေးဆက်လက်မာခဲ့တာ တွေ့ရပါတယ်။ ယခုတစ်ပတ်အတွင်း ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင်အမြင့်ဆုံးဈေးကျပ်၄၁၀၀၀၊ ထိုင်ဝမ်တစ်တင်းလျှင် ကျပ် ၃၇၅၀၀ နှင့် 929 တစ်တင်းလျှင် ကျပ် ၃၈၀၀၀အထိ ဈေးအသီးသီးမာနေပြီး ဒေသတွင်းနှင့်မန်းဝယ်လက်ပုံမှန်ရှိလို့ တစ်ရက်အိတ် ၆၀၀ နဲ့ ၁၀၀၀ ကြား အရောင်းအဝယ်ဖြစ်နေတယ်လို့သိရပါတယ်။ ငုံနီဈေးကွက်အနေနဲ့ ယခုတစ်ပတ်မှာ တစ်တင်းကျပ် ၁၉၄၀၀ ဈေး ပေါက်ခဲ့ပြီး တစ်ရက် အိတ် ၇၀၀ နဲ့ ၁၀၀၀ ကြား အရောင်းအဝယ်ဖြစ်နေတယ်လို့ ဆိုပါတယ်။

ယခုတစ်ပတ် ပဲတီစိမ်းကြီးဈေးကွက်မှာတော့ ဈေးအနည်းငယ်အေးခဲ့ကာ စိမ်းကြီး တစ်တင်းကျပ်၃၆၅၀၀ နှင့် စိမ်းသေးတစ်တင်းကျပ် ၂၇၀၀၀အသီးသီးဈေးဖြစ်ပေါ်ခဲ့ကာ တစ်ရက်အိတ် ၁၀၀၀ နဲ့ ၂၅၀၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဝယ်လက်အနေနဲ့မန်းနှင့်ရန်ကုန်ဝယ်လက်အပြင် ဒေသတွင်းခွဲစက်ဝယ်လက်ပါ အဝယ်စုံတာကြောင့် အရောင်းအဝယ်အဖြစ်ဆုံး သီးနှံဖြစ်ကြောင်း သိရှိရပါတယ်။ ယခုတစ်ပတ်အတွင်း မတ်ပဲတစ်တင်းလျှင် ကျပ် ၂၈၅၀၀ ဖြင့် အမြင့်ဆုံးဈေးပေါက်ခဲ့ပြီး တစ်ရက်ကို အိတ် ၅၀၀ ဝန်းကျင်ခန့် အရောင်းအဝယ်ဖြစ်တယ်လို့ ကုန်စည်ဒိုင်ရပ်ကွက်မှ သိရပါတယ်။

အခြားဒေသသုံးပဲဈေးကွက်မှာတော့ ထောပတ်ပဲ တစ်တင်းလျှင် ကျပ် ၂၇၀၀၀၊ စွန်တာနီတစ်တင်းလျှင် ကျပ် ၂၄၅၀၀-၂၅၀၀၀၊ ပဲကြီးတစ်တင်းလျှင်ကျပ်၄၄၀၀၀-၄၇၀၀၀၊ ပဲပုပ်တစ်တင်းလျှင် ကျပ် ၂၉၀၀၀၊ ပုဂံပဲတစ်တင်းလျှင် ကျပ် ၃၄၀၀၀၊ မြေထောက်ပဲတစ်တင်းလျှင် ကျပ် ၃၁၀၀၀၊ လွန်းပြာတစ်တင်းလျှင် ကျပ် ၂၀၀၀၀၊ ပဲယင်းတစ်တင်းလျှင် ကျပ် ၁၉၀၀၀ အသီးသီးပေါက်ဈေးဖြစ်ခဲ့ပြီး လုပ်ငန်းသုံးနဲ့ လက်လီအရောင်းရှိခဲ့တယ်လို့ ကုန်စည်ဒိုင်ရပ်ကွက်မှ သိရှိရပါတယ်။

**လင်းလင်းသန့်**

## ယခင်နှစ်ထက် ပြည်စားတော်ပဲဈေးပိုကောင်းခဲ့

ပြည်ပဲဈေးကွက်မှာ အခြားပဲများကဲ့သို့ အိတ်အရေအတွက်များများ ရောင်းဝယ်မှုမဖြစ်ဘဲ အိတ်အနည်းငယ်စီသာ ပုံမှန်ဝယ်ယူမှုရှိတဲ့အတွက် စားတော်ပဲသီးနှံဟာ ဈေးကွက်အတွင်း ဈေးအမြင့်ဆုံးရနေတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ စားတော်ပဲသီးနှံဟာ ဒေသတွင်း စားသုံးမှုများတဲ့အတွက် နှစ်စဉ်လိုလို ဈေးကောင်းရလျက်ရှိခဲ့ပါတယ်။ ယခုနှစ်မှာလည်း တစ်တင်း ကျပ် ၄၃၀၀၀ ဖြင့် ပဲကြီးသီးနှံပြီးလျှင် စားတော်ပဲသီးနှံဟာ ဒုတိယဈေးအမြင့်ဆုံးဖြစ်နေခဲ့ပါတယ်။ ယခင်နှစ်က ပဲသီးနှံဈေးများအားလုံးလိုလို ဈေးကောင်းရခဲ့တာကြောင့် စားတော်ပဲသီးနှံဟာ ဇူလိုင်လအတွင်း တစ်တင်းကျပ် ၃၉၀၀၀ မှ ကျပ် ၄၀၀၀၀အထိရရှိခဲ့ပြီး ယခုနှစ်မှာ အခြားပဲများဈေးအေးခဲ့သော်လည်း စားတော်ပဲသီးနှံဈေးကတော့ ဈေးထပ်မံမြင့်တက်လာနေကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ကုလားပဲ နေ့စဉ်အရောင်းအဝယ်ဖြစ်ပေမယ့်ဈေးငြိမ်



ဇူလိုင်လဆန်းရက်မှာ ပြည်ပဲဈေးကွက်အတွင်း နေ့စဉ်အရောင်းအဝယ်ဖြစ်နေတဲ့ ကုလားပဲသီးနှံဟာ တစ်ရက်လျှင် အိတ် ၂၀၀ ကျော် မှ ၃၀၀ ကျော်အထိ ခွဲစက်သမားများက ပုံမှန်ဝယ်ယူမှုရှိခဲ့ပါတယ်။ ပဲဝင် ရောက်မှုမှာ မင်းတုန်း၊ ကံမ၊ ရွှေတောင်၊ ကျီးသဲမြို့နယ်များမှ အိတ် ၁၀၀ မှ ၁၅၀ ကျော် နေ့စဉ်ဝင်ရောက်မှုရှိခဲ့သလို လက်ကျန်ပဲများလည်း အသင့်အတင့်ရှိခဲ့လို့ ဝယ်လိုအားရှိသလောက် ရောင်းချမှုရှိခဲ့ကာ ပဲတစ်တင်းလျှင် ကျပ် ၃၉၀၀၀ ဖြင့် ဇွန်လကုန် ဈေးအတိုင်း ဆက်လက်ဈေးငြိမ်လျက်ရှိပါတယ်။ သို့သော်လည်း ပြည်ပဲဈေးကွက်အတွင်းမှာ ပြည်ပဝယ်လိုအားရှိတဲ့ ပဲများထက် ပြည်တွင်းဝယ်လက်သာ အဓိကအရောင်းအဝယ်ဖြစ်နေတဲ့ ကုလားပဲ၊ ပဲကြီးသီးနှံများသာ ဈေးအမြင့်ရလျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်မန်ကျည်းမှည့်နယ်ဝယ်လက်ကြောင့် တင်ပို့မှုရှိလာ



ပြည်မန်ကျည်းမှည့်ပွဲရုံများသို့ ကြံခင်း၊ မြန်အောင်၊ ထုံးဘို၊ ဟင်္သာတဘက်မှ ပုံမှန်ဝင်ရောက်လျက်ရှိနေပြီး၊ ရန်ကုန်နှင့် ရခိုင်တို့မှ ဝယ်လက်များအဝယ်ရှိတာကြောင့် တစ်ပတ်အတွင်း နှစ်ရက်ခြားသုံးကြိမ်တင်ပို့ရကြောင်း သိရပါတယ်။ မန်ကျည်း မှည့်ဈေးလည်း အနည်းငယ်တက်လာတာတွေ့ရပါတယ်။ ယခုတစ်ပတ် မန်ကျည်းမှည့် တစ်ပိဿာပွဲရုံဈေး ကျပ် ၃၂၀၀ နဲ့ဈေး မြင့်လာပြီး ဒေသတွင်း လက်လီဈေးများတွင် တစ်ပိဿာလျှင် ကျပ် ၃၈၀၀ ဈေးရှိနေကြောင်း သိရပါတယ်။ ယခုနှစ် မန်ကျည်းမှည့်အရောင်းအဝယ်များ အေးခဲ့ပြီး ဈေးနှုန်းမှာလည်း အမြင့်ဈေးသာရှိခဲ့တာကြောင့် ပွဲစားများ အရောင်းအဝယ်အေးနေခဲ့တာ တွေ့ရပါတယ်။ ယခုတစ်ပတ်မှာတော့ အသင့်အတင့်အရောင်းအဝယ်ပြန်ဖြစ်လာကြောင်း သိရပါတယ်။

**နီနီဝင်း**

## ပြည်လုံးဆန်အဝယ်ရှိလို့ဈေးပြန်မြင့်ပြီး ဆီဆန်ဈေးပြန်ကျ

ယခုတစ်ပတ်တွင် မြေပဲဆန်ကိုရခိုင်နှင့် ပန်းတောင်းမြို့နယ်ဘက်မှ တစ်ရက်လျှင် အိတ် ၃၀၀ ခန့်ဝင်ရောက်မှုရှိပြီး ရန်ကုန်ဝယ်လက်များက ဝယ်ယူမှုရှိသဖြင့် လုံးဆန်ဈေးမြင့်ပြီး၊ ဆီဆန်ဈေးပြန်ကျလာတာတွေ့ရပါတယ်။ ရန်ကုန်ဝယ်လက်များက လုံးဆန်ကို အဖြူရော အနီပါ ဝယ်ယူမှုရှိသဖြင့် ယခင်တစ်ပတ်ထက် တစ်ပိဿာလျှင် ကျပ် ၁၀၀ ဈေးမြင့်ပြီး ဆီဆန်ကိုဆီစက်များက ဝယ်ယူမှုနည်းသွားသဖြင့် ဈေးအနည်းငယ်ပြန်ကျလာတာတွေ့ရပါတယ်။ ယခုတစ်ပတ် မြေပဲဆန်ဈေးမှာ ဆီကြိတ်မြေပဲဆန်တစ်ပိဿာလျှင် ကျပ် ၁၈၀၀၊ လုံးဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၄၀၀၊ လုံးဆန်(အနီ)တစ်ပိဿာလျှင် ကျပ် ၂၃၀၀ ဖြင့် တစ်နေ့လျှင် အိတ် ၃၀၀ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ **ဝေဝေမင်း**

## ကြက်သွန်

### ဇူလိုင်လဆန်း မုံရွာကြက်သွန်နီစျေးကွက် စျေးအနည်းငယ်ဆက်လက်ကျဆင်း

မုံရွာ (ပွဲရုံ) စားဖိုဆောင်သီးနှံရောင်းဝယ်ရေးတွင် ယခုတစ်ပတ်ကြက်သွန်နီ စျေးကွက်မှာ ယခင်တစ်ပတ်ကထက် စျေးအနည်းငယ်ကျဆင်းလျက်ရှိပြီး အရောင်းအဝယ်လည်းအေးနေကြောင်း ကြက်သွန်နီကုန်သည်တစ်ဦးထံမှ သိရပါတယ်။ ပွဲရုံသို့ ကြက်သွန်နီ ပိဿာ ၁၀၀၀၀ ကျော် နေ့စဉ် အဝင်ရှိပြီး မုံရွာပွဲရုံများမှ ရန်ကုန်၊ မန္တလေးမြို့များသို့ တင်ပို့ရောင်းဝယ်လျက်ရှိပါတယ်။ ရန်ကုန်ဝယ်လက်ဆွဲအားနည်း၍ အရောင်း အဝယ်အေးနေကာ လက်လီများဖြင့်သာ အရောင်းအဝယ်ဖြစ်နေကြောင်းသိရပါတယ်။ ယခုတစ်ပတ်ပွဲရုံများတွင် ကြက်သွန်နီတစ်ပိဿာလက်ကားပေါက်စျေးနှုန်းမှာ (ကြီး) ကျပ် ၁၀၅၀၊ (လတ်) ကျပ် ၉၅၀၊ (သေး) ၈၅၀နှုန်းပေါက်လျက်ရှိပြီး လက်လီ တစ်ပိဿာပေါက်စျေးနှုန်းမှာ (ကြီး) ကျပ် ၁၃၀၀၊ (လတ်) ကျပ် ၁၂၀၀၊ (သေး) ကျပ်၁၁၀၀ နှုန်းနဲ့ရောင်းဝယ်လျက်ရှိကာ ယခင်တစ်ပတ်လက်ကားပေါက်စျေးနှုန်းမှာ (ကြီး) ကျပ် ၁၁၀၀၊ (လတ်) ကျပ် ၁၀၀၀၊ (သေး) ကျပ် ၉၀၀ နှုန်းပေါက်လျက်ရှိပြီး လက်လီတစ်ပိဿာ ပေါက်စျေးနှုန်းမှာ (ကြီး) ကျပ် ၁၃၀၀၊ (လတ်) ကျပ် ၁၂၀၀၊ (သေး) ကျပ် ၁၁၀၀ နှုန်းပေါက်လို့ယခုတစ်ပတ် စျေးနှုန်းနှင့်နှိုင်းယှဉ်ပါက ယခုတစ်ပတ်စျေးနှုန်းမှာ အနည်းငယ်ကျဆင်းလာကြောင်းတွေ့ရပါတယ်။

ကြက်သွန်ဖြူစျေးကွက်တွင် နေ့စဉ် ပွဲရုံသို့ ကြက်သွန်ဖြူ ပိဿာ ၁၀၀၀ ခန့် အဝင်ရှိပြီး ယခင်တစ်ပတ်အတိုင်းစျေးငြိမ်လျက်ရှိကာ အရောင်းအဝယ်မှာလည်း ပုံမှန်သာရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ် ကြက်သွန်ဖြူ တစ်ပိဿာပွဲရုံ ပေါက်စျေးနှုန်းမှာ ဗမာ ကျပ် ၄၀၀၀၊ ရှမ်း ကျပ် ၂၅၀၀၊ ကြူကုတ် ကျပ် ၂၀၀၀နှုန်း ဖြစ်ပြီး လက်လီပေါက်စျေးနှုန်းမှာ ဗမာ ကျပ် ၄၅၀၀၊ ရှမ်း ကျပ် ၃၀၀၀၊ ကြူကုတ် ကျပ် ၂၅၀၀ နှုန်းပေါက်လျက်ရှိပြီး အရောင်းအဝယ်လည်း ပုံမှန်ဖြစ်လျက်ရှိကြောင်း မုံရွာကြက်သွန်နီပွဲရုံမှ သိရပါတယ်။ **ကြည်ကြည်နွယ် (မုံရွာ)**

### ပြည်စျေးကွက်တွင် ကြက်သွန်နီစျေးငြိမ်

ပြည်ကြက်သွန်နီစျေးကွက်အတွင်း ယခုတစ်ပတ်မှာ စျေးနှုန်းအတက်အကျမရှိဘဲ ယခင်တစ်ပတ်စျေးနှုန်းအတိုင်း ပြောင်းလဲမှုမရှိတာ တွေ့ရပါတယ်။ ယခင်နှစ်ကာလတူစျေးနှုန်းနှင့်နှိုင်းယှဉ်လျှင် ယခုနှစ်မှာ စိုက်ပျိုးသူတောင်သူရော ပွဲစားကုန်သည်များပါမကျန် စျေးကောင်းရတဲ့နှစ်တစ်နှစ်လို့ ဆိုရမှာဖြစ်ပါတယ်။ စျေးကောင်းရပေမယ့် အရောင်းအဝယ် အေးနေတဲ့အတွက် မျှော်မှန်းသလောက် အကျိုးအမြတ်များများမရရှိကြောင်း ပြည်ပွဲရုံလုပ်ငန်းရှင်များ၏ ပြောကြားချက်အရ သိရှိရပါတယ်။ ပြည်စျေးကွက်အတွင်းသို့ ရေနံချောင်း၊ ဆိပ်ဖြူ၊ ပခုက္ကူ၊ တောင်တွင်း စတဲ့နယ်များမှ ကြက်သွန်နီများ နေ့စဉ်ပုံမှန်ပိဿာ ၃၀ ဝင်အိတ် ၂၅၀ မှ ၂၈၀ ခန့် အထိဝင်ရောက်မှုရှိသလို တရုတ်ကြက်သွန်နီ တစ်ပိဿာလျှင် ကျပ် ၅၅၀ မှ ကျပ် ၆၀၀ နှုန်းဖြင့် အနည်းငယ်ဝင်ရောက်လျက်ရှိကြောင်း သိရပါတယ်။ တရုတ်ကြက်သွန်နီမှာ အရည်အသွေးအားဖြင့် သိပ်မကောင်းသော်လည်း နေ့စဉ် အသုံးရှိတဲ့ အစားအသောက် ရောင်းချသော စျေးဆိုင်များက ဝယ်ယူနေတဲ့အတွက် မှာယူရောင်းချရခြင်းဖြစ်ကြောင်း ပွဲရုံလုပ်ငန်းစျေးကွက်မှသိရပါတယ်။

အရောင်းအဝယ်အနေဖြင့် ပုံမှန်စျေးကွက်ဖြစ်သော ဒေသတွင်းဝယ်လက်သမားများနှင့် ဧရာဝတီ၊ ရခိုင်တို့သို့ တင်ပို့မှုအပါအဝင် နေ့စဉ်အိတ် ၁၅၀ မှ ၁၇၀ ခန့်သာရှိ၍ သိသိသာသာ အရောင်းအဝယ်အေးနေတာ တွေ့ရပါတယ်။ စျေးနှုန်းအနေဖြင့် ပွဲရုံလက်ကားတစ်ပိဿာ (ကြီး/လတ်) ကျပ် ၁၂၀၀ -၁၃၀၀-၁၃၅၀၊ (အသေးစ) ကျပ် ၁၀၀၀ မှ ၁၁၀၀ တို့ရှိပြီး လက်လီစျေးများတွင် (ကြီး) ကျပ် ၁၅၀၀ မှ ၁၆၀၀၊ (လတ်) ကျပ် ၁၃၀၀ မှ ၁၄၀၀၊ (အသေးစ) ကျပ် ၁၁၀၀ မှ ၁၂၀၀ တို့ဖြင့် အသီးသီး ရောင်းဝယ်လျက်ရှိနေကြောင်း သိရပါတယ်။ **ဝင်းလဲ့ဝါ(ပြည်)**

### ပြည်ကြက်သွန်ဖြူစျေးကွက်စျေးအနည်းငယ်မြင့်တက်လာ

ပြည်ကြက်သွန်ဖြူပွဲရုံများသို့ ယခုတစ်ပတ်အတွင်း ကြက်သွန်ဖြူ ပုံမှန်ဝင်ရောက်နေတာ တွေ့ရပါတယ်။ ဇွန်နောက်ဆုံးပတ်အတွင်း ကြက်သွန်ဖြူ စျေးကျဆင်းခဲ့သော်လည်း ယခုဇူလိုင်လဆန်းမှာတော့ စျေးအနည်းငယ် တက်လာတာတွေ့ရပါတယ်။ အရောင်းအဝယ်ပုံမှန်ရှိနေပြီး ပွဲရုံစျေးတစ်ပိဿာပေါ်တွင် ကျပ် ၂၀၀ စျေးတက်လာပါတယ်။ ယခုတစ်ပတ်ရဲ့ ကြက်သွန်ဖြူစျေးနှုန်းတွေကတော့ (ပွဲရုံစျေး)တစ်ပိဿာလျှင် ရှမ်းစ ကျပ် ၃၀၀၀ မှ ကျပ် ၃၂၀၀ ရှိပြီး ကြူကုတ်စကတော့ ကျပ် ၂၀၀၀ စျေးနဲ့ရောင်းဝယ်နေတာ တွေ့ရပါတယ်။ ဒေသတွင်းလက်လီစျေးများတွင် ရှမ်းစ ကျပ် ၃၈၀၀ နှင့် ကျပ် ၄၀၀၀၊ ကြူကုတ်စ ကျပ် ၂၆၀၀ စျေးတို့ဖြစ်ကြောင်း တွေ့ရပါတယ်။ ယခုရက်ပိုင်းတွင် ဒေသတွင်းစျေးကွက် အရောင်းအဝယ်အေးနေတာလည်း တွေ့ရပါတယ်။ ပွဲရုံများမှာတော့ ပုံမှန်လောက်သာ အရောင်းအဝယ်ဖြစ်နေကြောင်းသိရပါတယ်။ တစ်ပတ်အတွင်း ကြက်သွန်ဖြူ အိတ် ၂၅၀ နီးပါး အရောင်းအဝယ်ဖြစ်ကြောင်းလည်းသိရပါတယ်။ **နီနီဝင်း**

## ချင်း

### စင်ကာပူနိုင်ငံသို့ ရေကြောင်းကုန်သွယ်မှုလမ်းမှ ချင်း ခုနစ်တန်ကျော်တင်ပို့

ဇွန်လ၂၅ရက်မှ ဇူလိုင်လ ၁ရက်အထိ သီတင်းပတ်အတွင်း ချင်း ၇ဒသမ ဝ၇၅တန်ကို စင်ကာပူနိုင်ငံသို့ ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ ချင်း ၁၀ တန်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာချင်း ၂တန်ကျော်တင်ပို့မှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၇၃၇ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် မေလအတွင်းချင်း ၇၃၁ တန်ကျော်တင်ပို့ခဲ့ပြီး ဇွန်လအတွင်းချင်း ၄၉၉ တန်ကျော်တင်ပို့ခဲ့တာကြောင့် ဇွန်လမှာချင်းတန်ချိန် ၂၃၀ကျော် တင်ပို့မှုလျော့နည်းခဲ့တယ်လို့သိရပါတယ်။ **သီတာဝင်း(DOT)**

### ဘင်္ဂလားဒေ့ရှ်နယ်စပ်မှ ချင်းပိုမိုတင်ပို့

ဇွန် ၂၄ ရက်မှ ၃၀ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိစစ်တွေနဲ့ မောင်တောကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၇၄၆၀ တန်ဖိုးရှိ ချင်းစို ၈၉ တန်ကျော်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ စစ်တွေမှ ၁၅ တန်၊ မောင်တောမှ ၇၄ တန်ကျော်ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က စစ်တွေမှ ကိုးတန်နဲ့မောင်တောမှ ၄၁ တန်တင်ပို့ခဲ့တဲ့ အတွက် ယခုတစ်ပတ်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချင်း ၃၉ တန်ကျော် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

ဇွန်လအတွင်း စစ်တွေမှ ချင်းစို ၄၃ တန်၊ မောင်တောမှ ၃၈၈ တန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့လည်းကောင်း၊ လွယ်ဂျယ်မှ ချင်းစို ၁၁ တန်နီးပါးနဲ့ မူဆယ်မှချင်းခြောက် ကိုးတန်ကိုတရုတ်နိုင်ငံသို့လည်းကောင်း၊ မြဝတီမှ ချင်းခြောက်ခုနစ်တန်ခန့်ကို ထိုင်းနိုင်ငံသို့လည်းကောင်း အသီးသီးတင်ပို့ခဲ့တယ်လို့ စခန်းများရဲ့စာရင်းများအရ သိရပါတယ်။ **မော်မော်အောင်**

### ရှမ်းချင်းအဝင်များသော်လည်း ဝယ်လက်နည်းနေ

ဟိုပုံးစျေးကွက်မှာလည်း ချင်း(ဥမ) တွေစပြီးဝင်လာပါပြီ။ ပေါ်ကာစဖြစ်လို့ အထွက်နှုန်းကလည်း ကောင်းတယ်လို့ သိရပါတယ်။ မိုးကလည်းကောင်းတော့ ဥမတွေကို ဖော်လာကြတာများလာလို့ အဝင်များပေမယ့် ဝယ်လက်ကတော့ နည်းနေပါသေးတယ်။ ချင်းတက် လက်ကျန်ရှိနေသေးပေမယ့် အရောင်းအဝယ်ကတော့ ရာသီဥတုကြောင့် အေးနေတယ်လို့ သိရပါတယ်။ ဥမတွေက စျေးကွက်ကို အဝင်စောလာပါတယ်။ အရင်နှစ်တွေက ဇွန်လမှစပြီး စျေးကွက်ကို ဝင်ပေမယ့် ဒီနှစ်မှာ အောင်ပန်း ချင်းဥမက မေလမှစပြီး အဝင်ရှိလာပါတယ်။ ချင်းတက်ကိုတော့ ပေါ်ကာစမှာ ပြည်ပပို့ဖို့အတွက် အောင်ပန်းမှာအထိုင်ချတဲ့ ကုမ္ပဏီ ကဝယ်ယူပေမယ့် နောက်ပိုင်းမှာတော့ ဝယ်ယူမှုနည်းသွားပါတယ်။ ယခုလောလောဆယ်မှာစျေးပတ်သမားတွေသာ အဝယ်ရှိနေတယ်လို့ သိရပါတယ်။ ပြည်တွင်းစျေးကွက်ကို ဖြန့်ဖို့အတွက် ရန်ကုန်၊ မန္တလေး၊ ပြည်စတဲ့မြို့တွေကသာ အနည်းအကျဉ်း ဝယ်ယူနေတယ်လို့လည်း သိရပါတယ်။

ဒီတစ်ပတ် အောင်ပန်းစျေးကွက်မှာ ချင်းတစ်ပိဿာကို ချင်း(ဥမ) က ကျပ် ၂၈၀မှ ကျပ် ၂၉၀နဲ့ချင်းတက်က ကျပ် ၃၀၀မှ ကျပ်၃၅၀စျေးရှိပါတယ်။ဟိုပုံးစျေးကွက်မှာတော့ ချင်း(ဥမ)က ကျပ် ၂၅၀ စျေးနဲ့ စျေးစဖွင့်ပြီး ချင်းခြောက်က တစ်ပိဿာ ကျပ် ၁၃၀၀ စျေးရှိကြောင်း သိရပါတယ်။ **ဧခိုင်-တောင်ကြီး**

## နနွင်း

### ပင်လယ်ရေကြောင်းလမ်းမှ နနွင်းတင်ပို့မှုလျော့ကျ

ဇွန်လ ၂၅ ရက်မှ ဇူလိုင် ၁ ရက်အထိ သီတင်းပတ်အတွင်း နနွင်း၁၅ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ အိန္ဒိယနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ၃၇ တန်ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၂၀ ကျော် တင်ပို့မှုလျော့ခဲ့တယ်လို့ သိရပါတယ်။ နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀၀၅၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် မေလအတွင်းက နနွင်းတန်ချိန် ၇၀၀ ကျော် တင်ပို့နိုင်ခဲ့ပြီး ဇွန်လအတွင်းက နနွင်းတန်ချိန် ၁၇၀ ကျော်သာတင်ပို့နိုင်ခဲ့တာကြောင့် ဇွန်လမှာနနွင်းတန်ချိန် ၅၄၀ ကျော် တင်ပို့မှုလျော့နည်းခဲ့တယ်လို့ သိရ ပါတယ်။ **သီတာဝင်း**(DOT)

## မန်ကျည်း

### ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပင်လယ်ရေကြောင်းမှ မန်ကျည်း ၃၈၈ တန် တင်ပို့

ဇွန်လ ၂၅ ရက်မှ ဇူလိုင်လ ၁ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း ၃၈၈ တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ မန်ကျည်းတန်ချိန် ၃၆၉ တန်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ၁၉ တန် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၅၄၀၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် မေလအတွင်းမန်ကျည်း ၁၀၆၁ တန်ကျော် တင်ပို့နိုင်ခဲ့ပြီး ဇွန်လအတွင်း မန်ကျည်း၁၁၅၇တန်တင်ပို့ခဲ့တာကြောင့် ဇွန်လမှာမန်ကျည်း ၉၆ တန် ပိုမိုတင်ပို့ခဲ့တယ်လို့သိရတယ်။**သီတာဝင်း**(DOT)

### ကုန်သွယ်ရေးစခန်းစုံမှ ကြက်သွန်နီ၊ ကြက်သွန်ဖြူတင်ပို့

ဇွန် ၂၄ ရက်မှ ၃၀ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂၀၃၁၃၀ တန်ဖိုးရှိကြက်သွန်နီ ၄၃၄ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၁၄၅ တန်နဲ့ နှိုင်းယှဉ်ပါက တန်ခုနစ်ရာကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။ မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၅၇၅၀ တန်ဖိုးရှိ ကြက်သွန်နီ ၁၀ တန်၊ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၆၆၅၀၀ တန်ဖိုးရှိကြက်သွန်နီတန် ၁၅၀ကို ထိုင်းနိုင်ငံသို့တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က မြဝတီမှ တန် ၄၀ တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၇၅ တန်ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

ကြက်သွန်ဖြူတင်ပို့မှုကိုကြည့်ပါက တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၂၁၅၀၀ တန်ဖိုးရှိ ကြက်သွန်ဖြူ တန် ၁၅၀ ကို ထိုင်းနိုင်ငံသို့လည်းကောင်း၊ မောင်တောကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၇၂၀၀ တန်ဖိုးရှိကြက်သွန်ဖြူ ၁၀ တန်ကျော်ကို ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့လည်းကောင်း၊ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၂၂ တန်ဖိုးရှိ ကြက်သွန်ဖြူတစ်တန် ခွဲကို အိန္ဒိယနိုင်ငံသို့လည်းကောင်း အသီးသီးတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဇွန်လတစ်လလုံးမူဆယ်မှ ကြက်သွန်နီတန်ချိန် သုံးထောင်နီးပါးကို တရုတ်နိုင်ငံသို့လည်းကောင်း၊ မြဝတီမှ ကြက်သွန်နီတန် တစ်ရာနီးပါးနဲ့ တာချီလိတ်မှ ကြက်သွန်နီ တန် ၂၅၀ ကျော်၊ ကြက်သွန်ဖြူတန် ၄၇၀ ကို ထိုင်းနိုင်ငံသို့လည်းကောင်း၊ မောင်တောမှ ကြက်သွန်ဖြူ ၁၈ တန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့လည်းကောင်း၊ တမူးမှ ကြက်သွန်ဖြူတစ်တန်ခွဲကို အိန္ဒိယနိုင်ငံသို့လည်းကောင်းတင်ပို့ခဲ့တယ်လို့ စခန်းများရဲ့စာရင်းများအရ သိရပါတယ်။ **မော်မော်အောင်**

# ပြည်ပကုန်သွယ်မှု (၃)လအတွင်း အမေရိကန်ဒေါ်လာ ၇ ဒသမ ၈ ဘီလီယံသို့ရောက်ရှိ ယခင်နှစ် ကာလတူထက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံ ပိုမိုဆောင်ရွက်နိုင်

ရှင်မင်းအုံ့ (တန့်ဆည်)

မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် ကုန်သွယ်မှုကဏ္ဍသည် အရေးပါသည့်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒ(၁၂)ရပ်အပေါ် ကုန်သွယ်ရေးကဏ္ဍ၏ လုပ်ငန်းစဉ်များနှင့် ချိတ်ဆက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ၏ ပို့ကုန်သွင်းကုန်လုပ်ငန်း ဆောင်ရွက်နိုင်မှုသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၂၁ ဘီလီယံဖြင့် ကုန်သွယ်မှု သမိုင်းတစ်လျှောက် အမြင့်ဆုံးတန်ဖိုးသို့ ရောက်ရှိခဲ့ပါတယ်။

ယခုမြန်မာနိုင်ငံရဲ့ ပြည်ပကုန်သွယ်မှုဟာ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် (ဧပြီလမှ ဇွန်လထိ ) ပထမသုံးလပတ်တွင် ပို့ကုန်အမေရိကန်ဒေါ်လာ ၃ ဒသမ ၂ ဘီလီယံ၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၄ ဒသမ၆ ဘီလီယံရှိသဖြင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၇ ဒသမ ၈ ဘီလီယံရှိကြောင်း၊ ယခင်နှစ်ကာလတူထက် ပို့ကုန်အမေရိကန်ဒေါ်လာ သုည ဒသမ ၅ ဘီလီယံ၊ သွင်းကုန် အမေရိကန် ဒေါ်လာ သုည ဒသမ ၈ ဘီလီယံ၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံ ပိုမိုဆောင်ရွက်နိုင်ခဲ့တာကို တရားဝင်ထုတ်ပြန်သည့် အချက်အလက်စာရင်းများအရ သိရှိရပါတယ်။

မြန်မာနိုင်ငံရဲ့ ပြည်ပပို့ကုန်ကို လေ့လာရာမှာ နိုင်ငံပိုင်ကဏ္ဍမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၉ ဘီလီယံ၊ ပုဂ္ဂလိက ကဏ္ဍမှအမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံ တင်ပို့နိုင်တာကို ကြည့်ခြင်းအားဖြင့် ပုဂ္ဂလိက ကဏ္ဍမှ ၇၂ ရာခိုင်နှုန်း တင်ပို့နိုင်ခဲ့ပါတယ်။

ပြည်ပမှ သွင်းကုန်တင်သွင်းမှုကို ကြည့်လျှင်လည်း နိုင်ငံပိုင်ကဏ္ဍမှ တင်သွင်းမှုတန်ဖိုး အမေရိကန်ဒေါ်လာ နှစ်ဘီလီယံရှိပြီး ပုဂ္ဂလိက ကဏ္ဍမှ တင်သွင်းမှု တန်ဖိုးအမေရိကန်ဒေါ်လာ ၄ ဒသမ ၄ ဘီလီယံ ရှိတဲ့အတွက် ပုဂ္ဂလိက ကဏ္ဍမှ ၉၆ ရာခိုင်နှုန်း တင်သွင်းခဲ့တာတွေ့ရပါတယ်။

ဒါကြောင့် နိုင်ငံတော်ရဲ့ စီးပွားရေးမူဝါဒ (၁၂)ချက်အနက် စီးပွားရေးမူဝါဒ (၇) ချက်ဖြစ်တဲ့ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိက ကဏ္ဍ တိုးတက်ရေးအတွက် နိုင်ငံသားတိုင်း မိမိလုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရရှိစေရန်ဟူသော အချက်နှင့် ကိုက်ညီစွာ ဆောင်ရွက်နေတယ်ဆိုတာကို တွေ့ရမှာဖြစ်ပါတယ်။

ပြည်ပပို့ကုန်တင်ပို့မှုမှာ လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုမှ ၂၇ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့တင်ပို့မှုမှ ၂၃ ရာခိုင်နှုန်း၊ CMP စနစ်ဖြင့်ချုပ်ပြီး အထည်တင်ပို့မှုမှ ၁၆ ရာခိုင်နှုန်း၊ သတ္တုတွင်းထွက် တင်ပို့မှုမှ ၈ ရာခိုင်နှုန်း၊ ရေထွက်ပစ္စည်းတင်ပို့မှုမှ ၄ ရာခိုင်နှုန်းနှင့် သစ်တောထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်းနှင့် အခြားပစ္စည်းများ တင်ပို့မှုမှ ၂၂ ရာခိုင်နှုန်း ရှိကြောင်း တွေ့ရှိရပါတယ်။



> **မြန်မာနိုင်ငံအနေနဲ့ ပို့ကုန်ရော သွင်းကုန်ပိုင်းမှာပါ ပိုမိုတိုးတက် တင်ပို့/တင်သွင်းနိုင်ခဲ့ပေမယ့် ဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံ အနေနဲ့ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရဆဲပဲ ဖြစ်ပါတယ်။**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမသုံးလပတ်အတွင်း အဓိကတင်ပို့တဲ့ ပစ္စည်းများကတော့ သဘာဝဓာတ်ငွေ့၊ CMP ချုပ်ပြီး အထည်၊ လယ်ယာထွက်ကုန်ပစ္စည်းများ ဖြစ်တဲ့ မတ်ပဲ၊ ဆန်၊ ပဲတီစိမ်း၊ သတ္တုနှင့် သတ္တုရိုင်းများ၊ ငါးမျိုးစုံတို့ဖြစ်ပါတယ်။

ဆန်နှင့်ဆန်ကွဲ တင်ပို့မှုမှာ တန်ချိန်ခုနစ်သိန်း၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၀၃ သန်း တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ် ကာလတူထက် တန်ချိန်လေးသိန်းကျော်၊ တန်ဖိုး အမေရိကန် ဒေါ်လာ သန်း ၁၁၀ ကျော် ပိုမိုတင်ပို့နိုင်တာကို တွေ့ရှိရပါတယ်။ မြန်မာ့ဆန်ကို ယခင်နှစ်က ၁၉ နိုင်ငံသာ တင်ပို့နိုင်ခဲ့ပြီး ယခုနှစ်မှာ နိုင်ငံ ၄၀ အထိ တင်ပို့နိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံအနေဖြင့် အီးယူရဲ့ GSP အခွင့်အရေး ရရှိလာပြီဖြစ်တဲ့အတွက် အီးယူဈေးကွက်သို့လည်း ပိုမိုတင်ပို့လာနိုင်မှာဖြစ်သလို အာဖရိကဈေးကွက်သို့လည်း ပိုမိုတင်ပို့နိုင်တော့မှာ ဖြစ်ပါတယ်။

ပြောင်းတင်ပို့မှုအနေဖြင့်လည်း ယခုနှစ်မှာ တန်ချိန် ၃ သိန်းကျော်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၅၆ သန်း တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ်ကာလတူထက် တန်ချိန် နှစ်သိန်း၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၂၇ သန်း ပိုမိုတင်ပို့နိုင်တာကို တွေ့ရှိရပါတယ်။ တရုတ်နိုင်ငံသို့ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ပြောင်းတန်ချိန် ၂ ဒသမ ၇ သိန်း တင်ပို့နိုင်ခဲ့ပါတယ်။ ယခုနှစ်တွင် ပင်လယ်ရေကြောင်းမှလည်း ပြောင်းတန်ချိန် ၃၅၀၀၀ နီးပါး တင်ပို့နိုင်ခဲ့ပြီး ဗီယက်နမ်၊ မလေးရှား၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ ထိုင်းနိုင်ငံတို့သို့ တင်ပို့ခဲ့ပါတယ်။

ဒါပေမဲ့ ပြောင်း တင်ပို့ရာမှာ နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်နိုင်အောင် ကြိုးပမ်းကြဖို့လိုနေပါသေးတယ်။ တရုတ်နိုင်ငံသို့ တင်ပို့ရာမှာလည်း အခက်အခဲအမျိုးမျိုးကြားမှ တင်ပို့နေရတာဖြစ်ပါတယ်။ ပင်လယ်ရေကြောင်းနှင့်နယ်စပ်လမ်းကြောင်း နှစ်ခုစလုံးမှ ခွဲတမ်းအရ ပြောင်းတန်ချိန် နှစ်သိန်းတင်ပို့ရန် သတ်မှတ်ထားပေမယ့် ယခင်နှစ်က တန်ချိန် ၁ ဒသမ ၃သန်းသာ တင်ပို့နိုင်ခဲ့ပါတယ်။

CMP ချုပ်ပြီး အထည်တင်ပို့မှုနှင့် ပတ်သက်ပြီး ယခုနှစ်တွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၄၉၄ သန်း တင်ပို့နိုင်ပြီး ယခင်နှစ်ကာလတူထက် တန်ဖိုးအမေရိကန်ဒေါ်လာ ၂၀၅ သန်း ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ငန်းများအပြင် ဖိနပ်မျိုးစုံ ၊ အိတ်မျိုးစုံတို့ကိုလည်း တင်ပို့လာနိုင်ပြီဖြစ်ပါတယ်။

ဒီလို CMP လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းအားဖြင့် ပြည်သူများအား အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်သလို ဆင်းရဲနွမ်းပါးမှုကိုပါ လျှော့ချပေးနိုင်မှာ ဖြစ်ပါတယ်။ အထည်ချုပ်လုပ်ငန်းရှင်များအနေဖြင့် CMP စနစ်ဖြင့် တင်ပို့နေသည့် စနစ်မှ FOB စနစ်သို့ ပြောင်းလဲတင်ပို့နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်သင့်ပါတယ်။

ပြည်ပသွင်းကုန် တင်သွင်းမှုအနေဖြင့် ယခုနှစ်တွင် ရေနံထွက်ပစ္စည်း၊ လေယာဉ်နှင့် လေယာဉ်အပိုပစ္စည်းများ၊ ဓာတုဗေဒ ချည်ခင်များ၊ စက်နှင့် စက်ပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ စားအုန်းဆီများ၊ ဓာတ်မြေဩဇာများကို ယခင်နှစ်ထက် ပိုမိုတင်သွင်းခဲ့ပါတယ်။ အဓိကအားဖြင့် ရေနံထွက်ပစ္စည်းများဖြစ်တဲ့ ဒီဇယ်၊ ဓာတ်ဆီ တင်သွင်းမှုဟာ မိမိတိုင်းပြည်ရဲ့ မော်တော်ယာဉ်တင်သွင်းမှု အနေအထားနဲ့ အခြားစက်မှုလုပ်ငန်းများ၊ တည်ဆောက်ရေး လုပ်ငန်းများရဲ့ သုံးစွဲမှုအပေါ်မှာ မူတည်နေပါတယ်။ ဓာတုဗေဒချည်ခင်အမျိုးမျိုး တင်သွင်းမှုဟာ အထည်အလိပ်လုပ်ငန်းများ ဖြစ်တဲ့ SME လုပ်ငန်းများ ပြန်လည်ဦးမော့လာပြီဆိုတဲ့ အခြေအနေကို ပြသနေတာဖြစ်ပါတယ်။

ဒ့ါအပြင် ဆေးဝါးပစ္စည်းများ တင်သွင်းမှုဟာ နိုင်ငံသူ/နိုင်ငံသားများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို အလေးထား ဆောင်ရွက်လျက်ရှိတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ မိမိနိုင်ငံဟာ စိုက်ပျိုးရေးကို အဓိက အားထားရတဲ့နိုင်ငံဖြစ်တာနဲ့အညီ စိုက်ပျိုးရေးအတွက် အဓိကသွင်းအားစု ဖြစ်တဲ့ ဓာတ်မြေဩဇာကို ပိုမိုတင်သွင်းခြင်း အားဖြင့် သီးနှံစိုက်ပျိုးထွက်ရှိမှုကိုများစွာ အထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ပြည်ပပို့ကုန် တင်ပို့မှုတွင် သဘာဝဓာတ်ငွေ့တင်ပို့မှုကလွဲရင် လယ်ယာထွက်ကုန်ပစ္စည်း များကို အများဆုံး တင်ပို့နိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ပို့ကုန်ရော သွင်းကုန်ပိုင်းမှာပါ ပိုမိုတိုးတက်တင်ပို့/ တင်သွင်းနိုင်ခဲ့ပေမယ့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေနဲ့ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရဆဲပဲ ဖြစ်ပါတယ်။ အဲဒီစိန်ခေါ်မှုတွေကတော့ သဘာဝဘေးအန္တရာယ်များ ကျရောက်ခြင်း၊ ဆိပ်ကမ်းများ ကျပ်တောက်လျက်ရှိခြင်းကြောင့် ကုန်စည်သယ်ယူပို့ဆောင်စရိတ်များ မြင့်တက်လျက်ရှိခြင်း၊ သွင်းအားစုများ၏ ကုန်ကျစရိတ်များ မြင့်မားခြင်း၊ စိုက်ပျိုးသည့် သီးနှံများအတွက် မျိုးကောင်းမျိုးသန့်ရရှိရန် ခက်ခဲခြင်း၊ အရည်အသွေးမြင့် ထုတ်ကုန်များ မထုတ်လုပ်နိုင်ခြင်း၊ နိုင်ငံတကာ ဈေးကွက်နှင့်ဝယ်လိုအားအပေါ် တည်မှီနေရခြင်း၊ ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ၊ ရိတ်သိမ်းမှုစနစ်များ၊ ထုတ်လုပ်မှုစနစ်များ လိုအပ်နေခြင်း စတဲ့အချက်များဟာ လက်ရှိရင်ဆိုင်နေရတဲ့ စိန်ခေါ်မှု အခက်အခဲများပဲဖြစ်ပါတယ်။

စာမျက်နှာ (၁၇) သို့ ➢

## ဓာတ်ဆီ/ဒီဇယ်

# ယခုတစ်ပတ် ဓာတ်ဆီရော ဒီဇယ်ပါ အဝင်ပို

ဇွန် ၂၅ ရက်မှ ဇူလိုင် ၁ ရက်အထိသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၁၂၉၄၂၀၇ တန်ဖိုးရှိ ဒီဇယ် ၄၆၈၇၂ ဒသမ ၃၄၁ တန်၊ အမေရိကန်ဒေါ်လာ ၂၆၇၁၂၈၂၅ တန်ဖိုးရှိ ဓာတ်ဆီ ၉၁၂၃၀ ဒသမ ၉၄၉ တန်၊ စုစုပေါင်း ၁၃၈၁၀၃ ဒသမ ၂၉၀ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၆၇၅၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဒီဇယ်တန်ချိန် ၂၀၇၀၀ ကျော် တင်သွင်းမှုပိုခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၄၉၁၀၀ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၄၂၀၀၀ ကျော် ပိုမိုတင်သွင်းခဲ့ပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ဒီဇယ်ရောဓာတ်ဆီပါ အဝင်ပိုခဲ့ပါတယ်။ နယ်စပ်စခန်းဖြစ်တဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၉၁၂၀၅ တန်ဖိုးရှိ ဒီဇယ် တန်ချိန် ၄၂၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း (92)နဲ့ (95) မှာ ဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ ဒီဇယ် ကျပ် ၆၆၀၊ အောက်တိန်း (92) ၆၆၅ ကျပ်၊ အောက်တိန်း (95) ကျပ် ၇၁၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၆၈၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဇူလိုင် ၃ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၂၈၀၀၀၊ ရောင်းဈေး ကျပ် ၁၃၂၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဇူလိုင်လ ၃ ရက် မှာ ဓာတ်ဆီ ဝယ်ဈေး ကျပ်၁၄၆၀၀၀၊ ရောင်းဈေး ကျပ် ၁၅၀၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့နှိုင်းယှဉ်ရင် ဓာတ်ဆီရော ဒီဇယ်ပါ ဈေးကျခဲ့တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း (92)၊ အောက်တိန်း(95)၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ အောက်တိန်း (95) တစ်လီတာ ကျပ် ၇၇၀၊ ဒီဇယ် တစ်လီတာ ၆၆၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ကျပ် ၆၇၀၊ အောက်တိန်း (92) တစ်လီတာ ၆၈၅ ကျပ်၊ ဓာတ်ဆီ တစ်လီတာ ကျပ် ၈၀၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဇူလိုင် ၃ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၃၂၀၀၀၊ ရောင်းဈေး ကျပ် ၁၃၄၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း (92) ဈေးမှာ ဇူလိုင်လ ၃ ရက်တွင် ဝယ်ဈေး ကျပ် ၁၃၅၀၀၀၊ ရောင်းဈေးကျပ် ၁၃၇၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ ယှဉ်ရင် ဒီဇယ်ရော ဓာတ်ဆီပါ ဈေးနည်းနည်းမြင့်ခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်ပြီး အောက်တိန်း (92) မှာ ဈေးအနည်းငယ်မြင့်ပြီး ဓာတ်ဆီ၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်း (95)တို့ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးများမှာ အဆင့်မြင့်ဒီဇယ် ကျပ် ၇၆၀ ၊ အောက်တိန်း(92) ကျပ် ၇၄၀၊ အောက်တိန်း (95) ကျပ် ၇၈၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဒီဇယ်တစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၃၄၀၀၊ အောက်တိန်း (92) တစ်ဂါလံ ကျပ် ၃၄၀၀၊ အောက်တိန်း (95) တစ်ဂါလံ ကျပ် ၃၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဈေးများမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ ဈေးများမှာ ဒီဇယ်တစ်လီတာ ကျပ် ၇၄၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၇၇၀၊ အောက်တိန်း (92) ၇၅၅ ကျပ်၊ အောက်တိန်း (95) ကျပ် ၈၈၀ နဲ့အရောင်းအဝယ် ဖြစ်နေတယ်လို့ သိရှိရပါတယ်။ပြင်ပလက်လီဆိုင်များမှာ ဒီဇယ်တစ်ဂါလံ ကျပ် ၃၃၀၀၊ အောက်တိန်း (92) ကျပ် ၃၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**MIRT-DOT**

# ပြည်တွင်းငွေလဲနှုန်းများ အနည်းငယ်မြင့်တက်

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ဈေးအနည်းငယ်ငြိမ်သက်ခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်အတွင်း အနည်းငယ်ပြန်လည်မြင့်တက်လာခဲ့ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ဈေးအနည်းငယ်ပြန်လည်မြင့်တက်လာမှုကြောင့် ဈေးကွက်အတွင်း အရောင်းအဝယ်များ ပြန်လည်သွက်လာခဲ့ကြောင်း သိရသည်။

“နှစ်ပတ်ဆက်တိုက် ငွေလဲနှုန်းတွေငြိမ်နေပြီး ပြီးခဲ့တဲ့တစ်ပတ်ကစပြီး နည်းနည်းပြန်လှုပ်လာတယ်။ အခုတစ်ပတ်မှာတော့ ဈေးဖွင့်ရက်ကဈေးနဲ့ ဈေးပိတ်ရက်မှာရှိတဲ့ဈေးက လေးကျပ်လောက် မြင့်တက်လာတာကိုတွေ့ရပါတယ်။ နိုင်ငံတကာမှာလည်း အမေရိကန်ဒေါ်လာရဲ့တန်ဖိုးက မြင့်တက်လာတဲ့အတွက် ပြည်တွင်းမှာလည်း အခုလိုပြန်တက်လာတာပါ။ ဈေးပြန်တက်လာတဲ့အတွက် အရောင်းအဝယ်က ပြန်လှုပ်လာတယ်”ဟု ဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးက သုံးသပ်ပြောကြားခဲ့သည်။

ပြည်တွင်းငွေလဲစင်တာများတွင် ဇူလိုင် ၃ ရက်က အမေရိကန် တစ်ဒေါ်လာလျှင် ရောင်းဈေး ၁၃၅၅ကျပ်၊ ဝယ်ဈေး ၁၃၅၂ ကျပ်ရှိခဲ့ပြီး ဇူလိုင် ၆ ရက်တွင် ရောင်းဈေး ၁၃၅၇ ကျပ်၊ ဝယ်ဈေး ၁၃၅၅ ကျပ်သို့ မြင့်တက်ခဲ့သည်။ ဇူလိုင် ၇ ရက်တွင် ရောင်းဈေး ၁၃၅၈ ကျပ်၊ ဝယ်ဈေး ၁၃၅၆ ကျပ်သို့ မြင့်တက်ခဲ့သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း ၎င်း၏ရည်ညွှန်းငွေလဲနှုန်းကို ယခုတစ်ပတ်အတွင်း ၁၃၆၂ ကျပ်ဟုသတ်မှတ်ခဲ့သည်။ **မယ်သီတာ**

# ပြည်တွင်းရွှေဈေး ဆက်လက်ကျဆင်းလာ

ပြီးခဲ့သည့်ရက်သတ္တပတ်က ကမ္ဘာ့ရွှေဈေး ကျဆင်းမှုကြောင့် ပြည်တွင်းရွှေဈေးများ ကျဆင်းလာခဲ့သကဲ့သို့ ယခုတစ်ပတ်တွင်လည်း ပြည်တွင်းရွှေဈေးများသည် ဆက်လက်ကျဆင်းလာခဲ့ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးများသည် ကျပ်တစ်သောင်းအထိ ကျဆင်းလာခဲ့သည်။ ကမ္ဘာ့ရွှေဈေးသည်လည်း တစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၀ အထိ ကျဆင်းလာခဲ့သည်။

“ကမ္ဘာ့ရွှေဈေးကျဆင်းလာလို့ ပြည်တွင်းရွှေဈေးတွေလည်း လိုက်ပြီးကျဆင်းလာခဲ့တာပါ။ ပြီးခဲ့တဲ့တစ်ပတ်ကတည်းက ကျဆင်းလာခဲ့တဲ့ ပြည်တွင်းရွှေဈေးက အခုတစ်ပတ်မှာလည်း ဆက်တိုက်ကျဆင်းလာခဲ့တာပါ။ ရွှေဈေးကျဆင်းလာတဲ့အတွက် ဈေးကွက်ထဲမှာ အရောင်းအဝယ်တွေ ပြန်သွက်လာခဲ့ပါတယ်”ဟု ရွှေကုန်သည်ဦးစံမြင့်က ဆိုသည်။

ပြည်တွင်းရွှေဈေးများသည် ဇူလိုင် ၃ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၉၀၀၀၀၀ ရှိခဲ့ပြီး ဇူလိုင် ၅ ရက်တွင် ကျပ် ၈၉၃၀၀၀ သို့ ကျဆင်းခဲ့သည်။ ဇူလိုင် ၇ ရက်တွင် ကျပ် ၈၉၄၀၀၀ သို့ဆက်လက်ကျဆင်းခဲ့ပြီး ဇူလိုင် ၈ ရက်တွင် ကျပ် ၈၉၀၀၀၀ သို့ ထပ်မံကျဆင်းခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် ဇူလိုင် ၃ ရက်တွင် တစ်အောင်စလျှင် ၁၂၄၂ အမေရိကန်ဒေါ်လာရှိခဲ့ပြီး ဇူလိုင် ၅ ရက်တွင် ၁၂၂၇ အမေရိကန်ဒေါ်လာသို့ ကျဆင်းခဲ့သည်။ ဇူလိုင် ၈ရက်တွင် ဆက်လက်ကျဆင်းခဲ့ရာ တစ်အောင်စလျှင် ၁၂၁၃ အမေရိကန်ဒေါ်လာ ရှိခဲ့သည်။ **မယ်သီတာ**

# FMI ကုမ္ပဏီ၏ အစုရှယ်ယာများအတွက် အမြတ်ဝေစုများကို ဩဂုတ် ၉ ရက်တွင် စတင်ထုတ်ပေးသွားမည်

ရန်ကုန် စတော့အိတ်ချိန်းတွင် ရောင်းဝယ်လျက်ရှိသည့် FMI ကုမ္ပဏီသည် ၎င်းထံမှဝယ်ယူထားသော အစုရှယ်ယာများအတွက် အမြတ်ဝေစုများကို ဩဂုတ် ၉ရက်တွင် စတင်ထုတ်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်စတော့အိတ်ချိန်း၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါအမြတ်ဝေစုကို ရန်ကုန်စတော့အိတ်ချိန်းတွင်ရှိသည့်အစုရှယ်ယာရှင်စာရင်းအတိုင်း အစုရှယ်ယာတစ်စုလျှင် ကျပ် ၁၀၀ ခွဲဝေပေးသွားမည်ဖြစ်ကြောင်း FMI ၏ကြေညာချက်တွင် ဖော်ပြထားသည်။

ထို့ပြင် ယခုတစ်ကြိမ်ပေးအပ်မည့် အမြတ်ဝေစုတွင် မူရင်းအစုရှယ်ယာ ၁၀ စုပိုင်ဆိုင်သူတစ်ဦးသည် အပိုဆုအစုရှယ်ယာ (Fully-paid Bonus Shares) တစ်စု ထုတ်ဝေပေးမည်ဖြစ်ကြောင်း FMI ၏ ကြေညာချက်တွင် ထည့်သွင်းဖော်ပြထားသည်။

FMI ကုမ္ပဏီသည် ၎င်း၏နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ဇူလိုင် ၃၀ ရက်တွင် ကျင်းပမည်ဖြစ်ပြီး အဆိုပါအထွေထွေအစည်းအဝေးတွင် အတည်ပြုချက်ရရှိခဲ့ပါကကြေညာချက်တွင် ထည့်သွင်းဖော်ပြခဲ့သည့်အတိုင်း ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် YSX ၏ စာရင်းရှင်းလင်းမှုစနစ်အရ အစုရှယ်ယာများ ဝယ်ယူရောင်းချလိုသူ အစုရှယ်ယာရှင်များအနေဖြင့် Record Day စာရင်းဝင်နိုင်ရန်အတွက် ဩဂုတ် ၄ရက် နောက်ဆုံးထား၍ ရှယ်ယာများ အရောင်းအဝယ်ပြုလုပ်ရမည်ဖြစ်သည်။ **မယ်သီတာ**

## Currency Exchange Rate

July 7, 2017

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.32 |
| BDT | Bangladesh Taka | 81.14 |
| CAD | Canada Dollars | 1.30 |
| CNY | China Yuan Renminbi | 6.80 |
| EUR | Euro | 0.88 |
| H KD | Hong Kong Dollars | 7.81 |
| I NR | India Rupees | 64.75 |
| I DR | Indonesia Rupiahs | 13409.95 |
| JPY | Japan Yen | 113.72 |
| MYR | Malaysia | 4.30 |
| PKR | Pakistan Rupees | 105.53 |
| PHP | Philippines Pesos | 50.65 |
| RUB | Russia Rubles | 60.29 |
| SGD | Singapore Dollars | 1.38 |
| KRW | South Korea Won | 1155.85 |
| LKR | Sri Lanka Rupe | 153.59 |
| THB | Thailand Baht | 34.09 |
| GBP | United Kingdom Pounds | 0.77 |
| VND | VietnamDon | 22737.20 |

Source:xe.com

## World Gold Price

July-2017 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| Date | NY | London | Zurich |
| 3 | 1239 | 1237 | 1237 |
| 4 | 1229 | 1226 | 1226 |
| 5 | 1228 | 1227 | 1226 |
| 6 | 1229 | 1226 | 1226 |
| 7 | 1224 | 1222 | 1222 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 3-7- 2017 | 895.00 | 894.50 |
| 4-7-2017 | 891.00 | 890.50 |
| 5-7- 2017 | 893.00 | 892.50 |
| 6-7 -2017 | 894.00 | 893.50 |
| 7-7- 2017 | 892.50 | 993.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇူလိုင်လ ၂၀၁၇ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 3 | 6 .80 | 33.99 | 80.81 | 64.85 |
| 4 | 6. 80 | 34.01 | 80.34 | 64.79 |
| 5 | 6 .80 | 33.99 | 80.81 | 64.73 |
| 6 | 6 .81 | 34.07 | 80.77 | 64.79 |
| 7 | 6.80 | 34.09 | 81.14 | 64.75 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 3- July | 16.50 | 2816.35 | 1944.09 | 5962.66 | 916.00 |
| 4- July | 16.09 | 2812.99 | 1949.02 | 5941.60 | 908.00 |
| 5- July | 16.11 | 2825.76 | 1952.83 | 5957.95 | 910.00 |
| 6 - July | 16.01 | 2793.50 | 1945.89 | 5907.10 | 908.00 |
| 7- July | 15.87 | 2819.49 | 1957.31 | 5905.98 | 903.00 |

Source:kitco.com

## Energy NYMEX 7-7-2017

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 44.95 | -0.57 | -1.25 |
| Brent Crude Futr (USD/bbl) | 47.55 | -0.56 | -1.16 |
| Gasoline Rbob Fut (Cent/gal) | 151.02 | -1.85 | -1.21 |
| Natural Gas Futr (USD/MMBtu) | 2.90 | 0.01 | 0.45 |
| Heating Oil Futr (Cent/gal) | 146.51 | -1.68 | -1.13 |

## ဘိလပ်မြေ

### ထိုင်းနိုင်ငံမှဘိလပ်မြေတန်ချိန်၁၀၀တင်သွင်း

ဇွန်လ ၂၅ရက်မှ ဇူလိုင်လ၁ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၄၅၀၀ တန်ဖိုးရှိ ဘိလပ်မြေ တန်ချိန် ၁၀၀ ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ တင်သွင်းခဲ့တဲ့ တံဆိပ်မှာ စိန်တံဆိပ်ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေတန်ချိန် ၄၉၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၃၉၀ကျော် အဝင်နည်းခဲ့ပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် မေလအတွင်းဘိလပ်မြေတင်သွင်းမှုမှာ တန်ချိန် ၂၅၂၀၀ ကျော်ရှိခဲ့ပြီး ဇွန်လအတွင်း ဘိလပ်မြေတင်သွင်းမှုမှာ တန်ချိန် ၉၁၀၀ ကျော်ရှိခဲ့တာကြောင့် ဇွန်လမှာ ဘိလပ်မြေ တန်ချိန် ၁၆၀၀၀ ကျော် အဝင်နည်းခဲ့တယ်လို့သိရပါတယ်။

### ဘိလပ်မြေဈေးကွက် အရောင်းအေး

ဇွန်လ ၂၅ရက်မှ ဇူလိုင်လ ၁ ရက်အထိ သီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ ဘိလပ်မြေတန်ချိန် ၁၀၀ကျော်အဝင်ရှိခဲ့ပြီး ယခင် သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန်၄၉၀ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၃၉၀ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ ယခုတစ်ပတ်နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၂၅၇၀ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ် အဝင်မှာတန်ချိန် ၂၁၄၀၀ ကျော်ရှိခဲ့တာကြောင့်ဒီတစ်ပတ်မှာ တန်ချိန် ၈၈၃၀ ကျော် အဝင်လျော့ခဲ့ တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ရေကြောင်းလမ်းရောနယ်စပ်လမ်းမှ ပါ ဘိလပ်မြေ အဝင်လျော့ခဲ့ပါတယ်။

**ရန်ကုန်ဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ်မိုးများနေပြီး ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်မှုနည်းနေတာကြောင့် အရောင်းအေးသလို ဈေးလည်းငြိမ်နေတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ အထိုင်ဈေးမှာ ဆင်(ထိုင်း)ကျပ် ၅၈၀၀၊ စိန်(ထိုင်း) ကျပ်၅၉၀၀၊ မော်လမြိုင်ဆင် ကျပ် ၅၆၀၀၊ ကြံ့နှစ်ကောင်(နီ) ကျပ် ၅၅၅၀၊ ကြံ့နှစ်ကောင်(စိမ်း) ကျပ် ၅၂၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘုရင့်နောင်ပွဲရုံတန်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်အေးသလို ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်(ထိုင်း) ကျပ် ၆၂၀၀၊ အပါချီ(ထိုင်း) ကျပ် ၅၁၅၀ ၊ ကြံ့ ကျပ်၅၇၀၀၊မြင်းခေါင်း ကျပ်၅၄၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** မိုးများလို့အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ ဆင်မြန်မာက ကျပ် ၅၀ ဈေးကျပြီး ဆင်(ထိုင်း)က ကျပ် ၅၀ ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်(ထိုင်း) ကျပ်၅၆၀၀၊ စိန်(ထိုင်း) ကျပ် ၅၆၀၀၊ ကြံ့(မြိုင်ကလေး) ကျပ် ၄၉၅၀၊ မြန်မာဆင် ကျပ် ၅၁၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ်အရောင်းအဝယ်အေးပြီး ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၂၀၀၊ အေသုံးလုံးကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၅၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ နဂါးကျပ် ၄၇၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

သီတာဝင်း(DOT) စုစည်းသည်

## ဓာတ်မြေဩဇာ

### ဒီတစ်ပတ် မြေဩဇာအဝင်များ

ဇွန်လ ၂၅ ရက်မှ ဇူလိုင် ၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆၉၄၃၃၀၈ တန်ဖိုးရှိ မြေဩဇာ ၃၆၈၇၄ ဒသမ ၂၃၈ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဘီလာရုစ်နိုင်ငံမှ ၅၂၂ ဒသမ ၅၀ တန်၊ ကနေဒါနိုင်ငံမှ တန်ချိန် ၁၀၀၀၊ တရုတ်နိုင်ငံမှ ၃၀၂၅၃ ဒသမ ၂၅ တန်၊ ဂျာမနီနိုင်ငံမှ တန်ချိန် ၅၀၀၊ လာအိုနိုင်ငံမှ ၉၉၉ ဒသမ ၇၅ တန်၊နယ်သာလန်နိုင်ငံမှ ၇ ဒသမ ၂၃၈ တန်၊အာရပ်နိုင်ငံမှ ၆၈၄ တန်၊ ထိုင်းနိုင်ငံမှ ၂၈၃၂ ဒသမ ၅၀ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ ၇၅ တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ တင်သွင်းခဲ့တဲ့အမျိုးအစားများမှာပိုတက်၊ ကွန်ပေါင်း၊ ကောမတ်၊ ယူရီးယား၄၆%၊ ကွန်ပေါင်း ၁၅း၁၅း၁၅၊ ဓာတ်ဆားတို့ဖြစ်ပါတယ်။ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့မြေဩဇာ တန်ချိန် ၈၃၈၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၂၈၀၀၀ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### ရန်ကုန်မြေဩဇာဈေးကွက် အရောင်းသွက်

ဇွန်လ ၂၅ ရက်မှ ဇူလိုင် ၁ရက် အထိသီတင်းတစ်ပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ မြေဩဇာ တန်ချိန် ၃၆၈၇၄ ကျော် အဝင်ရှိခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၈၃၈၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၂၈၀၀၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ယခု တစ်ပတ် နယ်စပ်လမ်းမှ မြေဩဇာအဝင်မှာ တန်ချိန် ၁၉၉၆၀ ကျော် ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာ တန်ချိန်၁၈၁၉၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၇၇၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ် မြေဩဇာတင်သွင်းမှုမှာ ရေကြောင်းလမ်းမှ အဝင်ပိုပြီးနယ်စပ်လမ်းမှအဝင်လျော့ခဲ့ပါတယ်။ ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊မန္တလေးနဲ့ တောင်ကြီးမှာ ပုံမှန် အရောင်းအဝယ်ဖြစ်ပြီး ရန်ကုန်မှာ အရောင်းသွက်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** မိုးများနေတာကြောင့် အရောင်းအဝယ်က ပုံမှန်လောက်ပဲရှိတယ်။ ဒီတစ်ပတ်ကုမ္ပဏီဈေးတက်လို့ မြေဩဇာဈေးနည်းနည်းတက်တယ်လို့ သိရပါတယ်။တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်)က ဈေးကွက်ထဲ ပြန်ဝင်လာတယ်လို့ သိရပါတယ်။ပုလဲ-အသေး ၄၆%က ကျပ် ၁၀၀၀၊ ကွန်ပေါင်း(အစိမ်း) ၁၅ပတ်လည်က ကျပ် ၂၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈က ကျပ် ၈၀၀၀၊ တီစူပါ ၄၆% က ကျပ် ၁၀၀၀ ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆%(ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ကျပ် ၂၃၅၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၃၉၀၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၁၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၃၀၀၀၀၊ တီစူပါ ၄၆%(သံကွင်း-တရုတ်) ကျပ် ၂၁၅၀၀၊ တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်) ကျပ် ၁၃၅၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ စိုက်ပျိုးရေးအရောင်းဆိုင်မှ ဝန်ထမ်းတစ်ဦးကပြောပါတယ်။ဈေးကွက်ထဲ ယူရီးယား (ရွှေတောင်)က ကျပ် ၁၀၀၀၊ ယူရီးယား (ပန်းဖူး)က ကျပ် ၄၀၀၀ ဈေးမြင့်ခဲ့ပြီး ကျန်မြေဩဇာများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်း အဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၃၅၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်)ကျပ် ၂၇၅၀၀ ၊ တီစူပါ (၄၆% -တရုတ်) ကျပ် ၁၉၆၀၀၊ ပန်းသီးစုံကျပ် ၁၅၁၀၀၊ မြားသီးစုံ ကျပ် ၁၄၄၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းပုံမှန်ရှိပြီး ဈေးငြိမ်နေတယ်လို့သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၃၀၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၃၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ်၂၃၇၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၂၂၀၀ ၊ ပိုးသတ်ဆေး ကျပ် ၁၉၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၈၀၀၀ ၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၆၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၄၂၀၀၊ ပိုတက်(တရုတ်) ကျပ်၂၃၇၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၂၀၀၀ ၊ မြားကမ္ဘာကျပ် ၁၆၀၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ**အရောင်းအဝယ်သွက်ပြီးဈေးလည်းနည်းနည်းမြင့်လာတယ်လို့ စိုက်ပျိုးရေးပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ယူရီးယားက ကျပ် ၁၅၀၀၊ တီစူပါက ကျပ် ၄၀၀၀ဈေးမြင့်ပြီး ကျန်မြေဩဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၅၅၀၀၊ ယူရီးယား (နေရွက်လှေ-တရုတ်) ကျပ် ၂၅၅၀၀၊ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၄၅၀၀၊ တီစူပါ (သံကွင်း-တရုတ်) ကျပ် ၂၅၀၀၀၊ ပိုတက်(အိန္ဒိယ) ကျပ် ၂၃၀၀၀၊ ကွန်ပေါင်း ၁၅ ပတ်လည် ကျပ် ၃၇၇၀၀၊ ကွန်ပေါင်း ၁၆ ပတ်လည် ကျပ် ၄၀၇၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

### ရေကြောင်းလမ်းမှ နို့ဆီတန်ချိန် ၅၀၀ကျော်နဲ့ နို့မှုန့်တန်ချိန် ၂၀၀နီးပါးဝင်

ဇွန်လ ၂၅ ရက်မှ ဇူလိုင် ၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၇၁၆၂၈၈ တန်ဖိုးရှိ နို့ဆီ ၅၃၀ ဒသမ ၈၇၉ တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် မလေးရှားနိုင်ငံမှ ၉၃ ဒသမ ၁၂တန်နဲ့ စင်ကာပူနိုင်ငံမှ ၄၃၇ ဒသမ ၇၅၉ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ တံဆိပ်များမှာ တီးပေါ့၊ အိုကေနဲ့ဒွန်းတံဆိပ်တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့ဆီတန်ချိန် ၃၃၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၂၀၀ ကျော် ပိုမိုတင်သွင်းခဲ့ပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ အိုင်ယာလန်နိုင်ငံမှ တန်ချိန် ၁၅၀၊ အင်ဒိုနီးရှားနိုင်ငံမှ သုညဒသမ ၂၀၂ တန်၊ ပိုလန်နိုင်ငံမှ ၁၆ တန်နဲ့ စင်ကာပူနိုင်ငံမှ၁၃ ဒသမ ၄၅၄ တန်၊ စုစုပေါင်း ၁၇၉ ဒသမ ၆၅၆ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့၉၉တန်ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၈၀ ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၄/၆ မှ ၃၀/၆ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၇/၆ မှ ၂၃/၆ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၆၂•၅၀ | ၁၈၃•၇၀ | (-) | ၂၁•၂၀ |
| ၂။ | လွယ်ဂျယ် | ၄၄၂•၅၀ | ၆၆၀•၀၀ | (-) | ၂၁၇•၅၀ |
| ၃။ | ချင်းရွှေဟော် | ၁၀•၀၀ | ၂၅•၀၀ | (-) | ၁၅•၀၀ |
| ၄။ | ကန်ပိုက်တီ | ၂၅၀၈•၅၀ | ၂၂၄၁•၀၀ | (+) | ၂၆၇•၅၀ |
| ၅။ | တာချီလိတ် | ၆၀၀•၀၀ | ၃၅၀၀•၀၀ | (-) | ၂၉၀၀•၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၅၈၅၀•၆၀ | ၁၁၆၂၅•၀၀ | (-) | ၅၇၇၄•၄၀ |
| ၈။ | မြိတ် | ၃၀၀၀•၀၀ | ၃၁၇၅•၀၀ | (-) | ၁၇၅•၀၀ |
| | စုစုပေါင်း | ၁၂၅၇၄•၁၀ | ၂၁၄၀၉•၇၀ | (-) | ၈၈၃၅•၆၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၄/၆ မှ ၃၀/၆ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၇/၆ မှ ၂၃/၆ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၂၀၈၆•၀၉ | ၁၁၆၇၄•၇၅ | (+) | ၄၁၂•၁၄ |
| ၂။ | လွယ်ဂျယ် | ၄၂၆•၀၀ | ၈၄၁•၇၀ | (-) | ၄၁၅•၇၀ |
| ၃။ | ချင်းရွှေဟော် | ၂၅၂၈•၇၅ | ၂၂၈၆•၇၅ | (+) | ၂၄၂•၀၀ |
| ၄။ | ကန်ပိုက်တီ | ၁၀၀•၀၀ | ၆၇၀•၀၀ | (-) | ၅၇၀•၀၀ |
| ၅။ | မြဝတီ | ၁၅၂၀•၈၅ | ၁၀၅၈•၀၅ | (+) | ၄၆၂•၈၀ |
| ၆။ | ကော့သောင်း | ၃၀၀၀•၀၀ | - | (+) | ၃၀၀၀•၀၀ |
| ၇။ | မြိတ် | - | ၁၆၀•၀၀ | (-) | ၁၆၀•၀၀ |
| ၈။ | ရိဒ် | ၃၀၀•၀၀ | ၁၅၀၀•၀၀ | (-) | ၁၂၀၀•၀၀ |
| | စုစုပေါင်း | ၁၉၉၆၂•၄၉ | ၁၈၁၉၁•၂၅ | (+) | ၁၇၇၁•၂၄ |

ခင်မိုးသူ

## နှမ်း

# မုံရွာဆီထွက်သီးနှံဈေးကွက်တွင် နှမ်းနက်အဝယ်သွက်

မုံရွာကုန်စည်ဒိုင်ဈေးကွက်တွင် ဇွန်လကုန်ပတ်ဆီထွက်သီးနှံဈေးကွက်မှာ မြေပဲဆန်ဈေးအနည်းငယ်အေးသွားပြီး နှမ်းမျိုးစုံဈေးကွက်မှာ နှမ်းဖြူနှင့်နှမ်းညိုဈေးအေးခဲ့ကာ နှမ်းနက်အဝယ်သွက်လျက်ရှိတယ်လို့ သိရပါတယ်။

ယခုတစ်ပတ်တွင် မြေပဲဆန်ဈေးကွက်မှာ တရုတ်အဝယ်ပါးသွားလို့ ဈေးအေးသွားခဲ့ရာ မြေပဲဆန်နီ တစ်ပိဿာလျှင် ကျပ် ၂၂၅၀၊ လုံးဆန်ဖြူတစ်ပိဿာလျှင် ကျပ် ၂၃၀၀၊ ဆီဆန်တစ်ပိဿာလျှင် ကျပ်၂၀၀၀ အသီးသီးဖြစ်ပေါ်ခဲ့ပါတယ်။ ဒေသတွင်းဝယ်လက်ပုံမှန်ရှိလို့ မြေပဲလုံးဆန်အရောင်းအဝယ်မှာ တစ်ရက်လျှင် အိတ် ၅၀၀ ဝန်းကျင် အရောင်းအဝယ်ဖြစ်တယ်လို့ ကုန်စည်ဒိုင်ဈေးကွက်မှ သိရှိရပါတယ်။

နှမ်းမျိုးစုံဈေးကွက်မှာ နှမ်းဖြူတစ်တင်းလျှင် ကျပ် ၃၅၀၀၀ နှင့် နှမ်းညို (သစ်)တစ်တင်းလျှင် ကျပ် ၂၇၅၀၀ ကျပ်နှင့် နှမ်းနက်တစ်တင်းလျှင် ကျပ် ၃၆၀၀၀ ဖြင့် ပြည်ပဝယ်လက်ရှိလို့ တစ်ရက်လျှင် အိတ် ၄၀၀ခန့် အရောင်းအဝယ်သွက်ခဲ့တယ်လို့သိရပါတယ်။ နယ်စုံမှ နှမ်းမျိုးစုံဝင်ရောက်လာ၍ တစ်ရက်လျှင် နှမ်းညို အိတ်၃၀၀ ခန့်နှင့် နှမ်းဖြူ အိတ် ၂၀၀ ဝန်းကျင်သာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။

စားသုံးဆီဈေးကွက်မှာတော့ ပဲဆီတစ်ပိဿာလျှင်ကျပ် ၄၀၀၀-၃၇၀၀၊ နှမ်းဆီတစ်ပိဿာလျှင် ကျပ် ၃၅၀၀နှင့်စားအုန်းဆီတစ်ပိဿာလျှင် ကျပ် ၁၈၇၀- ၁၈၅၀ ကျပ်နဲ့ အသီးသီး ဈေးငြိမ်အရောင်းအဝယ်ဖြစ်နေတယ်လို့ မုံရွာကုန်စည်ဒိုင်ဈေးကွက်မှ သိရှိရပါတယ်။

**လင်းလင်းသန့်**

# မုံရွာကုန်စည်ဒိုင်တွင် နှမ်းသီးနှံဈေးကွက် အရောင်းအဝယ်ပုံမှန်ဖြစ်

မုံရွာကုန်စည်ဒိုင်သို့ ဆီထွက်သီးနှံဖြစ်သောနှမ်းများကိုနေ့စဉ်ရေဦး၊ ဘုတလင်၊ ချောင်းဦး၊ပုလဲ စသည့်မြို့နယ်များမှဝင်ရောက်လျက်ရှိကာ အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ယခုတစ်ပတ် နှမ်းသီးနှံပေါက်ဈေးနှုန်းမှာ နှမ်းဖြူတစ်ပိဿာ ၁၈၃၃ ကျပ်နဲ့ အိတ် ၂၀၀ခန့်၊ နှမ်းညိုတစ်ပိဿာ ကျပ် ၂၃၃၃နဲ့ အိတ်၃၀၀ခန့်၊ နှမ်းနက်တစ်ပိဿာ ၂၃၃၃ကျပ် နဲ့အိတ် ၃၀၀ခန့်အသီးသီးအရောင်းအဝယ် ဖြစ်လျက် ရှိကြောင်းသိရပါတယ်။ နှမ်းဖြူနှင့်နှမ်းနက်ကို မန္တလေးဝယ်လက်ကဝယ်ယူလျက်ရှိပြီး နှမ်းညိုကို မုံရွာမြို့တွင်း ဆီစက်သမားများကဝယ်ယူလျက်ရှိကြောင်း မုံရွာကုန်စည်ဒိုင်မှ သိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**

# ပြည်ဈေးကွက်တွင် နှမ်းနီနဲ့နှမ်းနက်ဈေးပြန်ကျလာပြီး စမုံနက်နှမ်းဈေးပြန်တက်လာ

ယခုတစ်ပတ်ပြည်ဈေးကွက်တွင် နှမ်းနီနဲ့ နှမ်းနက်မှာ ဝယ်လက်ပျောက်နေသဖြင့် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ဈေးပြန်ကျလာပြီး စမုံနက်နှမ်းကိုသာ အနည်းငယ်ဝယ်ယူမှုရှိသဖြင့် ဈေးမြင့်နေတာ တွေ့ရပါတယ်။ ဆီစက်များကလည်း မိုးတွင်းဖြစ်လို့ ဆီမကြိတ်နိုင်သလို ယခင်ကြိတ်ပြီးသားဆီများကိုသာ ဈေးကွက်မှာ ရောင်းချနေတာတွေ့ရပါတယ်။ ယခင်နှစ်ကလည်း ယခုနှစ်လို အရောင်းအဝယ် မဖြစ်တာချင်းတူပေမယ့် ယခင်နှစ်ဈေးထက် ကျဆင်းနေတာ တွေ့ရပါတယ်။ ယခင်နှစ်ဈေးမှာ သုံးတင်းဝင် နှမ်းနီတစ်အိတ်လျှင် ကျပ် ၉၀၀၀၀၊ သုံးတင်းဝင်နှမ်းနက် တစ်အိတ်လျှင် ကျပ် ၉၅၀၀၀နှင့် သုံးတင်းဝင်စမုံနက်နှမ်း တစ်အိတ်လျှင် ကျပ် ၁၄၀၀၀၀ ဈေးရှိခဲ့တာတွေ့ရပါတယ်။ ယခုတစ်ပတ် နှမ်းဈေးမှာ သုံးတင်းဝင် နှမ်းနီ တစ်အိတ်လျှင် ကျပ် ၇၀၀၀၀၊ သုံးတင်းဝင် နှမ်းနက်တစ်အိတ်လျှင် ကျပ် ၉၀၀၀၀ နှင့် သုံးတင်းဝင် စမုံနက်နှမ်းတစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀ ဖြင့် အရောင်းအဝယ်မဖြစ်ဘဲ ဈေးမြင့်နေတာတွေ့ရပါတယ်။

**ဝေဝေမင်း**

## စားအုန်းဆီ

# မလေးရှားစားအုန်းဆီဈေးနှုန်း တစ်လကျော်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိ

မလေးရှား စားအုန်းဆီဈေးနှုန်းသည် တစ်လကျော်အတွင်း အမြင့်ဆုံးနှုန်းသို့ရောက်ရှိခဲ့ကြောင်း၊ ဇွန်လအတွင်းက စားအုန်းဆီထုတ်လုပ်မှု လျော့ကျမည်ဟု ခန့်မှန်းခဲ့သဖြင့် ယခုကဲ့သို့ တစ်ရှိန်ထိုး မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း စတားအွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။

သို့သော် ဇူလိုင် ၄ ရက်သည် အမေရိကန်နိုင်ငံ၏လွတ်လပ်ရေးနေ့ဖြစ်သည့်အတွက် အမေရိကန်နိုင်ငံ ချီကာဂို ကုန်သွယ်ရေးဘုတ်အဖွဲ့၏ ပဲပုပ်ဆီဈေးဈေးနှုန်းကို လျှော့ချ၍ ထုတ်ပြန်ခဲ့သည်။

ဘာဆာမလေးရှား ကုန်စည်ဒိုင်၏ စက်တင်ဘာလအတွက် စားအုန်းဆီကြိုရောင်းကြိုဝယ်ဈေးသည် ၁ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ကာ ဈေးပိတ်ချိန်တွင် စာအုန်းဆီတစ်တန်လျှင် ရင်းဂစ် ၂၅၃၈ (အမေရိကန်ဒေါ်လာ ၅၉၀ ဒသမ ၉၂)ရှိခဲ့သည်။

မေ ၂၉ ရက်ကတည်းက ဖြစ်ပေါ်ခဲ့သည့် စားအုန်းဆီဈေးနှုန်းသည် ၂၅၄၂ ရင်းဂစ်ရှိခဲ့ပြီး အဆိုပါဈေးနှုန်းသည် ထိုနေ့ တစ်နေ့တည်းတွင်သာ အမြင့်ဆုံးဈေးနှုန်းဖြစ်ခဲ့သည်။

ကုန်သွယ်မှုပမာဏမှာ ၂၅ တန်ရှိ အတွဲပေါင်း ၂၈၃၆၆ ရှိခဲ့သည်။

“စားအုန်းဆီရဲ့ ပြိုင်ဘက်သီးနှံတွေဖြစ်တဲ့ ပဲပုပ်ဆီနဲ့ ဟင်းရွက်ဆီတို့ရဲ့ထုတ်လုပ်မှုက ဇွန်လကတည်းက ကျဆင်းခဲ့တဲ့အတွက် စားအုန်းဆီဈေးနှုန်းဟာ ပြိုင်ဘက်ကင်းမဲ့ခဲ့တဲ့ကုန်စည်တစ်ခုအဖြစ် ရပ်တည်ခဲ့ပါတယ်”ဟု ကွာလာလမ်ပူအခြေစိုက် စားအုန်းဆီကုန်သည်များက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်တွင် စက်တင်ဘာလအတွက် ပဲပုပ်ဆီကြိုရောင်းဈေးသည် သုည ဒသမ ၃ ရာခိုင်နှုန်းကျဆင်းပြီး စားအုန်းဆီကြိုရောင်းဈေးသည် သုည ဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့သည်။

စားအုန်းဆီကို အဓိက စိုက်ပျိုးထုတ်လုပ်သည့် မလေးရှားနိုင်ငံသည် ကမ္ဘာ့ဒုတိယအကြီးဆုံး စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံတစ်နိုင်ငံဖြစ်သည်။

သို့သော် ပြီးခဲ့သည့်ဇွန်လအတွင်းက မလေးရှားနိုင်ငံတွင် မွတ်ဆလင်ဘာသာဝင်တို့၏ ဘာသာရေးပွဲတော်ဖြစ်သည့် ရာမာဒန်ပွဲတော်ရှိနေသဖြင့် စားအုန်းဆီဈေးနှုန်းသည် ကျဆင်းခြင်း သို့မဟုတ် ဈေးတည်ငြိမ်လျက်ရှိခဲ့သည်။

စားအုန်းဆီဈေးနှုန်းသည် ဆက်လက်မြင့်တက်လာဖွယ်ရှိကြောင်း၊ စားအုန်းဆီတစ်တန်လျှင် ၂၅၂၂ ရင်းဂစ်မှ ၂၅၃၄ ရင်းဂစ်အထိ မြင့်တက်လာနိုင်ကြောင်း၊ အဆိုပါဈေးနှုန်းသည် အမြင့်ဆုံးနှုန်းအဖြစ် သတ်မှတ်ခဲ့သည့် ၂၅၀၃ ရင်းဂစ်ကို ကျော်လွန်နိုင်သဖြင့် စံချိန်တင်ဈေးနှုန်းအဖြစ် သတ်မှတ်ရမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနမှ ဈေးကွက်ဆန်းစစ်ရေးမှူး ဝမ်တောင်းက ပြောကြားခဲ့သည်။

## ပြည်တွင်းဆီဈေးနှုန်းများ (၇-၇-၂၀၁၇)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၃၈၀၀ | ၃၈၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| ရန်ကုန် | ၅၀၀၀ | ၅၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၇၀၅ | ၁၇၃၅ | △ |
| မန္တလေး | ၃၀၀၀ | ၃၀၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၈၀၀ | ၁၈၃၀ | △ |
| ပဲခူး | ၄၂၀၀ | ၄၂၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၈၅၀ | ၁၉၅၀ | △ |
| မကွေး | ၅၀၀၀ | ၅၀၀၀ | □ | ၄၀၀၀ | ၄၂၀၀ | △ | ၁၈၅၀ | ၁၉၅၀ | △ |
| မုံရွာ | ၄၀၀၀ | ၄၀၀၀ | □ | ၃၅၀၀ | ၃၅၀၀ | □ | ၁၈၅၀ | ၁၈၇၀ | △ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၇-၇-၂၀၁၇ US$/Ton

| အမျိုးအစား | ငွေနှစ်စတုတ္ထပတ် | ဇူလိုင်ပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၄၂.၅၀ | ၆၅၄.၀၀ | △ |
| RBD P.Olein | ၆၅၀.၅၀ | ၆၅၈.၅၀ | △ |
| RBD P.Stearin | ၅၉၂.၀၀ | ၅၈၈.၀၀ | ▽ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၇-၇-၂၀၁၇ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၆၁၃.၄၈ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၄.၀၃ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၈.၀၇ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၆၈ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၇.၈၉ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၁.၄၆ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၆၈ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၇၆၆.၀၉၄ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၇-၇-၂၀၁၇နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၂၅ဒေါ်လာနှင့် USD ဈေး ၁၃၆၂ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၇-၇-၂၀၁၇နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၆၂ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# ရိုးမကို ရွှေဖြူလွှမ်းတော့မှာလား

ခင်မြနွယ် (Myantrade)

ရွှေဖြူလို့ တန်ဖိုးထားသတ်မှတ်ခံရသည့် မြန်မာ့သဘာဝရော်ဘာသည် မြန်မာနိုင်ငံတွင် အရေးပါသည့်ပို့ကုန်ကဏ္ဍတစ်ရပ်ပင်ဖြစ်သည်။ ပြီးခဲ့သည့်ဆယ်စုနှစ်အတွင်း သဘာဝရော်ဘာ ထုတ်လုပ်မှုသည် သုံးဆမြင့်တက်ခဲ့ပြီး ၂၀၁၁-၂၀၁၂ တွင် တန်ချိန် ၁၅၀၀၀၀ ပမာဏ ရောက်ရှိခဲ့သည်။ ရွှေဖြူသည် မြန်မာ့ပို့ကုန်မြှင့်တင်ရေးတွင် အကျိုးဖြစ်ထွန်းမှုအားဖြင့် အရေးပါသည့်အလားအလာ ရှိသောကြောင့် ပို့ကုန်တန်ဖိုး ကွင်းဆက်ကဏ္ဍတစ်လျှောက် တိုးတက်ပြုပြင်မှုများကို ဖြစ်ပေါ်စေမည်ဖြစ်သည်။

အမျိုးသား ပြည်တွင်းအသားတင်ထုတ်ကုန်တွင် ရော်ဘာကဏ္ဍ၏ပါဝင်မှုမှာ ကန့်သတ်မှုရှိသော်လည်း (တစ်ရာခိုင်နှုန်းထက်နည်းသည်) ရော်ဘာကဏ္ဍ၏ ဖွံ့ဖြိုးမှုကို ပိုမိုတိကျစွာဆိုရလျှင် ရော်ဘာလုပ်ငန်းသည် မြင့်မားသည့် လူမှုစီးပွားသက်ရောက်မှုရှိ၍ အလုပ်အကိုင်ဖန်တီးမှု၏မောင်းနှင်အားလည်းဖြစ်သည်။ လတ်တလောအားဖြင့် ရော်ဘာ စိုက်ပျိုးရေး (သို့မဟုတ်) စိုက်ပျိုးရေးနှင့် သဘာဝ ရော်ဘာကုန်ကြမ်း ထုတ်လုပ်မှုနှင့် ဆက်စပ်သည့်အစိတ်အပိုင်းကဏ္ဍတွင်လုပ်သား ၃၅၀၀၀၀ မှ ၄၀၀၀၀၀ အထိခန့် အပ်ထားနိုင်ပါသည်။

မြန်မာ့ရော်ဘာထုတ်လုပ်မှုကဏ္ဍသည်အနာဂတ်ပို့ကုန် ဖွံ့ဖြိုးမှုအတွက်တင်ပို့မှု အလားအလာကောင်းသော ကဏ္ဍတစ်ရပ်ဖြစ်နိုင်ကြောင်း လေ့လာချက်များအရသိရှိရသည်။ရော်ဘာသည်ယနေ့ကမ္ဘာတွင် မရှိမဖြစ်သုံးစွဲနေရသော ကုန်စည်ပင်ဖြစ်သည်။ သဘာဝရော်ဘာ (Natural Rubber) သည် စိုက်ပျိုးရေးထွက် ကုန်စည်ဖြစ်ပြီး ရော်ဘာတု (Synthetic Rubber)သည် ရေနံမှထုတ်လုပ်သော ကုန်စည်ဖြစ်သည်။ ကမ္ဘာတွင် ထုတ်လုပ်သော သဘာဝရော်ဘာ (NR) နှင့်ရော်ဘာတု (SR) နှစ်မျိုးစလုံး၏ ၇၀ ရာခိုင်နှုန်းခန့်မှာ တာယာထုတ်လုပ်မှုလုပ်ငန်းတွင် သုံးစွဲလျက်ရှိသည်။

မြန်မာနိုင်ငံသည် ကမ္ဘာတွင် အစောဆုံး ရော်ဘာစိုက်ပျိုးထုတ်လုပ်သော နိုင်ငံများအနက် တစ်နိုင်ငံဖြစ်နေပြီး၁၉၀၉ခုနှစ်တွင် စတင်၍စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်ခဲ့သည်။ နှစ်ကာလကြာမြင့်စွာ ဖြတ်သန်းခဲ့ရသော အစိုးရများ၏ ကျင့်သုံးခဲ့သော စီးပွားရေးစနစ်အမျိုးမျိုးကြောင့် မြန်မာ့ရော်ဘာ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်း၏ ဖွံ့ဖြိုးတိုးတက်မှုသည် ရှိသင့်သလောက်မရှိခဲ့သည်ကို တွေ့ရပေသည်။ ဈေးကွက်စီးပွားရေးစနစ်စတင် ကျင့်သုံးခဲ့သည့် ၁၉၈၈ခုနှစ် နောက်ပိုင်းမှစ၍ နှစ်နှစ်ဆယ်ခန့်အတွင်းမှာပင် စိုက်ဧရိယာနှင့် ထုတ်လုပ်မှုများ ထူးခြားသိသာစွာ တိုးတက်လာခဲ့သည်။

မြန်မာနိုင်ငံမှ ထွက်ရှိသောရော်ဘာကို အဓိကအားဖြင့် နိုင်ငံခြားသို့ တင်ပို့ရောင်းချပြီး မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်များ နိုင်ငံခြားတင်ပို့မှုတွင် အရေးကြီးကုန်စည်သုံးမျိုး စာရင်းတွင် ဆန်၊ ပဲမျိုးစုံ၊ ရော်ဘာ ပါဝင်နေသည်။ အမျိုးသား ပို့ကုန်မဟာဗျူဟာ ရေးဆွဲစဉ်က နိုင်ငံတော်၏ ဦးစားပေးပို့ကုန်စာရင်း ခုနစ်မျိုးတွင် ရော်ဘာပါဝင်ခဲ့ပြီး၊ လက်ရှိတွင် အမျိုးသား ပို့ကုန်မဟာဗျူဟာ (National Export Strategy) အရ ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (၂၀၁၅-၂၀၁၆ မှ ၂၀၁၉-၂၀၂၀)ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

လက်ရှိအချိန်တွင် ၂၀၁၅-၂၀၁၆ ခုနှစ်စာရင်းများအရ မြန်မာနိုင်ငံ၏ စုစုပေါင်း ရော်ဘာစိုက်ဧရိယာသည် ၁၆၀၇၄၂၈ ဧကရှိသည့်အနက် အစေးလှီး ဧရိယာ ၆၉၄၂၇၈ ဧက အသီးသီးရှိပြီး၊ ရော်ဘာစုစုပေါင်းတန်ချိန် ၂၁၂၀၉၂ တန် ထွက်ရှိသည်။ နိုင်ငံခြားသို့ တန်ချိန် ၈၈၀၀၀ တင်ပို့နိုင်ခဲ့သည်။ ၂၀၀၀ ခုနှစ် အစောပိုင်းမှစတင်၍ မြန်မာနိုင်ငံ၏ရော်ဘာစိုက်ဧကနှင့်ထုတ်လုပ်မှုများ သိသိသာသာတိုးတက်လာသဖြင့်ကမ္ဘာ့ရော်ဘာအသိုင်းအဝိုင်းအနေဖြင့် မြန်မာနိုင်ငံအား ထွန်းသစ်စရော်ဘာနိုင်ငံ (New Rubber Emerging Country) ဟု အသိအမှတ်ပြုလာကြကြောင်း သိရှိရသည်။

ရော်ဘာကို အဓိကသုံးစွဲလျက်ရှိသည့် ဂျပန်နိုင်ငံသည် မြန်မာ့ရော်ဘာအားဝယ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။ ဂျပန်နိုင်ငံ Economy Trade & Industry (METI) ဝန်ကြီးဌာနက ရော်ဘာလေ့လာရေးအဖွဲ့တစ်ဖွဲ့အား ၂၀၀၆ ခုနှစ် နိုဝင်ဘာလအတွင်းက စေလွှတ်ခဲ့ပြီး၊ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း (MRPPA) မှ မြန်မာ့ရော်ဘာ၏ အခက်အခဲ(Issues)နှင့် စိန်ခေါ်မှု (Challenges) များကို ရှင်းလင်းဆွေးနွေးခဲ့သည်။ သို့သော် အဓိက အခက်အခဲဖြစ်သည့် ရော်ဘာအရည်အသွေးများ နိမ့်ကျနေခြင်းကြောင့် မြန်မာ့ရော်ဘာကို ဂျပန်နိုင်ငံက မဝယ်နိုင်သေးကြောင်း သိရှိခဲ့ရသည်။ ၂၀၁၃ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့တွင် ဂျပန်နိုင်ငံမှ ဂျပန်ရော်ဘာထုတ်လုပ်သူများအသင်း (Japan Rubber Manufacturers Association-JRMA) နှင့် ဂျပန်နိုင်ငံ ရော်ဘာကုန်သည်များအသင်း ( Rubber Trade Association of Japan- RTAJ) နှင့် မြန်မာနိုင်ငံမှ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း (MRPPA) တို့သည် နားလည်မှုစာချွန်လွှာ MOU လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။ ယင်းကဲ့သို့ နားလည်မှု စာချွန်လွှာ ရေးထိုးရာတွင် ဂျပန်နိုင်ငံမှ METI ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံမှ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန (Ministry of Commerce-MOC) တို့ အသိသက်သေများအဖြစ် ပါဝင်ခဲ့ကြောင်းသိရသည်။

နားလည်မှုစာချွန်လွှာ (MOU) ၏ အဓိကရည်ရွယ်ချက်မှာ မြန်မာ့ရော်ဘာအား အရည်အသွေးမြင့်တင်ရန်နှင့် ဂျပန်နိုင်ငံအပါအဝင် ကမ္ဘာ့ရော်ဘာဈေးကွက်မှ လိုလားလက်ခံသော အရည်အသွေးထောက်ခံမှုစနစ်ထူထောင်ရန် (Quality Improvement of Myanmar Rubber and Establishment of Quality Certification System) ပင် ဖြစ်သည်။နားလည်မှု စာချွန်လွှာကို အကောင်အထည်ဖော်ဆောင်ရွက်သည့်ကာလမှာ ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ ဖြစ်သည်။ သို့သော် လိုအပ်ချက်အရ ၂၀၁၅-၂၀၁၆ နှင့် ၂၀၁၆-၂၀၁၇ ခုနှစ်တို့တွင် လည်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဂျပန်ရော်ဘာကျွမ်းကျင်ပညာရှင် (Japan Experts) သုံးဦးက TSR ရော်ဘာ ဓါတ်ခွဲခန်း တည်ထောင်ခြင်းနှင့် အရည်အသွေး စမ်းသပ်စစ်ဆေးခြင်း၊ အဆင့်မြင့် ရော်ဘာထုတ်လုပ်ခြင်း၊ 5.S ခေါ် လုပ်ငန်းခွင် လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပစ္စည်းများထားရှိ အသုံးပြုမှု၊ သန့်ရှင်းသပ်ရပ်မှု၊ စည်းကမ်းသတ်မှတ် ဆောင်ရွက်မှုနည်းပညာအကူအညီပေးခြင်းလုပ်ငန်းများကို ၂၀၁၃-၂၀၁၄ ခုနှစ်တွင် နှစ်ကြိမ်၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် လေးကြိမ်၊ ၂၀၁၅-၂၀၁၆ခုနှစ်တွင် ငါးကြိမ်၊ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ငါးကြိမ် သင်ကြားပေးခဲ့သည်။

ဂျပန်ကျွမ်းကျင်ပညာရှင် သုံးဦးက ထုတ်လုပ်မှု နည်းစဉ်မှန်ကန်ရန် စနစ်တကျညွှန်ကြားအကြံပြုခြင်း၊ မန်နေဂျာနှင့်ကြီးကြပ်သူများအား ထုတ်လုပ်မှု အလေ့အကျင့်ကောင်းများ (Good Manufacturing Practices-GMP )၊ ဂျပန်၏ 5.S Guidelines များအား သင်တန်းပေးခြင်းများဆောင်ရွက်ခဲ့ခြင်းကြောင့် RSS ရော်ဘာစက်ရုံနဲ့ TSR ရော်ဘာစက်ရုံတစ်ရုံစီအား စံနမူနာပြစက်ရုံများ (Model factories) အဖြစ်ရွေးချယ်ကာ အရည်အသွေးမြင့် ရော်ဘာများ ထုတ်လုပ်နိုင်ရန် ဆောင်ရွက်ခဲ့သည်။

RSS စက်ရုံအဖြစ် ပဲခူးတိုင်းမှ Yoma Top Company နှင့် TSR စက်ရုံအဖြစ် ရန်ကုန်တိုင်းမှ Light House Company တို့ကို ရွေးချယ်ဆောင်ရွက်ခဲ့သဖြင့် ၂၀၁၆ ခုနှစ် စီမံကိန်းကာလအတွင်း စံနမူနာပြစက်ရုံများမှ အဆင့်မြင့် ရော်ဘာများ

**အဓိကအခက်အခဲဖြစ်သည့် ရော်ဘာ အရည်အသွေးများ နိမ့်ကျနေခြင်းကြောင့် မြန်မာ့ရော်ဘာကို ဂျပန်နိုင်ငံက မဝယ်နိုင်သေးကြောင်း**

ထုတ်လုပ်နိုင်ခဲ့ပြီး ISO လက်မှတ်များရရှိခဲ့ကြောင်း သိရသည်။ ဂျပန်ကျွမ်းကျင်ပညာရှင်သုံးဦးသည် စီမံကိန်းကာလအတွင်း ရွေးချယ်ထားသော စံနမူနာပြ စက်ရုံနှစ်ရုံအပါအဝင် ပြည်နယ်တိုင်းဒေသကြီးများ (မွန်၊ တနင်္သာရီ၊ ပဲခူး၊ ရန်ကုန်) မှ ရော်ဘာစက်ရုံများ၊ ရော်ဘာအဝယ်ဒိုင်များမှ မန်နေဂျာနှင့်ကြီးကြပ်သူများအား ရော်ဘာထုတ်လုပ်မှုအတန်းအစားခွဲခြားမှုသင်တန်းများ၊ MRPPA အသင်းမှ သင်တန်းနည်းပြများအားလည်းထပ်ဆင့်သင်တန်းပေးနိုင်ရန် သင်ကြားပေးခဲ့ကြောင်း သိရသည်။

ပြည်တွင်း သင်တန်းများအပြင်ပြည်ပ သင်တန်းများသို့လည်း စေလွှတ်လေ့ကျင့်ပေးခဲ့သည်။ ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် ထိုင်းနိုင်ငံရှိ ရော်ဘာစက်ရုံများဖြစ်သည့် Buriram ရှိစက်ရုံသို့ သင်တန်းသား ၁၀ ဦး၊ ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် Grand Rubber Company စက်ရုံသို့ ၆ ဦး၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် အင်ဒိုနီးရှား နိုင်ငံ P.T. Bridgestone Sumatra Rubber Estate (BSRE) သို့ ရှစ်ဦးကို စေလွှတ်လေ့ကျင့်သင်ကြားစေခဲ့သည်။ ထို့ပြင် ၂၀၁၅ ခုနှစ်တွင် ဓါတ်ခွဲခန်းဝန်ထမ်းလေးဦးကိုလည်း မလေးရှားနိုင်ငံသို့ စေလွှတ်ကာ မလေးရှား ရော်ဘာဘုတ်အဖွဲ့၏ Malaysian Rubber Board (MRB)၊ နည်းပညာဌာနတွင် TSR ရော်ဘာ အရည်အသွေး စမ်းသပ်စစ်ဆေးနည်း၊ ကိရိယာများအသုံးပြုနည်းနှင့် Calibration လုပ်နည်းများအား သင်ကြားစေခဲ့သည်။

MRPPA အသင်းသည် ဂျပန်နိုင်ငံ၏ နည်းပညာ အကူအညီများနှင့်အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် လှည်းကူးမြို့နယ်ရှိ ကုန်ပစ္စည်းအရည်အသွေးစစ်ဆေးရေးဌာန (Commodity Testing Quality Management Center - CTQMC) ဝင်းအတွင်းတွင် TSR ရော်ဘာအရည်အသွေးများ စမ်းသပ်စစ်ဆေးသော မြန်မာ့သဘာဝရော်ဘာ အရည်အသွေး စမ်းသပ်စစ်ဆေးရေးဓာတ်ခွဲခန်း (Myanmar Natural Rubber Quality Testing Labouratory –MNRQTL)ကို ၂၀၁၄ ခုနှစ်တွင်တည်ထောင်ခဲ့သည်။

ဂျပန်ရော်ဘာထုတ်လုပ်သူများအသင်း၊ ဂျပန်ရော်ဘာကုန်သည်များအသင်းနှင့် Bridgestone Company တို့က ဓါတ်ခွဲခန်းသုံး ကိရိယာ တန်ဆာပလာများကို ပံ့ပိုးကူညီပေးပြီး MRPPA အသင်းကလည်း ဓာတ်ခွဲခန်းသုံး ကိရိယာ တန်ဆာပလာများအား ဖြည့်စွက်ထည့်သွင်းခြင်း၊ ဓါတ်ခွဲခန်းအဆောက်အဦ ပြင်ဆင်ခြင်း၊ ရေလိုင်း၊ မီးလိုင်းတပ်ဆင်ခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဓါတ်ခွဲခန်းအား နိုင်ငံတကာရော်ဘာအသင်း (IRA) ၏ အသိအမှတ်ပြုရရှိရေးအတွက် MRPPA အသင်းသည် ၂၀၁၆ ခုနှစ် မေလတွင် IRA အသင်းသို့ဝင်ရောက်ခဲ့ပါသည်။ IRA အသင်းကိုယ်စားပြု MRB ၏ Laboratory Audit Team Assessment Report အရ လိုအပ်နေသေးသော အထောက်အထားများနှင့် မှတ်တမ်းများအား ဆောင်ရွက်လျက်ရှိနေပြီး ၂၀၁၇ ခုနှစ် မတ်လတွင် ပြုလုပ်ခဲ့သည့် IRA Round Test တွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ MNRQTL ဓါတ်ခွဲခန်းရေရှည်ဆောင်ရွက်နိုင်ရေး Quality Inspection Certificate ထုတ်ပြန်နိုင်ရေးများကို ဆောင်ရွက်ရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ခြောက်ဦးနှင့် MRPPA မှ ငါးဦးပါဝင်သော Laboratory Management Committee အား ဖွဲ့စည်းထားပြီးဖြစ်ကြောင်း သိရသည်။

MRPPA အသင်းသည် မြန်မာနိုင်ငံမှ ထုတ်လုပ်သော TSR ရော်ဘာဖြစ်သည့် Myanmar Standard Rubber (MSR) များကို နိုင်ငံခြားသို့ တင်ပို့ရောင်းချနိုင်ရန် ဂျပန်ကျွမ်းကျင်သူပညာရှင်၏ အကူအညီဖြင့် ကမ္ဘာ့ရော်ဘာဈေးကွက် လိုအပ်ချက်များနှင့်အညီ MSR-5, MSR-10, MSR-20 များ၏ အရည်အသွေး သတ်မှတ်ချက်များ (Specifications) ကို ရေးဆွဲခဲ့ပြီး၊ မြန်မာနိုင်ငံရှိ TSR ရော်ဘာ စက်ရုံများအားလုံး လိုက်နာဆောင်ရွက်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၂ ခုနှစ် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၄ (က) လုပ်ပိုင်ခွင့်အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်ရန် ဆောင်ရွက်လျက်ရှိသည်။ လွန်ခဲ့သော သုံးနှစ်ဝန်းကျင်ခန့်မှ စတင်၍ ကမ္ဘာ့ရော်ဘာ သုံးစွဲသူများအသိုင်းအဝိုင်း (အထူးသဖြင့် တာယာစက်ရုံများ) အနေဖြင့် Sustainable Natural Rubber ကို လိုလိုလားလား ဝယ်ယူရန် ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

စာမျက်နှာ - ၂၂ ➤

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# အရှေ့ပိုင်းစီးပွားရေးစင်္ကြံ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ထိုင်းအစိုးရက အလေးထား၍ဖိတ်ခေါ်လျက်ရှိ




ထိုင်းနိုင်ငံ၏ အရှေ့ပိုင်းစီးပွားရေးစင်္ကြံတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရန် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယွတ် ချန်အိုချာ၊ စီးပွားရေးဝန်ကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များသည် ဇွန်လ ၂၂ ရက်တွင် ဆွဲဆောင်ဖိတ်ခေါ် ဆောင်ရွက်ခဲ့ကြောင်းနှင့် နိုင်ငံခြားသား စိတ်ပါဝင်စားသူများက လျှပ်စစ်ကား ထုတ်လုပ်မှုတွင် ထိုင်းဘတ်ဘီလီယံ ၂၀ နှင့် စက်ရုပ်ထုတ်လုပ်မှုတွင် ဘတ် ၁၂ ဘီလီယံကို မကြာမီတွင် ရင်းနှီးမြှုပ်နှံကြမည်ဖြစ်ကြောင်း စက်မှုဝန်ကြီး Mr. Uttama Savanayana က ပြောကြားပါသည်။

ထိုင်းနိုင်ငံသည် ဆန်းသစ်တီထွင်မှုရှိသော အနာဂတ်စက်မှု လုပ်ငန်းများတွင် ယှဉ်ပြိုင်မှုကို မြှင့်တင်ပေးရန် ရည်မှန်းထားကြောင်း ဇွန်လ ၂၂ ရက်တွင် ကျင်းပသည့် "Forum for Global Fund Managers" တွင် ဝန်ကြီးချုပ်က ပြောကြားပါသည်။ ဝန်ကြီးချုပ်အပါအဝင် စီးပွားရေးဝန်ကြီးများသည် အရှေ့ပိုင်းစီးပွားရေးစင်္ကြံတွင် ဝင်ရောက်လုပ်ကိုင်ရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကိုလည်း ဖိတ်ခေါ်ခဲ့ကြောင်း သိရှိရပါသည်။ ထိုင်းစတော့အိတ်ချိန်းက ကြီးမှူး ကျင်းပခဲ့သည့်ဖိုရမ်သို့ စုစုပေါင်းပိုင်ဆိုင်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၇ ဒသမ ၆၆ ထရီလီယံရှိသည့် ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့ ၂၀ တက်ရောက်ခဲ့ကြောင်း၊ ထိုင်းနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ အားလုံးကို ဂျပန်နှင့် တရုတ်ရင်းနှီးမြှုပ်နှံသူများက လက်ဦးမှုရယူသွားနိုင်သဖြင့် အနောက်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ဆုံးဖြတ်ချက်ကို အလျင်အမြန်ချမှတ်ရန်လိုအပ်ကြောင်း ဒုတိယဝန်ကြီးချုပ် Mr. Somkid Jatusripitak က ပြောကြား ပါသည်။

ဖိုရမ်၌ အရှေ့ပိုင်းစီးပွားရေးစင်္ကြံတွင် ရှေ့လာမည့်နှစ်မှ စတင်၍ အကောင်အထည်ဖော်မည့် ဦးစားပေး စီမံကိန်းများကို ချပြခဲ့ပြီး ရင်းနှီးမြှုပ်နှံသူများကို ငွေကြေးထောက်ပံ့ပေးရန်အတွက် Thailand Future Fund တွင် ရန်ပုံငွေဘတ် ဘီလီယံ ၄၀ရှိရာမှ မကြာမီတွင် ဘတ်ဘီလီယံ ၁၀၀ ထိ ဖြည့်ဆည်းပေးမည် ဖြစ်ပါသည်။ အဆိုပါရန်ပုံငွေများကို နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများအား ထောက်ပံ့ပေးခြင်းမပြုမီ ထိုင်းနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများကို အခွင့်အရေးတစ်ရပ်အနေဖြင့် ပထမဦးစားပေး ထောက်ပံ့ပေးရန် စီစဉ်ထားပါသည်။ ထိုင်းနိုင်ငံအနေဖြင့် အနာဂတ်ကာလတွင် ကျွမ်းကျင်လုပ်သား မလုံလောက်မှုနှင့် ကြုံတွေ့နိုင်သည့် အခြေအနေတွင်ရှိကြောင်း သိရှိရပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# Air India လေကြောင်းလိုင်းအား ဝယ်ယူရန် Tata Group နှင့် Indigo တို့က စိတ်ဝင်စားလျက်ရှိ

အိန္ဒိယအစိုးရက ပုဂ္ဂလိကသို့ ရောင်းချရန် စီစဉ်နေသည့် Air India ၏ နိုင်ငံတကာ လေကြောင်းလိုင်း လုပ်ငန်းနှင့် ဈေးနှုန်းချိုသာသည့် လေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း Air India Express တို့ကို ဦးစားပေး ဝယ်ယူရန် ပြည်တွင်း၌ ဈေးကွက်ရှယ်ယာ အများဆုံးရရှိထားသည့် Indigo က စိတ်ဝင်စားနေကြောင်း၊ Indigo သည် ပြည်တွင်း၌ ဈေးကွက်ရှယ်ယာ ၄၁ ရာခိုင်နှုန်း ရရှိထားပြီးဖြစ်ရာ ပြည်ပလေကြောင်းလိုင်းများသို့ တိုးချဲ့ရန် စဉ်းစားနေသည့်အတွက် ပြည်ပခရီးသည်ရရှိမှု၌ ၁၇ ရာခိုင်နှုန်းရှိနေသည့် Air India လေကြောင်းလိုင်းအား ဝယ်ယူရန် စိတ်ဝင်စားနေခြင်းဖြစ်ကြောင်း၊ Air India လေကြောင်းလိုင်းသည် လေယာဉ်စင်းပေါင်း ၁၁၈ စင်းဖြင့် တိုက်ကြီးလေးတိုက်အတွင်းရှိ နိုင်ငံ ပေါင်း ၂၈ နိုင်ငံမှ မြို့ပေါင်း ၄၁ မြို့သို့ ကွန်ရက်ချိတ်ဆက် ပြေးဆွဲလျက်ရှိရာ Indigo အနေဖြင့် Air India အား ဝယ်ယူလိုက်ခြင်းဖြင့် ၎င်း၏ နိုင်ငံတကာ ကွန်ရက်သို့ တိုးချဲ့ပြေးဆွဲမည့် ရည်မှန်း ချက်ကို အလွယ်တကူ အကောင်အထည်ဖော်နိုင်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက် ထွက်ပေါ်ပြီး နာရီပိုင်းအတွင်းမှာပင် ၎င်းတို့အနေဖြင့် ဝယ်ယူရန် စိတ်ဝင်စားကြောင်း အဆိုပြုလွှာကို မြို့ပြလေကြောင်း ဝန်ကြီးဌာနသို့ ပေးပို့တင်ပြခဲ့ကြောင်း၊ လေကြောင်းလိုင်းအား ဝယ်ယူရန် Indigo အပြင် Tata Group ကလည်း စိတ်ဝင်စားလျက်ရှိကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ICBC (Asia) ဘဏ်က ပိုးလမ်းမသစ်ရှိ စီမံကိန်းပေါင်း (၃၂) ခုတွင် ဟောင်ကောင်ဒေါ်လာ ဘီလီယံ ၃၀ ရင်းနှီးမြှုပ်နှံသွားမည်

တရုတ်စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေး ဘဏ်(အာရှ)- ICBC(Asia) မှ ဇွန်လအစောပိုင်းထိ ၁၃ လအတွင်း တရုတ်နိုင်ငံ၏ ပိုးလမ်းမသစ် တစ်လျှောက်တွင် အကောင်အထည်ဖော်မည့် စီမံကိန်းပေါင်း ၃၂ ခု၌ ဟောင်ကောင်ဒေါ်လာ ဘီလီယံ ၂၀ အား ရင်းနှီးမြှုပ်နှံခဲ့ပြီး နှစ်ကုန်တွင် ဟောင်ကောင်ဒေါ်လာ ဘီလီယံ၃၀ ခန့် ရှိနိုင် ကြောင်း မျှော်မှန်းထားသည်။ အဆိုပါစီမံကိန်းများမှာ ဗီယက်နမ်၊ မလေးရှား၊ ကမ္ဘောဒီးယား၊ ထိုင်း၊ အိန္ဒိယ၊ အင်ဒိုနီးရှားနှင့် ဩစတြေးလျအပါအဝင် နိုင်ငံအများအပြားတွင် ပျံ့နှံ့လျက်ရှိကြောင်း ICBC (Asia)၏ အမှုဆောင်ချုပ်က ပြောကြားခဲ့သည်။

စီမံကိန်းများမှာ အာရှ-ပစိဖိတ်ဒေသများတွင် ဆိပ်ကမ်းများ၊ ဓာတ်အားပေးစက်ရုံများ၊ ပို့ဆောင်ရေးကဲ့ သို့ အခြေခံ အဆောက်အအုံ များ ဖြစ်သည်။ အရှေ့တောင်အာရှနိုင်ငံအချို့တွင် လူမှုရေး၊ နိုင်ငံရေး မတည်ငြိမ်မှုများနှင့် နိုင်ငံရေး ပြောင်းလဲနိုင်မှုအလားအလာများမှာ ဒေသတွင်း ပါဝင်သူများထံမှ ထောက်ပံ့မှုမရရှိလျှင် စွန့်စားမှုအန္တရာယ် ကျရောက်နိုင်မှု အများဆုံးဖြစ်ကြောင်း၊ အာရှ-ပစိဖိတ်ဒေသများရှိ အခွင့်အလမ်းများ ရှာဖွေရာတွင် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များအား ရှောင်ရှားနိုင်ရေးမှာ တရုတ်အစိုးရ၏ ကျောထောက် နောက်ခံရှိသော ကုမ္ပဏီများအနေဖြင့် ပိုမိုအခွင့်သာကြောင်း ပြောကြားခဲ့သည်။

တရုတ်အစိုးရ၏One Belt, One Road တစ်လျှောက်ရှိအခြေခံ အဆောက်အအုံ စီမံကိန်းများမှာ ဒေသတွင်းနှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများအား ဆွဲဆောင်နိုင်ရန်အတွက် လိုအပ်သော စီးပွားဖြစ်လုပ်ကိုင်နိုင်ရေးအဆင့်အား တူညီသည့် အဆင့်ရရှိအောင် မဆောင်ရွက်နိုင်သေးကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ဈေးကွက်အခြေခံမူဝါဒများအား အလေးပေးဆောင်ရွက်နေသော်လည်း၊ ရှယ်ယာပိုင်ရှင်များအနေဖြင့်လည်း အမြတ်ရရှိရန် လိုအပ်ကြောင်း၊ တရုတ်ဘဏ်များအနေဖြင့် ဖြစ်ထွန်းစ နိုင်ငံများအတွင်း ဘဏ္ဍာငွေထူထောင်ခြင်းတွင် အတွေ့အကြုံရှိပြီးဖြစ်သော နိုင်ငံတကာ ဘဏ်များထက် စီမံခန့်ခွဲနိုင်မှု ရှိ/မရှိနှင့် အမြတ်ရရှိနိုင်သော စီမံကိန်းများအား ဆောင်ရွက်နိုင်မှုရှိ/မရှိဆိုသည့်အပေါ် သံသယဖြစ်မိကြောင်း၊ သို့သော်လည်း တရုတ်ဘဏ်များအနေဖြင့် ပိုးလမ်းမစီမံကိန်းများတွင် နိုင်ငံတကာဘဏ်များထက် ပိုမို ယှဉ်ပြိုင်နိုင်စွမ်းရှိသည်ကို ယုံကြည်ကြောင်း ပြောကြားခဲ့ပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# ထိုင်းနိုင်ငံမှ Ceva Logistics ကုမ္ပဏီက ရန်ကုန်မြို့တွင် ရုံးခွဲဖွင့်လှစ်

ထိုင်းနိုင်ငံရှိ ကမ္ဘာ့အကြီးဆုံး Supply Chain ကုမ္ပဏီတစ်ခုဖြစ်သော Ceva Logistics ကုမ္ပဏီသည် ၎င်း၏ လုပ်ငန်းများအား မဲခေါင် ဈေးကွက်တွင် မဟာဗျူဟာကျကျ ချဲ့ထွင် ဆောင်ရွက်မှု တစ်စိတ်တစ်ပိုင်းအနေဖြင့် မြန်မာနိုင်ငံ၊ ရန်ကုန်မြို့တွင်ရုံးခွဲကို ဖွင့်လှစ်ခဲ့ပါသည်။ Ceva Logistics ကုမ္ပဏီသည် မြန်မာနိုင်ငံတွင် နိုင်ငံပေါင်းစုံကုမ္ပဏီများနှင့် ပြည်တွင်း လုပ်ငန်းများအတွက် ထောက်ပံ့ ပို့ဆောင်ပေးသည့် ဝန်ဆောင်မှုများကို မိတ်ဖက်ကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့သည်မှာ ငါးနှစ်ခန့်ရှိပြီ ဖြစ်ပါသည်။ ရန်ကုန် ရုံးခွဲအနေဖြင့် လေကြောင်းနှင့် ပင်လယ်ရေကြောင်းများမှ သယ်ယူပို့ဆောင်ပေးရေး ဝန်ဆောင်မှု လုပ်ငန်းများကို ဇွန်လမှစတင်၍ လက်ခံ ဆောင်ရွက်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုး တိုးတက်မည့် အကောင်းဆုံးသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ပို့ကုန်နှင့် သွင်းကုန်ဆိုင်ရာ ဝန်ဆောင်မှုများ ခိုင်ခိုင်မာမာ တိုးတက်လာမည့် ဈေးကွက်တစ်ခုအဖြစ် ကုမ္ပဏီက ယုံကြည်ထားသည်ဟုဆိုသည်။ ကုမ္ပဏီအနေဖြင့်လည်း အများနှင့် ယှဉ်ပြိုင်နိုင်သော ဝန်ဆောင်မှုများကို ထောက်ပံ့ပေးမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် တိုးတက်မှုအတွက် အလားအလာအကောင်းဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၅၅ သန်းသော မြန်မာပြည်သူလူထုသည် ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်လာမည့် စီးပွားရေးလုပ်ငန်းများကို အထောက်အပံ့ပေးမည့် Ceva ကဲ့သို့သော ကုမ္ပဏီများ လိုအပ်လျက်ရှိသည်ဟုဆိုပါသည်။ မြန်မာနိုင်ငံရှိအခြေခံအဆောက်အအုံ များသည် အကန့်အသတ်များ ရှိသော်လည်း ကုမ္ပဏီ၏ ကမ္ဘာနှင့် ဒေသတွင်း အတွေ့အကြုံများ ရှိသဖြင့် မြန်မာနိုင်ငံတွင် ကိုယ်ပိုင်ရုံး ဖွင့်လှစ်ခြင်းနှင့် ခိုင်မာသော အိုင်တီ နည်းပညာများသည် ဈေးကွက်လိုအပ်ချက်နှင့် အားနည်းချက်များကို ဖြည့်ဆည်းပေးနိုင်ကြောင်း Ceva ၏ မဲခေါင်ဒေသခွဲ မန်းနေဂျင်းဒါရိုက်တာ Mr. Bruno Plantaz က ပြောကြားခဲ့ပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၇–၇–၂၀၁၇)

ဇော်ဝင်း

## ဘုရင့်နောင်ဈေးကွက်မှာ ပဲစင်းငုံနီ ဈေးဆက်လက် တက်ရိပ်ပြ

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ ပဲစင်းငုံနီဈေးဆက်လက်တက်ရိပ်ပြခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်တန် ကျပ် ၆၂၁၀၀၀ နဲ့ ဈေးမြင့်ခဲ့ပြီး ယခုတစ်ပတ်မှာလည်း တစ်တန်ကျပ် ၆၂၄၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တာမို့ ပဲစင်းငုံနီဈေးဆက်လက်တက်ရိပ်ပြခဲ့ကြောင်း သိရပါတယ်။ အလားတူ မတ်ပဲ FAQ (RC) ကလည်း ယခင်တစ်ပတ်က တစ်တန်ကျပ် ၈၄၉၀၀၀ နဲ့ ဈေးကျခဲ့ရာက ယခုတစ်ပတ်မှာတစ်တန်ကျပ် ၈၅၀၀၀၀ နဲ့ ဈေးတက်ရိပ်ပြခဲ့ပါတယ်။ မတ်ပဲ SQ(RC) ကတော့ ယခင်တစ်ပတ်က တစ်တန်ကျပ် ၁၀၅၇၀၀၀ နဲ့ ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်တန်ကျပ် ၁၀၅၅၀၀၀ နဲ့ ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ပဲစင်းငုံနီတစ်တန်ကို ကျပ် ၃၀၀၀ ဆက်လက်ဈေးမြင့်ခဲ့ပြီး၊ မတ်ပဲ FAQ(RC)က တစ်တန်ကို ကျပ် ၁၀၀၀ ဈေးမြင့်ခဲ့ပါတယ်။ မတ်ပဲ SQ(RC) က တစ်တန်ကို ကျပ် ၂၀၀၀ ကျဆင်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေးတက်ရိပ်ပြပြီး အရောင်းအဝယ်အေး

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ ပြောင်းဈေး တက်ရိပ်ပြခဲ့ပါတယ်။ ပြောင်းဈေးအနေနဲ့ ယခင်တစ်ပတ်က ၅၀ ကီလိုတစ်အိတ်ကို ၇၂ ယွမ်မှ ၈၂ ယွမ်သာရှိခဲ့ပြီး ယခုတစ်ပတ်မှာ ၇၅ ယွမ်မှ ၈၂ ယွမ်(တစ်တန် ယွမ် ၁၅၀၀ မှ ယွမ် ၁၆၄၀)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။ တစ်ဖက်နိုင်ငံသို့ တင်ပို့နိုင်မှုအနေနဲ့ ယခင်တစ်ပတ်က တန်ချိန် ၁၄၂၀၀ ကျော် တင်ပို့နိုင်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တန်ချိန် ၁၃၉၀၀ ကျော်သာ တင်ပို့နိုင်ခဲ့တာကြောင့် အရောင်းအဝယ်အေးခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲဈေး ဆက်လက် တက်ရိပ်ပြ

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ မတ်ပဲဈေး ဆက်လက်တက်ရိပ်ပြခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာ ၁၄၁၇ ကျပ်နဲ့ ဈေးမြင့်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၁၄၃၃ ကျပ် (တစ်တန်ကျပ် ၈၇၇၅၅၀) နဲ့ဆက်လက်ဈေးမြင့်ခဲ့ပါတယ်။ မတ်ပဲကိုမြို့ခံပဲခွဲစက်များနဲ့ ရန်ကုန်ဝယ်လက်က ဝယ်ယူမှုရှိကြောင်းသိရပါတယ်။ အလားတူ ပဲတီစိမ်း(အညာ) ရွှေဝါကလည်း ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၁၉၂၀ ကျပ်နဲ့ ဈေးကျခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၀၄၄ ကျပ် (တစ်တန်ကျပ် ၁၂၅၁၇၂၀) နဲ့ ပြန်လည်ဈေးမြင့်ခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီတစ်ပိဿာ ၉၆၃ ကျပ်နဲ့ ဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၉၅၀ (တစ်တန်ကျပ် ၅၈၁၇၇၀) နဲ့ ပြန်လည်ဈေးကျခဲ့ပါတယ်။ ပဲစင်းငုံနီကို ရန်ကုန်တင်ပို့သူကုန်သည်များက ဝယ်ယူမှုရှိကြောင်း သိရပါတယ်။ ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းနက်



စမုံတစ်ပိဿာ ၂၅၇၈ကျပ်နဲ့ ဈေးမြင့်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၂၆၆၇ ကျပ် (တစ်တန်ကျပ် ၁၆၃၃၂၄၀) နဲ့ ဆက်လက်ဈေးမြင့်ခဲ့ပါတယ်။ ယခင်တစ်ပတ်က နှမ်းဖြူထိပ်စတစ်ပိဿာ ၂၃၃၃ကျပ်နဲ့ ဈေးကျခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၄၄၄ ကျပ် (တစ်တန် ကျပ် ၁၄၉၆၆၈၀) နဲ့ပြန်လည်ဈေးတက်ရိပ်ပြခဲ့ပါတယ်။ နှမ်းမျိုးစုံကို တရုတ်တင်ပို့သူ ကုန်သည်များက ပုံမှန်ဝယ်ယူမှုရှိပြီး နှမ်းမျိုးစုံတစ်နေ့ကို အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ စီပီပြောင်း တစ်ပိဿာ ကျပ် ၄၉၀ (တစ်တန် ကျပ် ၃၀၀၀၇၀) ဖြင့် တရုတ်နိုင်ငံသို့ တင်ပို့သူကုန်သည်များနဲ့ အစာစပ်လုပ်ငန်းရှင်များက ပုံမှန်ဝယ်ယူမှုရှိကြောင်း သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ ပဲတီစိမ်းကြီးဈေးတက်ရိပ်ပြပြီး မတ်ပဲဆက်လက်ဈေးငြိမ်

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ ပဲတီစိမ်းကြီးထိပ်စ(အသစ်) ပြန်လည်ဈေးမြင့်လာခဲ့ပြီး မတ်ပဲဈေး ဆက်လက်ငြိမ်နေခဲ့ ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၁၇၈၉ ကျပ်အထိ ဈေးဆက်တိုက်ကျခဲ့တဲ့ ပဲတီစိမ်းကြီးထိပ်စ (အသစ်)က ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၈၄၂ ကျပ် (တစ်တန် ကျပ် ၁၁၂၈၀၂၀ ) နဲ့ ဈေးတက်ရိပ်ပြခဲ့ပါတယ်။ ပဲတီစိမ်း ကြီးထိပ်စ(အသစ်)ကိုမန္တလေးဝယ်လက်က ဝယ်လိုအားကောင်းတာကြောင့် ဈေးမြင့်ခဲ့ပြီး ရောင်းသူများဘက်မှလည်းရောင်းလိုအားများခဲ့ကာ တစ်နေ့အိတ် ၁၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ ကြောင်းသိရပါတယ်။ မတ်ပဲကတော့ ယခင်တစ်ပတ်ဈေး တစ်ပိဿာ ကျပ် ၁၄၀၀(တစ်တန်ကျပ် ၈၅၇၃၄၀ )နဲ့ဆက်လက် ဈေးငြိမ်နေခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကိုရန်ကုန်ဝယ်လက်က ဝယ်လိုအားများပေမယ့် နယ်အဝင်နည်းလာတာကြောင့် အရောင်းအဝယ်ဖြစ်မှုလည်း နည်းခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၉၈၀နဲ့ပြန်လည်ဈေးမြင့်ခဲ့တဲ့ ပဲစင်းငုံနီက ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၉၅၀(တစ်တန်ကျပ် ၅၈၁၇၇၀) နဲ့ ဈေးပြန်လည်ကျဆင်းခဲ့ပါတယ်။ ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်က ပုံမှန်အဝယ်ရှိပြီး တစ်နေ့အိတ် ၁၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က ကုလားပဲဖြူလုံးကြီး တစ် ပိဿာကျပ် ၂၀၄၀ နဲ့ဈေးမြင့်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၂၁၈၅ ကျပ်(တစ်တန်ကျပ် ၁၃၃၈၀၇၀) နဲ့ ဆက်လက်ဈေးမြင့်ခဲ့ပါတယ်။ အစေ့ထုတ် ပြောင်းကလည်း ယခင်တစ်ပတ် ဈေးတစ်ပိဿာ ၅၁၈ ကျပ်(တစ်တန်ကျပ် ၃၁၃၂၁၀) နဲ့ ဆက်လက် ဈေးငြိမ်နေခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီဈေးကျ

ယခုတစ်ပတ် မကွေးဈေးကွက်မှာ မတ်ပဲနဲ့ပဲစင်းငုံနီ ဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ကျပ် ၁၄၁၀ ထိ ပြန်လည်ဈေးမြင့်ခဲ့ပြီး ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၁၃၉၀ (တစ်တန်ကျပ် ၈၅၁၂၂၀) နဲ့ ပြန်လည်ဈေးကျဆင်းခဲ့ကြောင်း သိရပါတယ်။ အလားတူ ယခင်တစ်ပတ်က ပဲစင်းငုံနီတစ်ပိဿာ ၉၆၅ ကျပ်နဲ့ ဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၉၅၀ (တစ်တန်ကျပ် ၅၈၁၇၇၀) နဲ့ ဈေးကျဆင်းခဲ့ပါတယ်။ ဆီထွက်သီးနှံ နှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းနက်စမုံ တစ်ပိဿာ ကျပ် ၂၅၁၀ မှယခုတစ်ပတ်မှာ တစ်ပိဿာ ၂၅၃၅ ကျပ် (တစ်တန်ကျပ် ၁၅၅၂၄၀၀) နဲ့ ပြန်လည်ဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။ နှမ်းနက် ရိုးရိုးက ယခင်တစ်ပတ်ဈေးအတိုင်း တစ်ပိဿာ ကျပ် ၂၀၉၀ (တစ်တန် ၁၂၇၉၈၉၀) နဲ့ ဆက်လက်ဈေးငြိမ်နေခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲတီစိမ်းဈေး တက်ရိပ်ပြ

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ ပဲတီစိမ်းဈေးတက်ရိပ်ပြခဲ့ပြီး ပဲစင်းငုံနီကတော့ ဈေးပြန်လည်ကျဆင်းခဲ့ ကြောင်း သိရပါတယ်။ ပဲတီစိမ်းက ရက်သတ္တပါးပတ်ဆက်တိုက် တစ်ပိဿာ ၁၅၇၅ ကျပ်နဲ့ဈေးငြိမ်နေခဲ့ရာက ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၁၇၅၀ (တစ်တန်ကျပ် ၁၀၇၁၆၈၀) ထိ ဈေးမြင့်လာခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၉၆၀ နဲ့ ဈေးမြင့်ခဲ့တဲ့ ပဲစင်းငုံနီက ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၉၅၀ (တစ်တန်ကျပ် ၅၈၁၇၇၀)နဲ့ ဈေးပြန်လည်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ဆီထွက်သီးနှံ နှမ်းမျိုးစုံကတော့ ယခင်တစ်ပတ်ဈေးအတိုင်း ဆက်လက်ဈေးငြိမ်နေပြီး နှမ်းနီတစ်ပိဿာကျပ် ၂၀၀၀ (တစ်တန်ကျပ် ၁၂၂၄၇၈၀)၊ နှမ်းနက်ရိုးရိုး တစ်ပိဿာ ကျပ် ၂၀၀၀ (တစ်တန်ကျပ် ၁၂၂၄၇၈၀) နဲ့ သိပ္ပံနှမ်းတစ်ပိဿာ ကျပ် ၂၅၁၀ (တစ်တန်ကျပ် ၁၅၃၇၀၉၀) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ ကြောင်းလည်း သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်း ဈေးတက်ရိပ်ပြ

ယခုတစ်ပတ် ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်းလုံးသေး ဈေးမြင့်လာခဲ့ပြီး ပဲစင်းငုံနီက ဈေးပြန်လည်ကျဆင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းလုံးသေးတစ်ပိဿာ ၁၆၁၇ ကျပ်သာ ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၁၈၁၀ (တစ်တန် ကျပ် ၁၁၂၀၆၇၀) ထိ ဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းလုံးသေးကို ရန်ကုန်ဝယ်လက်နဲ့ မန္တလေးဝယ်လက်များက ဝယ်လိုအားများပြီး တစ်နေ့အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၉၇၅ ကျပ်နဲ့ဈေးမြင့်ခဲ့တဲ့ ပဲစင်းငုံနီက ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၉၆၅ ကျပ် (တစ်တန်ကျပ် ၅၉၀၉၅၀) ဈေးထိ ကျဆင်းခဲ့ပြီး ရန်ကုန်ဝယ်လက်က ပုံမှန်ဝယ်ယူမှုရှိနေကြောင်းလည်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၄၈၃ ကျပ်နဲ့ဈေးမြင့်ခဲ့တဲ့ စီပီပြောင်းက ယခုတစ်ပတ်မှာ တစ်ပိဿာ ၄၇၈ ကျပ်(တစ်တန်ကျပ် ၂၉၂၇၂၀) နဲ့ဈေးနိမ့်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းဈေး ဆက်လက်မြင့်တက်ပြီး အရောင်းအဝယ်သွက်

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေး ဆက်လက်မြင့်တက်ခဲ့ကြောင်း သိရပါတယ်။ ပြောင်းဈေးအနေနဲ့ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၄၈၀ နဲ့ ဈေးမြင့်ခဲ့သလို ယခု တစ်ပတ်မှာလည်း တစ်ပိဿာကျပ် ၅၄၀ (တစ်တန်ကျပ် ၃၃၀၆၉၀) နဲ့ ဆက်လက်ဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က ၂၄၄၂၄၃ ပိဿာသာ ရှိခဲ့ပြီး ယခုတစ်ပတ်မှာ ၃၁၇၂၀၂၃ ပိဿာအထိ ရှိခဲ့တာကြောင့် ယခင်တစ်ပတ်ကထက် အရောင်းအဝယ်သွက်ခဲ့ပါတယ်။သယ်ယူပို့ဆောင်ခအနေနဲ့ လားရှိုးမှ မူဆယ်အထိ ပြောင်းတစ်ပိဿာ ၂၉ ကျပ်ရှိကြောင်း သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးငြိမ်

ယခုတစ်ပတ် တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးက ယခင်တစ်ပတ်ဈေးအတိုင်း တစ်ပိဿာ ကျပ် ၅၀၀ (တစ်တန်ကျပ် ၃၀၆၁၉၀)နဲ့ ဆက်လက် ဈေးငြိမ်နေခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ တစ်ပတ်အတွင်း ပိဿာချိန် ၄၅၀၀၀၀ မှ ၅၀၀၀၀၀ ကြားအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း လည်း သိရပါတယ်။

# သံသယ သံသရာထဲက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ အောင်ပွဲ

မြင့်ဦး(ပခုက္ကူ)

တရုတ်နိုင်ငံရဲ့ယူနန်ပြည်နယ်ဟာ သူ့နိုင်ငံရဲ့ပထဝီအနေအထားအရ ကုန်းတွင်းပိတ်ဖြစ်တယ်လို့သိရပါတယ်။ ပြည်မကြီးနဲ့ဝေး၍ နိုင်ငံအတွင်းတရုတ်ပြည်မကြီးမှ ဆန်ကိုဝယ်လျှင်ပင် မြန်မာ၊ထိုင်း၊ ဗီယက်နမ်မှ တင်သွင်းဝယ်ယူတာ ထက်ပို၍ဈေးကြီးပါတယ်။ ယူနန်ပြည်နယ်ဒေသ အခြေအနေအရ လူဦးရေများတယ်။ ဆန်လိုဒေသဖြစ်လို့ဆန်လိုအပ်ချက်ကြီးမားတယ်။ သူတို့ဒေသမှာလည်းဆန်စပါးစိုက်ပျိုးထွက်ရှိတယ် မလုံလောက်ဘူး။ဆန်မဖြစ်မနေလိုအပ်တယ်။ ကုန်စည်ရဲ့ သဘောတရားအရ ပိုတဲ့ဒေသက လိုတဲ့ဒေသကို စီးဆင်းရမြဲပါ။ ဒီတော့ နီးစပ်တဲ့ နိုင်ငံတွေဖြစ်တဲ့ မြန်မာ၊ထိုင်း၊ ဗီယက်နမ် နိုင်ငံတွေက ဆန်လိုဒေသဖြစ်တဲ့ယူနန်ဘက်ကိုဆန် တင်ပို့ရောင်းချကြတယ်။ဒါလည်းပဲ အရောင်းအဝယ်လောကအရ နိယာမ မဟုတ်ပါလား။

ဒါပေမယ့် တရုတ်နိုင်ငံက သူ့နိုင်ငံအတွင်းမှာရှိတဲ့ လယ်သမားတွေရဲ့အကျိုးစီးပွား ကို ကာကွယ်ဖို့ဆိုတဲ့ မူဝါဒအရ သူ့နိုင်ငံသို့ ဆန်တင်ပို့မှုကို တရားမဝင်လို့သတ်မှတ်ထားတယ်။ တော်တော်တရားကျဖို့ကောင်းပါတယ်။ သူ့နိုင်ငံ လယ်သမားပြည်သူလူထုအတွက်တော့ သိတတ်လိုက်တာ သူ့နိုင်ငံက အခြားနိုင်ငံကို တင်ပို့ရောင်းချတော့ သူတစ်ပါးနိုင်ငံရဲ့ နိုင်ငံသူနိုင်ငံသားအကျိုးစီးပွားကို ကိုယ်ချင်းစာတရား ထားသလား မထားဘူးလား။ နက်နက်နဲနဲ စဉ်းစားကြစေလိုပါတယ်။ ထားလိုက်ပါတော့။ မြန်မာနိုင်ငံဘက်က တရားဝင် တင်ပို့တယ်၊ သူတို့ နိုင်ငံဘက်ကမှောင်ခို ဒီနေရာမှာ စာရေးသူတစ်ဦးတည်းရဲ့အမြင်၊ လိုရင်လိုသလို၊ မလိုရင် မလိုသလိုမှောင်ခိုလို့သတ်မှတ်တယ်၊မြန်မာနိုင်ငံဘက်ကကုန်သည်တွေကနိုင်ငံတော်ကိုအခွန်ဆောင်ပြီး တရားဝင်တင်ပို့ရောင်းဝယ်ခဲ့ကြတယ်။ ဟိုဘက်ကြမှ တရားမဝင်ဖြစ်တယ်။ ဒါကသိသာစွာတင်ပြတာ ကျန်တဲ့သကြား၊ ပြောင်း၊နှမ်း၊ပဲမျိုးစုံတွေအတွက်ရော။ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ဟာ မြန်မာနိုင်ငံရဲ့အကြီးဆုံး ကုန်သွယ်ရေးစခန်းတစ်ခုပါ။ ဒီ (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်ကနေ မြန်မာနိုင်ငံရဲ့ ပြည်ပပို့ကုန်ဆန်ကို ၆၀ ရာခိုင်နှုန်းခန့် တင်ပို့တယ်လို့ဌာနဆိုင်ရာများရဲ့ ထုတ်ပြန်တဲ့စာရင်းဇယားအရ သိရပါတယ်။ ဒ့ါပြင် တင်သွင်းမှုကိုကြည့်ရင် အကြီးစား ဘီလပ်မြေ၊ ဓါတ်မြေဩဇာ၊ လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ မော်တော်ဆိုင်ကယ်၊ လယ်ယာသုံးစက်ကိရိယာကအစ ကလေးကစားစရာ၊ အစားအသောက်ထိ တင်သွင်းတဲ့နေရာပါ။ မူဆယ်မြို့(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်ဟာ ယူနန်ပြည်နယ် ရွှေလီခရိုင်ကြယ်ဂေါင်နှင့်ရွှေလီမြစ် တစ်စင်းသာခြားပြီး နယ်နိမိတ်ခြင်းဆက်စပ်၊ ထိစပ်နေတဲ့နေရာပါ။ ဒါကြောင့် တရားဝင်ရော တရားမဝင်မှောင်ခိုရော ဘယ်လောက်ရောင်းလို့ဝယ်လို့ကောင်းကြမလဲ။ ဇွန်လအတွင်း တရုတ်ဘက်မှာဆန်မှောင်ခိုဂိုဏ်းတွေကို ဖမ်းဆီးဖြိုခွင်းဖို့ ရဲအရာရှိ၄၀၀ ကျော် အသုံးပြုကာ တရားခံ ၃၉ ဦး ဖမ်းဆီးခဲ့ရာမှာ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်တို့မှ ဆန်တန်ချိန်သုံးသိန်းကို တရုတ်နိုင်ငံ ယူနန်ပြည်နယ်နှင့် ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှတစ်ဆင့် တင်သွင်းတယ်လို့ ပြောပါတယ်။ ဇွန် ၁၅ ရက် မူဆယ်မှာရှိတဲ့ မြန်မာကုန်သည်များရဲ့ ဘဏ်စာရင်း များကိုပိတ်ပစ်ပါတယ်။ကုန်သည်တွေရဲ့အဆိုအရ ဘဏ်စာရင်း၁၀၀၀ခန့်အပိတ်ခံလိုက်ရတယ်။တခြားသော မူဆယ်ဘက်က သတင်းတွေအရ အနည်းဆုံးဘဏ်စာရင်း ၂၀၀ ခန့်ရှိပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဒုတိယဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းကတော့မြန်မာကုန်သည်များ၏ငွေကြေးကျပ် ဘီလီယံသန်း ၄၀၀ ခန့် ထိန်းချုပ်ခံလိုက်ရသည်ဟု ခန့်မှန်းကြောင်း၊ ဆန်စပါး၊ သကြား၊ ပဲ၊ ပြောင်း၊ နှမ်းကုန်သည်တွေသာမက အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းနှင့် ကုန်မာပစ္စည်းရောင်းသူတွေရဲ့ဘဏ်စာရင်းတွေလည်း အပိတ်ခံလိုက်ရတယ်။ ဘာပဲပြောပြော ရောင်းမှု-ဝယ်မှု-တင်ပို့မှု-တင်သွင်းမှုယန္တရားကြီး “အ”သွားတာတော့ အမှန်ပါပဲ။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က “သူတို့ဘက်က ကိုယ်တို့ကုန်သည်တွေကို ပစ်မှတ်ထားပိတ်တာ မဟုတ်ဘဲ၊ အွန်လိုင်းကနေလောင်းကစား လုပ်သူတွေငွေကြေးလွှဲပြောင်းမှုတွေကို ပိတ်တာပါ။ ပိတ်တဲ့ဘဏ်စာရင်းက ၃၄၉ ခုပါ။ ဒီအထဲမှာ မြန်မာကုန်သည်ဘဏ်စာရင်း ၁၃၂ ခုပါသွားတယ်။ သူတို့ဘက်က အချိန်ယူလုပ်တာပါ။ အခုဟာက ဆန်မှောင်ခိုနဲ့မဆိုင်ပါဘူး၊ အွန်လိုင်းလောင်းကစားမှုနှင့် ပတ်သက်တာပါ” လို့ပြောပါတယ်။

ဘဏ်စာရင်းအပိတ်ခံရသူများတွင် မူးယစ်ဆေးဝါးနှင့်လက်နက်ခဲယမ်း ကုန်ကူးသူများ၏ဘဏ်စာရင်းများလည်းပါဝင်တယ်လို့မူဆယ်ကုန်သည်အသိုင်းအဝိုင်းက ပြောပါတယ်။ ဒီအချက်ဟာ တရုတ်တို့ရဲ့အသံကောင်းလွှင့်ရန်အတွက်ဆင်ခြေလည်းဖြစ်နိုင်တယ်လို့ မြန်မာကုန်သည်တို့က “သံသယ ” ရှိနေပါတယ်။ ဒီနေရာမှာ “သံသယ” ဆိုတာစဉ်းစားကြည့်ရင် တော်တော်ကျယ်ဝန်းပါတယ်။ “သံသယ”ရဲ့ အဓိပ္ပာယ်ကို ယုံကြည်မှုမဲ့တယ်လို့ အဓိပ္ပာယ်ဖွင့်ရမလား၊ ကျွန်တော်တို့ငယ်ငယ်က ရေဒီယိုကလာနေကြသီချင်းလေးသွားသတိရပါတယ်။ “သံသယပျောက်ပါစေ၊ အမှန်ဘဝရောက်ပါစေ” ဆိုတာပါပဲ။ သိပ်လှတဲ့ သိပ်သဘာဝကျတဲ့ ကာရံညီစေတာတွေ့ရပါတယ်။ “သံသယ” ပျောက်ရင် “အမှန်ဘဝ”ရောက်တယ်ဆိုတာ ကဲမြန်မာကုန်သည်တွေ “သံသယ” ရှိနေတယ်။အရောင်းအဝယ်ရဲ့သဘော “ကိုယ်ကတင်ပို့သူ၊ သူတို့က လက်ခံတင်သွင်းသူ၊ အင်အားချင်းလည်းကွာတယ်၊ တွက်ကြည့် ကိုယ့်ဘက်ကတရားဝင်၊ သူတို့ဘက်က တရားမဝင်” ခံစားကြရတော့ ကိုယ်ချင်းစာစိတ်နဲ့ “သံသယ ” ရှိနေတယ်၊ ရှိသင့်သလား၊ စာရေးသူသဘောက လက်ခံပါတယ်လို့ ပြောရင် လွန်မယ်မထင်ပါနဲ့။ စာရှုသူဘက်က တွေးကြည့် တင်ပို့မှု၊ တင်သွင်းမှုဆိုတဲ့ အရောင်းအဝယ် ယခင်ကလည်းရှိ၊ ယခုလည်းရှိ၊ နောက်လည်း ဆက်ရှိနေဦးမယ်ဆိုရင် ဒီရောင်းဝယ်မှု “သံသရာ”ဆက်လက်လည် နေဦးမှာ မဟုတ်ပါလား။

ဒါဆိုရင် ဒီနေရာမှာ ကျွန်တော့်အနေနဲ့ “သံသယ” “သံသရာ”ဆက်ဖြစ်နေကြဦးမယ်လို့ ပြောရင်၊ရေးရင်လွန်အံ့မထင်ပါနှင့်စာရှုသူ။ “ဘဏ်ကို ခုတုံးလုပ်ပြီး ဘဏ်ရဲ့ Customer တွေရဲ့ငွေတွေကို မတရားသိမ်းပိုက်တဲ့ ပုံစံမျိုးလုပ်တယ်။ နိုင်ငံကြီးသားပီသသလားလို့ကုန်သည်တွေ မေးကြတယ်၊ ထင်ကြတယ်၊ စွပ်စွဲကြတယ်။ ဒီဘဏ်စာရင်းတွေကိုပိတ်ချိန်မှာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ဝန်ကြီးဌာနဝန်ကြီးရော၊ ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ရော တရုတ်နိုင်ငံကို ရောက်နေတဲ့အချိန်။ ဇွန်လ ၈ ရက်ကပဲ ဒုတိယအကြိမ်မြောက် တရုတ်-မြန်မာချစ်ကြည်ရေး အထိမ်းအမှတ် “ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးနေ့” ဂုဏ်ပြုညစာစားပွဲကိုရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်မှာ ကျင်းပပြုလုပ်ပြီးတာ မကြာသေးဘူး။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဌာနဝန်ကြီးရော၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရော တရုတ်ပြည်ရောက်နေရင်းအဲဒီမှာပဲ တရုတ်ပြည် စီးပွားရေးကောင်စစ်ဝန်နဲ့စညှိတယ်။ အမြန်ဆုံးဖွင့်ပေးဖို့ ညှိနှိုင်းတယ်၊ ဆွေးနွေးတယ်။ ဇွန်လ ၁၆ ရက်မှာ တရုတ်နိုင်ငံ သံရုံးကိုအမြန်ဆုံးဖြေရှင်းပေးဖို့ ဖုန်းဆက်တယ်၊အကြောင်းကြားတယ်။

မူဆယ်စခန်း တာဝန်ခံကလည်း ရွှေလီစီးပွားရေးရာတာဝန်ခံတွေကို အကြောင်းကြားတယ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ကလည်း တရုတ်သံရုံးကိုအမြန်ဆုံးဖြေရှင်းပေးဖို့ တရားဝင်အကြောင်းကြားတယ်။ ဇွန်လ ၁၈ ရက်မှာ မူဆယ် ကုန်သွယ်ရေးဇုန်အုပ်ချုပ်ရေးမှူးရယ်၊ မူဆယ်-နမ့်ခမ်းကုန်သည်ကြီးတွေရယ်၊ရွှေလီဒုတိယ မြို့တော်ဝန်ရယ် ဆွေးနွေးခဲ့ကြတယ်။ ဇွန်လ ၁၇ ရက်ကတည်းက တရုတ်သံရုံးကို အကြောင်းကြားတဲ့အခါ သံရုံးယာယီ တာဝန်ခံက ဒါနဲ့ပတ်သက်ပြီး အလေးအနက်ထား ဆောင်ရွက်နေကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့အကြောင်းကြားမှုကြောင့် ဗဟိုအစိုးရနိုင်ငံခြားရေးရာဝန်ကြီးဌာနနဲ့ တရုတ်နိုင်ငံအစိုးရတို့ကို ဆက်ပြီးတင်ပြနေပါကြောင်း၊ ဒီရဲ့အကျိုးဆက်က ၂၀၁၇ဇွန်လ ၂၆ ရက်နေ့ ကောမတ်စ်ဂျာနယ် အတွဲ(၁၇) အမှတ်(၂၄)မှာ “မြန်မာ-တရုတ်နှစ်နိုင်ငံ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဖြင့် ရွှေလီမြို့ရှိ ဘဏ်များက ယာယီပိတ်သိမ်းထားခဲ့သည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များ၏ ဘဏ်စာရင်းများအား ပြန်လည်ဖွင့်လှစ်နိုင်”ဆိုတဲ့ သတင်းဆောင်းပါး ပါလာနိုင်ခဲ့ပါပြီ။ ရဲရဲဝံ့ဝံ့ကြွားကြွားဝင့်ဝင့် ပါလာနိုင်ခဲ့ပါပြီ။ ဒါသည်ပင်လျှင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ တာဝန်သိမှု၊ တာဝန်ရှိမှု၊ တာဝန်ခံမှု၊ တာဝန်ကျေပွန်မှုတစ်ခုပဲမဟုတ်ပါ လား။ ဂုဏ်ယူစရာပေ့ါဗျာ။ လေးစားအပ်ပါသော စာရှုသူ အခု ဆောင်းပါးရဲ့ခေါင်းစဉ်ကိုစာရေးသူတစ်ယောက်အနေနဲ့“သံသယသံသရာထဲက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ အောင်ပွဲ”လို့ အမည်ပေးရင်း သံသယတွေပျောက်လို့ အမှန်ဘဝရောက်ကြပါစေ . . .။

## ဂျပန်နိုင်ငံမှ စားသောက်ကုန်များတွင် စိုက်ပျိုးရေးနှင့်တိရစ္ဆာန်ကုဆေးဆိုင်ရာ ဓာတုဓာတ်ကြွင်းပါဝင်မှုအများဆုံး ကန့်သတ်ချက်ကို ပြင်ဆင်တော့မည်

ဂျပန်နိုင်ငံ၊ ကျန်းမာရေး၊ အလုပ်သမားနှင့်လူမှုဖူလုံရေးဝန်ကြီးဌာန (Ministry of Health, Labour and Welfare)သည် လက်ရှိတည်ရှိဆဲ အစားအသောက်အတွက် စံချိန်စံညွှန်းနှင့် သတ်မှတ်ချက်များကို ပြန်လည်ပြင်ဆင်သွားရန် ဆောင်ရွက်လျက်ရှိပြီး ယင်း စားသောက်ကုန်များတွင် ပါဝင်သော စိုက်ပျိုးရေးနှင့် တိရစ္ဆာန်ဆေးကုခြင်းဆိုင်ရာ ဓာတုဓာတ်ကြွင်းများ၏ အများဆုံး ပါဝင်မှုနှုန်းထားများကိုလည်း ပြင်ဆင်သွားမည်ဖြစ်ကြောင်း သိရပါသည်။

အဆိုပါ ဓာတုဓာတ်ကြွင်းအများဆုံးပါဝင်မှု ကန့်သတ်ရန်ကိစ္စနှင့်ပတ်သက်၍ တင်ပို့နိုင်ငံများမှ ၎င်းတို့နိုင်ငံအသီးသီး၏ အများဆုံးပါဝင်မှုအဆင့် (Maximum Residue Levels - MRL)များနှင့် တစ်ပြေးညီဖြစ်စေရန်အတွက် ဂျပန်နိုင်ငံကို အကြံပြု တောင်းဆိုလိုပါက ဇွန်လ ၁၅ ရက်အရောက် ပတ်ဝန်းကျင်ဆိုင်ရာကျန်းမာရေးနှင့်စားသောက်ကုန်ဘေးကင်းလုံခြုံရေးဆိုင်ရာဌာနသို့ အဆိုပြုနိုင်ကြောင်းကို ဂျပန်နိုင်ငံရှိမြန်မာနိုင်ငံဆိုင်ရာသံရုံးမှ စီးပွားရေးသံမှူး၏ ပေးပို့ချက်အရ သိရပါသည်။

စားသောက်ကုန်များတွင် အများဆုံးပါဝင်သော ဓာတုဓာတ်ကြွင်းများနှင့်ပတ်သက်၍ ဓာတ်ကြွင်းပါဝင်မှုသတ်မှတ်မည့် ပိုးသတ်ဆေးများ၊ တိရစ္ဆာန်ကုဆေးဝါးများမှာ EPN, Spinetoram, Pyridalyl, Buprofezi, Fluthiacet methyl နှင့် Fipronil တို့ဖြစ်ကြောင်းနှင့် ယင်းဆေးများ၏ ဓာတ်ကြွင်းအများဆုံးပါဝင်မှု သတ်မှတ်ခြင်းကို စားသောက်ကုန်ဘေးကင်းရေးကော်မရှင်၊ စိုက်ပျိုးရေး၊ သစ်တောနှင့်ရေလုပ်ငန်းဝန်ကြီးဌာနတို့မှ သတ်မှတ်သည့် စည်းကမ်းများအပေါ် အခြေခံသွားမည်ဖြစ်ကြောင်း သိရပါသည်။

အဆိုပါစံနှုန်းများဖြင့်သတ်မှတ်ထားသော စားသောက်ကုန်များအား ဂျပန်နိုင်ငံ၏ဈေးကွက်အတွင်း ဖြန့်ဖြူးမည်ဆိုပါက ထုတ်ပြန်ထားသည့် စံချိန်စံညွှန်းနှင့်အညီဖြစ်ရမည်ဖြစ်ပြီး အကယ်၍ စံသတ်မှတ်ချက်နှင့်မကိုက်ညီပါက ဖြန့်ဖြူးခွင့်ပြုမည်မဟုတ်ကြောင်း သိရပါသည်။ ၂၀၁၆ခုနှစ်၊ မေလတွင်လည်း စားသောက်ကုန်များတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာ ဓာတုပစ္စည်းတွင် သတ်မှတ်အဆင့် MRL( 0.01ppm) ထက်ကျော်လွန်သော မည်သည့် စားသောက်ကုန်ကိုမဆို ဖြန့်ဖြူး ခွင့်မပြုသည့် စာရင်းကိုထုတ်ပြန်၍ စတင်ဆောင်ရွက်ခဲ့ကြောင်းသိရပါသည်။

ထို့ကြောင့် ဂျပန်နိုင်ငံသို့ စားသောက်ကုန်များတင်ပို့မည့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ ပို့ကုန်များအား ဂျပန်ဈေးကွက်မှလက်ခံသည့် ပြင်ဆင်သတ်မှတ်မည့် MRL နှင့်အညီ ထုတ်လုပ်ပြီးမှသာ တင်ပို့သင့်ပါကြောင်း အကြံပြု ဖော်ပြအပ်ပါသည်။

**ချိုသက်မူ**

**Source, တိုကျိုမြို့၊ မြန်မာနိုင်ငံဆိုင်ရာသံရုံး**

Vol: 17, No.26 Monday July 10 2017

## စစ်တွေကုန်သွယ်ရေးစခန်းရဲ့ဇွန်လအတွင်း ကုန်သွယ်မှု အနီးစပ်ဆုံးကာလအောက်ရော ကာလတူအောက်ပါ လျော့နည်း

စစ်တွေကုန်သွယ်ရေးစခန်းမှ ဇွန်လအတွင်းပို့ကုန်ဆောင်ရွက်မှုမှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၁၄ သန်း၊ သွင်းကုန်ဆောင်ရွက်မှုမှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၂ သန်းဖြစ်၍ ကုန်သွယ်မှုပမာဏမှာ အမေရိကန် ဒေါ်လာ သုည ဒသမ ၃၁၆ သန်းဆောင်ရွက်ခဲ့ပါတယ်။ ဇွန်လကုန်သွယ်မှုမှာ အနီးစပ်ဆုံးကာလဖြစ်တဲ့ မေလအောက်ကုန်သွယ် မှုပမာဏ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၆၃ သန်းနဲ့ ယမန်နှစ်ကာလတူအောက် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၇ သန်းလျော့နည်းဆောင်ရွက်ခဲ့တယ်လို့ သိရပါတယ်။

အနီးစပ်ဆုံးကာလအောက်ရော ယမန်နှစ်ကာလတူအောက်ပါ ကုန်သွယ်မှုကျဆင်းရခြင်းမှာ ပို့ကုန်ပိုင်းတွင် လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ၊ စက်မှုကုန်ချောပစ္စည်းများ တင်ပို့မှုလျော့နည်းခြင်းကြောင့်ဖြစ်ပြီး သွင်းကုန်ပိုင်းတွင်လည်း လုပ်ငန်းသုံးပစ္စည်းများ လူသုံးပစ္စည်းများတင်သွင်းမှုကျဆင်းခဲ့ခြင်းတို့ကြောင့်ဖြစ်ပါတယ်။

စစ်တွေကုန်သွယ်ရေးစခန်းရဲ့ဇွန်လအတွင်း အများဆုံးတင်ပို့ခဲ့တဲ့ပို့ကုန်အမယ်များကတော့ ရေချိုငါးမြစ်ချင်း၊ ဆီးယိုထုပ်၊ ချင်းစို၊ သစ်ခေါက်၊ မန်ကျည်းစေ့၊ ဆီးသီးခြောက်၊ ဆီးဖတ်တို့ဖြစ်ပြီး အများဆုံးတင်သွင်းခဲ့တဲ့ သွင်းကုန်အမယ်ကတော့ တီရှပ်ပဲဖြစ်ပါတယ်။

**ခင်မိုးသူ**

## မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ကော်ဖီစေ့တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅) မိုင်ကုန်သွယ် ရေးဇုန်မှ ဇွန် ၂၄ ရက်မှ ၃၀ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၅၆၃၆ တန်ဖိုးရှိ ကော်ဖီစေ့ ၂၉ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က မူဆယ်မှ ကော်ဖီစေ့တင်ပို့မှုမရှိဘဲ မေနောက်ဆုံးပတ်က သုံးတန်ကျော် တင်ပို့ခဲ့တာ တွေ့ရပါတယ်။

မြန်မာနိုင်ငံတွင် စက်မှုသီးနှံဖြစ်တဲ့ကော်ဖီကို အဓိကသီးနှံအဖြစ် မစိုက်ပျိုးကြသေးသော်လည်း နိုင်ငံတကာကော်ဖီပြပွဲများတွင် အထူးတန်းဝင်တဲ့ မြန်မာကော်ဖီကို ထုတ်လုပ်မှုအရည်အသွေးမြင့်တင်ပြီး ဝင်ရောက်ပြသခဲ့သည့်နောက်ပိုင်း နိုင်ငံခြားဈေးကွက်များမှ မြန်မာ့ကော်ဖီဝယ်ယူ ရန် စိတ်ဝင်စားလာကြကြောင်း၊ မြန်မာနိုင်ငံတွင် ကော်ဖီကို ပြင်ဦးလွင်၊ ရှမ်းပြည်နယ်ရှိ ရွာငံ၊ မိုးကုတ်၊ နောင်ချို၊ ချင်း ပြည်နယ်ဒေသအချို့တွင် အများဆုံးစိုက်ပျိုးကြပြီး အာရေဘီးကားနဲ့ ရိုဘတ်စတာ ကော်ဖီအမျိုးအစားများကို အဓိကစိုက်ပျိုးကြကြောင်း မြန်မာနိုင်ငံကော်ဖီအသင်းမှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

## တရုတ်နယ်စပ်မှ သကြားပိုမိုတင်ပို့သလို ထိုင်းနယ်စပ်မှလည်းပိုမိုတင်သွင်း

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီကုန်သွယ်ရေးစခန်းစုံမှ ဇွန် ၂၄ ရက်မှ ၃၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၈၀၂ သန်းတန်ဖိုးရှိ Re-export သကြား ၃၆၆၁၇ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၂၄၄၀၆ တန်၊ ချင်းရွှေဟော်မှ ၁၂၁၉၆ တန်ကျော်နဲ့ ကန်ပိုက်တီမှ ၁၅ တန်ဖြစ်ပါတယ်။ ယခင်တစ်ပတ်ကအဆိုပါစခန်းသုံးခုမှ သကြား ၂၆၆၀၃ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တရုတ်နိုင်ငံသို့ သကြားတန်ချိန်တစ်သောင်းကျော်ပိုမိုတင်ပို့ခဲ့ပါတယ်။ ဇွန်လတစ်လလုံး တရုတ်နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှသကြားတန်ချိန်တစ်သိန်းကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ သကြားတစ်တန်ကို ၇၇၂၂၄၀ ကျပ်ရှိပြီး တစ်ဖက်နိုင်ငံဝယ်ဈေးမှာ ယွမ်၃၉၄၀ရှိပါတယ်။ ဘုရင့်နောင်ကုန်စည်ဒိုင်မှာ ဇွန် ၂၉ ရက်က သကြားတစ်ပိဿာဈေးကျပ် ၁၁၀၀ မှ ၁၁၂၀ ရှိတယ်လို့ သတင်းရရှိပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၂၃ သန်းတန်ဖိုးရှိ Re-export သကြား ၇၆၇၇ တန်ကျော်ကို မြန်မာနိုင်ငံသို့ တင်သွင်းခဲ့ရာ ယခင်တစ်ပတ်က တင်သွင်းခဲ့တဲ့ ၂၃၈၃ တန်နဲ့ နှိုင်းယှဉ်ပါက တန်ငါးထောင်ကျော် ပိုမိုတင်သွင်းလာတာ တွေ့ရပါတယ်။ ထိုင်းနိုင်ငံမှ မြဝတီသို့ ဇွန်လအတွင်း သကြားတန်ချိန် ၂၂၅၀၀ ကျော် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ **မော်မော်အောင်**

## မူဆယ်မှ ရေထွက်ကုန်တန်ချိန်ရော တန်ဖိုးပါပိုမိုတင်ပို့

မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဇွန် ၂၄ ရက်မှ ၃၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၇၀ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၁၀၁၂ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၆၈၆ တန်နဲ့ နှိုင်းယှဉ်ပါက တန်ချိန်အားဖြင့် ၃၂၆ တန်ပိုမိုခဲ့သလို တန်ဖိုးမှာလည်း သုည ဒသမ ၄၈၆ သန်းပိုမိုတင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ်တွင်ယခင်တစ်ပတ်က တင်ပို့မှုမရှိခဲ့တဲ့ငါးမှုန့်တင်ပို့ခဲ့ပြီး၊ မိုးတွင်းကာလလည်းဖြစ်တာကြောင့် ကဏန်း၊ ငါးရှဉ့်၊ ငါးမျိုးစုံ၊ ခရုနဲ့ မျှော့အရှင် ပိုမိုတင်ပို့ခဲ့တဲ့အတွက် တန်ချိန်ရော တန်ဖိုးပါ ပိုမိုရတာဖြစ်ကြောင်း၊ တစ်ဖက် နိုင်ငံဝယ်ဈေးမှာ ငါးရှဉ့်တစ်တန်လျှင် ယွမ် ၃၁၀၀၀၊ ကဏန်းတစ်တန် ၅၃၉၃၄ ယွမ်ဖြင့် ဈေးနှုန်းပြောင်းလဲမှုမရှိကြောင်း သိရပါတယ်။

**မော်မော်အောင်**

## စစ်တွေကုန်သွယ်ရေးစခန်းမှ ညှော်မထဆန်တင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ ဇွန် ၂၄ ရက်မှ ၃၀ ရက်အထိသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၁ သန်းတန်ဖိုးရှိ ညှော်မထဆန် သုံးတန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင် တစ်ပတ်က တင်ပို့နိုင်ခြင်းမရှိဘဲ ယခုတစ်ပတ်မှသာ ပြန်လည်တင်ပို့ခဲ့တာဖြစ်ပါတယ်။ စစ်တွေကုန်သွယ်ရေးစခန်းမှ ဇွန်လ အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၆ သန်းတန်ဖိုးရှိ ညှော်မထဆန် ၁၈ တန်ကို တင်ပို့ပြီးဖြစ်တယ်လို့ သိရပါတယ်။

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှလည်း ယခုတစ်ပတ်မှာ ညှော်မထဆန်တင်ပို့ခဲ့ခြင်း မရှိဘဲ ယခင်တစ်ပတ်က တန်ချိန် ၈၀ ကျော်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ စစ်တွေကုန်သွယ်ရေးစခန်းမှ ညှော်မထဆန်အပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၂ သန်းတန်ဖိုးရှိ မန်ကျည်းစေ့၊ ဆီးသီးခြောက်၊ ချင်းစို၊ သစ်ခေါက်၊ ဆီးယိုထုပ်တို့ကို ၂၀၈ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## တမူးကုန်သွယ်ရေးစခန်းသာမက ရိဒ်ကုန်သွယ်ရေးစခန်းမှပါ ကွမ်းသီးပိုမိုတင်ပို့

မြန်မာ-အိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဇွန် ၂၄ ရက်မှ ၃၀ရက်အထိသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၄၉၉ သန်းတန်ဖိုးရှိ ကွမ်းသီးတန် ၆၀၀ ကျော်ကို အိန္ဒိယနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၅၂၈ တန်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၇၉ တန်ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ တမူးကုန်သွယ်ရေးစခန်းရော ရိဒ်ကုန်သွယ်ရေးစခန်းမှပါ ကွမ်းသီးများပိုမိုတင်ပို့ခဲ့တဲ့အတွက် ယခုကဲ့သို့ပိုမိုရခြင်းဖြစ်တယ်လို့ ကုန်သွယ်ရေးစခန်းများမှ သိရပါတယ်။

ဇွန်လအတွင်းမှာ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၇၈ သန်းတန်ဖိုးရှိ ကွမ်းသီးတန် ၂၀၀ ကျော်နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၄၂ သန်းတန်ဖိုးရှိ ကွမ်းသီးတန် ၃၇၀၀ ကျော်ကို တင်ပို့ပြီးဖြစ်တယ်လို့ သိရပါတယ်။

**ခင်မိုးသူ**

## မြိတ်ကုန်သွယ်ရေးစခန်းမှ ဇွန်လအတွင်းကုန်သွယ်မှု ကာလတူထက်ပိုမိုဆောင်ရွက်

မြိတ်ကုန်သွယ်ရေးစခန်းမှ ဇွန်လအတွင်းပို့ကုန်ဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၇ ဒသမ ၄၃၀ သန်းရှိပြီး၊ သွင်းကုန်ဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၇၄ သန်းဖြစ်တဲ့အတွက် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၈၀၄ သန်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဇွန်လအတွင်း ကုန်သွယ်မှုကို ကာလတူဖြစ်တဲ့ ၂၀၁၆ ခုနှစ်ဇွန်လနဲ့နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် အမေရိကန် ဒေါ်လာ သုည ဒသမ ၂၅၄ သန်းပိုမိုခဲ့သလို သွင်းကုန်ပိုင်းတွင်လည်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၈၁ သန်း ပိုမိုတဲ့အတွက် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၃၅ သန်းပိုမိုဆောင်ရွက်နိုင်တယ်လို့ သိရပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းက ကာလတူထက်ပိုမိုဆောင်ရွက်နိုင်ခြင်းမှာ ယခု နှစ်ဇွန်လ၌ လယ်ယာထွက်ကုန်ပစ္စည်းအုပ်စုတွင် ရော်ဘာတင်ပို့နိုင်ခြင်းမရှိခဲ့သော်လည်း ရေထွက်ကုန်ပစ္စည်းအုပ်စုတွင် အေးခဲငါးအသားလွှာ၊ အေးခဲကဏန်း ပျော့၊ ငါးမှုန့်၊ငါးခြောက်၊ ကင်းမွန်၊ အေးခဲပုစွန်များ ပိုမိုတင်ပို့ခဲ့ခြင်းကြောင့်ဖြစ်ပြီး သွင်းကုန်ပိုင်းအနေဖြင့် ယခုနှစ်ဇွန်လတွင် လူသုံးကုန်ပစ္စည်းအုပ်စုတွင် ဟင်းချက်ဆီနှင့် နို့ဆီတို့လျော့နည်းတင်သွင်းခဲ့သော်လည်း ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းအုပ်စုတွင် ဘိလပ်မြေ၊ ကြွေပြား၊ ငါးမှုန့်စက်တို့နှင့် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းအုပ်စုတို့တွင် ဂျပ်စက္ကူပုံး၊ ဒီဇယ်ဆီနှင့် ဓာတ်ဆီတို့ ပိုမိုတင်သွင်းနိုင်ခဲ့ခြင်းတို့ကြောင့် ဖြစ်ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းရဲ့ ဇွန်လအတွင်း အများဆုံးတင်ပို့ခဲ့တဲ့ ပို့ကုန်ပစ္စည်းများကတော့ ငါးမျိုးစုံ၊ ငါးမှုန့်၊ ကင်းမွန်၊ အေးခဲကဏန်းပျော့၊ အေးခဲပုစွန်၊ ရေငန်ပုစွန်၊ အေးခဲငါးအသားလွှာ၊ ကင်းမွန်(လိပ်)၊ ငါးခြောက်၊ မွေးပုစွန်၊ သဲကဏန်း၊ ပုစွန်ခြောက်တို့ဖြစ်ပြီး အများဆုံးတင်သွင်းခဲ့တဲ့ သွင်းကုန်ပစ္စည်းများကတော့ ဒီဇယ်၊ ဘိလပ်မြေ၊ ဓာတ်ဆီ၊ ငါးမှုန့်စက်၊ ဓာတ်မြေသြဇာ၊ အားဖြည့်အချိုရည်၊ ဂျပ်စက္ကူပုံးနှင့် ကြွေပြားတို့ဖြစ်ပါတယ်။

**ခင်မိုးသူ**

## တရုတ်နယ်စပ်မှ သီဟိုဠ်စေ့တင်ပို့မှု လျော့နည်းခဲ့သော်လည်း အိန္ဒိယနယ်စပ်မှ ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဇွန် ၂၄ ရက်မှ ၃၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၉၅ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၁၅တန်ကျော်နဲ့ မြန်မာ-အိန္ဒိယ နယ်စပ်ရှိ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၁ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့တစ်တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်ထက် မူဆယ်ကုန်သွယ်ရေးဇုန်မှ တန်ဝက်နီးပါး လျော့နည်းတင်ပို့ခဲ့သော်လည်း ရိဒ်ကုန်သွယ်ရေးစခန်းမှ သီဟိုဠ်စေ့ လေးတန်ကျော်ပိုမိုတင်ပို့ခဲ့တယ်လို့ ကုန်သွယ်ရေးစခန်းမှ သိရပါတယ်။

ယခုတစ်ပတ်မှာလည်း ထိုင်းနယ်စပ်မှ သီဟိုဠ်စေ့တင်ပို့မှု မရှိဘူးလို့ သိရပါတယ်။

ဇွန်လအတွင်းမှာ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၄၀ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ တန် ၄၀ နီးပါး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၅၆ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ တန် ၂၀ ကျော်၊ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၅၅ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ခုနစ်တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

**စာမျက်နှာ - ၈ ပြည်ပကုန်သွယ်မှု (၃)လအတွင်း ….မှအဆက်**

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက စိန်ခေါ်မှုတစ်ရပ်ကတော့ တောင်သူလယ်သမားများ အပါအဝင် ကုန်သည်လုပ်ငန်းရှင်များ၏ ငွေရေးကြေးရေး (Financing ) ရရှိရေး အခက်အခဲပင် ဖြစ်ပါတယ်။ လယ်ယာထွက်ကုန်များ အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်းများ ရရှိရေးအတွက် ကောင်းမွန်သော သွင်းအားစုများထည့်သွင်းရန် လိုသလို သွင်းအားစုများ ထည့်နိုင်ရန်အတွက် ဘဏ္ဍာငွေ တောင့်တင်းမှုလိုအပ်ကြောင်း တွေ့ရှိရပါတယ်။ Financing ရရှိရေးအတွက် ထည့်သွင်း စဉ်းစားရန် လိုအပ်လျက်ရှိပါတယ်။

ယေဘုယျအားဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဟာ ဆန်ထွက်ရှိမှု ပမာဏနဲ့ ချိန်ထိုးပြီး ပြည်ပသို့ ဆန်တင်ပို့မှု၊ ပြည်တွင်းစားသုံးမှု ဖူလုံစေရေးအတွက် ဆန်သိုလှောင်မှု၊ လိုအပ်ချက်ရှိပါက ပြည်ပမှ ဆန်တင်သွင်းမှု စသဖြင့် ခန့်မှန်း သုံးသပ်ပြီး စီမံချက်ရေးဆွဲကာ မူဝါဒများ ချမှတ်ကြရတာ ဖြစ်ပါတယ်။ အဲဒီလို မှန်ကန်တဲ့မူဝါဒများ ချမှတ်နိုင်ရေးအတွက် သတင်းအချက်အလက်များ မှန်ကန်မှုရှိရေးသည် လွန်စွာအရေးကြီးလှပါတယ်။

အဆိုပါ စိန်ခေါ်မှု အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန်အတွက် နိုင်ငံတော်အစိုးရ အနေနဲ့ နိုင်ငံတော်ရဲ့ စီးပွားရေးမူဝါဒ (၁၂)ရပ်ကို ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ ဒ့ါအပြင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းပြီး ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွန်းအားပေး ဆောင်ရွက်ခဲ့ပါတယ်။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မူဘောင်မှာပါရှိတဲ့ မဏ္ဍိုင် (၅)ရပ်မှ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေး လုပ်ငန်းကော်မတီ (Promoting Trade and Investment) ၏ လုပ်ငန်းစဉ်များ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရေးအတွက် ကုန်သွယ်ရေး ဦးစီးဌာနအနေဖြင့် စဉ်ဆက်မပြတ် လိုက်ပါပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ခိုင်မာသော ဈေးကွက်ရှာဖွေ နိုင်ရေးအတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် အမြဲတမ်း ကိုယ်စားလှယ်တစ်ဦးနှင့် တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ စင်ကာပူ၊ ဂျပန်၊ ကိုရီးယား၊ ဟောင်ကောင်၊ ဆွစ်ဇာလန်၊ ဘယ်လ်ဂျီယံနိုင်ငံတို့မှ စီးပွားရေးသံမှူးများ စေလွှတ်၍ စီးပွားရေး သံမှူးများအား သက်ဆိုင်ရာ နိုင်ငံအလိုက် ဈေးကွက် အခြေအနေများအား စုံစမ်းထောက်လှမ်းခြင်းနှင့် ဈေးကွက်ရရှိရေး တို့ကို ညှိနှိုင်းဆွေးနွေးလျက်ရှိပါတယ်။ စီးပွားရေးသံမှူးများက ပေးပို့တဲ့ ဈေးကွက်အခြေအနေနဲ့ အစီရင်ခံစာများအား ပြည်တွင်းလုပ်ငန်းရှင်များ သိရှိပြီး ဈေးကွက် သေချာသည့် သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်စေရန်အတွက် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန website ဖြစ်တဲ့ www.commerce.gov.mm နှင့် အပတ်စဉ် ထုတ်ဝေလျက်ရှိသည့် Commerce Journal တို့မှာ ဖော်ပြလျက်ရှိပါတယ်။

တစ်ဆက်တည်းမှာ မိမိနိုင်ငံအနေနဲ့ ပို့ကုန်ပစ္စည်းတွေရဲ့ ထုတ်လုပ်မှုကွင်းဆက်ရဲ့ Supply Chain တစ်လျှောက်လုံးမှာ ဒေသတွင်းနိုင်ငံများ ကမ္ဘာ့နိုင်ငံများနဲ့ မယှဉ်နိုင်တဲ့ အဓိကအခက်အခဲကတော့ သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ် Logistics မြင့်မားနေခြင်းပဲ ဖြစ်ပါတယ်။ ပြည်ပသို့ ဆန်နှင့် ဆန်ကွဲတင်ပို့ရာမှာ ပင်လယ်ရေကြောင်းမှ တင်ပို့ရာမှာ ဆိပ်ကမ်းများ၌ အခက်အခဲများ ရှိနေကြောင်း သိရှိရပါတယ်။



အထူးသဖြင့် ဆန်ကုန်သည်အသင်းများ၏ ပြောပြချက်အရ ရန်ကုန်မြို့တွင်းတွင် Container ကားများကို နေ့ခင်းဘက်မသွားရဘဲ ည ၇ နာရီမှစတင်၍ သွားလာရတဲ့အတွက် ကုန် တင်ကုန်ချ အလုပ်သမားများမှာ ညပိုင်းမှသာ အလုပ်လုပ်ရပါတယ်။ ဒါကြောင့် နေ့ခင်း အလုပ်လုပ်သကဲ့သို့ တွင်ကျယ်စွာ အလုပ်မလုပ်နိုင်တဲ့ အတွက် အလုပ်သမားများအနေဖြင့်လည်း ညပိုင်း အလုပ်လုပ်ချင်သည့် ဆန္ဒမရှိခြင်း၊ သက်ဆိုင်ရာ ဂိုဒေါင်မှ ဆိပ်ကမ်းသို့လည်း ည ၁၂ နာရီ မတိုင်ခင် ရရှိရန်လိုအပ်ခြင်း၊ ဆိပ်ကမ်းရောက်လျှင်လည်းContainer အားလုံး ရောက်ရှိသော်လည်း MACCS စနစ်ဖြင့် File Run ၍မရသဖြင့် နောက်နေ့နံနက်ရောက်မှသာ File Run ရခြင်း စသည်တို့ကြောင့် အချိန်အားဖြင့် ၁ ရက်မှ ၃ ရက်အတွင်း ကြာခြင်း၊ သယ်ယူခအနေဖြင့်လည်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၀ မှ ၁၅ ကြား ပိုမိုကုန်ကျခြင်း၊ ဒ့ါပြင် တစ်ဖက်နိုင်ငံသို့ သင်္ဘောလိုင်းများကို ခုနစ်ရက် ကြိုတင်ပြီး ချိတ်ဆက်ရတဲ့အတွက် Container တစ်စီးလျှင် နှစ်ရာခိုင်နှုန်း ပိုမိုကုန်ကျခြင်း၊ အချိန်နှင့် လုပ်အားခပိုမိုကုန်ကျသဖြင့် တခြားနိုင်ငံများနှင့် ဈေးကွက်ယှဉ်ပြိုင်ရာတွင် မယှဉ်နိုင်သဖြင့် ရောင်းအားကျဆင်းခြင်းများ ဖြစ်ပေါ်လျက်ရှိပါတယ်။ အဲဒီလို နှောင့်နှေးကြန့်ကြာခြင်းများဟာ မိမိတို့ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံအတွက် ကြီးမားတဲ့ စိန်ခေါ်မှု တစ်ရပ်ပင်ဖြစ်ပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေး နှစ်လတ် စီမံကိန်းကို ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီ စီမံကိန်းမှာ အဓိကမဏ္ဍိုင်ကြီး (၅)ရပ်ပါရှိပြီး လုပ်ငန်းအုပ်စု(၂၃) ခု၊ လုပ်ငန်း (၁၈၁)ခုခွဲ၍ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် လျာထားရေးဆွဲခဲ့ပါတယ်။ နှစ်လတ်စီမံကိန်း (Mideum Term Plan) အား အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံရဲ့ အဓိကပို့ကုန်များဖြစ်တဲ့ ဆန်၊ စပါး၊ ပဲအမျိုးမျိုး၊ နှမ်းနှင့် ဆီထွက်သီးနှံများ၊ စိုက်ပျိုးရေး အခြေခံထွက်ကုန်များအပြင် အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများ ပိုမို ဖွံ့ဖြိုးတိုးတက်စေပြီး ထုတ်ကုန်အသီးသီးအတွက် ခိုင်မာတဲ့ ဈေးကွက်ရရှိရေးကို ဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

ပို့ကုန်သွင်းကုန် လုပ်ငန်းများ လွယ်ကူလျင်မြန်စေရေးအတွက် ငွေပေးချေမှုလုပ်ငန်းများကို Online Payment စနစ်ဖြင့် ဆောင်ရွက်ပေးခဲ့ပြီး ကုန်သွယ်မှုနှင့်သက်ဆိုင်တဲ့ ငွေပေးချေမှုများမှာ Myanmar Payment Union – MPU ကတ်ဖြင့် ပေးချေနိုင်ရေးကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်နိုင်ငံမှ တာဝန်ရှိသူများ တွေ့ဆုံရာမှာ တရုတ်နိုင်ငံသို့ ဆန်တန်ချိန် လေးသိန်းတင်ပို့နိုင်ရေး တောင်းဆိုခဲ့သလို တရုတ်နိုင်ငံသို့ ဆန်နှင့် ပြောင်းတင်ပို့မှုကို ခွဲတမ်းကင်းလွတ်ခွင့်ရရှိရေးအတွက် ညှိနှိုင်းခဲ့ပါတယ်။ ပြည်ထောင်စုဝန်ကြီးရဲ့ ဇွန်လခရီးစဉ်တွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ကုန်သွယ်မှု ဆိုင်ရာ အခက်အခဲများ ဖြေရှင်းပေးနိုင်ရေး ညှိနှိုင်းခဲ့ပါတယ်။ ဥပမာအားဖြင့် မြန်မာလုပ်ငန်းရှင်များ ဘဏ်စာရင်းပိတ်သည့် ဖြစ်စဉ်မှာ တရုတ်နိုင်ငံသံရုံး၊ တရုတ်အစိုးရတို့နဲ့ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့တဲ့အတွက် အချိန်တိုအတွင်း ဘဏ်စာရင်းများ ပြန်လည်ဖွင့်လှစ်ပေးခဲ့တဲ့ သာဓကဟာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ခြင်းရဲ့ ပြယုဂ်တစ်ခုပဲဖြစ်ပါတယ်။

၂၀၁၇ ခုနှစ် ဇွန် ၂၇ ရက်က ကျင်းပခဲ့တဲ့ မြန်မာ-အိန္ဒိယ ကုန်သွယ်ရေးပူးတွဲကော်မတီ အစည်းအဝေးတွင် မြန်မာနိုင်ငံဘက်မှ ဆွေးနွေးညှိနှိုင်းမှုများအရ ယခင် မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်မှုတွင် အိန္ဒိယဘက်မှ ကုန်ပစ္စည်း အမျိုးအစား ၆၂ မျိုးသာ ခွင့်ပြုရာမှ ကုန်ပစ္စည်းအားလုံး ကုန်သွယ်ခွင့်ရခြင်း၊ အလားတူ မြန်မာ့ အဓိကပို့ကုန်များ အကောက်ခွန် သက်သာခွင့် ဆိုင်ရာ အထူးအခွင့်အရေးပေးသည့် Duty Free Tariff Preference (DFTP) Scheme အရ အကောက်ခွန် လိုင်း ၉၆ ရာခိုင်နှုန်းကို အခွန် သုညရာခိုင်နှုန်းသို့ လျှော့ချပေးခြင်း၊ ထို့အပြင် အိန္ဒိယနိုင်ငံဘက်မှ နယ်စပ်ကုန်သွယ်ရေးစခန်းများ လုပ်ငန်းယာယီရပ်ဆိုင်းမည်ဆိုပါက မြန်မာဘက်သို့ ကြိုတင်ညှိနှိုင်း အသိပေးရန် စသည့် သဘောတူညီမှုများကို ရရှိခဲ့ပါတယ်။

ဆန်ဈေးကွက်ပိုမိုရရှိရေးအတွက် ဖိလစ်ပိုင်နိုင်ငံ ဖိလစ်ပိုင်အမျိုးသားစားနပ်ရိက္ခာအာဏာပိုင်အဖွဲ့(National Food Authority) မှ ဆန်တန်ချိန် ၂၅၀၀၀၀ အတွက် မြန်မာနိုင်ငံအား ဈေးနှုန်း တင်ဒါဖိတ်ခေါ်ကြောင်း ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ အကြောင်းကြားလာတဲ့အတွက် ဆန်ပိုမိုတင်ပို့နိုင်မယ့် အခွင့်အရေးကောင်း တစ်ခုကို ရရှိခဲ့ပြီလို့ ဆိုရမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် သီရိလင်္ကာနိုင်ငံကလည်း ၎င်းတို့နိုင်ငံတွင် မေလအတွင်းက မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားရာ ဒေသများအတွက် ဆန်ဝယ်လိုကြောင်း အကြောင်းကြားချက်များကိုလည်း သိရှိခဲ့ရပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ စိန်ခေါ်မှုများ၊ အခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် မူဝါဒများ ပြင်ဆင်သတ်မှတ်ခြင်း၊ ဖြေလျှော့ပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးခဲ့သလို အာဆီယံဒေသတွင်းနိုင်ငံများနှင့်သာမက အိမ်နီးချင်းနိုင်ငံများရှိ အစိုးရများနဲ့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများကြောင့် ကုန်သွယ်မှုများ မြင့်မားတိုးတက်လာရတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ သဘာဝဘေးအန္တရာယ်တွေ၊ ဒေသတွင်း သောင်းကျန်းသူများကြောင့် တည်ငြိမ်မှုမရှိတဲ့ အခြေအနေတွေသာ မရှိခဲ့ရင် ကုန်သွယ်မှုဟာ ယခုထက် ပိုမိုတိုးတက်လာနိုင်မှာ ဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ❑

**စာမျက်နှာ - ၃ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန….မှအဆက်**

လိုအပ်မည်ဖြစ်ပါကြောင်း၊ လိုအပ်သည့် အရည်အသွေးမီ ဓာတ်ခွဲခန်းသုံး ဓာတုပစ္စည်းများကို Lab Networking က ဦးဆောင်ပြီး ဦးစားပေးအဆင့်အရ ဝယ်ယူဖြည့်တင်းနိုင်ရေး စီစဉ်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့နည်းတူ ပို့ကုန်/သွင်းကုန်အရေအတွက် များပြားလာသည်နှင့်အတူ ဓာတ်ခွဲခန်းပညာရှင်များ မွေးထုတ်ပေးနိုင်ရေးကိုလည်း ဦးစားပေးဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ယနေ့တွေ့ဆုံပွဲ၌ ဓာတ်ခွဲခန်းအလိုက် ဆောင်ရွက်နေမှုများ၊ စစ်ဆေးပေးနိုင်သည့် ပို့ကုန်/သွင်းကုန်ပစ္စည်းများနှင့်ပတ်သက်၍ ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်ချစ်က Laboratory Network ၏ အရေးပါမှုတို့အားရှင်းလင်းပြောကြားသည်။

ဆက်လက်၍ Laboratory Network ဒုတိယဥက္ကဋ္ဌ၊ ပညာရေး ဝန်ကြီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာဖြူဖြူဝင်းမှ Laboratory Network တည်ထောင်ရခြင်း၏ ရည်ရွယ်ချက်၊ အဖွဲ့၏ လက်ရှိဆောင်ရွက်နေမှု၊ ရှေ့ဆက်ဆောင်ရွက်မည့်အစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသော ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ Lab ကိုယ်စားလှယ် များ၊ GIZ မှ တာဝန်ရှိသူများက ဓာတ်ခွဲခန်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**MOC(IR)**

# အကြံပြုစာများ ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုလုပ်ငန်းသည် အရေးပါသောအခန်းကဏ္ဍမှပါဝင်လျက်ရှိရာ နိုင်ငံတော်အနေဖြင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် အပတ်တကုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများကို အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များကို စာဖတ်သူများထံမှ အကြံပြုချက်များအား ဖိတ်ခေါ်ပါသည်။ ပေးပို့လာသော အကြံပြုချက်များကို သက်ဆိုင်ရာများ သိရှိနိုင်စေရန်အတွက်ဂျာနယ်တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

အကြံဉာဏ်များကိုပေးပို့ရာတွင် အမည်၊ မှတ်ပုံတင်နှင့် နေရပ် လိပ်စာကို ဖော်ပြပေးရမည်ဖြစ်ပြီး အဆိုပါ ကိုယ်ရေးအချက်အလက်များကို ဖော်ပြသွားမည်မဟုတ်ပါ။

# တရုတ်နိုင်ငံသို့ ပို့ကုန် တင်ပို့မည်ဆိုလျှင်









ကျော်စိန်ဝင်း (ပြည်တွင်း/ပြည်ပ)

မြန်မာနိုင်ငံရဲ့ ကုန်သွယ်မှုကဏ္ဍမှာ ပို့ကုန်ထက် သွင်းကုန်က များပြားနေတဲ့အတွက် ကုန်သွယ်မှု လိုငွေပြခြင်းလို့ခေါ်တဲ့ Trade Deficit ဖြစ်နေပါတယ်။ ဒါကြောင့် ကုန်စည်များ ကုန်သွယ်မှုမှာ လိုငွေပြနေခြင်းနဲ့ ပတ်သက်လို့ စိုးရိမ်မှုတွေ ဖြစ်နေပေမယ့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ စီးဝင်နေတဲ့အချိန်မှာ ပြည်ပက စက်ပစ္စည်းကုန်ကြမ်းတွေ တင်သွင်းရတာကြောင့် ကုန်သွယ်မှုလိုငွေပြခြင်းဟာဖြစ်လေ့ ဖြစ်ထရှိတယ်လို့လည်း ဆိုကြပါတယ်။ ဘာပဲဖြစ်ဖြစ် ပို့ကုန်တိုးချဲ့ တင်ပို့နိုင်ရေးဟာလည်း ကုန်သွယ်မှုလိုငွေပြခြင်းကို လျှော့နည်းသက်သာစေတဲ့ လုပ်ဆောင်ချက်ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ပို့ကုန်တိုးမြှင့်နိုင်ရေး နည်းလမ်းများကိုရှာဖွေပြီး ကုန်သွယ်မှုမြှင့်တင်ရေးအပိုင်းကို အထူးအလေးထား ဆောင်ရွက်နေပါတယ်။ အစိုးရသစ်ရဲ့ လမ်းညွှန်ချက်များနဲ့အညီ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဟာ ကုန်သွယ်မှုမြှင့်တင်ခြင်း (Trade Promotion)၊ ကုန်သွယ်မှု ဖြေလျှော့ပေးခြင်း (Trade Liberalization)၊ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေခြင်း (Trade Facilitation)၊ ကုန်သွယ်မှုပညာပေးခြင်း (Trade Education)၊ ကုန်သွယ်မှု စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်း (Trade Negotiation) နဲ့ စားသုံးသူ အကာအကွယ်ပေးခြင်း (Consumers Protection) ဆိုတဲ့ အဓိကမဏ္ဍိုင်ကြီး ခြောက်ရပ်နဲ့အတူ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးထွက်ကုန်နဲ့ သယံဇာတကုန်ကြမ်းတွေကို အဓိကတင်ပို့လျက်ရှိပြီး၊ မြန်မာ့ပို့ကုန်တွေ တိုးမြှင့်တင်ပို့နိုင်ဖို့အတွက် ပြည်ပပို့ကုန်ဈေးကွက်ရရှိရေးဟာ အလွန်ပဲအရေးပါပါတယ်။ အလားတူပဲ ဈေးကွက်ရဲ့လိုလားချက်တွေကိုလေ့လာသိရှိပြီး မိမိတို့ရဲ့ စိုက်ပျိုးရေး ထွက်ကုန်တွေ တင်ပို့ရာမှာ လိုက်နာရမယ့် လုပ်ထုံးလုပ်နည်းများနှင့် စံချိန်စံညွှန်းသတ်မှတ်ချက်တွေကိုလည်း သိရှိနားလည်ထားရမှာဖြစ်ပါတယ်။ ဒါမှသာ ကုန်သည်လုပ်ငန်းရှင်တွေအနေနဲ့ ပို့ကုန်တွေတင်ပို့ရာမှာ နှောင့်နှေးကြန့်ကြာမှုတွေ၊ မလိုလားအပ်တဲ့ နစ်နာဆုံးရှုံးမှုတွေကို ရှောင်ရှားနိုင်မှာပါ။

## ဈေးကွက်ကြီးက အဆင်သင့်စောင့်ကြိုနေတယ်

မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများရဲ့ အဓိကအားထား တင်ပို့နေရတဲ့ ဈေးကွက်ကြီးကတော့ အိမ်နီးချင်းတရုတ်နိုင်ငံပဲဖြစ်ပါတယ်။ တရုတ်နိုင်ငံကို မြန်မာနိုင်ငံက ပို့ကုန်များတင်ပို့နေမှုနဲ့ ပတ်သက်လို့ပြန်လည်ဆန်းစစ်ကြည့်ရာမှာ မြန်မာဘက်က တရားဝင်ပို့ကုန်တွေဖြစ်ပေမယ့် တရုတ်နိုင်ငံရဲ့ သွင်းကုန်စာရင်းမှာ မပါတဲ့အတွက် တရားမဝင် ပို့ကုန်လို့ခေါ်လို့ရပါတယ်။အမှန်တော့ မြန်မာနိုင်ငံနဲ့ နယ်နိမိတ်ချင်း ထိစပ်နေတဲ့ လူဦးရေ ၄၃ သန်းလောက်ရှိတဲ့ ယူနန်ပြည်နယ်ဟာ မြန်မာနိုင်ငံက ထွက်ကုန်တွေကို လိုအပ်နေပြီး ဒေသန္တရကုန်သွယ်မှု သဘောမျိုးနဲ့ လက်ခံနေတာကို တွေ့ရပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ လူဦးရေ ၁၃၈၈ သန်းရှိတဲ့အတွက် မြန်မာနိုင်ငံအနေနဲ့ ယူနန်ပြည်နယ်သာမက တရုတ်နိုင်ငံရဲ့ အခြားပြည်နယ်တွေကို ပုံမှန်ပို့ကုန်တင်ပို့မှုနဲ့ တင်ပို့နိုင်တဲ့ အလားအလာများစွာရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ တရုတ်နိုင်ငံရဲ့ အခြားပြည်နယ်များကို မြန်မာနိုင်ငံက ပို့ကုန်များတင်ပို့ကြမယ်ဆိုရင်တော့ လေကြောင်းနဲ့ ပင်လယ်ရေကြောင်းက တင်ပို့ရမှာဖြစ်ပြီး တရုတ်နိုင်ငံက သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းများနဲ့အညီ လိုအပ်တဲ့ စာရွက်စာတမ်းတွေကို မှတ်ပုံတင်မှုတွေ၊ စိစစ်မှုတွေ ပြုလုပ်ရမှာဖြစ်ပါတယ်။

ဒါကြောင့်လယ်ယာထွက်ကုန်နဲ့ စားသောက်ကုန်ပစ္စည်းတွေကို တရုတ်နိုင်ငံသို့ တင်ပို့ရာမှာ လိုအပ်တဲ့ စံချိန်စံညွှန်းသတ်မှတ်ချက်များနဲ့ စာရွက်စာတမ်းလိုအပ်ချက် (Documentation Requirements) တွေကို လက်လှမ်းမီသလောက်လေ့လာပြီး ထုတ်နုတ်တင်ပြသွားမှာဖြစ်ပါတယ်။ တရုတ်နိုင်ငံဟာ တိုးပွားလာတဲ့ ခနအင်အားနဲ့အတူ အရည်အသွေးမြင့် စားသောက်ကုန်နှင့် အဖျော်ယမကာ စားသုံးမှုဟာလည်း တိုးတက်လျက်ရှိပါတယ်။ တရုတ်နိုင်ငံမှာ လူဦးရေအနည်းဆုံး နှစ်သန်းနေထိုင်တဲ့ Metropolitan City တွေဟာ ၂၀၁၄ ခုနှစ်မှာ ၄၂ မြို့ရှိကြောင်း လေ့လာသိရှိရပြီး အဲဒီမြို့ကြီးတွေမှာနေထိုင်တဲ့ လူလတ်တန်းစား အရေအတွက်ဟာဆိုရင် ၂၀၁၅ ခုနှစ်မှာ ၃၃ သန်းရှိရာကနေ လာမည့်၂၀၂၀ ခုနှစ်မှာ နှစ်ဆနီးပါး အရေအတွက်ဖြစ်တဲ့ ၆၂ သန်းအထိ ရောက်ရှိမယ်လို့ ခန့်မှန်းထားပါတယ်။ ဒါကြောင့် တရုတ်နိုင်ငံဟာ Consumer Goods တွေ အများကြီး တင်သွင်းဖို့လိုတယ်ဆိုတဲ့အချက်ကို တွေ့ရမှာဖြစ်ပါတယ်။

## စားသုံးသူအကြိုက်နှင့် စံချိန်စံညွှန်းများကို သိဖို့လိုမယ်

တရုတ်နိုင်ငံသားတွေဟာ ဝင်ငွေတိုးတက်ရရှိလာတာနဲ့အမျှ နေထိုင်မှုဘဝပုံစံများလည်း မြင့်မားလာပြီး၊ သူတို့ရဲ့ စားသုံးမှုပုံစံ (Consumption Patterns) ဟာ ပြောင်းလဲသွားပြီဖြစ်ပါတယ်။ အစားအစာ ဘေးကင်းလုံခြုံမှုအပိုင်း (Food Safety)၊ အာဟာရတန်ဖိုး (Nutritional Value) နဲ့ ဆွဲဆောင်မှုရှိတဲ့ ထုပ်ပိုးမှုပုံစံ (Attractive Packaging) တို့အပေါ် အလေးထားလာကြတာကို တွေ့ရပါတယ်။ ဒါကြောင့်တရုတ်နိုင်ငံအတွင်းသို့ တင်သွင်းမယ့် စားသောက်ကုန်နဲ့ လယ်ယာထွက်ကုန်ပစ္စည်းများကို အစိုးရပိုင်းက တင်းကျပ်တဲ့ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းတွေနဲ့ စာရွက်စာတမ်း အထောက်အထား လိုအပ်ချက်တွေကို ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ အရည်အသွေးပိုင်း၊ ကူးစက်ရောဂါကင်းစင်မှု၊ ပင်ရင်းဒေသနှင့် သွင်းကုန်ထိန်းချုပ်မှုတို့အပြင် ထုပ်ပိုးမှုဆိုင်ရာ သတ်မှတ်ချက်၊ တံဆိပ်ကပ်ခြင်းဆိုင်ရာ သတ်မှတ်ချက်၊ ကွန်တိန်နာ အခြေအနေတို့ကိုပါ အစိုးရပိုင်းက အလေးထား ကိုင်တွယ်ပါတယ်။

## တရုတ်နိုင်ငံရဲ့သွင်းကုန်အသိအမှတ်ပြုမှုဆိုင်ရာ လိုအပ်ချက်များ

တရုတ်နိုင်ငံဟာ ၂၀၀၁ ခုနှစ်မှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization) အဖွဲ့ဝင်ဖြစ်ခဲ့ပြီး အဖွဲ့ဝင်မဖြစ်ခင်က အလွန်တင်းကျပ်တဲ့ သွင်းကုန်တင်သွင်းမှု စည်းမျဉ်းတွေ ချမှတ်ထားတာဖြစ်ပါတယ်။ WTO အဖွဲ့ဝင်ဖြစ်လာပြီးနောက်ပိုင်း အခွန်နှုန်းထား (Tariffs) နဲ့ သွင်းကုန်အရေအတွက် ကန့်သတ်ချက် (Quantitative Import Restrictions) တွေကို လျှော့ချပေးခဲ့ပါတယ်။ ဒါ့အပြင် တိရစ္ဆာန်နှင့် အပင်ရောဂါပိုးမွှား ကင်းရှင်းရေးဆိုင်ရာ ကန့်သတ်ချက်များ (Sanitary & Phytosanitary Restrictions) အပါအဝင် အကောက်ခွန်မဟုတ်သော ကုန်သွယ်မှု အတားအဆီးတွေ (Non-tariff barriers) ကိုလည်း လျှော့ချပေးဖို့ ကတိကဝတ် ပြုခဲ့ပါတယ်။ ဒီလို ဖြေလျှော့ဆောင်ရွက်ပေးရခြင်းတွေကြောင့်လည်း

> တရုတ်နိုင်ငံရဲ့ အခြားပြည်နယ်များကို မြန်မာနိုင်ငံက ပို့ကုန်များ တင်ပို့ကြမယ်ဆိုရင်တော့ လေကြောင်းနဲ့ ပင်လယ်ရေကြောင်းက တင်ပို့ရမှာဖြစ်ပြီး တရုတ်နိုင်ငံက သတ်မှတ်ထားတဲ့ စည်းမျဉ်း စည်းကမ်းများနဲ့အညီ လိုအပ်တဲ့ စာရွက်စာတမ်းတွေကို မှတ်ပုံတင်မှုတွေ၊ စိစစ်မှုတွေ ပြုလုပ်ရမှာဖြစ်ပါတယ်။

တရုတ်နိုင်ငံကို တင်ပို့မယ့်ပို့ကုန်တွေအတွက် Certification Requirements တွေ ပိုပြီးအသုံးပြုလာတာလို့လည်း ဆိုနိုင်ပါတယ်။ တရုတ်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုအတွက် အဓိကကျတဲ့ လိုအပ်ချက်အချို့ကို ထုတ်နုတ်ဖော်ပြလိုက်ပါတယ်။

### Export Certificates

တရုတ်နိုင်ငံသို့ တင်ပို့မယ့် ကုန်စည်ရဲ့ export consignment တစ်ခုချင်းစီအတွက် ပို့ကုန် တင်ပို့ခွင့်လက်မှတ် (Export Certificate) မူရင်းပါရှိရန် လိုအပ်ပါတယ်။တရုတ်နိုင်ငံ အစိုးရ အနေနဲ့ ထုတ်လုပ်သူ (သို့မဟုတ်) တင်ပို့သူရဲ့ export declarations ကိုလက်မခံပါဘူး။ အလားတူ တင်ပို့တဲ့ နိုင်ငံက ထုတ်ပေးတဲ့ Phytosanitary Certificate ကိုလည်း တရုတ်နိုင်ငံက လက်မခံပါဘူး။ တရုတ်နိုင်ငံဟာ ၎င်းတို့ အသိအမှတ်ပြုထားတဲ့ အဖွဲ့အစည်း (သို့မဟုတ်) ဌာနက ထုတ်ပေးတဲ့ Phytosanitary Certificate ကိုသာလက်ခံပြီး တင်ပို့တဲ့ ကုမ္ပဏီက ထုတ်ပေးလိုက်တဲ့ compliance declaration မျိုးကို လက်မခံဘူးဆိုတဲ့သဘောဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံက ကုန်သည်လုပ်ငန်းရှင်တွေအနေနဲ့ တရုတ်နိုင်ငံကို ကုန်ပစ္စည်းတွေ တင်ပို့တဲ့အခါမှာ Phytosanitary Certificate အပိုင်းကို အထူးအလေးထားသင့်ပါတယ်။

### Certificate of Origin/Certificate of Free Sale

တရုတ်နိုင်ငံသို့တင်ပို့တဲ့ အချို့သော ကုန်စည်များအတွက် တင်ပို့တဲ့နိုင်ငံအစိုးရရဲ့ သက်ဆိုင်ရာ အာဏာပိုင်၊ ပြည်နယ် (သို့မဟုတ်) ဒေသဆိုင်ရာ ကုန်သည်အသင်း၊ ပြည်နယ်အစိုးရ၊ စက်မှုလုပ်ငန်းအသင်း (သို့မဟုတ်) ထုတ်လုပ်သူ စသည်တို့က ထုတ်ပေးတဲ့ ပင်ရင်းဒေသ ထောက်ခံချက်ကိုတင်ပြဖို့ လိုအပ်ပါတယ်။ အဆိုပါ ပင်ရင်းဒေသထောက်ခံချက်ကိုတော့ လယ်ယာထွက်ကုန်နဲ့ စားသောက်ကုန် အားလုံး (processed and packaged food အပါအဝင်) ရဲ့တင်ပို့မှုတိုင်းမှာ ပါရှိရမှာဖြစ်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)



အသံဆို - မုန်ချိုရုပ်ရှင်ဂီတအနုပညာရှင်များလက်စွဲ
နိုင်ငံကျော်
မုန်ချို
သလိပ်ပျော်အသံကောင်း
ချောင်းဆိုးပျောက်ဆေး
အတွင်းလိပ်၊ အပြင်လိပ် အမြန်ဆုံးပျောက်တဲ့
မုန်ချိုလိပ်ခေါင်းပျောက်ဆေး
သမားတော်ကြီး ဦးလှငွေ၊ ဒေါက်တာ တင်နွယ်ဦး (တဆ-၀၁၁၈၀) Ph.D(Alternative Medicine) (India)
မြစ်ပွားနာ-ဂရင်ဂျီနာ-လိပ်ခေါင်း-အနာပေါက်-သွေးတိုး-နှလုံး-ဆီးချို-လေငန်းအထွေထွေရောဂါအထူးကု
အမျိုးသမီးများအတွက် ဆရာမကြီးကိုယ်တိုင် အထူးစမ်းသပ်ကုသပေးသည်။
ဖြန့်ချိရေး - မုန်ချိုဆေးတိုက်၊ ရွှေဘုံသာအလယ်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၁-၃၈၄၆၅၁၊ ၃၇၅၁၀၁၊ ၃၈၆၇၄၁
TMR-012270
TMR-012269




စိတ်အာရုံကို ကြည်လင်လန်းဆန်းစေရမည်။
မုန်ချို ဒေါက်တာ တင်နွယ်ဦး (တဆ-၀၁၁၈၀) Ph.D(Alternative Medicine) (India)
ဇက်ကြောတက် ခေါင်းကိုက်ပျောက်ဆေး
မြစ်ပွားနာ-ဂရင်ဂျီနာ-လိပ်ခေါင်း-အနာပေါက်-သွေးတိုး-နှလုံး-ဆီးချို-လေငန်းအထွေထွေရောဂါ အထူးကု
အမျိုးသမီးများအတွက် ဆရာမကြီးကိုယ်တိုင် အထူးစမ်းသပ်ကုသပေးသည်။
ဖြန့်ချိရေး - မုန်ချိုဆေးတိုက်၊ ရွှေဘုံသာအလယ်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၁-၃၈၄၆၅၁၊ ၃၇၅၁၀၁၊ ၃၈၆၇၄၁




Royal Rose
Myanmar Sandals & Bags
Export Quality Products
Bldg.No.216,Room(4),Yankin St
Yankin Tsp,Yangon,Myanmar.
Ph : 09-799 593 453,09 431 057480,09 421057480
E-mail: m.platinum@gmail.com




WINMERO 1000
LYKAPANZOL
LYPIME
ANGIVAS
LDNIL 10
ATOREM F 10
RV-TELPHA
Real Value Therapy Pharmaceuticals Co.,Ltd.
No.138, B(1), Ground Floor, New University Avenue Road, Bahan Tsp, Yangon, Myanmar. Ph: 01 553703

## လက်ဖက်ခြောက်

### မူဆယ်ရောမြဝတီမှပါ လက်ဖက်ခြောက်တင်ပို့

ဇွန် ၂၄ ရက်မှ ၃၀ ရက်ထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁၆၉၉၅ တန်ဖိုးရှိလက်ဖက်ခြောက် ၅၄ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၅၁တန်နဲ့ နှိုင်းယှဉ်ပါက ၃ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

အလားတူ မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၃၇၈၁ တန်ဖိုးရှိ လက်ဖက်ခြောက် ၁၀ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တာချီလိတ်မှ လက်ဖက်ခြောက် တင်ပို့မှု မရှိခဲ့ပါဘူး။

ဇွန်လအတွင်း မူဆယ်မှ လက်ဖက်ခြောက်တန် နှစ်ရာကျော်၊ ချင်းရွှေဟော်မှ ၃၂ တန်ကို တရုတ်နိုင်ငံသို့လည်းကောင်း၊ တာချီလိတ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ တန် ၉၀ ကျော်ကိုလည်းကောင်း တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံမြို့အနီးဝန်းကျင်နဲ့ တာချီလိတ်မြို့ရဲ့ တောင်တန်း၊ တောင်ကြောတွေပေါ်မှာ လက်ဖက်ကို စိုက်ပျိုးကြပြီး တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချကြောင်း၊ မြန်မာနိုင်ငံမှထွက်ရှိတဲ့ လက်ဖက်(အခါးခြောက်) ကို ဂျာမနီ နိုင်ငံသို့တင်ပို့နေရကြောင်း သိရပါတယ်။

**မော်မော်အောင်**

## ပဲရဆေး

### မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဇွန်လအတွင်း ပဲရဆေး တန်ချိန်နှစ်ထောင်ခန့်တင်ပို့

ဇွန် ၂၄ ရက်မှ ၃၀ ရက်ထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၃၅၃ သန်း တန်ဖိုးရှိ ပဲရဆေးကုန်ကြမ်း အမယ်ရှစ်မျိုး၊ တန်ချိန်အားဖြင့် ၃၁၂ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၄၆၅ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၁၅၃ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ပဲရဆေးအမယ်များမှာ ကွမ်းစားဂမုန်း၊ နနွင်းတက်၊ တောချင်း၊ ဆီးဆန်၊ မာလာဥခေါင်း၊ နေလဲစေ့၊ ကြောင်လျှာစေ့နဲ့ မိကျောင်းကွမ်းဖတ်စေ့တို့ ဖြစ်ပါတယ်။ ယခုတစ်ပတ်မာလာဥခေါင်း တင်ပို့မှုလျော့နည်းခဲ့ပြီး မာလာဥတင်ပို့မှု မရှိခြင်းကြောင့် ပဲရဆေးတင်ပို့မှု တန်ချိန်ရော တန်ဖိုးပါ ယခင်တစ်ပတ်ထက် လျော့နည်းရတာ ဖြစ်ကြောင်း၊ ဇွန်လ တစ်လလုံး မူဆယ်မှ တင်ပို့ခဲ့တဲ့ ပဲရဆေးကုန်ကြမ်း တန်ချိန်နှစ်ထောင်ခန့်ရှိကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သိရပါတယ်။

မြန်မာ-အိန္ဒိယ နယ်စပ်ရှိ တမူးကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၈၄၇၂ တန်ဖိုးရှိ တောင်လုံးကျော် တန်ဝက်ကိုလည်းကောင်း၊ ဇွန်လအတွင်း တမူးမှတစ်ဆင့် တောင်လုံးကျော် ၆ တန်နီးပါးကိုလည်းကောင်း၊ မြန်မာနိုင်ငံသို့ တင်သွင်းခဲ့ကြောင်း စခန်းမှစာရင်းအရ သိရပါတယ်။ **မော်မော်အောင်**

## ပြောင်း

### တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ပြောင်းတန်ချိန် နှစ်သောင်းနီးပါးတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းသုံးခုမှ ဇွန်လ ၂၄ ရက်မှ ၃၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၄၅ သန်း တန်ဖိုးရှိ ပြောင်းတန်ချိန် ၁၉၄၂၈ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ ၁၃၈၅၀တန်၊ လွယ်ဂျယ်မှ ၅၀၂၆ တန်နဲ့ ချင်းရွှေဟော်မှ ၅၅၂ တန်ကျော် ဖြစ်ပါတယ်။ ယခင်တစ်ပတ်က အဆိုပါ စခန်းများမှ ပြောင်းတန်ချိန် ၁၇၈၂၅ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၆၀၃ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ ဇွန်လ တစ်လလုံး တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ပြောင်းတန်ချိန် ၅၅၀၀၀ ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပြီး တာချီလိတ် ကုန်သွယ်ရေးစခန်းမှလည်း ပြောင်း တန်တစ်ရာကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ စခန်းများမှ ပေးပို့တဲ့ စာရင်းများအရ သိရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ဇွန်လ ၂၄ ရက်မှ ၃၀ ရက်အထိ သီတင်းပတ်အတွင်း ပြောင်း တစ်တန်ကို ၂၅၈၈၂၄ ကျပ်ရှိပြီး ပြောင်းတစ်ပိဿာ သယ်ယူခမှာ ၅၆-၆၄ ကျပ်ရှိကြောင်း၊ မူဆယ်သို့ ပြောင်းကားစီးရေ ၆၁၆ စီး ဝင်ရောက်ခဲ့ကြောင်း၊ တစ်ဖက်နိုင်ငံဝယ်ဈေးမှာ ယွမ် ၁၄၄၀ ရှိကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

## ပြောင်း

### ဈေးပြန်လည်မြင့်တက်သော်လည်း ရော်ဘာတင်ပို့မှု လျော့ကျ

ဇွန် ၂၄ ရက်မှ ၃၀ ရက်အထိ သီတင်းတစ်ပတ်အတွင်း ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၇၄ သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံတန် ၁၄၉၀ ကို တင်ပို့ခဲ့ရာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှRSS3 ၂၀၇ တန်၊ RSS 5 ၃၅၆ တန်ကျော်၊ MSR 20 ၁၅၈ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ Crepe Rubber ၁၀တန်၊ ချင်းရွှေ ဟော်ကုန်သွယ်ရေးစခန်းမှRSS3 ၆၁၉ တန်၊ RSS 1 ၁၉ တန်ကျော်၊ MSR 20 တန် ၇၀ နဲ့ Crepe Rubber ၁၅ တန် တင်ပို့ခဲ့ပြီး မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ရော်ဘာစေး ၃၆ တန် တင်ပို့ခဲ့ပါတယ်။

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်၊ ချင်းရွှေဟော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းနဲ့ မြန်မာ- ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းများမှ ၂၀၁၇ ခုနှစ်ဇွန်လတစ်လလုံးမှာ အမေရိကန်ဒေါ်လာ ၈ ဒသမ ၆၅၆ သန်း တန်ဖိုးရှိရော်ဘာအဆင့်စုံ ၆၉၁၄ တန်ခန့် တင်ပို့ခဲ့ပါတယ်။ အနီးစပ်ဆုံးမေလက ရော်ဘာ ၁၁၁၅၄ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ဇွန်လမှာ တန်ချိန် ၄၂၄၀ လျော့နည်းခဲ့ပါတယ်။ ရော်ဘာရာသီချိန်ကုန်ပြီး ခြံပိတ်ချိန်ဖြစ်တဲ့အတွက် တင်ပို့မှုလျော့နည်းသွားခြင်းဖြစ်ပါတယ်။

ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာဈေးနှုန်းများမှာ RSS 3 တစ်တန်လျှင် ကျပ် ၁၉ ဒသမ ၃၇ သိန်းဖြစ်ပြီး ယခင်တစ်ပတ်ထက် တစ်တန်ကို ၇၅၆၇ ကျပ်ဈေးတက်ကြောင်းနဲ့ RSS 5 တစ်တန်လျှင် ကျပ် ၁၈ ဒသမ ၄၁ သိန်းဖြစ်ပြီး ယခင်တစ်ပတ်ထက်တစ်တန်ကို ၁၅၆၇ ကျပ်ဈေးတက်ကြောင်း သိရှိရပါတယ်။

ဇွန် ၂၅ ရက်မှ ဇူလိုင် ၁ ရက်အထိ သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုညဒသမ ၇၈၁ သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၅၂၄ တန်ခန့်ကိုတင်ပို့ခဲ့ပြီးနိုင်ငံအလိုက်တင်ပို့မှုများမှာမလေးရှားနိုင်ငံသို့ RSS3 ၆၁ တန်ခန့်နဲ့ Synthetic Rubber တန် ၁၀၀၊ တရုတ်နိုင်ငံသို့ MSR 10 ၁၀၁ တန်ခန့်၊ အိန္ဒိယနိုင်ငံသို့ MSR 20 တန် ၄၀ ကျော်၊ ဂျပန်နိုင်ငံသို့ MSR 20 ၉၈ တန်၊ ကိုရီးယားနိုင်ငံသို့ TSR 20 ၁၂၄ တန်ခန့် တင်ပို့ခဲ့ပါတယ်။ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဇွန်လတစ်လ လုံးအတွင်းမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၃၈ သန်းတန်ဖိုးရှိ ရော်ဘာ ၂၀၈၂ တန်ကျော် တင်ပို့ခဲ့ပြီး အနီးစပ်ဆုံးမေလနဲ့နှိုင်းယှဉ်ပါက မေလက ရော်ဘာ ၂၈၄၈တန် တင်ပို့ခဲ့တဲ့အတွက် ယခုလမှာ ၇၆၆တန် လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ်နိုင်ငံတကာရော်ဘာဈေးမြင့်တက်လာတဲ့အတွက် မြန်မာ့ရော်ဘာဈေးလည်း မြင့်တက်ခဲ့ပါတယ်။ ပြည်ပပို့မယ့် မြန်မာ့ရော်ဘာ FOB ဈေးမှာ RSS တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀ ကျော်၊ MSR တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ ကျော် ဈေးတက်ကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်းရဲ့ ဈေးနှုန်းထုတ်ပြန်ထားချက်အရ သိရှိရပါတယ်။

RSS 1 တစ်တန်လျှင် ဒေါ်လာ ၁၆၀၀-၁၇၀၀၊ RSS 2 တစ်တန်လျှင် ဒေါ်လာ ၁၅၅၀-၁၆၅၀၊ RSS 3 တစ်တန်လျှင် ဒေါ်လာ ၁၅၀၀-၁၆၀၀ ၊ RSS 4 တစ်တန်လျှင် ဒေါ်လာ ၁၄၅၀-၁၅၅၀၊ RSS 5 တစ်တန်လျှင် ဒေါ်လာ ၁၄၀၀-၁၅၀၀၊ MSR 3L တစ်တန်လျှင် ဒေါ်လာ ၁၉၅၀-၂၀၅၀၊ MSR 10 တစ်တန်လျှင်ဒေါ်လာ ၁၆၀၀-၁၇၀၀၊ MSR 20 တစ်တန်လျှင် ဒေါ်လာ ၁၄၅၀-၁၅၅၀၊ MSR 50 တစ်တန်လျှင် ဒေါ်လာ ၁၃၅၀-၁၄၅၀၊ Crepe Rubber တစ်တန်လျှင် ဒေါ်လာ ၁၂၅၀-၁၃၅၀တို့ဖြစ်ကြပါတယ်။ **ယဉ်ယဉ်အေး**

## ဆန်

### ဆန်သိုလှောင်ရုံနှင့် စပါးကျီများဆောက်လုပ်ရန် ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများအား ကမ္ဘောဒီးယားနိုင်ငံက ဆွဲဆောင်လျက်ရှိ

ပြည်ပသို့ နှစ်စဉ်ဆန်တန်ချိန် တစ်သန်းတင်ပို့ရန် ကမ္ဘောဒီးယားနိုင်ငံ၏ ရည်မှန်းချက်ကို ပြည့်မီရန်အတွက် လိုအပ်နေသည့်စပါးသိုလှောင်မှုဆိုင်ရာကိစ္စရပ်အား ဖြည့်ဆည်းပေးနိုင်ရန် ဆန်သိုလှောင်ရုံများနှင့် စပါးကျီ အမြောက်အများ ဆောက်လုပ်မည့် အဆိုပြုစီမံချက်သည်တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီနှစ်ခုအား ဆွဲဆောင်လျက်ရှိကြောင်း သိရှိရပါသည်။

ကမ္ဘောဒီးယားနိုင်ငံက တစ်နှစ်ဆန်တန်ချိန်တစ်သန်းကို ပြည်ပသို့တင်ပို့နိုင်ရန်အတွက် လက်ရှိတွင်အဆိုပါပမာဏ၏ ဆန် ၄၀ ရာခိုင်နှုန်းအတွက်သာ သိုလှောင်ရုံများရှိပြီး ၆၀ ရာခိုင်နှုန်းခန့်လိုအပ်လျက်ရှိကြောင်းသိရှိရသည်။

ကမ္ဘောဒီးယားနိုင်ငံမှ ဆန်ထုတ်လုပ်သူများအား ဝန်ဆောင်မှုပေးရန်အတွက် ဆန်သိုလှောင်ရုံကြီးတစ်ခုတည်ဆောက်ရန် တရုတ်နိုင်ငံပုဂ္ဂလိက ကုမ္ပဏီများဖြစ်သည့် Jilin Province Investment Group Co.,Ltd. နှင့် Jilin Tianzhong Agriculture Development Co.,Ltd., တို့သည် ကမ္ဘောဒီးယားနိုင်ငံရှိပြည်တွင်းစီးပွားရေးကော်ပိုရေးရှင်းကြီးတစ်ခုဖြစ်သည့် Soma Group နှင့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါသည်။

ကမ္ဘောဒီးယားနိုင်ငံဆန်အသင်း၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ Hun Lak က တရုတ်ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများ အနေဖြင့် ဆန်သိုလှောင်ရုံများတည်ဆောက်ရန်အတွက် နေရာနှင့်ဆောက်လုပ်မည့်သိုလှောင်ရုံအရွယ်အစားတို့အား လေ့လာဆန်းစစ်မှုပြုလုပ်သွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် Battambang နှင့် Takeo ပြည်နယ်တို့တွင် ဦးစားပေးဆောက်လုပ်သွားမည်ဖြစ်ပြီး၊ အခြားဒေသများတွင်လည်း သိုလှောင်ရုံများထပ်မံဆောက်လုပ်သွားရန်ရှိကြောင်း ပြောကြားခဲ့ပါသည်။

ယခုကဲ့သို့ တရုတ်နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုက မိမိတို့နိုင်ငံ၏ ဆန်စပါးကဏ္ဍတွင် လိုအပ်ချက်တစ်ခုဖြစ်သည့် ဆန်သိုလှောင်မှု ပြဿနာအား အလေးထားဖြည့်ဆည်းကူညီဆောင်ရွက်သွားလိမ့်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် လက်ရှိ ဆန်ဂိုထောင်ကြီးများနှင့် စပါးကျီများရှိသော်လည်း အဆိုပါကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှုများ လိုအပ်လျက်ရှိသေးကြောင်း ၎င်းက ပြောကြားခဲ့ပါသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ယခင်နှစ်က ပြည်ပသို့ဆန်တန်ချိန် ၅၃၀၀၀၀ တန်တင်ပို့ခဲ့ပြီး ၎င်းတင်ပို့မှုအတွက် ကြိတ်ခွဲမှုမှာ ခြောက်လခန့်ကြာမြင့်ကြောင်း သိရှိရသည်။

လက်ရှိတွင် တောင်သူများအား လိုအပ်သည့်ငွေထုတ်ချေးပေးခြင်းနှင့် စပါးများသိုလှောင်ခြင်း အစရှိသည့် နိုင်ငံ၏ ဆန်စပါးဆိုင်ရာ အခြေခံအဆောက်အဦလိုအပ်ချက်ကို ဆောင်ရွက်ပေးလျက်ရှိသော Thaneakea Srov (Kampuchea) ၏အမှုဆောင်အရာရှိချုပ်ဖြစ်သူ Phou Puy က ရင်းနှီးမြှုပ်နှံမှုအသစ်များကြောင့် ပြည်တွင်းဆန်စက်လုပ်ငန်းရှင်များ အနေဖြင့် တစ်နှစ်ပတ်လုံးလုပ်ငန်းလည်ပတ်နေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

Battambang ပြည်နယ်တွင်ရှိသည့်အဆိုပါ Thaneakea Srov ပိုင်ဆန်ဂိုထောင်တွင် ဆန်တန်ချိန် ၄၀၀၀၀ခန့် သိုလှောင်နိုင်ပြီး လာမည့်နှစ်တွင် ဆန်တန်ချိန် ၂၀၀၀၀၀ သိုလှောင်နိုင်သည့် ဂိုဒေါင်တစ်လုံးကို ဆောက်လုပ်လျက်ရှိကြောင်း သိရှိရသည်။ **စန္ဒာထွန်း(TTI)**

## MPT က စီးပွားရေးလုပ်ငန်းများအတွက် B2B ဒေတာအစီအစဉ်သစ်များ မိတ်ဆက်

MPT က စီးပွားရေးလုပ်ငန်းများအတွက် အထူးရည်ရွယ်ထားသည့် B2B ဒေတာအစီအစဉ်သစ်များကို ထုတ်ပြန်ကြေညာလိုက်သည်။အဆိုပါ B2B အစီအစဉ်တွင် ယခင်က အစီအစဉ်များထက် ဒေတာပမာဏ ပိုမိုများပြား၍ ဈေးနှုန်းပိုမိုချိုသာသော ပက်ကေ့ချ်အမျိုးအစား ခြောက်မျိုးဖြစ်သည့် 800 MB မှ 20 GB အထိကို ရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်သည်။

စီးပွားရေးလုပ်ငန်းများတွင် အင်တာနက်သုံးစွဲသူများအနေဖြင့် MPT ၏ မြန်ဆန်သော ဒေတာကွန်ရက်ကို အသုံးပြုပြီး မိမိတို့လိုအပ်သည့် အစီအစဉ်များကို ရွေးချယ်ဝယ်ယူ အသုံးပြုနိုင်မည်ဖြစ်သည်။

ယခုအချိန်တွင်လည်း MPT ၏ LTE+ ဝန်ဆောင်မှုအသစ်ကို အသုံးပြုပြီး စီးပွားရေးလုပ်ငန်းဆိုင်ရာ ဆက်သွယ်မှုများနှင့် အရောင်းအဝယ်လုပ်ငန်းများကို ပိုမိုမြန်ဆန်စွာ ဆောင်ရွက်နိုင်မည့် အကျိုးကျေးဇူးကို ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ဒေတာများစွာ အသုံးပြုရတဲ့ စီးပွားရေးလုပ်ငန်းတွေအတွက် MPT ကနေပြီး ဒေတာပမာဏများတဲ့ B2B ဒေတာအစီအစဉ်သစ်ကို တကယ်တန်တဲ့ဈေးနှုန်းတွေနဲ့ ဆောင်ရွက်ပေးပြီး စီးပွားရေးလုပ်ငန်းတွေမှာ ဒေတာအသုံးပြုခ ကုန်ကျမှုတွေကို လျှော့ချနိုင်ဖို့အတွက် အခုလို စီစဉ်ပေးတာဖြစ်ပါတယ်"ဟု MPT-KSGM Joint Operations ၏ Chief Commercial Officer ဖြစ်သူ Mr. Reizo Umeda မှ ပြောကြားခဲ့ပါသည်။

စီးပွားရေးလုပ်ငန်းများအတွက် အသုံးပြုသူများအနေဖြင့် မှတ်ပုံတင်ကြေးပေးဆောင်ရန်မလိုဘဲ SMS မှတစ်ဆင့် မိမိတို့အလိုရှိသော အစီအစဉ်ကို အလွယ်တကူရယူနိုင်မည်ဖြစ်သည်။

ကြိုတင်ငွေဖြည့်ကတ်(prepaid) အသုံးပြုသူများ၊ အသုံးပြုပြီးမှ ပေးချေသည့်စနစ် (postpaid) သုံးသူများနှင့် ငွေကြိုတင်ပေးချေကာ ရယူသည့်နည်းလမ်းဖြင့် အသုံးပြုသူများပါ ယခုဝန်ဆောင်မှုကို ရရှိနိုင်မည်ဖြစ်ပြီး အသုံးပြုမည့်သူအရေအတွက် အကန့်အသတ်မရှိ ရယူအသုံးပြုနိုင်မည်ဖြစ်သည်။

ထို့အပြင် MPT ၏ အခြား B2B ဝန်ဆောင်မှုများဖြစ်သည့် ဖိုက်ဘာ၊ ဒေတာ၊ Closed User Group (CUG) နှင့် မိုဘိုင်းလ်စနစ်ဖြင့် SMS အမြောက်အမြားပေးပို့သည့် ဝန်ဆောင်မှုပက်ကေ့ချ် (MEP) အစရှိသည်တို့ကို စိတ်ပါဝင်စားပါက ဝယ်ယူမည့်သူများအနေဖြင့် B2B Sales Team သို့မဟုတ် B2B@mptjo.com.mm နှင့် ဖုန်းနံပါတ် +၉၅၉၄၂၆၀၀၀၃၂၃ သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။

**မယ်သီတာ**

## မြန်မာနိုင်ငံရှိ လမ်းမများပေါ်တွင် ယာဉ်အန္တရာယ် ကင်းရှင်းစေရန် BOSCH က ပံ့ပိုးပေးသွားမည်



မြန်မာနိုင်ငံရှိ လမ်းမများပေါ်တွင် ယာဉ်အန္တရာယ် ကင်းရှင်းစေရန်အတွက် BOSCH က ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း BOSCH က ဇူလိုင် ၆ ရက်တွင် ပြုလုပ်သည့် ယာဉ်အန္တရာယ် ကင်းရှင်းရေးဆိုင်ရာ လှုပ်ရှားမှုမှ သိရသည်။

အဆိုပါလှုပ်ရှားမှုကို Beauty Beneath ဟု အမည်ပေးထားပြီး ယင်းလှုပ်ရှားမှုကို Grafty အနုပညာရှင် အာကာကျော်နှင့်ပူးပေါင်း၍ လုပ်ဆောင်ခဲ့သည်။ ယင်းလှုပ်ရှားမှုတွင် Grafty အနုပညာရှင် အာကာကျော်က မရမ်းကုန်းမြို့နယ် ဘုရင့်နောင်လမ်းပေါ်ရှိ ဟောင်းနွမ်းပြီး ရေညှိတက်နေသည့် ကန်ထရိုက်တိုက်နံရံကို ဆေးရောင်စုံမသုံးဘဲ တစ်မူထူးခြားသည့် နည်းပညာဖြစ်သော Bosch Pressure Washer နှင့်ရေကိုသာအသုံးပြုပြီး ခြယ်မှုန်းခဲ့ကြောင်း သိရသည်။

Bosch Pressure Washer သည် ရေဖိအားအပြည့်ဖြင့် အညစ်အကြေးများကို ရှင်းလင်းသန့်စင်နိုင်သော စိတ်ချယုံကြည်ရသည့် အရည်အသွေးမြင့် ပစ္စည်းဖြစ်ကြောင်း သိရသည်။

"ယာဉ်လမ်းအန္တရာယ် ကင်းရှင်းရေးဆိုတဲ့စကားက ကျွန်တော်တို့ တစ်ဦးတစ်ယောက်ချင်းစီရဲ့ ဘဝတွေအတွက် နေ့စဉ်တိုင်းမှာ အရေးကြီးလှပါတယ်။ နှစ်စဉ်နှစ်တိုင်း လူသန်းပေါင်းများစွာဟာ ယာဉ်မတော်တဆဖြစ် ပွားပြီး ထိခိုက်ဒဏ်ရာရရှိခြင်း ဒါမှမဟုတ် အသက်ဆုံးရှုံးမှုတွေ ကြုံတွေ့နေရပါတယ်။ မော်တော်ယာဉ်သုံး ဆက်စပ်ပစ္စည်းတွေကို ထောက်ပံ့ပေးနေတဲ့ ကုမ္ပဏီတစ်ခုဖြစ်တဲ့ BOSCH အနေနဲ့ မော်တော်ယာဉ်တွေကို နည်းပညာအကူအညီနဲ့ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရအောင် ကူညီပေးသွားမှာပါ"ဟု မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့ကို တာဝန်ယူထားသော BOSCH ၏အုပ်ချုပ်မှုဒါရိုက်တာဖြစ်သူ Andre de Jong က ပြောကြားခဲ့သည်။

"ကင်းဗတ်အထည်စမှာပဲ ဆွဲဆွဲ၊ နံရံမှာပဲဆွဲဆွဲ ပန်းချီဆိုတာဟာ ကျွန်တော်တို့လို အနုပညာရှင်တွေရဲ့အတွေးစိတ်ကူးလေးတွေကို ဖော်ပြပေးတဲ့ ကြားခံတစ်ခုပါပဲ။ ဒီ Beauty Beneath အစီအစဉ်ဟာ မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေကို ယာဉ်အန္တရာယ် ကင်းရှင်းဖို့ သတိပေးနှိုးဆော်တဲ့ လှုပ်ရှားမှုလေးဖြစ်ပြီး ဒီလိုအစီအစဉ်မျိုးမှာ ပါဝင်ခွင့်ရတဲ့အတွက် ကျွန်တော်အထူးပဲ ဝမ်းသာမိပါတယ်"ဟု အာကာကျော်က ပြောကြားခဲ့သည်။

BOSCH ၏ ယာဉ်အန္တရာယ် ကင်းရှင်းရေးပညာပေး နှိုးဆော်မှုများ လုပ်ဆောင်ရာတွင် street art ကို အသုံးပြုမှုသည် Beauty Beneath တွင် ပထမဆုံးမဟုတ်ဘဲ ၂၀၁၄ ခုနှစ်က ကမ္ဘာအေးဘုရားလမ်းတွင် ပြုလုပ်သော ယာဉ်အန္တရာယ်ကင်းရှင်းရေး သတိပေးနှိုးဆော်မှုလုပ်ရာတွင်လည်း မီတာ ၁၅၀ အရှည်ရှိသောနံရံ၌ ယခုကဲ့သို့ပင် street art ကို အသုံးပြုခဲ့ကြောင်း သိရသည်။

**မယ်သီတာ**

## 15th ASEAN Ports and Shipping 2017 ကို မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်ကျင်းပ

15th ASEAN Ports and Shipping 2017 ကို မြန်မာနိုင်ငံ ရန်ကုန်မြို့ရှိ ဆူးလေရှန်ဂရီလာဟိုတယ်တွင် ဇူလိုင် ၆ ရက်နှင့်၇ရက်တို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါညီလာခံသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်ကျင်းပခဲ့ခြင်းဖြစ်ပြီး မြန်မာ့ဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပင်လယ်ရေကြောင်းကုန်စည်ပို့ဆောင်မှုလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေရန် အာဆီယံဒေသတွင်းနိုင်ငံများက နည်းလမ်းများ ရှာဖွေပူးပေါင်း ဆောင်ရွက်ရန်နှင့် တစ်ခုတည်းသော သယ်ယူပို့ဆောင်ရေးနှင့်စီးပွားရေး အသိုက်အဝန်းဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းအခမ်းအနားတွင် ပြပွဲကိုပါ ထည့်သွင်းကျင်းပခဲ့ရာ မြန်မာနိုင်ငံအပါအဝင် ဩစတြေးလျ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ အင်္ဂလန်၊ ဂျာမနီအစရှိသည့် နိုင်ငံပေါင်း ၁၈ နိုင်ငံမှ ကိုယ်စားလှယ်ပေါင်း ၃၀၀ ကျော်က ပြခန်းပေါင်း ၅၀ ကျော်ဖြင့် ပါဝင်ပြသခဲ့ကြောင်း သိရသည်။

ပြပွဲတွင် သင်္ဘောတည်ဆောက်ရေးနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ စက်ကိရိယာများကို ပြသခဲ့ပြီး ဆိပ်ကမ်းနှင့်ပတ်သက်သည့် စီမံခန့်ခွဲမှုနည်းပညာများကိုလည်း ဆွေးနွေးခဲ့ရာ ပြည်တွင်း၊ ပြည်ပမှ ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**မယ်သီတာ**

## Iron Cross အဖွဲ့၏ Rock with Shell Advance ရော့ခ်ဂီတဖျော်ဖြေပွဲများကို မြန်မာနိုင်ငံတစ်ဝန်း၌ ကျင်းပသွားမည်

TA Resources Myanmar ကုမ္ပဏီက မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရော့ခ်ဂီတချစ်သူများအတွက် အထူးအစီအစဉ် တစ်ရပ်အနေဖြင့် Iron Cross တေးဂီတအဖွဲ့နှင့် ပူးပေါင်းပြီး IC ရှိုးပွဲများအား ကြည့်ရှုခွင့်ရရှိနိုင်ရန်အတွက် ယခုနှစ် ပွင့်လင်းရာသီတွင် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း TA Resources Myanmar ကုမ္ပဏီ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ အစီအစဉ်ကို "Rock with Shell Advance"ဟု အမည်ပေးထားပြီး နေ့စဉ်သုံးမော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များအတွက် လိုအပ်သော Shell စက်ချောဆီကို ဝယ်ယူသုံးစွဲရုံဖြင့် အဆိုပါ IC ရှိုးပွဲကို အခမဲ့ ကြည့်ရှုခွင့် ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်ကို ဇူလိုင်လဆန်းမှ စတင်မည်ဖြစ်ပြီး မော်တော်ယာဉ်ငယ်သုံး Shell Helix (၄လီတာနှင့် ၆လီတာ) ဘူးများတွင် လည်းကောင်း၊ လုပ်ငန်းသုံးယာဉ်သုံး Shell Rimulia (၅လီတာနှင့်၆လီတာ) ဘူးများတွင်လည်းကောင်း IC ရှိုးပွဲလက်မှတ်တစ်စောင်နှင့် လဲလှယ်နိုင်မည့် ကူပွန်များ ထည့်သွင်းကာ ဈေးကွက်အတွင်း ဖြန့်ချိလျက်ရှိကြောင်း သိရသည်။

ထို့အပြင် IC အဖွဲ့သားများ၏ ရုပ်ပုံဖြင့် ထုပ်ပိုးထားသော Shell Advance မော်တော်ဆိုင်ကယ်သုံး တစ်လီတာဝင် လေးဘူးပါ တစ်ပါကင် (Limited Edition) ဝယ်ယူသူတိုင်းအတွက်လည်း IC ရှိုးပွဲလက်မှတ် နှစ်ဆောင်ဖြင့် လဲလှယ်နိုင်မည့်ကူပွန်များကို ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကနဦးဖျော်ဖြေပွဲအနေဖြင့် လာမည့် စက်တင်ဘာ ၂၃ ရက်တွင် မန္တလေးမြို့၌ စတင်ကျင်းပသွားမည်ဖြစ်ပြီး ဂီတဖျော်ဖြေပွဲဝင်ခွင့် လက်မှတ်များကို ပွဲမစခင်နှစ်ပတ်အလို စက်တင်




ဘာ ၉ ရက်မှစတင်၍ TA Resource Myanmar ၏ မန္တလေးရုံးခွဲတွင် လည်းကောင်း၊ ယင်းကုမ္ပဏီက ရွေးချယ်သတ်မှတ်ထားသော တရားဝင် အရောင်းဆိုင် ၁၀ ဆိုင်တွင်လည်းကောင်း လက်မှတ်များလဲလှယ်နိုင်ရန် စီစဉ်သွားမည်ဖြစ်ပြီး၊ ရောင်းရငွေမှရရှိသောအကျိုးအမြတ်၏ နှစ်ရာခိုင်နှုန်းကို လူမှုအကျိုးပြုအဖွဲ့အစည်းများအား ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း၊ TA Resource Myanmar Company ၏ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အလားတူ မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့ကြီးများဖြစ်သည့် ရန်ကုန်၊ ပြည်၊ တောင်ကြီး စသည့် မြို့ကြီးများတွင်လည်း ယခုနှစ်ကုန်ပိုင်းတွင် အဆိုပါ ဖျော်ဖြေပွဲများကို ကျင်းပသွားမည်ဖြစ်ပြီး၊ Iron Cross ဖျော်ဖြေပွဲကြည့်ရှုနိုင်မည့် လက်မှတ်လဲလှယ်ရန် နေရာများကိုအချိန်နှင့်တစ်ပြေးညီ ကြေညာပေးသွားမည်ဖြစ်ကြောင်း ကုမ္ပဏီ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**မယ်သီတာ**

# ကျေးလက်ရန်ပုံငွေအဖြစ် ဘတ် ၁၅ ဘီလီယံ ထိုင်းအစိုးရက ထပ်မံထောက်ပံ့

ထိုင်းနိုင်ငံတွင် ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ် အောက်ရှိပြည်သူ့ နိုင်ငံတော် စီမံကိန်း တွင်ပါဝင်သော အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းတစ်ရပ်ဖြစ်သည့် ကျေးလက်ရန်ပုံငွေစီမံကိန်း သို့ယခုဘဏ္ဍာနှစ်အတွင်း ထောက်ပံ့ငွေ ဘတ် ၁၅ ဘီလီယံအား ဇွန်လ ၂၃ ရက်က အတည်ပြုပေးခဲ့ပါသည်။

ဝန်ကြီးချုပ်ရုံး ဝန်ကြီးနှင့် အမျိုးသားကျေးလက်နှင့် မြို့ပြလူမှုဘဝ ရန်ပုံငွေကော်မတီ ဥက္ကဋ္ဌဖြစ်သူ Mr.Suvit Maesincee က လာမည့်လ အတွင်း ကော်မတီမှ ရန်ပုံငွေ လွှဲပြောင်းပေးအပ်သွားမည်ဟု အတည်ပြုပြောကြားပါသည်။ ယခုခွင့်ပြုငွေသည် ၂၀၁၇ ခုနှစ် ပထမနှစ်ဝက် ခွင့်ပြုရန်ပုံငွေ ဘတ်ဘီလီယံ ၁၉၀ အပြင် ထပ်မံခွင့်ပြုခြင်းဖြစ်ကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ပြုရန်ဖြစ်ကြောင်း ပြောကြားပါသည်။

အစိုးရအနေဖြင့် ပြည်နယ်အလိုက် ပုဂ္ဂလိက ကဏ္ဍရင်းနှီးမြှုပ်နှံမှု တိုးမြှင့်စေရန် ရည်မှန်းပြီး ရန်ပုံငွေများ တိုးမြှင့်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ မူလ ခွင့်ပြုငွေ ဘတ် ဘီလီယံ၁၉၀ အနက် ဘတ် ၁၁၅ ဘီလီယံအား ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်များသို့ ခွဲဝေပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရန်ပုံငွေများအနက် ကျေးလက်ဖွံ့ဖြိုးရေးရန်ပုံငွေသို့ ဘတ် ၁၅ ဘီလီယံ၊ စက်မှုကဏ္ဍဖွံ့ဖြိုးရေးနှင့် ယှဉ်ပြိုင်နိုင်မှု တိုးတက်ရေးအတွက် ဘတ် ၁၀ ဘီလီယံ၊ သီးသန့် ရန်ပုံငွေသို့ ဘတ် ၂၃ ဘီလီယံနှင့် ငွေကြေးကဏ္ဍ ဆုံးရှုံးနစ်နာမှုများအတွက် လျာထား လျော်ကြေးငွေ ဘတ် ၂၇ ဘီလီယံ အသီးသီး ခွဲဝေပေးထားကြောင်း သိရှိရပါသည်။

လွန်ခဲ့သည့်နှစ်က အစိုးရအနေဖြင့် ကျေးလက်ဖွံ့ဖြိုးရေးအတွက် ခွင့်ပြုရန်ပုံငွေ ဘတ် ၃၅ ဘီလီယံ ၏ ၉၄ ဒသမ ၇ ရာခိုင်နှုန်း ဖြစ်သော ၃၃ ဒသမ ၁၃ ဘီလီယံအား လုပ်ငန်း ၆၆၃၃၇ ခုသို့ လွှဲပြောင်းပေးခဲ့ကြောင်း၊ အဓိကအားဖြင့် စုပေါင်းဈေးဆိုင်၊ သောက်ရေသန့်၊ ဓာတ်မြေဩဇာ ထုတ်လုပ်မှုနှင့် လယ်ယာသုံး စက်ကိရိယာ များအတွက် အသုံးပြုခဲ့ကြောင်း၊ ကျေးလက် ရန်ပုံငွေ အစီအစဉ်မှာ လွန်ခဲ့သည့် ၁၅ နှစ်ကပင် စတင်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျေးလက်ဒေသနေ ပြည်သူများအတွက် အသေးစား ချေးငွေများထုတ်ပေးရန် ရည်ရွယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ Grameen Bank ၏ ဆောင်ရွက်မှုနှင့် တူညီကြောင်း သိရှိရပါသည်။

ယခုအစီအစဉ်သည် ကျေးလက်နေ ပြည်သူများအတွက် ဘဏ္ဍာငွေ ရရှိမှု ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးရန် ရည်ရွယ်ပြီး ချေးငွေရရှိမှုအခက်အခဲမှ ပြေလည်စေရန် ရည်ရွယ်ပါသည်။

ယခု ရန်ပုံငွေများအား ချေးယူသူများအနေဖြင့် ၎င်းတို့ချေးယူငွေအပေါ် အတိုးငွေကို သီးသန့်ရန်ပုံငွေတစ်ရပ်အဖြစ် ပြန်လည် စုဆောင်းပြီး ကိုယ်တိုင်စီမံခန့်ခွဲသည့် စနစ်အပေါ် အခြေခံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

ကျေးလက်ရန်ပုံငွေများနှင့်ပတ်သက်၍ လာဘ်ပေးလာဘ်ယူမှုများ၊ ထုတ်လုပ်မှု စွမ်းရည် မရှိသည့် စီမံကိန်းများအတွက် ငွေကြေးထောက်ပံ့မှုများ ဖြစ်နေပြီး ယိုပေါက် ဟာပေါက်များရှိနေကြောင်း ဝေဖန်သုံးသပ်မှုများ ဖြစ်ပေါ်နေပါသည်။ အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းရှိ ကျေးလက်ရန်ပုံငွေအတွက် ဘတ်ငွေ ဘီလီယံ ၁၈၀ကျော် ထောက်ပံ့ပေးခဲ့ပြီး ဖြစ်ပါသည်။ အစိုးရမှ ရင်းနှီးငွေ ရရှိရန် ထောက်ပံ့မှု အစီအစဉ်များ ဆက်လက်ပေးအပ်လျက်ရှိသော်လည်း ကျေးလက်ဒေသရှိ လူဦးရေနှင့် နှိုင်းယှဉ်ပါက ခွင့်ပြုငွေပမာဏမှာနည်းပါးနေသေးကြောင်း ဖော်ပြထားပါသည်။

**သောင်းနိုင်(တာချီလိတ်)**

**Source: Bangkok Post**

# ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဟွန်ဒါဖစ်၊ ဟိုက်ဘရစ်(၂၀၁၁) | ယာယီ | ၂၂၀ သိန်း | 1.3 ၊ မျိုးစပ်၊ နယ်လိုင်စင် |
| ၂။ | အာလ်ဖတ် (၂၀၀၃) | ယာယီ | ၃၄၀ သိန်း | 2.4 ဓာတ်ဆီ |
| ၃။ | မတ်(ခ်)တူး (၂၀၀၂) | I | ၂၁၀ သိန်း | 2 .4 ဓာတ်ဆီ |
| ၄။ | ဘယ်လ်တာ (၂၀၁၁) | ယာယီ | ၁၇၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၅။ | ဟွန်ဒါဖစ်၊ ဂျီပီဝမ်း (၂၀၁၁) | ယာယီ | ၁၅၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၆။ | အေဒီဗင် (၂၀၁၁) | ယာယီ | ၁၅၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၇။ | ဟိုက်အေ့(စ်) (၂၀၀၉) | L | ၃၀၀ သိန်း | 3.0 ဒီဇယ်၊ နယ်လိုင်စင် |
| ၈။ | ကာလ်ဒီးနား (၂၀၀၂) | ယာယီ | ၂၂၅ သိန်း | 2.0 ဓါတ်ဆီ |
| ၉။ | တိုယိုတာ (ဗစ်) (၂၀၀၁) | ယာယီ | ၁၃၀ သိန်း | 1.3 ဓါတ်ဆီ၊ နယ်လိုင်စင် |

# ဇွန်လအတွင်း ဖြစ်ပေါ်ခဲ့သည့် မန္တလေး-မူဆယ် ကုန်စည်သယ်ယူခ

၂၀၁၇ ခုနှစ် ဇွန်လအတွင်း မန္တလေးမှ မူဆယ်သို့ ကုန်စည်သယ်ယူခနှုန်းထားများမှာ ဇွန်ပထမပတ်က ပို့ကုန်ပစ္စည်းသယ်ယူခ ဈေးမြင့်တက်ခဲ့ပေမယ့် ဒုတိယပတ်နဲ့ တတိယပတ်မှာ ဈေးပြန်လည် ကျဆင်းသွားခဲ့ပြီး နောက်ဆုံးပတ်မှာ အနည်းငယ်ပြန်လည်မြင့်တက်ခဲ့တာ တွေ့ရပါတယ်။ သွင်းကုန် မြေဆီသယ်ယူခမှာလည်း ပထမပတ်က တစ်ပိဿာကို ၂၇-၂၈ ကျပ်မှ ဒုတိယပတ်မှစပြီး ၂၆-၂၈ ကျပ်သို့ ဈေးကျဆင်းခဲ့ပါတယ်။ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံသို့ ပို့ကုန်ပစ္စည်းတွေ ဖြစ်တဲ့ ဆန်၊ပဲ၊ပြောင်း၊ နှမ်း၊ ရော်ဘာ၊ ရေထွက်ကုန်မျိုးစုံ၊သကြား၊ ကြက်သွန်၊ ချင်း၊ နနွင်း၊ သရက်သီး၊ နာနတ်သီး၊ ပရဆေး ကုန်ကြမ်းများ ပုံမှန် တင်ပို့ခဲ့ပြီး တရုတ်နိုင်ငံမှလည်း ဓာတ်မြေဩဇာ၊ ဘိလပ်မြေ စတဲ့အိမ်ဆောက်ပစ္စည်းအမျိုးမျိုး၊ အိမ်သုံး လူသုံးပစ္စည်းအမျိုးမျိုး ၊ ဆိုင်ကယ်၊ စက်ဘီး၊ သုံးဘီးဆိုင်ကယ်၊ ပလပ်စတစ်၊ ယာဉ်ယန္တရား၊ ကာနေးရှင်းပန်း၊ ဂျုံမှုန့် ၊ ပဲပုပ်ဆီနဲ့ ဆေးပစ္စည်းများကို မြန်မာနိုင်ငံသို့ ပြန်လည် တင်သွင်းလာပါတယ်။ ဇွန်လရဲ့ ကုန်စည်သယ်ယူခနှုန်းထားများကို အပတ်စဉ်အလိုက် ဖော်ပြပေးလိုက်ပါတယ်။ **မော်မော်အောင်**

ပိဿာ-ကျပ်

| ပို့ကုန် | ၃. ၆. ၂၀၁၇ မှ ၉. ၆. ၂၀၁၇ ထိ | ၁၀. ၆. ၂၀၁၇ မှ ၁၆. ၆. ၂၀၁၇ ထိ | ၁၇. ၆. ၂၀၁၇ မှ ၂၃. ၆. ၂၀၁၇ ထိ | ၂၄. ၆. ၂၀၁၇ မှ ၃၀. ၆. ၂၀၁၇ ထိ |
|---|---|---|---|---|
| ပြောင်း | ၆၀-၆၀ | ၂၇-၆၂ | ၅၇-၆၂ | ၅၆-၆၄ |
| ဆန် | ၆၀-၆၀ | ၂၇-၆၂ | ၅၇-၆၂ | ၅၆-၆၄ |
| ပဲတီစိမ်း | ၆၀-၆၀ | ၂၇-၆၂ | ၅၇-၆၂ | ၅၆-၆၄ |
| နှမ်း | ၆၀-၆၀ | ၂၇-၆၂ | ၅၇-၆၂ | ၅၆-၆၄ |
| ရော်ဘာ | ၆၀-၆၀ | ၂၇-၆၂ | ၅၇-၆၂ | ၅၆-၆၄ |
| **သွင်းကုန်** | | | | |
| မြေဆီ | ၂၇-၂၈ | ၂၆-၂၈ | ၂၆-၂၈ | ၂၆-၂၈ |

# အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန် | ၇၅၀ စ/ပေ | အခန်းဖွဲ့(၃) လွှာ | ၂.၅ သိန်း | တစ်လအငှားနှုန်း အသင့်နေ | ၀၉/၉၇၆၂၁၁၁၂၃ |
| ၂။ | လုံးချင်းအိမ် | ရန်ကင်းမြို့နယ်၊ ကျောက်ကုန်း၊ မိုးကောင်းလမ်းသွယ် | ၄၀၀၀ စ/ပေ | RC (၂) ထပ် | ၂၅ သိန်း | တစ်လအငှားနှုန်း အသင့်နေ | ၀၉/၂၅၀၃၇၆၃၇၉ |
| ၃။ | လုံးချင်းအိမ် | သယ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ | မြေ ၆၄၀၀ စ/ပေ အိမ် ၁၈၀၀ စ/ပေ | RC (၂) ထပ်၊ MB (၃)ခန်း | ၂၃ သိန်း | တစ်လအငှားနှုန်း အသင့်နေ | ၀၉/၅၁၁၇၂၆၂ |
| ၄။ | လုံးချင်းအိမ် | ရန်ကင်းမြို့နယ်၊ ဘောက်ထော် | ၅၀၀၀ စ/ပေ | RC (၁)ထပ် | ၉၀၀၀ သိန်း | လမ်းသန့်၊ ရပ်ကွက်သန့် | ၀၉/၉၇၆၂၁၁၁၂၃ |
| ၅။ | မြေ | ဒဂုံ(မြောက်) (၄၄) ရပ်ကွက် | (၄၀ x ၆၀) ပေ | မြေသီးသန့် | ၅၉၀ သိန်း | လမ်းကောင်း | ၀၉/၄၅၂၁၉၄၄၃၉ |
| ၆။ | အိမ်/မြေ | ဒဂုံ(မြောက်) (၃၅) ရပ်ကွက် | (၄၀ x ၆၀) ပေ | BN (၂) ထပ် | ၁၂၅၀ သိန်း | လမ်းသန့် ရပ်ကွက်သန့် | ၀၉/၂၅၀၃၇၆၃၇၉ |
| ၇။ | အိမ်/မြေ | အင်းစိန်၊ မြို့သစ် | (၂၀ x ၆၀)ပေ | BN (၂) ထပ် | ၁၃၀၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၈။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ မယ်ညိုလမ်း | (၃၀ x ၅၀)ပေ | RC (၁)ထပ် | ၂၃၅၀ သိန်း | မြေပိုပါ၊ လမ်းသန့်၊ ရပ်ကွက်သန့် | ၀၉/၅၁၁၇၂၆၂ |
| ၉။ | မြေ | ပြင်ဦးလွင်၊ ညောင်နီရွာ | (၆၀ x ၆၀)ပေ | မြေသီးသန့် | ၃၅၀ သိန်း | အုတ်တံတိုင်း ခတ်ပြီး | ၀၉/၅၁၁၇၂၆၂ |

**စာမျက်နှာ - ၁၂ ➢ ရိုးမကို ရွှေဖြူ. . . . မှအဆက်**

သဘာဝရော်ဘာ (NR) နှင့်ရော်ဘာတု (SR) ထုတ်လုပ်သောနိုင်ငံနှင့်သုံးစွဲသောနိုင်ငံ အစိုးရများဖြင့်ဖွဲ့စည်းထားသော International Rubber Study Group (IRSG) သည် SNR initiatives (SNR-i)၊ စံ (Criteria) ငါးချက်နှင့် လမ်းညွှန်ချက် (Guidelines)၁၂ချက်ကို သတ်မှတ်ခဲ့သည်။ မြန်မာနိုင်ငံမှ ထုတ်လုပ်သော ရော်ဘာကို နိုင်ငံခြားသို့အဓိက တင်ပို့ရောင်းချနေသည့်အတွက် ကမ္ဘာ့ဈေးကွက်တွင် ရေရှည် တင်ပို့ရောင်းချနိုင်ရန် မြန်မာ့ရော်ဘာများကို IRSG ၏ SNR-i Criteria & Guideline များအရ ထုတ်လုပ်သွားရန် ဆောင်ရွက်လျက်ရှိသည်။ မြန်မာ့ရော်ဘာအား အရည်အသွေးမြင့် ထုတ်လုပ်နိုင်ရေးအတွက် ဂျပန်နိုင်ငံက HIDA သို့ အကူအညီပေးနေသကဲ့သို့ Care Myanmar နှင့် WFF တို့ကလည်း ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ဂျပန်နိုင်ငံအစိုးရ MITI ဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုအပေါ် စိုက်ပျိုးရေး ဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာ ၊ စက်မှုကြီးကြပ်နှင့် စစ်ဆေးရေး ဦးစီးဌာနတို့ကလည်း ပါဝင်ပံ့ပိုးရန်နှင့် ထိန်းကျောင်းပေးရန် လိုအပ်လှပေသည်။

မြန်မာ့ရော်ဘာကို ပညာရှင်များ ညွှန်ကြားသည့်အတိုင်း စိုက်ပျိုးထုတ်လုပ်နိုင်ပါက အထွက်နှုန်းတိုးပြီး၊ ဓါတ်ခွဲခန်းမှာလည်း IRA အသိအမှတ်ပြု ISO 17025 လက်မှတ်ရရှိပါက ကမ္ဘာ့ဈေးကွက်သို့ မြန်မာ့ရော်ဘာ ဝင်ရောက်နိုင်မည်ဖြစ်ရာ ၂၀၂၀ခုနှစ်တွင် ရော်ဘာထုတ်လုပ်မှုမှာ တန်ချိန်သုံးသိန်းခန့်အထိ ထုတ်လုပ်နိုင်မည်ဖြစ်သောကြောင့် “ရိုးမကို ရွှေဖြူလွှမ်း တော့မှာလား ” ဟု မျှော်လင့်ရပါကြောင်း တင်ပြလိုက်ရပါသည်။

# ပြည်တွင်းကုန်သွယ်မှု မြှင့်တင်ရေးအတွက် ပေါက်မြို့နယ်၊ အုန်းတောမြောက်စုကျေးရွာတွင် ကြက်သွန်နီ၊ အာလူးစိုက်တောင်သူများအား အသိပညာပေးဟောပြောပွဲကျင်းပ

မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ပခုက္ကူ ခရိုင်ဦးစီးမှူးရုံးက ကြီးမှူး၍ ပေါက်မြို့နယ်၊ အုန်းတော မြောက်စုကျေးရွာတွင် ကြက်သွန်နီ၊အာလူးစိုက်တောင်သူများနှင့်ပြည်တွင်းကုန်သွယ်မှုမြှင့်တင်ရေးအတွက် အသိပညာပေးဟောပြောပွဲကို ဇွန်လ ၁၆ ရက်တွင် ကျင်းပခဲ့ရာ တောင်သူ ၄၈ ဦးတက်ရောက်ခဲ့ပါသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ခရိုင်ဦးစီးမှူး ဦးသန်းဦးက ကြက်သွန်နီဟာ ဒေသတွင်း စားသုံးရုံသာမက နိုင်ငံခြားပို့ကုန်တစ်ခုလည်း ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့်ကြက်သွန်နီစိုက်ပျိုး၊ ထုတ်လုပ်ရာတွင် ကုန်ကျသောစရိတ်များမှာ များစွာရှိကြောင်း၊ သဲချောင်း၊ မြေနုကျွန်းပေါ်၌ စိုက်ပျိုးကုန်ကျစရိတ်များမှာ ကျပ်ခြောက်သိန်းမှ ကျပ် ရှစ်သိန်းအထိရှိကြောင်း၊ နိုဝင်ဘာလလောက်တွင် ကြက်သွန်နီပြတ်လတ်၍ ဈေးတက်ခဲ့ရကြောင်း၊ ယခုအချိန်မှစ၍ကြက်သွန်နီဈေးမှာ မြင့်တက်နေပြီး နောင်ကာလများ၌ ပိုမို၍ဈေးမြင့်တက်လာနိုင်ကြောင်း၊ တောင်သူများလက်ထဲတွင် ပစ္စည်းများပြတ်မှဈေးထိုးတက်လာကြောင်း၊ မည်သည့်နိုင်ငံမှကြက်သွန်မည်မျှလိုသည်ကို မသိနိုင်သည့်အတွက် ကြားခံပွဲစားများ၏ ဝယ်ယူသိုလှောင်မှုကြောင့် ဈေးနိမ့်နေရကြောင်း၊ ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်ရန်၊ အသင်းအဖွဲ့ ဖွဲ့စည်းရန် လိုအပ်ကြောင်း၊ကြက်သွန်နီကို နိုင်ငံခြားမှ ဝယ်လိုသည်မှာ နှစ်လက်မအရွယ်ရှိRCကြက်သွန် အမျိုးအစားဖြစ်ကြောင်း ၊ အမိကအနေဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများမှ ပြည်ပဈေးကွက်အခြေအနေကို လေ့လာသိရှိရမည်ဖြစ်ကြောင်း၊ ဈေးနှုန်းကို မသိ၍ မြို့ပေါက်ဈေးအတိုင်း ရောင်းရ၍ နစ်နာကြောင်း၊ သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်နေရကြောင်း၊ အလုပ်သမားရှားပါး၍လည်း အခက်အခဲဖြစ်ရကြောင်း၊ အရည်အသွေးပြည့်မီအောင် စိုက်လျှင် တစ်နှစ်အထိ ထားနိုင်ကြောင်း၊သိုလှောင်ထားလျှင်လည်း အရည်အသွေး ကျဆင်းမသွားကြောင်း၊ အလားတူ နည်းပညာလိုအပ်ချက်များရှိလျှင်လည်း စိုက်ပျိုး၊သိုလှောင်ရန်အတွက် အကူအညီပေးမည်ဖြစ်ကြောင်း၊ ပြည်ပသို့ တင်ပို့မည့် ကြက်သွန်ဖြစ်သည့်အတွက် အရည်အသွေးမီအောင်စိုက်မှရမည်ဖြစ်ကြောင်းနှင့် ဓာတုပိုးသတ်ဆေးကြွင်း မရှိမှရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းတစ်ယောက်ချင်း စိုက်ပျိုးထုတ်လုပ်နေမည့်အစား အသင်းအဖွဲ့ ထူထောင်၍ စိုက်ပျိုးထုတ်လုပ်စေလိုကြောင်း၊ အသင်းအဖွဲ့ ဖွဲ့စည်းပြီးပြီဆိုပါက သီးနှံစိုက်ပျိုးစရိတ် တင်ပြတောင်းခံလျှင် ရမည်ဖြစ်ကြောင်း၊ ယခုအခါ ပြည်ပမှလိုအပ်လျက်ရှိသော ကြက်သွန်ခြောက်များကို ရေနံချောင်းမြို့နယ်တွင် ထုတ်လုပ်လျက်ရှိကြောင်း၊ တောင်သူတစ်ဦးနှင့်တစ်ဦး နားလည်မှုယူ၍ စိုက်ပျိုးထုတ်လုပ်မည်ဆိုပါက တိုးတက်လာနိုင်ကြောင်း၊ အသင်းအဖွဲ့ ဖွဲ့စည်းမည်ဆိုပါက လိုအပ်သည် များကို အသင်းအဖွဲ့မှတောင်းခံ၍ ရနိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

၎င်းနောက် ခရိုင်ဦးစီးမှူးက အာလူးကိုလည်း နိုင်ငံခြားပို့ကုန်တစ်ခုဖြစ်သည်အထိ အရည်အသွေးအဆင့်မီအောင် စိုက်ပျိုးထုတ်လုပ်ရမည်ဖြစ်ကြောင်း၊ အောင်လံမြို့နယ်၌ သိပ္ပံနည်းစိုက်ပျိုးထုတ်လုပ်သဖြင့် ဂျပန်နိုင်ငံမှ တိုက်ရိုက်လာရောက်ဝယ်ယူလျက်ရှိကြောင်း၊ အောင်လံတစ်မြို့နယ်လုံး သိပ္ပံနည်း စိုက်ပျိုးရေးအဖွဲ့ဖွဲ့၍ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနေပြီဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

ထို့နောက် ပိုးသတ်ဆေးနှင့်ပတ်သက်၍ ပြောကြားရာတွင် ပိုးသတ်ဆေးကို ဖော်ပြထားသော ဆေးညွှန်းများအတိုင်း သုံးစွဲမှသာ ထိရောက်မှုရှိမည်ဖြစ်ကြောင်း၊ အသီး/အရွက်များကို တစ်မျိုးချင်းစီကိုသာခွဲ၍ ဆေးဖျန်းသင့်ကြောင်း၊ ပိုးသတ်ဆေး၏ သက်တမ်းမှာ တချို့ ၄၅ ရက်အထိကြာကြောင်း၊ ပိုးသတ်ဆေးများကို ရောနှောခြင်းကြောင့်လည်း ဖြစ်ပေါ်တတ်ကြောင်း၊ ဓာတ်မြေဩဇာအိတ်ခွံဟောင်းများနှင့် ထည့်ပြီးသုံးစွဲခြင်းကြောင့် ပိုးသတ်ဆေးကြွင်းများဖြစ်ပေါ်နေကြောင်း၊ ကြက်သွန်နီ စထွက်သည်မှစ၍ တစ်နှစ်ပတ်လုံး နိုင်ငံခြားက ဝယ်ယူနေကြောင်း၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ပဲစင်းငုံဈေးမှာလည်း သီးနှံပေါ်ချိန်တွင် ဈေးတက်ပြီး ယခုအချိန်တွင် ဈေးထိုးကျနေကြောင်း၊ နိုင်ငံခြားဈေးကွက်၏ လိုအပ်ချက်ကို မသိသည့်အတွက် ယခုကဲ့သို့ ဈေးနှုန်းများကျဆင်းရခြင်းဖြစ်ကြောင်း၊ အာလူးတွင် ပိုးသတ်ဆေးကြွင်းအများဆုံးဖြစ်နေကြောင်း၊ တောင်သူဦးကြီးများအနေဖြင့် ထုတ်လုပ်အားကောင်းသော်လည်း ဈေးနှုန်းအာမခံချက်မရှိကြောင်း၊ အစုအဖွဲ့၊ အသင်းအဖွဲ့များကို ကျေးရွာအဆင့်မှ မြို့နယ်/ခရိုင်/တိုင်းအဆင့် ဖွဲ့စည်းဆောင်ရွက်မှုရှိမှသာလျှင် အာမခံချက်ရှိမည်ကို သိစေလိုကြောင်း ရှင်းလင်းပြောကြားခဲ့ပါ သည်။

**သူဇာကျော်(ပခုက္ကူ)**

## ကသာခရိုင်မှထွက်ရှိသော နာနတ်သီးများအား မန္တလေး၊ မုံရွာ ဈေးကွက်များသို့ တင်ပို့

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်မှာ နာနတ်သီးစိုက်ဧက ၄၅၀၀ ကျော် စိုက်ပျိုးထားရှိပါတယ်။ မိုးဦးကျ ဇွန်၊ဇူလိုင်လမှာ စတင်ရင့်မှည့်ပြီး စက်တင်ဘာလအထိ ခူးဆွတ်ရောင်းချပါတယ်။ ကသာခရိုင်အတွင်း ကသာ၊ ကောလင်း၊ အင်းတော်၊ ထီးချိုင့်မြို့နယ်များမှာ အများအပြား စိုက်ပျိုးထွက်ရှိပြီး ဒေသတွင်းဈေးဆိုင်များမှာ ရောင်းချမှုများရှိသလို မန္တလေး၊ မုံရွာဈေးကွက်များသို့ အများဆုံးတင်ပို့နေတယ်လို့ ဈေးကွက်မှသိရပါတယ်။

ကသာခရိုင်ထွက် နာနတ်သီးမှာ အလုံးလှ၍ အရသာကောင်းမွန်ပြီး လူကြိုက်များပါတယ်။ ဈေးကွက်ဝေးကွာပေမယ့် ဒေသတွင်း ကုန်ထုတ်လမ်းများ ကောင်းမွန်သလို သီးနှံများလေလွင့်ပျက်စီးမှုနည်းပါးလို့ ဝယ်လိုအား ကောင်းနေတာ တွေ့ရပါတယ်။ ဒေသတွင်း ဈေးကွက်မှာ အရွယ်အစားပေါ်မူတည်ပြီး တစ်လုံးလျှင် ကျပ် ၅၀၀ မှ ၇၀၀ ထိ ဈေးရရှိပါတယ်။ တစ်ဧက အလုံးသန့် သုံးထောင်ကျော်ရပြီး ကျပ်ဆယ်သိန်းကျော် အကျိုးအမြတ်ရရှိပါတယ်။ အင်းတော်မြို့နယ်က နာနတ်သီး စိုက်ခင်းများဟာ မန္တလေး-မြစ်ကြီးနား ဗျူဟာကားလမ်းဘေးမှာ အများအပြားရှိပါတယ်။ လမ်းပန်းဆက်သွယ်ရေးကောင်းလာလို့ မှန်လုံကားကြီးများနဲ့ ဈေးကွက်သို့ နေ့ချင်းအရောက်တင်ပို့နိုင်လို့ နာနတ်စိုက်ခင်းတောင်သူများ အဆင်ပြေနေတယ်လို့ ကုန်သည်များထံမှ သိရပါတယ်။

**ကြည်နိုင်ဦး၊ အင်းတော်**

## ပုသိမ်မြို့ ဧရာဝတီကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ARCCI) ရုံးတွင်ဆက်သွယ်ရေးဥပဒေအကြောင်း အသိပညာပေးသင်တန်းဖွင့်လှစ်

ယနေ့ခေတ် လူမှု ကွန်ရက်ကို တွင်ကျယ်စွာအသုံးပြုလျက်ရှိသော Cyber Law၊ Telecommunication Law ၊Facebook Security ၊ Gmail & Email Security ၊ Facebook User များအကြား လုံခြုံရေးစနစ်များ၊ ဆက်သွယ်ရေးဥပဒေများအကြောင်းကို ပိုမိုသိရှိစေရန်နှင့် စနစ်တကျသုံးစွဲနိုင်ရေး၊ မလိုလားအပ်သော အငြင်းပွားဖွယ်ရာများ မဖြစ်စေရန်သာမက ဥပဒေဘောင်အတွင်း အသုံးပြုနိုင်ရေး အသုံးပြုသူများအချင်းချင်း ပုတ်ခတ်ရေးသားခြင်းမရှိစေရန် ရည်ရွယ်၍ဆက်သွယ်ရေးဥပဒေအကြောင်း သိကောင်းစရာများ အသိပညာပေးသင်တန်းကို ပုသိမ်မြို့၊ ရှင်ပင်ဘုန်းပွင့်လမ်းရှိ ဧရာဝတီကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း (ARCCI) ရုံးတွင် ဇူလိုင် ၂ ရက်က နံနက် ၀၉:၃၀ နာရီမှ ညနေ ၄:၃၀ နာရီအထိ အခမဲ့ ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

၎င်းသင်တန်းတွင် သင်တန်းဆရာများအဖြစ် ဦးဇော်မိုးနိုင်နှင့် ITEC သင်တန်းကျောင်းမှ ဆရာဦးထွန်းဇံဖြိုးတို့က သင်ကြားပေးခဲ့ရာ မြို့ပေါ်ရှိစီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ ခေတ်ပညာတတ်လူငယ်များ စုစုပေါင်း ၅၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး(ပုသိမ်)**

### နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

### ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၁၀-၇-၂၀၁၇ မှ ၁၆-၇-၂၀၁၇ ရက်နေ့ထိ
### ဒေါ်မြတ်မြတ်အေး
### (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းအပေါ် အာရုံထားမှု၊ အပင်ပန်းခံမှုတို့ကြောင့် စိတ်ဖိစီးမှုများလာတတ်ပါသည်။ ကျန်းမာရေးညံ့ဖျင်းလာမှုပင် ဂရုမစိုက်အားဘဲ၊ လုပ်ငန်းအရှုံးမပေါ်ရေးကိုသာ ဂရုစိုက်နေရသည့် အချိန်အခါပင်ဖြစ်ပါသည်။ ရွှေ၊ ငွေ၊ စားသောက်ကုန်၊ လျှပ်စစ်ပစ္စည်း၊ မိုဘိုင်းဖုန်း၊ ဖိမ်ခံပစ္စည်းတို့ကို ထုတ်လုပ်ရောင်းဝယ်နိုင်ပါသည်။ ပညာရေး၊ အချစ်ရေး၊ ပေါင်းသင်းဆက်ဆံရေးများ သင့်တင့်နေမည်။ **ယတြာ။ ။လမ်းခင်းရန်သဲလှူဒါန်းမှုပြုပါ။**



**တနင်္လာသားသမီးများအတွက်** လုပ်ငန်းများကောင်းသည်ဟု ဆိုရမည်ဖြစ်သော်လည်း လက်တွေ့တွင် သိပ်မကောင်းသေးပါ။ မိမိတစ်ဦးတည်းမဟုတ် စုပေါင်း၍လုပ်ဆောင်ရသော စီးပွားရေးလုပ်ငန်းဖြစ်သောကြောင့် တာဝန်ယူ၍ အပင်ပန်းခံရတတ်သည်။ ဝင်ငွေကတော့မှန်နေမည်။ ကျန်းမာရေးတွင် အစားအသောက်မဆင်မခြင်ဘဲ စားသောက်မိ၍ရောဂါရတတ်သည်။ အိမ်ထောင်ရေး၊ အချစ်ရေးတွင် ခေတ္တခဏခွဲခွာရတတ်သည်။ **ယတြာ။ ။ကျောင်းဇရပ်တို့တွင်မျက်နှာကြက်လှူပါ။**



**အင်္ဂါသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းတို့တွင် မိမိစိတ်တိုင်းကျ မိမိဆန္ဒနှင့် ကိုက်ညီမှုရှိလာနိုင်ပါသည်။ စိန်ထည်လုပ်ငန်း၊ ကြေးနီ၊ ရွှေ၊ ငွေလုပ်ငန်းများ အကျိုးပေးပါသည်။ ကျန်းမာရေးအတွက် စိုးရိမ်စရာမလိုသော်လည်း စိတ်ဖိစီးမှုများလာလျှင် ရောဂါရတတ်ပါသည်။ ယခင်ကနှင့်မတူ တိုးတက်များပြားလာတတ်သည်။ အိမ်ထောင်ဖက်နှင့်အတူ စီးပွားရေးလုပ်ရပ်တို့ ညှိနှိုင်းယူနေရတတ်ပါသည်။

**ယတြာ။ ။ မိမိအိမ်မှဘုရားတွင် ကျောက်သံ၊ ပတ္တမြားခင်းလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** အကြီးအကဲများနှင့် ဆရာသမားတို့၏ ကူညီထောက်ပံ့မှုများ ရရှိတတ်ပြီး လုပ်ငန်းများ ရင်းနှီးမြှုပ်နှံနိုင်သော အခြေအနေဖြစ်လာတတ်သည်။ အကျိုးဆောင်လုပ်ငန်း၊ ဆန်စပါး၊ ပြောင်း၊ ပဲ၊ ဂျုံ၊ မြေထွက်သီးနှံများ အကျိုးပေးနိုင်သော အချိန်အခါဖြစ်ပါသည်။ ကျန်းမာရေး၊ ပညာရေး၊ အိမ်ထောင်ရေး သင့်တင့်ကောင်းမွန်နေမည်။ ဝင်ငွေ၊ ထွက်ငွေအားကောင်းသည့်ကာလ ဖြစ်နေတတ်ပါသည်။ **ယတြာ။ ။ဘုရားတွင် ရွှေသက်န်းကပ်လှူပါ။**



**ကြာသပတေးသားသမီးများအတွက်** စိတ်သဘောထားချင်းတူသူ၊ တိုက်ဆိုင်သူတို့နှင့်စီးပွားရေးလုပ်ဆောင်နေရတတ်သည်။ ရေသန့်လုပ်ငန်း၊ ရေနှင့်ရေထွက်ပစ္စည်းလုပ်ငန်းများ အကျိုးပေးပါသည်။ ဝန်ထမ်းဖြစ်လျှင် လူကြီးများ သဘောကျခြင်း၊ ကြိုက်နှစ်သက်ခြင်းကိုခံရတတ်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အစာအဆိပ်သင့်ခြင်း၊ အစာအိမ်ရောဂါ၊ လေရောဂါတို့ဖြစ်တတ်ပါသည်။ လူမှုဆက်ဆံရေး အဆင်ပြေကောင်းမွန်နေမည်။ **ယတြာ။ ။ဘုရားတွင်ပေါက်ပေါက်လှူပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးတွင်လိုက်လျောညီထွေမှုရှိအောင်၊ အဆင်ပြေအောင် ကြိုးစားနေရတတ်သည့် အနေအထားဖြစ်မည်။ ခါတိုင်းထက်ပို၍ အလုပ်အကိုင်ကောင်းပြီး စီးပွားရေးတိုးတက်အောင်မြင်လာတတ်ပါသည်။ ငွေကြေးစုဆောင်းမှုအားနည်းသော်လည်း ကြိုးစားရပါမည်။ ကျန်းမာရေးတွင်ဆီးနှင့်ပတ်သက်သောရောဂါကို သတိပြုသင့်ပါသည်။ ပေါင်းသင်းဆက်ဆံရေးတွင် မိတ်ဆွေသင်္ဂဟပေါ်များလာမည်။

**ယတြာ။ ။ဘုရားနှင့်ရဟန္တာတို့အား ရောင်တော် ဖွင့်ပါ။**



**စနေသားသမီးများအတွက်** လုပ်ငန်းမစမီပင် ငွေကြေးဘယ်လောက်ရမည်ကိုကြိုတင်စဉ်းစားတတ်ပါသည်။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာတွင် လောဘကြီးတတ်သည်။ မိမိစိတ်ဆန္ဒနှင့်လုပ်ဆောင်ပြုမှုသည် လုပ်ကိုင်ဆောင်ရွက်ခဲ့သော၊ ဖြတ်သန်းခဲ့သော၊ ပတ်ဝန်းကျင်၏ရိုက်ခတ်မှုသာဖြစ်သည်ကို သတိပြုမိလျှင်ဘဝတွင်တိုးတက်အောင်မြင်နိုင်မည်မှာ ဧကန်မုချဖြစ်ပါသည်။ လူမျိုးခြား၊ ဘာသာခြားတို့နှင့် လုပ်ငန်းအောင်မြင်အောင်ကြိုးစားနေရလိမ့်မည်။

**ယတြာ။ ။ ဝါဆိုသင်္ကန်းကပ်လှူပါ။**

# ပုသိမ်မြို့ပေါ် ရှိ စာသင်ကျောင်းများတွင် ကျောင်းမုန့်ဈေးတန်း အဖွဲ့ဝင် ဆရာ၊ ဆရာမများအား သင်တန်းပို့ချ

ပုသိမ်မြို့ပေါ်ရှိ စာသင်ကျောင်းများတွင် ကျောင်းမုန့်ဈေးတန်းအဖွဲ့ဝင် ဆရာ၊ဆရာမများအား စားသုံးသူအသိပညာပေးသင်တန်းကို ဇူလိုင်လ ၂ ရက်တွင် ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဦးစီးမှူး ဦးခင်မောင်လှိုင်၊ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်နှင့် လက်ထောက်ညွှန်ကြားရေးမှူးများ၊ တိုင်းပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းနှင့် မြို့ပေါ်ရှိ ဆရာ၊ ဆရာမ ၅၀ ဦးတက်ရောက်ခဲ့ပါသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် တိုင်းဦးစီးမှူး ဦးခင်မောင်လှိုင်က ပြည်တွင်း၊ ပြည်ပမှ တင်သွင်းရောင်းချနေသော စားသောက်ကုန်၊ မုန့်ပဲသရေစာများတွင် စားသုံးရန်မသင့်သော အစားအစာများ စားသုံးခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော ဘေးထွက်အန္တရာယ်ဆိုးကျိုးများ၊ ကျောင်းမုန့်ဈေးတန်းများ စစ်ဆေးရာတွင် မူဘောင်အတွင်းမှ ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ အရေးကြီးကိစ္စများ ဖြစ်ပေါ်လာပါက သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်ညှိနှိုင်း၍ လိုအပ်ပါက ဓာတ်ခွဲစမ်းသပ်အရေးယူဆောင်ရွက်ရမည့်အပိုင်းများအား ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်က စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် ဌာနမှဆောင်ရွက်နေမှုများ၊အသင့်စားအစားအစာနှင့် ဓာတုဆိုးဆေး အန္တရာယ်များ၊ FDAမှ တားမြစ်ထားသောဆေးဝါး၊ စားသောက်ကုန်နှင့် လူသုံးကုန်များ၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပို့ချခဲ့ပြီး ဌာနခွဲမှူး ဦးစောမိုက်ကယ်က စားသုံးသူအကာအကွယ်ပေးရေး သိကောင်းစရာများအား ဆွေးနွေး ပို့ချပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မင်းမင်းဦး(ပုသိမ်)**

# မြောင်းမြခရိုင်တွင် CICC ရုံးခန်းအသစ်ဖွင့်လှစ်ခြင်း အခမ်းအနားကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားစာ လက်ခံဆောင်ရွက်ရေးစင်တာ (CICC) ရုံးခန်းအသစ် ဖွင့်လှစ်ခြင်းအခမ်းအနားကို ဇွန်လ ၃၀ ရက်က ခရိုင်ဦးစီးမှူးရုံးတွင် ကျင်းပခဲ့ပါသည်။

အဆိုပါ CICC ရုံးခန်းအသစ်ဖွင့်လှစ်ပွဲကို မြောင်းမြခရိုင် စားသုံးသူ ရေးရာ ဦးစီးဌာန၊ ခရိုင်ဦးစီးမှူးဦးတိုးလွင်နှင့် မြောင်းမြခရိုင် စားသုံးသူကာကွယ်ရေးအသင်းဥက္ကဋ္ဌ ဦးထိန်ဝင်းတို့က ဖွင့်လှစ်ပေးခဲ့ပါသည်။ မြောင်းမြခရိုင် CICC ရုံးကို ဇူလိုင် ၃ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး၊ စားသုံးသူ ပြည်သူများ၏ ထိခိုက်နစ်နာမှုများအတွက် သတင်းပို့ တိုင်ကြားလာမှုများကို ဆောင်ရွက်ပေးနေကြောင်းလည်း သိရှိရပါသည်။

**တိုးလွင်(မြောင်းမြ)**

# ဇူလိုင် ပထမပတ်အတွင်း ပခုက္ကူကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်ပေါ်ခဲ့သော ဈေးကွက်နှင့်ဈေးနှုန်း

ပခုက္ကူ ကုန်စည်ဒိုင်၌ ယခုတစ်ပတ်အတွင်း ပဲစင်းငုံ တစ်တင်းလျှင် ကျပ် ၁၉၂၀၀ ဈေးနှုန်းသာရှိခဲ့ပြီး လက်ကျန်နည်း၍ တက်ဈေးကိုမျှော်သော်လည်း မျှော်သလိုဖြစ်မလာသည်ကို တွေ့ရသည်။ ကုလားပဲဖြူ $V_2$ တစ်တင်းလျှင် ကျပ် ၄၀၃၀၀ ကျပ်၊ ကုလားပဲဝါ HL တစ်တင်း လျှင်ကျပ် ၃၆၅၀၀ ဈေးနှင့်ကုလားပဲဖြူလုံးကြီး 929 မှာ တစ်တင်းလျှင် ကျပ် ၃၇၀၀၀ ဈေးများဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိပါသည်။

ပဲတီစိမ်း တစ်တင်းလျှင်ကျပ် ၃၁၅၀၀ ဖြင့် ဈေးအနည်းငယ်မြင့်တက်ပြီး အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရပါသည်။ပြောင်းဖူးစေ့(CP)တစ်တင်းလျှင်ကျပ် ၈၅၀၀ ဈေးဖြင့် အရောင်း အဝယ်ဖြစ်လျက်ရှိပြီး ဒေသတွင်း ပြည်တွင်းဈေးကွက်တွင် တိရစ္ဆာန်အစားအစာ ပုံမှန်ရှိခြင်း၊ တရုတ်မှ အဆွဲရှိခြင်းတို့ကြောင့် ပုံမှန် အရောင်း အဝယ်ဖြစ်လျက်ရှိပြီး ဈေးနှုန်းအတက်အကျ အနည်းငယ်သာရှိသည်ကို လေ့လာတွေ့ရှိရသည်။

အခြား ပဲများဖြစ်သည့် ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၂၅၅၀၀၊ စွန်တာနီပြာ တစ်တင်းလျှင် ကျပ် ၂၄၀၀၀၊ပဲလွန်းပြာ တစ်တင်းလျှင်ကျပ် ၂၁၅၀၀ ၊ ပဲနီပြား တစ်တင်းလျှင် ကျပ် ၂၁၀၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်ကို လေ့လာတွေ့ရှိရ ပါသည်။ ကြက်သွန်နီဈေးမှာ ထိပ်စ တစ်ပိဿာလျှင် ကျပ် ၁၁၅၀၊ အလတ်စ တစ်ပိဿာလျှင် ကျပ် ၉၅၀၊ အနိမ့် တစ်ပိဿာလျှင် ကျပ် ၈၅၀ ဈေးဖြင့် တစ်နေ့ ပိဿာချိန် ၃၀၀၀၀ မှ ၅၀၀၀၀ ကြား အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း ဈေးကွက်သတင်းများအရ သိရပါသည်။ **လှိုင်ဥမ္မာဦး(ပခုက္ကူ)**

# မအူပင်က ငှက်ပျောခွံ့ဝါ ရန်ကုန်နှင့်ပဲခူးတွင် ဈေးကွက်ရရှိ

မအူပင် မြို့နယ်အတွင်း တိုးမြစ်ကမ်းဘေးတွင် တည်ရှိသော ရွာများဖြစ်သည့် တလုပ်လပ်အနောက်၊ ညောင်ဝိုင်း၊ ခနောင်ထော်၊ကျောင်းရွာ၊သုံးခွနှင့်တာတပေါ စသည့်ကျေးရွာအုပ်စုများတွင် ခွံ့ဝါငှက်ပျောသီးကို ဧကများစွာ စိုက်ပျိုးကြောင်း သိရှိရပါသည်။

မအူပင်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယခရိုင်ဦးစီးမှူး ဦးအောင်ဇော်ဦးနှင့်အဖွဲ့သည် ခွံ့ဝါ ငှက်ပျော အများဆုံး စိုက်ပျိုးသည့် ညောင်ဝိုင်းကျေးရွာမှ ခွံ့ဝါငှက်ပျော စိုက်တောင်သူ ဦးလှမြင့်စိုးနှင့် ဦးအောင်ကြည်တို့အား သွားရောက်တွေ့ဆုံလေ့လာခဲ့ပါသည်။

ဦးလှမြင့်စိုးသည် ညောင်ဝိုင်းကျေးရွာတွင် ခွံ့ဝါငှက်ပျောကိုနှစ်စဉ် ၁၀ ဧကခန့် စိုက်ပျိုးပြီး ဒေသမျိုး တစ်ပင်လျှင် ၁၀၀ ကျပ်ဖြင့် ဝယ်ယူပြီး စိုက်ပျိုး ရကြောင်း၊ တစ်ပင်နှင့်တစ်ပင် ခြောက်ပေခန့် ခွာ၍ စိုက်ပျိုးရပြီး၊ ထွန်ယက်ခြင်း၊ မြောင်းဖော်ခြင်း၊ ရေတင်ခြင်း၊ အပင်ကြီးထွားဖွံ့ဖြိုးအောင် ယူရီးယား ဓါတ်မြေသြဇာ ကျွေးခြင်း၊ တီစူပါဓါတ်မြေသြဇာ ကျွေးခြင်းများကို လိုအပ်သလို ထည့်သွင်း သုံးစွဲရကြောင်း မေးမြန်းသိရှိခဲ့ရပါသည်။

ရောင်းတန်းဝင် ခွံ့ဝါငှက်ပျောသီး ဈေးကွက်အခိုင်အမာ ရရှိရန် ၁၀ လ နှင့်၁၁ လကြာ စိုက်ပျိုးပြုစုရပြီး အသီးအားကောင်းပါက တစ်ခိုင်လျှင် ၆ဖီး၊၇ ဖီးမှ ၁၀ ဖီးအထိ ရှိကြောင်းနှင့် တစ်ဧကလျှင် အပင် ၉၀၀ ကျော်စိုက်ပျိုးနိုင်ပြီး အခိုင်ထွက်ချိန် တွင် တစ်ပင်လျှင် တစ်ခိုင်နှုန်းထွက်ရှိပြီး တစ်ခိုင်လျှင် ကျပ် ၄၅၀၀ မှ ကျပ် ၆၀၀၀ ရောင်း ချရပြီးတစ်ပင်ကိုကျပ် ၂၀၀၀ ခန့် အကျိုးအမြတ်ရရှိခဲ့သဖြင့် တစ်ဧက စိုက်ပျိုးသူတောင်သူအတွက် ၁၈ သိန်းခန့် ရရှိကြောင်းသိရှိရပါသည်။

ဝင်းဝါမနေခင် အစိမ်းရင့်ရောင်ခွံ့ဝါ ငှက်ပျောသီးများကို ကြည့်မြင်တိုင်ရှိ ဗားကရာငှက်ပျောဈေးသို့ တင်ပို့ရောင်းချရပြီး ပဲခူးမြို့သို့လည်း သွားရောင်းချရကြောင်းသိရှိရသဖြင့် မအူပင်မှ ငှက်ပျောခွံ့ဝါသီးသည် ရန်ကုန်နှင့် ပဲခူးသာမက နိုင်ငံခြားဈေးကွက်သို့ တင်ပို့ရန် နည်းပညာရင်းနှီး မြှုပ်နှံမှုများ လိုအပ်ကြောင်း ငှက်ပျောစိုက်တောင်သူ၏ ပြောကြားချက်အရ သိရှိခဲ့ရပါသည်။ ပိုမို ကောင်းမွန်သော အချိန်တိုအတွင်း ထွက်ရှိနိုင်သည့် ငှက်ပျောမျိုးများကိုလည်း စိုက်ပျိုးလိုကြောင်း သိရှိရပါသည်။

MT Consumer

# ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် Sale Contract နှင့် Invoice ပါ ဈေးနှုန်းနှင့်တန်ဖိုးများအား မမှန်မကန်ဖြည့်သွင်းပါက အရေးယူဆောင်ရွက်မည့် လုပ်ထုံးလုပ်နည်းများအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာ

## Sale Contract, Invoice ပါဈေးနှုန်းနှင့် တန်ဖိုးများအတိုင်း လိုင်စင်ခွင့်ပြုမှုများအတွက် တင်ပို့/တင်သွင်းခဲ့သည့် ဈေးနှုန်းများအား ပြန်လည်စိစစ်မည့် လုပ်ထုံးလုပ်နည်း

(ယခင်တစ်ပတ်မှအဆက်)

**ဈေးနှုန်းစိစစ်ရေးလုပ်ငန်းစဉ်**

ဈေးနှုန်းမှန်ကန်ရေးစိစစ်မှုအဖွဲ့သည် အောက်ပါလုပ်ငန်းစဉ်များကို ဆောင်ရွက်ရမည်-

(က) လိုင်စင်ခွင့်ပြုသောဌာနခွဲများမှ ဈေးနှုန်းပြန်လည်စိစစ်ရန် ပေးပို့လာသော ကုမ္ပဏီများအပေါ် စစ်ဆေးရမည့် ကုန်ပစ္စည်းကို စိစစ်ရွေးချယ်ပြီးကုမ္ပဏီအလိုက် လိုင်စင်အလိုက် စာရင်းကောက်ယူခြင်း။

(ခ) ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများ စုဆောင်းခြင်း၊ စစ်ဆေးခြင်း၊မြေပြင်တွေ့ရှိချက်နှင့်စစ်ဆေးခြင်း၊ ငွေပေးချေမှုဆိုင်ရာ အဝင်/အထွက်စာရင်းများကို စစ်ဆေးခြင်း၊ စစ်ဆေးမှုများအပေါ် ပြန်လည်သုံးသပ်၍ အစီရင်ခံစာရေးသား တင်ပြခြင်း။

(ဂ)နယ်စပ်စခန်းများ၊ပို့ကုန်သွင်းကုန်ရုံးခွဲများနှင့်ရေဆိပ်၊ လေဆိပ်တို့မှ တင်ပို့/တင်သွင်းမှုများအပေါ် အဆင့်ဆင့် ပြန်လည်စိစစ်မှုများအရ လျှောက်ထားဈေးနှုန်းများသည် မှန်ကန်မှုမရှိကြောင်း စိစစ်တွေ့ရှိပါက အရေးယူမှုလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်ခြင်း။

(ဃ) ဈေးနှုန်းစိစစ်မှုများ ပြုလုပ်ခဲ့သည့် ကုမ္ပဏီအပေါ် အရေးယူဆောင်ရွက်နေမှုအခြေအနေကို ပြည်သူသို့ အချိန်နှင့် တစ်ပြေးညီ သိစေရန်နှင့်ပွင့်လင်းမြင်သာမှုရှိကြောင်း မီဒီယာမှ နည်းလမ်းမျိုးစုံဖြင့်အချိန်နှင့်တစ်ပြေးညီ ကျယ်ကျယ်ပြန့်ပြန့် အသိပေးခြင်း။

**လုပ်နည်းစနစ်**

ဈေးနှုန်းမှန်ကန်ရေးစိစစ်မှုအဖွဲ့သည် ရုံးချုပ်၊ ကုန်သွယ်ရေးစခန်းများနှင့်ပို့ကုန်သွင်းကုန်ရုံးများ၏ လိုင်စင်ထုတ်ပေးမှုများအပေါ် စစ်ဆေးခြင်းနှင့် (ED/ID) အရ ဈေးနှုန်းလျော့နည်းစွာ ဆောင်ရွက်ခဲ့သည့်ကုမ္ပဏီများကိုစစ်ဆေးခြင်း၊ တိုင်ကြားချက်များအရစစ်ဆေးခြင်းများကိုဆောင်ရွက်သွားမည်ဖြစ်ပြီး အောက်ပါ အဆင့်အလိုက် ဈေးနှုန်းစိစစ်မှု များကို ဆောင်ရွက်ရမည်-

(က) ရွေးချယ်သည့်အဆင့်

(၁) သတင်းအချက်အလက်စုဆောင်းခြင်း

(၂) ဆုံးရှုံးမှုဖြစ်နိုင်ချေများသော အလားအလာပေါ် မူတည်၍ကုန်ပစ္စည်းရွေးချယ်စိစစ်ခြင်း။

(ခ) စိစစ်သည့်အဆင့်

(၁) အဓိကကျသော ကုန်ပစ္စည်းအမယ်ရွေးချယ်ခြင်း

(၂) ကုမ္ပဏီအလိုက် စိစစ်ခြင်း

(၃) ကနဦး ဆက်သွယ်ခြင်း

(ဂ) အကဲဖြတ်ခြင်းနှင့်အစီရင်ခံ တင်ပြခြင်းအဆင့်

(၁) စစ်ဆေးခြင်းရလဒ်အပေါ် ပြန်လည်သုံးသပ်ခြင်း၊ အကဲဖြတ်ခြင်း

(၂) အစီရင်ခံစာရေးသားတင်ပြခြင်းရွေးချယ်သည့် အဆင့်

ကုန်ပစ္စည်းရွေးချယ်သည့်အဆင့်တွင် အောက်ပါလုပ်ငန်းစဉ်များကို ဆောင်ရွက်ရမည်-

(က)ပင်လယ်ရေကြောင်း/နယ်စပ်ဒေသများတွင် တင်ပို့/တင်သွင်းဆောင်ရွက်သည့် လိုင်စင်၊ ED/ ID တန်ဖိုးများမှ အဓိက ပို့ကုန်၊ သွင်းကုန်ဆောင်ရွက်သည့် အုပ်စုအလိုက်မှ လစဉ်အမယ်များကို ဦးစားပေးသတ်မှတ်၍ ပြန်လည်စိစစ်မှုများ (Re-check) ပြုလုပ်ရန်။

(ခ) လိုင်စင်နှင့်ED/ID ခွင့်ပြုထုတ်ပေးသည့်ရုံးများမှဈေးနှုန်းCheck ပြုလုပ်၍ မသက်သာသည့်ဈေးနှုန်းများအရ သီးခြားမှတ်တမ်းတင်ထားသည့် ပြန်လည်စိစစ်ရန် ပေးပို့လာသော ကုမ္ပဏီများ၏ တင်သွင်း/တင်ပို့လိုင်စင်များကို ဦးစားပေးစိစစ်ရန်။

(ဂ)ကုန်သွယ်ရေးစခန်းများတွင် အဓိက သွင်းကုန်ပစ္စည်း တင်သွင်းမှုများတွင် စခန်းရှိ အမှန်ပို့သွင်းစိစစ်ချက်များမှ ပေးပို့သည့် ဈေးနှုန်းနည်းနေသည့် ကုန်ပစ္စည်းများကို ဦးစားပေးအဆင့် သတ်မှတ်၍ စစ်ဆေးခြင်းနှင့်လိုင်စင် သက်တမ်းခြောက်လ ကုန်ဆုံးပြီးသည့် သွင်းကုန်အုပ်စုအလိုက် ဈေးနှုန်းအနိမ့်ဆုံး အမယ်သုံးမျိုး တင်သွင်းသည့် ကုမ္ပဏီများကို တစ်လနှစ်ကြိမ် စိစစ်ခြင်းနှင့် တိုင်ကြားမှုပြုထားသည့် ကုမ္ပဏီ များ၏တင်ပို့တင်သွင်းသည့် ကုန်ပစ္စည်းများ၏လိုင်စင်နှင့်(ED/ID)အရ ဈေးနှုန်းများကိုဒုတိယ ဦးစားပေးဆောင်ရွက်ရန်။

(ဃ) ထိုသို့ စိစစ်ဆောင်ရွက်ရာတွင် ပို့ကုန်၊ သွင်းကုန် လိုင်စင်ထုတ်ပေးသည့် ရုံးများမှလိုင်စင်ခွင့်ပြုထားသော ဈေးနှုန်းမှန်ကန်မှုရှိ/မရှိစစ်ဆေးရန်အတွက်ခြောက်လနှင့်တစ်နှစ်အတွင်း လိုင်စင်အများဆုံးလျှောက်ထားသည့် ကုမ္ပဏီများစာရင်းမှ ဈေးနှုန်းအနည်းဖြင့် လျှောက်ထားသည့် ရင်းနှီးမြှုပ်နှံမှု၊ လုပ်ငန်းသုံးပစ္စည်း၊ လူသုံးကုန်ပစ္စည်းများမှ စစ်ဆေးမည့်အမယ်များ (လူသုံး၊ အိမ်သုံး၊ စားသောက်ကုန်ပစ္စည်းများ၊ဇိမ်ခံပစ္စည်းများ)

> ဈေးကွက်အတွင်း အရောင်းအဝယ်
> ဖြစ်နေသည့် လက်ကားဈေး၊ Internet ဈေး၊
> MACCS စနစ်ပါ ဈေးနှုန်း၊ တစ်ဖက်နိုင်ငံ
> ကုမ္ပဏီ၏ အမှန်ရောင်းဈေးတို့ကို
> Email နှင့် တိုက်ရိုက်ဆက်သွယ်၍လည်းကောင်း၊
> သွယ်ဝိုက်စုံစမ်း၍လည်းကောင်း စိစစ်ရန်။

ကိုဦးစားပေး သတ်မှတ်၍ ဆောင်ရွက်ရန်။

(င) ပင်လယ်ဆိပ်ကမ်းများမှ တင်သွင်းသည့် လိုင်စင်/ED/ID များအတွက် ပြီးခဲ့သည့် တစ်နှစ်အတွင်း တင်သွင်းထားသည့် ပစ္စည်းများမှ (လူသုံး၊ အိမ်သုံး၊စားသောက်ကုန်ပစ္စည်းများ၊ ဇိမ်ခံပစ္စည်းများ၏) တင်သွင်းမှုဈေးနှုန်းများ မှန်ကန်မှု ရှိ/ မရှိကို လအလိုက် တစ်လလျှင် နှစ်ကြိမ်နှုန်း ဦးစားပေး ကုန်ပစ္စည်းအမယ်များသတ်မှတ်၍ ဆောင်ရွက်ရန်။

(စ)အမယ်အလိုက်စိစစ်ထားမှုများမှ နိုင်ငံတော် အခွန်ငွေဆုံးရှုံးမှုအများဆုံး ဖြစ်နိုင်ချေရှိသည့် အမယ်များကို ရွေးချယ်ရန်။

**စိစစ်သည့်အဆင့်**

စိစစ်သည့်အဆင့်တွင် အောက်ပါလုပ်ငန်းစဉ်များကို ဆောင်ရွက်ရမည်-

(က)ပဏာမ ရွေးချယ်ထားသော ကုန်ပစ္စည်းအမျိုးအစားများကို ကုမ္ပဏီအလိုက် စစ်တမ်းကောက်ယူစာရင်းပြုစုခြင်း၊ထိုသို့အမယ်ကောက်ယူရာတွင် တစ်လလျှင်ကုန်ပစ္စည်း (၁၀) မျိုး ရွေးချယ်စိစစ်ရန်။

(ခ)စိစစ်သည့်အခါ ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်နေသည့် လက်ကားဈေး၊ Internet ဈေး၊ MACCS စနစ်ပါ ဈေးနှုန်း၊တစ်ဖက်နိုင်ငံ ကုမ္ပဏီ၏ အမှန်ရောင်းဈေးတို့ကို Email နှင့်တိုက်ရိုက်ဆက်သွယ်၍လည်းကောင်း၊ သွယ်ဝိုက်စုံစမ်း၍လည်းကောင်း စိစစ်ရန်။

(ဂ)လိုင်စင်/ED/ID ဈေးနှုန်းများသည် စိစစ်မှုဈေးနှုန်းနှင့် ကွာဟမှုရှိပါက သက်ဆိုင်ရာကုမ္ပဏီများသို့ဆက်သွယ်၍ ငွေပေးငွေချေသည့် အထောက်အထားများ စိစစ်ခြင်း၊ ကုန်ပစ္စည်းသိုလှောင်ရုံသို့ သွားရောက်ပြီး မျက်မြင်စစ်ဆေးခြင်း တို့ကိုဆောင်ရွက်ရန်။

(ဃ)အမှန် တင်ပို့/တင်သွင်းသည့် ကုန်ပစ္စည်းအား နမူနာရယူခြင်း၊ ဓာတ်ပုံမှတ်တမ်းရယူခြင်းတို့ကို ပြုလုပ်၍ LC/TT စနစ်အရ သက်ဆိုင်ရာ ဘဏ်များတွင် ငွေထုတ်/သွင်းဆောင်ရွက်သည့် စာရွက်စာတမ်း အထောက်အထားများနှင့်လိုင်စင်/ ID လျှောက်ထားစဉ်က တင်ပြခဲ့သည့် Invoice & Sale Contract ပါ အချက်အလက်များနှင့်ကိုက်ညီမှု၊ ဆီလျော်မှု ရှိ/မရှိကို စိစစ်ရန်။

(င) လိုင်စင်၊ ED/ID တို့တွင်Normal LC /TT ဖြင့် ဆောင်ရွက်ပါက တစ်ဖက်နိုင်ငံ ကုမ္ပဏီသို့ ငွေပေးချေထားသည့် တန်ဖိုးစာရင်းအရ ဈေးနှုန်းပြန်လည်စိစစ်နိုင်ရန် သက်ဆိုင်ရာကုမ္ပဏီ၏ဘဏ်စာရင်း စာအုပ်ကို စစ်ဆေးရန်။

**အကဲဖြတ်ခြင်းနှင့်အစီရင်ခံတင်ပြခြင်းအဆင့်**

စစ်ဆေးရေးအဖွဲ့သည် အောက်ပါလုပ်ငန်းစဉ်များကိုဆောင်ရွက်ရမည်-

(က)ပြန်လည်စိစစ်မှုများအရ လျှောက်ထားဈေးနှုန်းများသည် မှန်ကန်မှုမရှိကြောင်း စိစစ်တွေ့ရှိပါက ကုမ္ပဏီများအပေါ် အကဲဖြတ်မှုများ ဆောင်ရွက်ရမည်။ အကဲခတ်ရာတွင် အောက်ပါအချက်များဖြင့် စိစစ်ရမည်-

(၁) ကုမ္ပဏီအမျိုးအစား၊ ရည်ရွယ်ချက်အပေါ် မှန်မှန်ကန်ကန်ဆောင်ရွက်ခြင်းရှိ/ မရှိ။

(၂) ဈေးနှုန်းမမှန်မကန်တင်ပြသည့် အကြိမ်အရေအတွက်။

(၃) စိစစ်ဈေးနှုန်းနှင့် ကွာခြားမှုပမာဏ၊ လျော့နည်းပေးသွင်းသည့်အခွန်ငွေပမာဏ။

(၄) ကုမ္ပဏီအနေဖြင့် ယင်းကုန်စည် တစ်မျိုးတည်း(သို့) ပို့ကုန်/သွင်းကုန် ဆောင်ရွက်သည့် ကုန်စည်အမျိုးအစားနှင့်အရေအတွက်။

(၅) MACCS System တွင် ဆောင်ရွက်သည့်ကုမ္ပဏီဖြစ်ပါက ၎င်းစနစ်တွင် ဖော်ပြဈေးနှုန်းနှင့် လိုင်စင်ဖော်ပြဈေးနှုန်းကွာခြားသည့်ပမာဏနှင့်အကြိမ်ရေ။

(၆) နိုင်ငံတော်အပေါ် နှစ်စဉ်အခွန် ပေးဆောင်သည့် ပမာဏ။

(၇) ကုမ္ပဏီပါ အဖွဲ့ဝင်များသည် အခြားကုမ္ပဏီခွဲများ ထူထောင်ဆောင်ရွက်ခြင်း ရှိ/မရှိ။

(၈) အထက်ပါအချက်များဖြင့် စိစစ်ပြီး မမှန်မကန်ဆောင်ရွက်ကြောင်း ဖော်ထုတ်တွေ့ရှိလျှင် အစီရင်ခံစာရေးသားတင်ပြခြင်း။

**ကုမ္ပဏီ၊လုပ်ငန်းရှင်များ၏ တာဝန်ဝတ္တရားများ**

ဈေးနှုန်းမှန်ကန်ရေးစိစစ်မှုအဖွဲ့များမှစိစစ်ရန် ရွေးချယ်ထားသော ကုမ္ပဏီများအနေဖြင့် အောက်ပါအတိုင်း ပံ့ပိုးကူညီပေးရမည်-

(က) တင်ပို့/တင်သွင်းထားသည့် ED/ID အထောက်အထား စာရွက်စာတမ်းများ၊ ငွေပေးချေထားသည့်စာရွက်စာတမ်းများ၊ အကောက်ခွန်ဦးစီးဌာနနှင့်ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးချေ ထားသည့်စာရွက်စာတမ်း အထောက်အထား များကို တင်ပြပေးရန်။

**(ဆက်လက်ဖော်ပြပါမည်)**

## မြို့ကြီးများ၏ ၁၀-၇-၂၀၁၇ မှ ၁၄-၇-၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၀-၇-၂၀၁၇) | အင်္ဂါ(၁၁-၇-၂၀၁၇) | ဗုဒ္ဓဟူး(၁၂-၇-၂၀၁၇) | ကြာသပတေး(၁၃-၇-၂၀၁၇) | သောကြာ(၁၄-၇-၂၀၁၇) |
|---|---|---|---|---|---|
| နေပြည်တော် | ၈၀% ၂၉°C/၈၄°F | ၇၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F | ၆၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F |
| ရန်ကုန်မြို့ | ၉၀% ၂၉°C/၈၅°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၄°F | ၆၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F |
| မန္တလေးမြို့ | ၅၀% ၃၂°C/၈၉°F | ၄၀% ၃၂°C/၉၀°F | ၄၀% ၃၁°C/၈၈°F | ၅၀% ၃၁°C/၈၇°F | ၆၀% ၂၉°C/၈၅°F |
| မြစ်ကြီးနား | ၉၀% ၂၆°C/၇၈°F | ၅၀% ၂၇°C/၈၀°F | ၅၀% ၂၈°C/၈၂°F | ၆၀% ၂၇°C/၈၀°F | ၆၀% ၂၇°C/၈၁°F |
| လားရှိုး | ၈၀% ၂၅°C/၇၇°F | ၈၀% ၂၄°C/၇၆°F | ၇၀% ၂၄°C/၇၆°F | ၈၀% ၂၄°C/၇၆°F | ၈၀% ၂၄°C/၇၆°F |
| ကျိုင်းတုံ | ၉၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၀°F | ၇၀% ၂၆°C/၇၉°F | ၈၀% ၂၇°C/၈၀°F | ၆၀% ၂၆°C/၇၉°F |
| လွိုင်ကော် | ၈၀% ၂၆°C/၇၉°F | ၇၀% ၂၆°C/၇၉°F | ၇၀% ၂၆°C/၇၈°F | ၆၀% ၂၆°C/၇၈°F | ၆၀% ၂၆°C/၇၈°F |
| တောင်ကြီး | ၈၀% ၂၂°C/၇၂°F | ၈၀% ၂၂°C/၇၂°F | ၇၀% ၂၂°C/၇၂°F | ၆၀% ၂၂°C/၇၁°F | ၆၀% ၂၂°C/၇၁°F |
| မော်လမြိုင် | ၉၀% ၂၈°C/၈၂°F | ၈၀% ၂၇°C/၈၁°F | ၇၀% ၂၈°C/၈၃°F | ၆၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F |
| ဘားအံ | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၇၀% ၂၈°C/၈၃°F | ၆၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F |
| ထားဝယ် | ၉၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၄°F | ၇၀% ၂၈°C/၈၄°F | ၆၀% ၂၈°C/၈၄°F | ၆၀% ၂၈°C/၈၃°F |
| မုံရွာ | ၈၀% ၃၃°C/၉၂°F | ၇၀% ၃၂°C/၈၉°F | ၇၀% ၃၁°C/၈၇°F | ၆၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F |
| ပုသိမ် | ၉၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F |
| မြိတ် | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၄°F | ၅၀% ၂၉°C/၈၄°F |
| စစ်တွေ | ၉၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၆၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F |
| မကွေး | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F |
| ဖလမ်း | ၈၀% ၂၃°C/၇၃°F | ၈၀% ၂၁°C/၇၀°F | ၇၀% ၂၁°C/၆၉°F | ၈၀% ၂၁°C/၆၉°F | ၈၀% ၂၁°C/၇၀°F |



## တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့တွင် အဆိုးရွားဆုံးသော ရေလွှမ်းမိုးမှုများဖြစ်ပွား

အာရှနိုင်ငံများဖြစ်သည့် ဂျပန်နိုင်ငံ တောင်ပိုင်း၊ တရုတ်နိုင်ငံအလယ်ပိုင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့မြောက်ပိုင်းနှင့် အိန္ဒိယနိုင်ငံ တစ်ဝန်းတို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အဆိုးရွားဆုံးသော ရေလွှမ်းမိုးမှုများ ဖြစ်ပွားလျက်ရှိကြောင်း စထရိတ်တိုင်းမ်သတင်းတွင် ဖော်ပြထားသည်။

ဂျပန်နိုင်ငံတောင်ပိုင်း ဖူကူအိုကာစီရင်စုတွင် ဇူလိုင် ၆ ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူခြောက်ဦး သေဆုံးခဲ့ပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

အထူးသဖြင့် ဖူကူအိုကာစီရင်စု၏ မြို့တော်ဖြစ်သည့် အာဆာကူရာမြို့တွင် ရုတ်တရက် မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် မြစ်ရေများမြင့်တက်ခဲ့ကာ ကျောင်းများ၊လမ်းများ၊နေအိမ်များ ပျက်စီးဆုံးရှုံးခဲ့ရသည်။

အဆိုပါစီရင်စုတွင် မိုးသည်းထန်စွာရွာသွန်းနိုင်ကြောင်း သတိပေးချက် ထုတ်ပြန်ထားသော်လည်း ယခုကဲ့သို့ မိုးသည်းထန်စွာ ရွာသွန်းလိမ့်မည်ဟု ထင်မထားမိကြောင်း ဒေသခံများက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ် တာရိုအာဆိုက "တကယ့်ကို ပြင်းထန် ဆိုးရွားလှတဲ့အခြေအနေပါ။ ရေလွှမ်းမိုးမှုက ဒီဖူကူအိုကာစီရင်စုကို ဖျက်ဆီးပစ်လိုက်သလိုပါပဲ"ဟု ပြောကြားခဲ့သည်။

ရေလွှမ်းမိုးမှုဖြစ်ပွားရာသို့ ရဲတပ်ဖွဲ့ဝင်များနှင့် စစ်သည်များက ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ ကျူးရှူးကျွန်းတွင် ၁၂ နာရီအတွင်း မိုးရေချိန် စင်တီမီတာ ၅၀ အထိ ရွာသွန်းခဲ့သဖြင့် မြစ်ရေများလျှံတက်ကာ ယခုကဲ့သို့ အဆိုးရွားဆုံးသော ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံတို့တွင်လည်း မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပွားလျက်ရှိကြောင်း၊ အိန္ဒိယနိုင်ငံတွင်လည်း ရေလွှမ်းမှုများကြောင့် လူပေါင်းငါးသိန်းခန့်သည် ရေဘေးမှလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်လျက်ရှိကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်လည်း ရေလွှမ်းမိုးမှုများကြောင့် ပြည်သူများဒုက္ခနှင့် ရင်ဆိုင်တွေ့ကြုံနေရသည့်အပြင် လယ်ယာစိုက်ပျိုးရေးနှင့် သီးနှံများ ပျက်စီးဆုံးရှုံးလျက်ရှိသည်ဟုဆိုသည်။

အထူးသဖြင့် တရုတ်နိုင်ငံ ဟူနန်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လယ်မြေဧကပေါင်း ကိုးသိန်းနီးပါးခန့် ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ ထို့ပြင် ယန်စီမြစ်ရေ မြင့်တက်လာမှုကြောင့် ပြည်နယ်အများအပြားမှာ ရေလွှမ်းမိုးမှုနှင့် ရင်ဆိုင်ရနိုင်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

**မယ်သီတာ**

# ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းတွင် အင်အားပြင်းငလျင်လှုပ်ခတ်

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းရှိ မြို့တော် ကန်နာဂါဒေသကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၅ အဆင့်ရှိ အင်အားပြင်းထန်သည့်ငလျင်တစ်ခု ဇူလိုင် ၆ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီ ၅ မိနစ်တွင် လှုပ်ခတ်သွားခဲ့ကြောင်း အမေရိကန်နိုင်ငံ ဘူမိဗေဒ တိုင်းတာရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါအဖွဲ့၏ ကနဦးထုတ်ပြန်ချက်အရ ငလျင်သည် မြေအောက်အနက် ၆ ဒသမ ၅ ကီလိုမီတာကို ဗဟိုပြု၍ လှုပ်ခတ်သွားခဲ့ခြင်းဖြစ်သည်ဟု စီအန်န်အန်န်သတင်းဌာနက ထုတ်ဖော်ရေးသားခဲ့သည်။

လောလောဆယ် အခြေအနေအရ ဆူနာမီဖြစ်ပေါ်နိုင်သည်ဟု သတင်းထုတ်ပြန်ထားခြင်းမရှိသော်လည်း ကမ်းခြေဒေသတွင် နေထိုင်သူများအနေဖြင့် သတိဝီရိယဖြင့် နေထိုင်ကြရန် နှိုးဆော်ထားသည်ဟုဆိုသည်။

ငလျင်လှုပ်ခတ်မှုကြောင့် ကန်နာဂါမြို့တော်နှင့်အနီးတစ်ဝိုက်တွင် လျှပ်စစ်မီးများပြတ်တောက်လျက်ရှိပြီး မြေပြိုကျမှုများလည်း ဖြစ်ပေါ်လျက်ရှိသည်ဟု ဆိုသည်။

ဂျာရိုးမြို့တွင် Geothermal စနစ်ဖြင့် တည်ဆောက်ထားသည့် လျှပ်စစ်ဓာတ်အားပေးရေးစက်ရုံ၏ အစိတ်အပိုင်းအချို့မှာ ပျက်စီးသွားသဖြင့် လျှပ်စစ်မီးများ ပြတ်တောက်နေရခြင်းဖြစ်သည်ဟုဆိုသည်။

လတ်တလောရရှိထားသည့် သတင်းများအရ လူနှစ်ဦးသေဆုံးခဲ့ပြီး ၁၀၀ ကျော် ဒဏ်ရာရရှိထားကြောင်း၊ ကန်နာဂါပြည်နယ်တွင် နေအိမ်အဆောက်အဦများ ပြိုကျပျက်စီးခဲ့ပြီး ကလေးငယ်များအပါအဝင် လူခြောက်ဦးမှာ အပျက်အစီးများအောက်တွင် ပိတ်မိနေခဲ့ကြောင်း၊ ကယ်ဆယ်ရေးသမားများက ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ကန်နာဂါမြို့တော်ဝန်က The Weather Channel သို့ ပြောကြားခဲ့သည်။

ထို့ပြင် အဆိုပါငလျင်ကြီး မလှုပ်ခတ်မီ ငလျင်အသေးစား ၂၄၁ ကြိမ် လှုပ်ခတ်ခဲ့ပြီးနောက် မြေပြိုကျမှုများ ဖြစ်ပွားခဲ့သည်ဟု သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးကောင်စီမှ တာဝန်ရှိသူ တစ်ဦးဖြစ်သည့် ရိုမေးနီးယားမာရာဆာဂန်က ပြောကြားခဲ့သည်။

**မယ်သီတာ**

# လှိုင်ကော်မြို့နှင့် ဖရူဆိုမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲနှင့် ကျောင်းမုန့်ဈေးတန်းကွင်းဆင်းစစ်ဆေး

ကယားပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူးဒေါ်မြို့ရီနှင့် ဝန်ထမ်းများသည် ဇူလိုင်လ ၄ ရက်နေ့တွင် လှိုင်ကော်မြို့ အမှတ် (၄)အခြေခံပညာအထက်တန်းကျောင်း၌ လည်းကောင်း၊ ဇူလိုင်လ ၅ ရက်တွင် အမှတ် (၃)အခြေခံပညာအထက်တန်းကျောင်း၌လည်းကောင်း၊ ဇူလိုင်လ ၆ ရက်နေ့တွင် ဖရူဆိုမြို့ အခြေခံပညာအထက်တန်းကျောင်း၌ လည်းကောင်း၊ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများ ကျင်းပခဲ့ရာ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၁၁၉၉ ဦး တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

အဆိုပါ ဟောပြောပွဲများတွင် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး ဒေါ်မြို့ရီက စားသုံးသူကာကွယ်ရေး ဥပဒေပါ စားသုံးသူအခွင့်အရေးများ၊ ဘေးအန္တရာယ်ကင်းရှင်းသည့် စားသောက်ကုန်များ ရွေးချယ် ဝယ်ယူရာတွင် မဝယ်ယူမီ သတိပြု ဖတ်ရှုရမည့် အချက်များ၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ ဝယ်ယူရာတွင် ဝန်ဆောင်မှုများအား အပြည့်အဝရရှိရန်နှင့် ကုန်စည်နှင့် ဝန်ဆောင်မှုကြောင့် နစ်နာဆုံးရှုံးမှုများရှိလာပါက စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးဌာန (Consumer Information and Complaint Center - CICC) ကို ဖွင့်လှစ်ထားပြီးဖြစ်၍ လာရောက်တိုင်ကြားနိုင်ကြောင်း အကျယ်တဝင့် ရှင်းလင်းဟောပြောဆွေးနွေးခဲ့သည်။ ဆက်လက်၍ ပြည်နယ် ဦးစီးမှူးရုံးမှ ဦးလွင်ကိုအောင်က အန္တရာယ်ရှိသော မုန့်မျိုးစုံအကြောင်း၊ အရက်၊ ဆေးလိပ်၊ ကွမ်းယာတို့ကိုစားသုံးခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးများအကြောင်းကို ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရပါတယ်။

ဆက်လက်၍ သက်ဆိုင်ရာကျောင်းအုပ်ကြီးများနှင့်အတူ ကျောင်းမုန့်ဈေးတန်းရောင်းချနေသော အစားအသောက်များအား လုံခြုံစိတ်ချရမှုရှိ/မရှိ စစ်ဆေးရာတွင် အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တားမြစ်ထုတ်ပြန်ထားသော စားသုံးရန်မသင့်သော အစားအသောက်များ၊ သက်တမ်းလွန် စားသောက်ကုန်များ မရောင်းချစေရန်နှင့် ထုပ်ပိုးခွံအညွှန်းတွင် ထုတ်လုပ်သူအမည်/လိပ်စာ၊ ထုတ်လုပ်ရက်စွဲ၊ ကုန်ဆုံးရက်စွဲ၊ သက်ဆိုင်ရာ ကျန်းမာရေး ထောက်ခံချက်များ ပါဝင်သည့် အစားအသောက်များကို ရွေးချယ်ရောင်းချစေလိုကြောင်း အသိပညာဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါတယ်။

**မိုင်သီဂီလင်း (ကယား/စားသုံးသူ)**

# ပုသိမ်မြို့မြို့မဈေးရုံအတွင်းရှိ စားသောက်ကုန်လုပ်ငန်းများအား ရှောင်တခင်ဝင်ရောက် စစ်ဆေး၍ ဈေးကွက်နမူနာကောက်ယူ

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဦးဆောင်၍ စားသုံးသူရေးရာဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း ပါဝင်လျက် ဇွန်လ ၂၇ ရက်က မြို့မဈေးကြီးအတွင်းရှိ စားသောက်ကုန်လုပ်ငန်းများဖြစ်သော ဦးလှတင်(စိန်ပဲပြား၊ ကြည်ပဲပြား)၊ ဒေါ်နုနု (လက်ဖက်၊ ချင်းအနီ၊ ချင်းအဝါ)၊ ဒေါ်ကျင်စိန် (ဆီးသီးတုတ်ထိုး၊ ဂျယ်လီ)၊ ဦးသန်းထွန်း (မျှင်ငါးပိ)၊ ဦးကိုအောင်နိုင် (မျှစ်)၊ ဒေါ်သိန်းသန်းအေး (ရွှေရော၊ ရှာလကာရည်)၊ ဒေါ်ကျင်ရီ(ကျောက်ဆူးပဲပြား)၊ ဦးသန်းဝင်း (ရောင်စုံသကြားလုံး၊ ဂျယ်လီ)၊ ဒေါ်ရီရီဝင်း (ထန်းလျက်၊ အသားတု)၊ မခိုင်(မုန့်ဖတ်၊ ညှပ်ခေါက်ဆွဲ)၊ ဒေါ်တင်တင်ဝင်း(မျှင်ငါးပိ၊ ငံပြာရည်၊ ပုစွန်ခြောက်)၊ ဒေါ်အေးသိန်း (ပုစွန်ချဉ်) စသည့် အစားအသောက်များ ရောင်းချနေသောဆိုင် ၁၂ ဆိုင်၊ ပစ္စည်းအမျိုးအစား ၄၅ မျိုးခန့်ကို ရှောင်တခင်ဝင်ရောက်၍ ဈေးကွက်နမူနာများ ကောက်ယူခဲ့ကြောင်း သိရသည်။

ထိုသို့ ကုန်ပစ္စည်းနမူနာများ ကောက်ယူခဲ့ရာတွင် တချို့ စားသောက်ကုန်များကို တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနရုံးတွင် စစ်ဆေးခဲ့ရာ အန္တရာယ်ရှိသော စားသောက်ကုန်များကို မတွေ့ရှိရဘဲ ကျန်ရှိနေ သော စားသောက်ကုန်များကို FDA တိုင်းရုံးတွင် ဓာတ်ခွဲစမ်းသပ် စစ်ဆေး၍ ရရှိလာသော အဖြေ များကို မိမိတို့အဖွဲ့မှ ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာပြည့်ဖြိုးက ပြောပါသည်။ **မင်းမင်းဦး(ပုသိမ်)**

# ပခုက္ကူခရိုင်ရုံးတွင် အစားအစာ ဘေးကင်းလုံခြုံရေး၊ ထုတ်ကုန်လုံခြုံစိတ်ချရမှု အချက်အလက်များနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်လှစ်

စားသုံးသူရေးရာ ဦးစီးဌာန၊ ပခုက္ကူခရိုင်ရုံးတွင် အစားအစာ ဘေးကင်းလုံခြုံရေး၊ ထုတ်ကုန်လုံခြုံ စိတ်ချရမှု အချက်အလက်များနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ အသိပညာပေး သင်တန်းကို ဇွန်လ ၂၇ ရက်က ဖွင့်လှစ်ခဲ့ရာ မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်စွာဝင်း၏ ကြီးကြပ်ဖြင့် ပခုက္ကူခရိုင် ဦးစီးမှူး ဦးသန်းဦး ဦးဆောင်၍ ပခုက္ကူခရိုင်၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်၊ မကွေးတိုင်းဒေသကြီး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ တိုင်းတာဝန်ခံဒေါက်တာပြည့်ထူး၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ဒုတိယတိုင်းဦးစီးမှူး ဒေါ်အေးအေးမိုး၊ အသေးစားစက်မှု လက်မှုလုပ်ငန်း ဦးစီးဌာန၊ ဒုတိယတိုင်း ဦးစီးမှူးဒေါ်စန်းစန်းတင်၊ ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံကာကွယ်ရေး တာဝန်ခံ ဒေါ်သက်သက်မြင့်၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များအားလုံးနှင့် စီးပွားရေး လုပ်ငန်းရှင်များ စုစုပေါင်း ၄၁ ဦး တက်ရောက်ခဲ့ပါသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပခုက္ကူခရိုင်၊ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်က မိမိဒေသတွင်ရှိသော လုပ်ငန်းရှင်များအနေဖြင့် စိုက်ပျိုးရေး ဌာနမှ ပို့ချပေးမည့် ပိုးသတ်ဆေးကြွင်းများ၏ အန္တရာယ်ကြောင့် လူအများဒုက္ခရောက်ရသည့်အကြောင်း၊ အသေးစား စက်မှုလက်မှု ဦးစီးဌာနမှ ဆွေးနွေးပြောကြားမည့် SMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအကြောင်းကိုလည်း သိရှိရမှာ ဖြစ်ကြောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (FDA) သည် ပခုက္ကူခရိုင်တွင် ခရိုင်တာဝန်ခံရုံး ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ အစားအသောက်နှင့် ဆေးဝါးသည် လူတို့အတွက် အရေးကြီးသလို မိမိတို့ ပတ်ဝန်းကျင်မှာလည်း သုံးစွဲရန် မသင့်သည့် အစားအသောက်နှင့် ဆေးဝါးများကြောင့် စားသုံးသူပြည်သူများ ရောဂါအန္တရာယ် များပြားလာသည်ကို တွေ့ရှိရကြောင်း၊ လုံခြုံမှုရှိသည့် စားသောက်ကုန်များ ထုတ်လုပ်နိုင်ဖို့ လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ခရိုင်စိုက်ပျိုးရေး ဦးစီးဌာန၊သီးနှံကာကွယ်ရေး တာဝန်ခံက အာဖလာတောက်ဆင် (Aflatoxins) မှိုဆိပ်နှင့် ပတ်သက်၍လည်းကောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ဒုတိယတိုင်းဦးစီးမှူးက SMEs လုပ်ငန်းများ လုပ်ဆောင်ရာတွင် လိုအပ်သည့် အချက်များ၊ သင်တန်းများ ဖွင့်လှစ်ပို့ချမှု အခြေအနေများ၊ ချေးငွေများ ရယူနိုင်မည့် အခြေအနေများနှင့် မှတ်ပုံတင် ပြုလုပ်ပေးနိုင်သည့် လုပ်ငန်းအမျိုးအစားများကိုလည်းကောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) တိုင်းတာဝန်ခံက အစားအသောက် ထပ်ဖြည့်ပစ္စည်းအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယ တိုင်းဒေသကြီး ဦးစီးမှူးက စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ဥပဒေရေးရာများ၊ အန္တရာယ်ရှိ စားသောက်ကုန်များ၊ အစားအစာများကို ရွေးချယ်ဝယ်ယူ စားသောက်တတ်ကြစေရန်တို့ကို လည်းကောင်း အသီးသီး ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် တက်ရောက် လာကြသူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူအသီးသီးက ပြန်လည်ဆွေးနွေး ဖြေကြားပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**သူဇာကျော်(ပခုက္ကူ)**

# မကွေးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ (၁/၂၀၁၇) အစည်းအဝေးကျင်းပ



မကွေးမြို့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမတွင် (၁/၂၀၁၇) ကြိမ်မြောက် မကွေးခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အစည်းအဝေးကို ဇွန်လ ၂၉ ရက်တွင် ကျင်းပပြုလုပ်ခဲ့ရာ ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးသန်းနှင့် ခရိုင် အငြင်းပွားမှုဖြေရှင်း ရေးအဖွဲ့ဝင်များ၊ အစားသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ခရိုင်တာဝန်ခံ ဒေါက်တာတင်ကိုဝင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိုင်းဒေသကြီး ဦးစီးမှူး ဒေါ်အေးအေးမိုးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ၊ စုစုပေါင်း ၂၂ ဦး တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာ မကွေးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးသန်းက အဖွင့်အမှာစကားပြောကြားပြီး မကွေးခရိုင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်အေးအေးမိုးက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ မကွေးခရိုင်အတွင်း စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်း ဆောင်ရွက်နိုင်ခဲ့မှုအခြေအနေများ၊ ၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဧပြီလနှင့် မေလအတွင်း မကွေးခရိုင်အတွင်း စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်း ဆောင်ရွက်မှုနှင့် ကွင်းဆင်းစစ်ဆေးမှုအခြေအနေများ၊ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ၊ စားသုံးသူအငြင်းပွားမှုအား ဖြေရှင်းခြင်းအကြောင်း၊ ပုဒ်မ ၇ (ခ) တွင် ပါဝင်သော စီးပွားရေးလုပ်ငန်းရှင်တို့၏ တာဝန်များ၊ ပုဒ်မ ၈ (ဂ) တွင် ဖော်ပြထားသော စံချိန်စံညွှန်း အရည်အသွေးမှီကုန်ပစ္စည်းများ ထုပ်ပိုးမှုစနစ်တွင် ပါဝင်ရမည့် အချက်အလက်များ၊ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ အရေးယူပိုင်ခွင့်များအကြောင်း၊ ပြစ်မှုပြစ်ဒဏ်များ၊ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ၏ တတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များ၊ ပုဒ်မ ၁၉ ပါ စီမံခန့်ခွဲမှု ပြစ်ဒဏ်များအကြောင်း၊ စေ့စပ်ညှိနှိုင်း ဖြေရှင်းပေးခဲ့သည့် တိုင်ကြားမှုများအကြောင်း၊ ထုတ်ကုန် လုံခြုံ စိတ်ချရမှုဆိုင်ရာ စစ်ဆေး တွေ့ရှိချက်များနှင့် တွေ့ကြုံရသည့် အခက်အခဲများ၊ သုံးသပ်ချက်များအကြောင်းကို ပါဝါပွိုင့်များဖြင့် အသေးစိတ်ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသည့် မကွေးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များက ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်ပြီး အသေးစိတ် ဆွေးနွေးခဲ့ကြပြီး မကွေးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဆုံးဖြတ်ချက်အရ ဈေးကွက်အတွင်း ကွင်းဆင်းစစ်ဆေးမှုကို တစ်ပတ်တစ်ကြိမ် အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များကိုယ်တိုင် စုံစုံညီညီဖြင့် ရှောင်တခင် ကွင်းဆင်းစစ်ဆေးပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားမည် ဖြစ်သည့်အတွက် မကြာမီ ကာလအတွင်း စားသုံးသူပြည်သူများ လုံခြုံစိတ်ချရမှု ရှိသည့် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ ရွေးချယ်ဝယ်ယူ အသုံးပြုလာနိုင်မည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**စန္ဒာစိုးလွင် (မကွေး)**

# ရန်ကုန် အနောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၅/ ၂၀၁၇) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် အနောက်ပိုင်းခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့၏ (၅/၂၀၁၇) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇွန်လ ၂၂ရက်တွင် ရန်ကုန် အနောက်ပိုင်းခရိုင် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေး ခန်းမတွင် ကျင်းပခဲ့ပါသည်။

အဆိုပါ အစည်းအဝေးသို့ ခရိုင် အထွေထွေ အုပ်ချုပ်ရေးမှူးနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ မြို့နယ် အုပ်ချုပ်ရေးမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးထွန်းဝေက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် FacebookAcount တစ်ခုဖွင့်၍ စားသုံးသူတို့၏ မကျေနပ်ချက်များ၊ အငြင်းပွားမှုများကို ဖြေရှင်းဆောင်ရွက်ရန် လမ်းညွှန်ထားပါကြောင်း၊ စားသုံးသူရေးရာ ဦးစီးဌာန၏ လုပ်ငန်း ဆောင်ရွက်ချက်များကိုလည်း သက်ဆိုင်ရာဌာနများက ဝိုင်းဝန်း ပံ့ပိုးသွားရန် ပြောကြားပါသည်။

ရန်ကုန် အနောက်ပိုင်းခရိုင် အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးကျင်ဌွေးက ၂၀၁၇ ခုနှစ် မေလအတွင်းစားသုံးသူရေးရာ ဦးစီးဌာန၏ အသိပညာပေး ဟောပြောပွဲ ဆောင်ရွက်မှု၊ ကွင်းဆင်းစစ်ဆေးခဲ့မှုများ၊ ဇွန်လ ၁၅ ရက်တွင် လှိုင်သီရိ မင်္ဂလာဈေးအတွင်း မိတ်ဖက်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများ၊ FDA ၏ ဦးဆောင်မှုဖြင့် သိမ်ကြီးဈေး A ရုံ B ရုံနှင့် ၂၆ လမ်း ဈေးများအတွင်း စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း ၁၁၄ မျိုးကို ဈေးကွက်နမူနာယူ၍ ဓါတ်ခွဲခြင်း၊ မုန့်ဖတ်နှင့် ပဲပြားတို့ တွင်လည်း ဖော်မလင် သုံးစွဲခြင်းရှိ/မရှိ စစ်ဆေးခြင်းနှင့် စားသောက်ဆိုင်တစ်ခုတွင် စားသုံးသူတစ်ဦးမှ သန့်ရှင်းမှုမရှိ၍ တိုင်ကြားမှုကိစ္စအား YCDC ကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်းဖြေရှင်းဆောင်ရွက်ခဲ့မှုများကို Power Point ဖြင့် ရှင်းလင်း တင်ပြပါသည်။ ဆက်လက်၍ စားသုံးသူရေးရာ ဦးစီးဌာန အနောက်ပိုင်းခရိုင် အတွင်းရေးမှူး ဦးကျင်ဌွေးက ရွှေ့လတွင် လှိုင်ဈေးနှင့် ကမ္ဘာအေးဈေးတို့ကို မိတ်ဖက်ဌာနအဖွဲ့များဖြင့် ကွင်းဆင်း စစ်ဆေးဆောင်ရွက်ရန် ဆွေးနွေးတင်ပြခဲ့ပါသည်။

ဆက်လက်၍ ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးထွန်းဝေက အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ ကွင်းဆင်း စစ်ဆေးရာတွင် မလိုလားအပ်သော ပြဿနာများမဖြစ်ပေါ်စေရန် အတွက် လိုအပ်ပါက သက်ဆိုင်ရာမြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှ အကူအညီပေးရန်၊ စားသုံးရန် မသင့် ကြေညာထားသော အစားအသောက်နှင့် လူသုံးကုန် ပစ္စည်းအမျိုးအမည်များကို ဈေးတာဝန်ခံရုံးတွင် ကပ်ထားရန်၊ စစ်ဆေးရေးအဖွဲ့များ စစ်ဆေးချိန်တွင် ရောင်းချသူနှင့် စစ်ဆေးရေး အဖွဲ့များ ထိပ်တိုက်တွေ့ဆုံမှုများ မရှိစေရန်နှင့် စစ်ဆေးမှု၊ တွေ့ရှိ အရေးယူမှုများကိုလည်း အမှုဆောင်များအား ဖြန့်ဝေပေးရန် ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**သန်းအေး(စားသုံးသူ)**

## ချောင်းဆုံမြို့နယ်အတွင်းရှိ ဆေးဆိုင်များနှင့် ဈေးဆိုင်များအား စစ်ဆေးပြီး အသိပညာပေးဆွေးနွေး

မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ချောင်းဆုံမြို့နယ်တာဝန်ခံဦးဆောင်သည့် ပူးပေါင်းအဖွဲ့သည် ဇွန်လ ၁၄ရက်က ချောင်းဆုံမြို့နယ်အတွင်းရှိ ဆေးဆိုင်သုံးဆိုင်၊ ဈေးဆိုင် ၁၁ ဆိုင်တို့အားကွင်းဆင်း စစ်ဆေးခဲ့ရာ ဓါတုဆေးဝါးပါ အလှကုန်သုံးမျိုး၊ တရားမဝင် ဆေးလေးမျိုး၊ တိုင်းရင်းဆေးထုပ်ပိုးမှုပုံစံဖြင့် နိုင်ငံခြားဆေးများရောနှောထားသော ဆေးတစ်မျိုး၊ ဆေးဝါးအတုတစ်မျိုး၊ သက်တမ်းကုန်ဆေးတစ်မျိုး၊ စပ်ဆေးအစုံတစ်မျိုး၊ စုစုပေါင်း ၁၀မျိုးအား စစ်ဆေးတွေ့ရှိရသဖြင့် မြို့နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးကော်မတီမှ လုပ်ထုံးလုပ်နည်းနှင့်အညီ သိမ်းဆည်းခဲ့ပါသည်။

ထို့ပြင် အဆိုပါ ပူးပေါင်းအဖွဲ့သည် ကွမ်ရိုက်ကျေးရွာရှိ ဆိုင်ပိုင်ရှင်များ၊ တစ်ပိုင်တစ်နိုင် စားသောက်ကုန်ထုတ်လုပ်သူဒေသခံများအား စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများ၊ ထုတ်ကုန် လုံခြုံစိတ်ချရမှုဆိုင်ရာ သိကောင်းစရာများအား ပညာပေးဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

**မိုးမိုး(စားသုံးသူ-မွန်)**

## ဖျာပုံခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပပြီး မုန့်လုပ်ငန်းများအား ကွင်းဆင်း စစ်ဆေး



ဖျာပုံခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင် ဦးဆောင်၍ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင်ဇွန် ၂၂ ရက်က ကျင်းပခဲ့ရာ ခရိုင်အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ဝင် ၁၀ဦး၊ ဖိတ်ကြားထားသည့် မိတ်ဖက်ဌာနများမှခုနစ်ဦးနှင့် ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းရှစ်ဦး စုစုပေါင်း ၂၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဖျာပုံခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးမြင့်အောင်က စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ၊ ယခုလ ဆောင်ရွက်မှုနှင့် ရွှေ့လဆောင်ရွက်မည့်လျာထားလုပ်ငန်းအစီအစဉ်များ၊ အထက်ဌာနမှ ညွှန်ကြားချက်များနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းအမှာစာ ၁၂စောင်အား တင်ပြဆွေးနွေးပါသည်။ တက်ရောက်လာကြသော အဖွဲ့ဝင်များက ပြန်လည်ဆွေးနွေးခဲ့ကြပြီး တင်ပြသည့်လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ယခုလအတွင်း ကွင်းဆင်းစစ်ဆေးရန် ကျန်ရှိနေသေးသည့် ပူတင်းပေါင်မုန့်လုပ်ငန်းနှင့် မုန့်ဟင်းခါးဖတ် လုပ်ငန်းအား လျာထားသည့်အတိုင်း စစ်ဆေးသွားရန် အတည်ပြုဆုံးဖြတ်ခဲ့ကြပါသည်။

ထို့နောက် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူးက ဦးဆောင်၍ အဖွဲ့ဝင်များလိုက်ပါပြီး ဖျာပုံမြို့(၁၇)ရပ်ကွက်ရှိ 'ဇော်ဇော်' ပူတင်းပေါင်မုန့်လုပ်ငန်းသို့ ကွင်းဆင်းစစ်ဆေးခဲ့ရာအမှတ်တံဆိပ်တွင် ထုတ်လုပ်သည့်ရက်စွဲ၊ ကုန်ဆုံးသည့်ရက်စွဲများမပါရှိသဖြင့် ထည့်သွင်းဖော်ပြထားရန်ပထမအကြိမ် သတိပေးမှာကြားပြီး 'ဆန်း' မုန့်ဟင်းခါးဖတ်လုပ်ငန်းတွင် ရေဆိုးစွန့်ထုတ်သည့် မြောင်းများ နေ့စဉ်ဆေးကြောရန်နှင့် အဖုံးများဖုံးအုပ်ထားရန်၊ မုန့်ဖတ်များတင်သောစင်တွင် ယင်လုံဇကာများပြုလုပ်ထားရန် အဖွဲ့မှ ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့် စားသုံးသူများဘေးဥပဒ် အန္တရာယ်ကင်းရှင်းစေရေးဆောင်ရွက်ရန်မှာကြား၍ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပါ ပြဋ္ဌာန်းချက်များအား အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မောင်ဖျာပုံ**

## ကသာမြို့ အ·ထ· က(၁)၊ အ·ထ·က (၂)၊ အ·ထ·က(၃) တို့တွင် ကျောင်းဈေးသည်များအား စစ်ဆေး

ကသာခရိုင်၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ ဦးဆောင်ညွှန်ကြားမှုဖြင့် ဇွန် ၅ ရက်တွင် ကသာ မြို့ အ. ထ. က (၁)၊ အ. ထ. က (၂)၊ အ. ထ. က (၃) ရှိ ကျောင်းဈေးတန်းနှင့် ကျောင်းပြင်ပဈေးဆိုင်ပေါင်း ၃၃ ဆိုင်မှ ဈေးသည်များအား ယခုနှစ် ကျောင်းဖွင့်ရာသီမှစ၍ ကျောင်းဈေးသည်များ ဆေးစစ်ရန်နှင့် ဆေးစစ်ချက်အောင်မြင်မှသာ ကျောင်းဈေးတွင် ရောင်းချခွင့်ပြုမည်ဖြစ်ကြောင်း၊ တားမြစ်ထားသော စားသောက်ကုန်များအား ရောင်းချပါက သိမ်းဆည်းသွားမည်ဖြစ်ကြောင်းနှင့် မိမိရောင်းချသော စားသောက်ကုန်များသည် သန့်ရှင်းသပ်ရပ်မှုရှိစေရန် တစ်ခါသုံး လက်အိတ်အသုံးပြုရန်နှင့် အစားအသောက် များကို ယင်မနားအောင် ဖုံးအုပ်ရောင်းချရန် ကျောင်းဈေးသည်များအား အသိပညာပေးဆွေးနွေးခဲ့ပါသည်။

အဆိုပါစစ်ဆေးရေးအဖွဲ့တွင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် မိတ်ဖက်အဖွဲ့အသီးသီးမှ တာဝန်ရှိသူများ ပါဝင်ကြောင်း သတင်းရရှိပါသည်။

**လှလှခိုင်(ကသာ)**



## စစ်ကိုင်းမြို့ရှိ ကျောင်းဈေးဆိုင်တန်းများအား ကွင်းဆင်းစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာန၊ စစ်ကိုင်းခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူးဦးမြင့်စိုး ဦးဆောင် ၍ မိတ်ဖက်ဌာနများဖြစ်သော ပညာရေးဦးစီးဌာန၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေး အဖွဲ့၊ ခရိုင်ရဲ သတင်းထောက်၊ သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများသည် ဇွန် ၂၁ ရက်တွင် စစ်ကိုင်းမြို့နယ်ရှိ ညောင်ကုန်းကျေးရွာ အ. ထ. က(ခွဲ)၊ မအူပင်ကျေးရွာ အ. ထ. က(ခွဲ)နှင့် ဆင်မြေကျေးရွာ၊ အ. လ. က (ခွဲ) ကျောင်းများရှိ ဈေးဆိုင် ၁၉ ဆိုင်သို့ အန္တရာယ်ရှိ စားသောက်ကုန်ပစ္စည်းများ ရောင်းချမှုရှိ /မရှိ၊ ကျန်းမာရေးနှင့်ညီညွတ်သည့် သန့်ရှင်းလတ်ဆတ်မှု ရှိ/မရှိနှင့် စနစ်တကျ ထားသိုရောင်းချမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

ထိုသို့ ကျောင်းဈေးဆိုင်များအား ကွင်းဆင်း စစ်ဆေးရာတွင် မြန်မာမုန့်များ၊ မြန်မာအစားအစာဆိုင်များနှင့် မုန့်မျိုးစုံရောင်းချသောဆိုင် စုစုပေါင်း ၁၉ ဆိုင်တို့တွင် ကွင်းဆင်းစစ်ဆေး ပညာပေးခြင်းများ ပြုလုပ်ခဲ့ပြီး စားသုံး သူအကာအကွယ်ပေးရေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**သဇင်ကို(စစ်ကိုင်း)**

# (၁၄) ကြိမ်မြောက်

# w½kwf tmqD,HukefpnfjyyGB

# မြန်မာနိုင်ငံ





| ဝင်းသန်းကျော် (ကုန်သွယ်မြှင့်) |

## တရုတ်-အာဆီယံကုန်စည်ပြပွဲသမိုင်းအကြောင်း

၂၀၀၃ ခုနှစ်၊ အောက်တိုဘာလက အင်ဒိုနီး ရှားနိုင်ငံ၊ ဘာလီကျွန်းတွင် ကျင်းပခဲ့သော (၇) ကြိမ်မြောက် တရုတ်-အာဆီယံထိပ်သီး အစည်းအဝေးတွင် တရုတ်ဝန်ကြီးချုပ်ဝမ်ကျားပေါင်က တရုတ်-အာဆီယံ လွတ်လပ်သောကုန်သွယ်ရေးနယ်မြေတည်ဆောက်ရေးကို အထောက်အကူပြု ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်းရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့တွင် တရုတ်-အာဆီယံ ကုန်စည်ပြပွဲများကို နှစ်စဉ် ကျင်းပသွားရန် အဆိုပြုခဲ့ပြီး ၂၀၀၄ ခုနှစ်မှ စတင် ကျင်းပ၍ ပြပွဲနှင့်အတူ တရုတ်-အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးကိုလည်း တစ်ပြိုင်နက်တည်း ကျင်းပခဲ့ပါသည်။

## CAEXPO Mascot

တရုတ်-အာဆီယံကုန်စည်ပြပွဲ အထိမ်းအမှတ်ရုပ်ပုံ CAEXPO Mascot အဖြစ် တရုတ်-အာဆီယံ ကုန်စည်ပြပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသော ကွမ်းရှီးကျွမ်းပြည်နယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသနှင့်ဆိုင်သည့် ခေါင်းဖြူမျောက်ကလေးရုပ်ပုံကို အသုံးပြုခြင်းဖြစ်ပြီး ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့ကို အတူတကွမျှဝေခံစားရန် (Friendship, Cooperation, Development, Prosperity) ဟူသော အဓိပ္ပာယ်ဖြစ်ပါသည်။

## ဂုဏ်ထူးဆောင်တိုင်းပြည် (Country of Honor) အဖြစ်ဆောင်ရွက်ခြင်း

၂၀၀၇ ခုနှစ်၊ စတုတ္ထအကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲမှစတင်၍ အဖွဲ့ဝင်နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ကုန်သွယ်မှုတိုးမြှင့်နိုင်ရေး ပိုမိုခိုင်မာစွာဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ နိုင်ငံတစ်နိုင်ငံကို ဂုဏ်ထူးဆောင်တိုင်းပြည် (Country of Honor) အဖြစ် ရွေးချယ် သတ်မှတ်တာဝန်ပေးအပ်ကာ အာဆီယံအဖွဲ့ဝင်နိုင်ငံများကိုယ်စား ဦးဆောင်နိုင်ငံအဖြစ် ပြပွဲဖွင့်ပွဲ အခမ်းအနားများသို့ သက်ဆိုင်ရာ နိုင်ငံအကြီးအကဲကိုယ်တိုင် တရုတ်နိုင်ငံအကြီးအကဲများနှင့်အတူ တက်ရောက်ချီးမြှင့် ဆောင်ရွက်ပေးရပါသည်။

ဂုဏ်ထူးဆောင်တိုင်းပြည် (Country of Honor) ရွေးချယ်သတ်မှတ်ခြင်းကို အင်္ဂလိပ် အက္ခရာ အစီအစဉ်အလိုက် သတ်မှတ်၍ အလှည့်ကျ အိမ်ရှင်နိုင်ငံ(Country of Honor) အဖြစ် ဆောင်ရွက်လျက်ရှိရာ ယခုနှစ်တွင် ကျင်းပမည့် (၁၄) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် အလှည့်ကျအစီအစဉ်အရ ဘရူနိုင်းဒါရုဆလမ် နိုင်ငံက ဂုဏ်ထူးဆောင်တိုင်းပြည် (Country of Honor) အဖြစ် တာဝန် ယူဆောင်ရွက်ရမည်ဖြစ်ပါသည်။ နှစ်စဉ်အလှည့်ကျ (Country of Honor) နိုင်ငံအဖြစ် ဆောင်ရွက်ခဲ့ပြီးသော နိုင်ငံများမှာ ၂၀၀၇ ခုနှစ်တွင် 4th CAEXPO ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ၊ ၂၀၀၈ ခုနှစ်တွင် 5th CAEXPO ကမ္ဘောဒီးယားနိုင်ငံ၊ ၂၀၀၉ ခုနှစ်တွင် 6th CAEXPO လာအိုနိုင်ငံ၊ ၂၀၁၀ ခုနှစ်တွင် 7th CAEXPO အင်ဒိုနီးရှားနိုင်ငံ၊ ၂၀၁၁ ခုနှစ်တွင် 8th CAEXPO မလေးရှားနိုင်ငံ၊ ၂၀၁၂ ခုနှစ်တွင် 9th CAEXPO မြန်မာနိုင်ငံ၊ ၂၀၁၃ ခုနှစ်တွင် 10th CAEXPO ဖိလစ်ပိုင်နိုင်ငံ၊ ၂၀၁၄ ခုနှစ်တွင် 11th CAEXPO စင်ကာပူ နိုင်ငံ၊ ၂၀၁၅ ခုနှစ်တွင် 12th CAEXPO ထိုင်းနိုင်ငံနှင့် ၂၀၁၆ ခုနှစ်တွင် 13th CAEXPO ဗီယက်နမ်နိုင်ငံတို့ ဖြစ်ပါသည်။

## နှစ်စဉ် CAEXPO ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံတော်အကြီးအကဲများ တက်ရောက်ခဲ့သည့်စာရင်း

နှစ်စဉ်ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အကြီးအကဲများ တက်ရောက်ခဲ့ရာ ၂၀၀၄၊ ၂၀၀၅၊ ၂၀၀၆၊ ၂၀၀၇ ခုနှစ်တို့တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ၂၀၀၈ ခုနှစ်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ ၂၀၀၉ ခုနှစ်တွင် အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ ၂၀၁၀ ခုနှစ်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း ၊ ၂၀၁၁ ခုနှစ်တွင် ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး၊ ၂၀၁၂၊ ၂၀၁၃ ခုနှစ်တို့တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ၂၀၁၄ ခုနှစ်တွင် ဒုတိယသမ္မတ ဦးဉာဏ်ထွန်း၊ ၂၀၁၅ ခုနှစ်တွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ၂၀၁၆ ခုနှစ်တွင် ဒုတိယသမ္မတ ဦးမြင့်ဆွေတို့ တက်ရောက်ခဲ့ကြပါသည်။

## တရုတ်-အာဆီယံကုန်စည်ပြပွဲ၏ အဓိကခန်းမဆောင်များ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့တွင် နှစ်စဉ်ကျင်းပသော တရုတ်-အာဆီယံ ကုန်စည်ပြပွဲကြီးတွင် နှစ်လိုဖွယ်ရာ မြို့တော်များခန်းမဆောင် (Pavilion of Cities of Charm)၊ ကုန်စည်ဆိုင်ရာ ခန်းမဆောင် (Pavilion of Commodity Trade)၊ ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ခန်းမဆောင် (Pavilion of Investment Co-operation )၊ အဆင့်မြင့် နည်းပညာဆိုင်ရာ ခန်းမဆောင် (Pavilion of Advance Technology) ၊ ကုန်သွယ်ရေး ဝန်ဆောင်မှု ဆိုင်ရာခန်းမဆောင်၊ (Pavilion of Trade in Services) ဟူ၍ အဓိက ခန်းမဆောင်များ ဆောက်လုပ်ပြသခဲ့ပါသည်။

## နှစ်လိုဖွယ်ရာမြို့တော်ခန်းမဆောင် (Pavilion of Cities of Charm)

တရုတ်-အာဆီယံကုန်စည်ပြပွဲများတွင် နှစ်လိုဖွယ်ရာ မြို့တော်များခန်းမဆောင်ကို ၂၀၀၅ ခုနှစ် ဒုတိယအကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲမှစတင်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများက နှစ်စဉ် အလှည့်ကျမြို့တော်တစ်ခုစီကို ရွေးချယ်၍ သတ်မှတ်ထားသော ရည်ရွယ်ချက် ခေါင်းစဉ် (Theme) နှင့်အညီ ပါဝင်ပြသရခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် နှစ်လိုဖွယ်ရာမြို့တော်များကို အောက်ပါအတိုင်း ရွေးချယ်ပြသခဲ့ပါသည်။

| ပြပွဲအမည် | ပြပွဲရည်ရွယ်ချက် | နှစ်လိုဖွယ်ရာမြို့ (City of Charm) |
|---|---|---|
| ဒုတိယအကြိမ်ပြပွဲ | စီးပွားရေးအချက်အချာမြို့ | မန္တလေး |
| တတိယအကြိမ်ပြပွဲ | ကမ္ဘာလှည့် ခရီးသွားမြို့ | ပုဂံ |
| စတုတ္ထအကြိမ်ပြပွဲ | ဆိပ်ကမ်းမြို့ | ရန်ကုန် |
| ပဥ္စမအကြိမ်ပြပွဲ | သတင်းအချက်အလက်နှင့် နည်းပညာမြို့ | ရတနာပုံ |
| ဆဋ္ဌမအကြိမ်ပြပွဲ | ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးနှင့် အကောက်ခွန် ပူးပေါင်းဆောင်ရွက်ရေးမြို့ | မူဆယ် |
| သတ္တမအကြိမ်ပြပွဲ | တရုတ်-အာဆီယံ နိုင်ငံများ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးမြို့ | မန္တလေး |
| အဋ္ဌမအကြိမ်ပြပွဲ | ပတ်ဝန်းကျင် ထိန်းသိမ်းမှု ပူးပေါင်းဆောင်ရွက်ရေးမြို့ | နေပြည်တော် |
| နဝမအကြိမ်ပြပွဲ | သိပ္ပံနှင့် နည်းပညာ ပူးပေါင်း ဆောင်ရွက်ရေးမြို့ | ရတနာပုံ |
| ဒသမအကြိမ်ပြပွဲ | ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခွင့်အလမ်းမြို့ | ကျောက်ဖြူ |
| (၁၁) ကြိမ်မြောက်ပြပွဲ | အာဆီယံ- တရုတ် ဆိပ်ကမ်းမြို့များ အကြား ရေကြောင်းဆက်သွယ်မှုဆိုင်ရာမြို့ | ရန်ကုန် (သီလဝါဆိပ်ကမ်း) |
| (၁၂) ကြိမ်မြောက်ပြပွဲ | ၂၁ ရာစု ပင်လယ်ရေကြောင်းပိုးလမ်းမ တည်ထောင်ရေးဆိုင်ရာမြို့ | ထားဝယ် |
| (၁၃) ကြိမ်မြောက်ပြပွဲ | ၂၁ ရာစု ပိုးလမ်းမကြီး တည်ဆောက်ခြင်းဖြင့် တရုတ်- အာဆီယံ အသိုက်အဝန်းသို့ ပူးတွဲတက်လှမ်းကြရေးဆိုင်ရာမြို့ | မော်လမြိုင် |

ယခုနှစ်ကျင်းပမည့် (၁၄) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ၏ (Theme) ဖြစ်သည့် "၂၁ ရာစု ပိုးလမ်းမကြီးကို အတူတကွ တည်ဆောက်ခြင်းဖြင့် ခရီးသွားကဏ္ဍမှတစ်ဆင့် ဒေသတွင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်" (Jointly Building the 21st Century Maritime Silk Road, Promote Regional Economic Integration through Tourism) ဟူသည့်ခေါင်းစဉ်နှင့် ကိုက်ညီသော တောင်ကြီးမြို့ကို ရွေးချယ်ပြသမည်ဖြစ်ပါသည်။ အမျိုးသား ပြခန်းဆောင် (National Pavilion) ကို မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံများဖြင့် ခေတ်မီထည်ဝါစွာ ပြသနိုင်ရေး ဆောင်ရွက်သွား ရ မည်ဖြစ်ရာ မြန်မာအမျိုးသားပြခန်းဆောင် အကျယ်အဝန်းကို ၁၇၅ စတုရန်းမီတာရယူလျက်ပြသနိုင်ရေး စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။

## ကုန်စည်ဆိုင်ရာခန်းမဆောင် (Pavilion of Commodity Trade)

တရုတ်-အာဆီယံကုန်စည်ပြပွဲများတွင် ကုန်စည်ဆိုင်ရာ ခန်းမဆောင်၌ အာဆီယံ ကုန်စည်ကဏ္ဍနှင့် တရုတ်ကုန်စည်ကဏ္ဍ ဟူ၍ ကဏ္ဍနှစ်ခု ခွဲခြားပြီး ခင်းကျင်းပြသလေ့ရှိပါသည်။ အာဆီယံ ကုန်စည်ကဏ္ဍတွင် အာဆီယံ၏ အမှတ်တံဆိပ် ထုတ်ကုန်များ၊ စိုက်ပျိုးရေးအခြေခံ ထွက်ကုန်များနှင့် စားသောက်ကုန်များ၊ ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာများ၊ စားသုံးကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းများကို ခင်းကျင်းပြသကြပါသည်။ တရုတ်ကုန်စည်ကဏ္ဍတွင်ယာဉ်နှင့် စက်ကိရိယာပစ္စည်းများ၊ လျှပ်စစ်ဓာတ်အားနှင့်စွမ်း အင်ဆိုင်ရာပစ္စည်းများ၊ စားသောက်ကုန်ထုတ်စက်ပစ္စည်းများနှင့်ထုပ်ပိုးသည့်စက်များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်နှင့် လျှပ်စစ်အသုံးပြုပစ္စည်းများကို ခင်းကျင်းပြသကြပါသည်။

ယခုနှစ်ကျင်းပမည့် (၁၄) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲကြီးတွင် Hall No.(14) ကုန်စည်ပြခန်းဆောင်၌ ပြခန်း ၁၄၅ ခန်းရယူပြီး မြန်မာ့ထွက်ကုန်ပစ္စည်းများကို ခင်းကျင်းပြသနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် နန်နင်းမြို့ မြန်မာကုန်သွယ်ရေး ကိုယ်စားလှယ်ရုံးကို ၂၀၁၃ ခုနှစ်က တရားဝင် ဖွင့်လှစ်ပြီးဖြစ်ပါသဖြင့် စိတ်ဝင်စားသူမြန်မာလုပ်ငန်းရှင်များအနေနှင့် ကုန်စည်ပြခန်း ဆောင်တွင် ပြခန်းနေရာမရရှိပါက ၎င်းကုန်သွယ်ရေးကိုယ်စားလှယ်ရုံးတွင် ပြသရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

ဆက်လက်ဖော်ပြပါမည်။

# အရှေ့ပိုင်းစီးပွားရေးစင်္ကြံ (EEC) တွင် ရင်းနှီးမြှုပ်နှံရန် ဘိုးအင်းကုမ္ပဏီမှ စဉ်းစားနေ

အမေရိကန်၏ အကျော်ကြားဆုံးသော ဘိုးအင်းလေယာဉ် ကုမ္ပဏီသည် အရှေ့ပိုင်းစီးပွားရေးစင်္ကြံ (EEC) ဧရိယာအတွင်း လေယာဉ် အစိတ်အပိုင်းထုတ်လုပ်ခြင်း၊ သင်တန်းများ ပို့ချပေးရန် ဌာနများတည်ထောင်ခြင်းတို့၌ ရင်းနှီးမြှုပ်နှံရန် စဉ်းစားလျက်ရှိနေကြောင်း ဗန်ကောက်ပို့စ်သတင်းတွင် ဖော်ပြထားပါသည်။

ဘိုးအင်းကုမ္ပဏီ၏ အရှေ့တောင်အာရှရုံးခွဲအကြီးအကဲ Mr.Boyce သည် ဇွန်လ ၂၃ ရက်က ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr.Somkid Jatusripitak နှင့် တွေ့ဆုံရာတွင် ကုမ္ပဏီအနေဖြင့် EEC ၌ ရင်းနှီးမြှုပ်နှံရန် ပြင်ဆင်လျက်ရှိကြောင်းနှင့် မကြာမီ အပြီးသတ် ဆုံးဖြတ်ချက် ချမှတ်နိုင်တော့မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

EEC စီမံကိန်းကို အစိုးရက အထူးမြှင့်တင်ပေးလျက်ရှိပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား ဆွဲဆောင်နိုင်ရန်အတွက် အထူးစီးပွားရေးဇုန် (SEZ) အဖြစ် သတ်မှတ်ထားရှိပြီး ဖြစ်ပါသည်။ ၎င်းဇုန်သည် ဧရိယာ အကျယ်အဝန်းရိုင် ၃၀၀၀၀ ရှိပြီး အရှေ့ပိုင်းပြည်နယ်သုံးခုဖြစ်သည့် ရာယွန်၊ ချွန်ဘူရီ၊ ချာချောင်ဆောတို့ ပါဝင်ပါသည်။ အစိုးရနှင့် ပုဂ္ဂလိကတို့က ငါးနှစ်အတွင်း ရင်းနှီးမြှုပ်နှံမှု ဘတ် ၁ ဒသမ ၅ ထရီလီယံ မြှုပ်နှံသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၎င်းဧရိယာအတွင်း ထိုင်းနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အား ဖြစ်စေမည့် စက်မှုလုပ်ငန်း ၁၀ မျိုးကို ဆောင်ရွက်ရန် လျာထားကြောင်းသိရသည်။ ၎င်းလုပ်ငန်းများတွင် မျိုးဆက်သစ် ကားထုတ်လုပ်ရေးလုပ်ငန်း၊ အဆင့်မြင့်လျှပ်စစ်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်း၊ စံချိန်မီဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်း၊ ခရီးသွားလာရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဇီဝနည်းပညာသုံး အစားအစာ ထုတ်လုပ်ရေးလုပ်ငန်း၊ စက်မှုလုပ်ငန်းသုံး စက်ရုပ်များ ထုတ်လုပ်ရေးလုပ်ငန်း၊ ဇီဝလောင်စာနှင့် ဇီဝဓာတု ထုတ်လုပ်ရေး လုပ်ငန်း၊ ဆေးကုသမှုလုပ်ငန်းတို့ ပါဝင်ပါသည်။

ဆက်လက်၍ Mr. Boyce က ယခုအချိန်သည် ဘိုးအင်းကုမ္ပဏီအတွက် EEC တွင် ရင်းနှီးမြှုပ်နှံရန် အကောင်းဆုံးအချိန် ဖြစ်ကြောင်း၊ ယခုအချိန်တွင် ဆုံးဖြတ်ချက် မချနိုင်ပါက အခွင့်အရေးနှင့် လွဲချော်ရမည်ဖြစ်ကြောင်း၊ EEC တွင် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းကောင်းများ ရှိနေကြောင်း၊ လေကြောင်းဆိုင်ရာ စက်မှုလုပ်ငန်းများသည် လာမည့် နှစ် ၂၀ အတွင်း လေကြောင်း လိုင်းအသစ်များအတွက်ကောင်းစွာ အထောက်အကူပြုစေနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိတွင် လေယာဉ်မှူးများ၊ လေယာဉ်များ၊ လေယာဉ်ထိန်းသိမ်းမှု လုပ်ငန်းများ၊ လေယာဉ်အစိတ်အပိုင်း ထုတ်လုပ်မှုလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်မှုမြင့်မားနေကြောင်း၊ ဘိုးအင်း ကုမ္ပဏီအနေဖြင့် စင်ကာပူအခြေစိုက် ထိုင်းလေကြောင်းလိုင်း အပါအဝင်လေကြောင်းလိုင်းများစွာသို့ လေယာဉ် အစိတ်အပိုင်းများ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ကုန်စည်သယ်ယူ ပို့ဆောင်ရေး လေယာဉ်များ၊ ကာကွယ်ရေးအတွက် ဝယ်ယူမှုများ၊ ဝန်ဆောင်မှုနှင့် သင်တန်းတို့အတွက် အထောက်အကူပေးမှုများ၊ အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍရှိ ပူးပေါင်းသုတေသနလုပ်ငန်း အဆင့်မြှင့်တင်ရေးအတွက် ထောက်ပံ့လျက်ရှိကြောင်း ပြောကြားပါသည်။

မစ္စတာ Somkid က ဘိုးအင်းကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်နှင့် ထိုင်းနိုင်ငံတို့၏ ဆက်ဆံမှုကို ပိုမိုခိုင်မာစေမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

၂၀၁၆ ခုနှစ်၊ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့၏ ကိန်းဂဏန်းများအရ အမေရိကန်နိုင်ငံသည် ထိုင်းနိုင်ငံတွင် စတုတ္ထမြောက် အကြီးမားဆုံး ရင်းနှီးမြှုပ်နှံသည့်နိုင်ငံဖြစ်ကြောင်း၊ ဂျပန်၊ စင်ကာပူနှင့် အင်ဒိုနီးရှားတို့သည် အစဉ်လိုက်ဦးဆောင်လျက်ရှိပြီး စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏ ဒေါ်လာ ၉၂၀ သန်း (ဘတ် ၃၁ ဒသမ ၃ ဘီလီယံ) ရှိခဲ့ကြောင်း သိရှိရပါသည်။ ထို့အပြင် အမေရိကန်နိုင်ငံသည် ထိုင်းနိုင်ငံ၏ တတိယမြောက် အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် ထိုင်းနှင့် အမေရိကန် အပြန်အလှန် ကုန်သွယ်မှုမှာ ဒေါ်လာ ၃၆ ဒသမ ၅ ဘီလီယံ ရှိခဲ့ပါသည်။

**သတင်းရင်းမြစ် -(၂၄-၆-၂၀၁၇) ရက်နေ့ထုတ် ထိုင်းနိုင်ငံ Bangkok Post သတင်းစာပါ "Boeing mulls EEC investment" သတင်း**

**သောင်းနိုင်(တာချီလိတ်)**

## တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်ပမာဏသည် ဇွန်လအတွင်း ၁၃ ဒသမ ၇ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၄ ဘီလီယံ အထိရှိခဲ့

တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်ပမာဏသည် ယခုနှစ်အစောပိုင်းကစ၍ ၁၃ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်လာပြီး ဇွန်လအတွင်းက ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၄ ဘီလီယံ အထိ ရှိခဲ့သည်ဟု တောင်ကိုရီးယား အစိုးရက ဇူလိုင်လ ၁ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

ပို့ကုန်ဦးစားပေး စီးပွားရေး၏ ထက်ဝက်လောက်အထိကို အထောက်အပံ့ဖြစ်စေသော ယခုကဲ့သို့ ကုန်ပစ္စည်း တင်ပို့မှုများသည် ရှစ်လဆက်တိုက် အရှိန်အဟုန်နှင့် မြင့်တက်လာကြောင်း ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင် ဝန်ကြီးဌာန၏ စာရင်းအချက်အလက်များအရ သိရပါသည်။

ပင်လယ်ရေကြောင်းမှ ပို့ကုန်တင်ပို့မှုသည်လည်း ယခုနှစ်ဇန်နဝါရီလမှ ဇွန်လအထိ ခြောက်လအတွင်း ဆယ်ဂဏန်းထိ ရာခိုင်နှုန်းမြင့်တက်လာခဲ့ပါသည်။

ယခုနှစ်အတွင်း သွင်းကုန်ပမာဏသည် ၁၈ ရာခိုင်နှုန်း မြင့်တက်လာပြီး ဇွန်လအတွင်း သွင်းကုန်ပမာဏသည် အမေရိကန်ဒေါ်လာဘီလီယံ ၄၀ရှိခဲ့ပါသည်။ အဆိုပါလအတွင်း ကုန်သွယ်မှု ပိုလျှံငွေသည် အမေရိကန် ဒေါ်လာ ၁၁ ဒသမ ၄ ဘီလီယံ ဖြစ်ပါသည်။ ကုန်သွယ်မှု ပမာဏသည် ငါးနှစ်ခွဲ ဆက်တိုက် အမြတ်အစွန်းများ ရရှိခဲ့ပါသည်။

ယခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ပို့ကုန်ပမာဏ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၇၉ ဒသမ ၄ ဘီလီယံ ရှိခဲ့ပြီး ၂၀၁၆ ခုနှစ် ခြောက်လပတ်ကာလနှင့် နှိုင်းယှဉ်လျှင် ၁၉ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်လာပါသည်။ အဆိုပါ မြင့်တက်လာမှုသည် အမေရိကန်ဒေါ်လာ ၂၈၉ ဒမသ ၅ ဘီလီယံအထိရှိခဲ့သော ၂၀၁၄ ခုနှစ် ဒုတိယခြောက်လပတ်ကာလပြီးလျှင် ဒုတိယအများဆုံး အနေအထားပင် ဖြစ်ပါသည်။

**အောင်ကိုကို [မူဆယ်(၁၀၅)မိုင်]**

## ဆိပ်ကမ်းစနစ်အား ပြန်လည် ပြင်ဆင်ရန် အင်ဒိုနီးရှားနိုင်ငံ ရည်မှန်းချက်ထားရှိ

အင်ဒိုနီးရှားနိုင်ငံ၏ ကမ္ဘာ့ အကြီးဆုံး အပြည်ပြည်ဆိုင်ရာ အဓိကဆိပ်ကမ်းများသည် စွမ်းရည် မပြည့်ဝမှုနှင့် ကုန်သေတ္တာ ကျပ်တည်းမှုတို့ကြောင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံ အသုံးပြု၍ ပြင်ဆင် မြှင့်တင်သွားရန် လိုကြောင်း ရိုက်တာသတင်း တစ်ရပ်တွင် ဖော်ပြထားပါသည်။

နိုင်ငံ၏ ဆိပ်ကမ်းစနစ်ကို အားလုံးပြုပြင်ရန် လိုအပ်ကြောင်း၊ ယခုစီမံကိန်းကြောင့် အခကြေးငွေကောက်ခံသော ကျွန်းစုဆိပ်ကမ်းများ အဖြစ်တကွဲတပြား ဖြစ်ပွားစေမည်ကို ကျွမ်းကျင်သူများက စိုးရိမ်လျက်ရှိကြောင်း၊ နောက်နှစ်အနည်းငယ်အတွင်း ရေလှိုင်းဒဏ် ပြင်းထန်စွာ ဖြစ်ပေါ် ထိခိုက်စေမည့်အချက်ကို ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ လုပ်ငန်းတစ်ရပ်လုံးအတွက် ဒေါ်လာ ဘီလီယံများစွာ လိုအပ်မည်ဖြစ်ကြောင်း အဆိုပါ သတင်းတွင် ဖော်ပြထားသည်။

အင်ဒိုနီးရှားနိုင်ငံ သမ္မတ ဂျိုကိုဝီဒိုဒိုအနေဖြင့် အင်ဒိုနီးရှားနိုင်ငံအား ကမ္ဘာ့ရေကြောင်းသွားလာရေး ပင်မဝင်ရိုးအဖြစ် ဖြစ်မြောက်စေရန် ဆန္ဒရှိကြောင်း၊ ထောက်ပံ့ပို့ဆောင်မှုစရိတ်သက်သာသည်ဟူသော အချက်ဖြင့် အိမ်နီးချင်းနိုင်ငံများဖြစ်သော ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် ယှဉ်ပြိုင်လိုကြောင်း၊ မော်တော်ကား ထုတ်လုပ်ရေးနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေးတို့၌လည်း ယှဉ်ပြိုင်ဆောင်ရွက်လိုကြောင်း၊ တိုရိုတာကားကုမ္ပဏီ၊ ဆမ်ဆောင်းလျှပ်စစ်ကုမ္ပဏီတို့ကို ယှဉ်ပြိုင် ခေါ်ယူလိုကြောင်း၊ စိန်ခေါ်မှုများအနက် ဘဏ္ဍာငွေရရှိရေးမှာ အကြီးမားဆုံးသော စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း ကမ္ဘာ့ဆိပ်ကမ်းများ သုတေသနပြုရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ပါသည်။

အင်ဒိုနီးရှားနိုင်ငံသည် ယမန်နှစ်က ကမ္ဘာ့ဘဏ်၏ ထောက်ပံ့ပို့ဆောင်မှု စွမ်းရည်အညွှန်းကိန်း၌ နိုင်ငံ ၁၆၀ အနက် အဆင့် ၆၃ နေရာတွင် ရပ်တည်ခဲ့ပါသည်။ ၎င်းအညွှန်းကိန်းသည် သင်္ဘောဆိပ်ကမ်းတွင် ကြန့်ကြာချိန်၊ အကောက်ခွန် ရှင်းလင်းမှုနှင့် ဆိပ်ကမ်း၏ အခြေခံ အရည်အသွေး ပြည့်ဝမှုစသည့် အချက်များ ပါဝင်သော ကုန်သွယ်ရေး လွယ်ကူစွာ ဆောင်ရွက်နိုင်ခြင်းအပေါ် အခြေပြု တွက်ချက်ခြင်း ဖြစ်ပါသည်။

၂၀၁၃ ခုနှစ် စာရင်းများအရ အင်ဒိုနီးရှားနိုင်ငံ၏ ကုန်စည်ဖြတ်သန်းခရငွေမှာ GDP ၏ ၂၇ ရာခိုင်နှုန်း ရှိပြီး ကုန်စည်ဖြတ်သန်းခ အများဆုံး ရရှိသည့် ကမ္ဘာ့နိုင်ငံများအနက် တစ်နိုင်ငံဖြစ်သည်။ ကမ္ဘာ့ဘဏ်နှင့် ပူးတွဲလေ့လာမှုအရ ကုန်စည် ဖြတ်သန်းခရ ငွေမှာ မလေးရှားနိုင်ငံ သည် GDP ၏ ၁၃ ရာခိုင်နှုန်းနှင့် စင်ကာပူနိုင်ငံသည် GDP ၏ ရှစ်ရာခိုင် နှုန်းပါဝင်ကြောင်း သိရှိရပါသည်။

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ဆိပ်ကမ်း ၂၄ ခုအား အသစ် တည်ဆောက်ရန် (သို့မဟုတ်) ချဲ့ထွင်ရန် ရည်မှန်းချက်ထားရှိပါသည်။ သို့သော်လည်း ၎င်းနိုင်ငံ၌ အစိုးရက ကြီးကြပ်သော ဆိပ်ကမ်းလုပ်ငန်း ဆောင်ရွက်သူ လေးဦးတို့မှာ ကိုယ်ပိုင်ရန်ပုံငွေများဖြင့်သာ စီမံဆောင်ရွက်နေကြ၍ ကုန်ကျနိုင်မည့် ဘတ်ဂျက်လိုငွေအား တိကျစွာ ခန့်မှန်းတွက်ချက်နိုင်ခြင်း မရှိသေးပေ။ အဆိုပါ ကုမ္ပဏီလေးခုမှာ ကိုယ်တိုင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေကြသော်လည်း ရင်းနှီးမြှုပ်နှံငွေရရှိမှုမှာ အကန့်အသတ်ဖြင့် ရှိနေကြောင်း Tusk Advisory အကြံပေးအဖွဲ့မှ အုပ်ချုပ်မှုဒါရိုက်တာ Mr.Raj Kannan က ပြောကြားပါသည်။

Pelindo 2 ဟု သတ်မှတ်ထားရှိသော ဂျကာတာမြို့ရှိ တန်ဂျင်းပရီရော့ ဆိပ်ကမ်းကို လာမည့် သုံးနှစ်အတွင်း အကြီးစား ပြင်ဆင်မွမ်းမံရန်အတွက် ရူပြားငွေ ထရီလီယံ ၄၀ မှ ၅၀ (အမေရိကန် ဒေါ်လာ ၃ ဘီလီယံ - ၃ ဒသမ ၇၅ ဘီလီယံ) လိုအပ်မည်ဖြစ်ကြောင်း၊ ၎င်းဆိပ်ကမ်းတွင် အနည်းဆုံး သင်္ဘောဆိပ်သုံးခုနှင့် အခြား အခြေခံအဆောက်အဦများကို တိုးချဲ့ တည်ဆောက်ရန် လိုအပ်ကြောင်း ညွှန်ကြားရေးမှူး Mr. Elvyn G.Masassya က ပြောကြားပါသည်။ Pelindo 2 မှ လွန်ခဲ့သော နှစ်နှစ်အတွင်း အာမခံစာချုပ် တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံ အားရောင်းချခဲ့ကြောင်း၊ ယခုအခါ တရုတ်နိုင်ငံနှင့် အခြားနိုင်ငံတို့မှ ရင်းနှီးမြှုပ်နှံသူများလည်း ဝင်ရောက်လာရန် အလားအလာရှိကြောင်း၊ သို့ဖြစ်၍ လိုအပ် ငွေအားလုံး ရရှိနိုင်မည်ဟု ယုံကြည်ကြောင်း ၎င်းကဆက်လက် ပြောကြားပါသည်။

အစိုးရထိန်းချုပ် သော ဆိပ်ကမ်းလုပ်ဆောင်မှု တစ်ခုဖြစ်သည့် Pelindo 3 ကိုလည်း ယခုနှစ်အတွင်း ရူပြားငွေ ၅ ဒသမ ၅ ထရီလီယံရှိ အာမခံစာချုပ်များအား ထုတ်ဝေရောင်းချသွားရန် စီစဉ်လျက်ရှိကြောင်း သိရှိရပါသည်။ Pelindo 3 မှ လာမည့် ၂၀၁၇-၂၀၂၀ အတွင်း ဝင်ငွေရူပြားငွေ ၁၄ ထရီလီယံ ရရှိမည်ဟု မျှော်မှန်းထားသော်လည်း ရင်းနှီးမြှုပ်နှံမှုကုန်ကျငွေ ၂၂ ထရီလီယံကို ပြည့်မီနိုင်မှုမရှိကြောင်း ဧပြီလအတွင်းက Fitch Ratings က ခန့်မှန်းခဲ့ပါသည်။

ဂျကာတာဆိပ်ကမ်းတွင် လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်းက ဆိပ်ကမ်း၌ ကုန်တင်ကုန်ချချိန်ကို သုံးရက်အထိ လျှော့ချနိုင်ခဲ့ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံရှိ ဒုတိယအဆင့် ဆိပ်ကမ်းများတွင် ရှစ်ရက်အထိ ကြာမြင့်ကြောင်း၊ စင်ကာပူနိုင်ငံတွင်မူ တစ်ရက်သာ ကြာမြင့်ကြောင်း နှိုင်းယှဉ် ဖော်ပြထားပါသည်။

**သတင်းရင်းမြစ် -(၂၄-၆-၂၀၁၇) ရက်နေ့ထုတ် ထိုင်းနိုင်ငံ Bangkok Post သတင်းစာပါ "Indonesia has ambitious plans to overhaul its port network " သတင်း**

**သောင်းနိုင်(တာချီလိတ်)**

# ကမ္ဘာနှင့်ဒေသတွင်းနိုင်ငံများကို ကောင်းကျိုးပြုလျက်ရှိသော အာဆီယံ

သိန်းမြင့်ဝေ

**အရှေ့**တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)ကို အဖွဲ့ဝင် ငါးနိုင်ငံနှင့်အတူ ၁၉၆၇ ခုနှစ်၊ ဩဂုတ်လတွင် စတင်တည်ထောင်ခဲ့သည်။ စီးပွားရေးနှင့်လူမှုရေးပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် အာဆီယံသည်တဖြည်းဖြည်းတိုးတက်ပြောင်းလဲလာခဲ့ရာ အဖွဲ့ဝင်၁၀နိုင်ငံဖြစ်လာခဲ့သည်။ ထို့ပြင် အာဆီယံအသိုက်အဝန်းတွင် နိုင်ငံရေး၊လုံခြုံရေး၊ စီးပွားရေးနှင့် လူမှုရေး-ယဉ်ကျေးမှုဟူသော မဏ္ဍိုင်(၃)ရပ် ဖြစ်တည်လာခဲ့သည်။ ကြီးထွားတိုးတက်လာသည်နှင့်အတူ စိန်ခေါ်မှုအမျိုးမျိုးကိုလည်း ရင်ဆိုင်ခဲ့ရသည်။ ၁၉၇၀ ပြည့်နှစ်များတွင် တတိယအင်ဒိုချိုင်းနားစစ်ပွဲ၊ ၁၉၉၇ ခုနှစ်တွင် အာရှငွေကြေးအကျပ်အတည်း၊ ၂၀၀၃ ခုနှစ်တွင် SARS ရောဂါပျံ့ပွားမှု စသည့်စိန်ခေါ်မှုများ ဖြစ်ပါသည်။ ထိုကဲ့သို့ဖြတ်သန်းခဲ့သော အာဆီယံသည် ၂၀၁၇ ခုနှစ်တွင် နှစ် ၅၀ ပြည့်မြောက်ပြီဖြစ်သည်။ အရှေ့တောင်အာရှဒေသအပြင် ကမ္ဘာကိုပါ ကောင်းကျိုးဖြစ်ထွန်း စေသော အာဆီယံ၏ အောင်မြင်မှုများကို ဦးစွာ ဖော်ပြလိုပါသည်။

### အာဆီယံ၏သော့ချက်ကျသည့် အောင်မြင်မှုများ

အာဆီယံ၏ ပထမဆုံးသော သော့ချက်ကျသည့် အောင်မြင်မှုမှာ အဖွဲ့ဝင်နိုင်ငံများအကြား အပစ်အခတ် ရပ်စဲသွားခြင်းဖြစ်သည်။ ပညာရှင်များစွာကလည်း ဤအချက်သည် အရှေ့တောင်အာရှဒေသအပြင် ကမ္ဘာကိုပါ ကောင်းကျိုးပြုသော အာဆီယံ၏အကြီးမားဆုံးအောင်မြင်မှုဟူ၍ လက်ခံပြောကြားကြသည်။ အာဆီယံနိုင်ငံများအကြား နိုင်ငံရေးနှင့် ယဉ်ကျေးမှုမတူညီမှုများ၊ မသင့်မမြတ်ဖြစ်ခြင်း၊ ဖြေရှင်းရန်ခက်ခဲသောပိုင်နက်နှင့် ရေကြောင်း အငြင်းပွားမှုတို့ကို အခြေခံ၍ ဖြစ်ပေါ်သော အပြန်အလှန်တင်းမာမှုများ (Bilateral tensions) ရှိခဲ့သော်လည်း တိုက်ပွဲများရပ်စဲချုပ်ငြိမ်းခဲ့ပါသည်။ အာဆီယံသည် တစ်နိုင်ငံ၏ ပြည်တွင်းရေးကို အခြားနိုင်ငံက ဝင်ရောက်မစွက်ဖက်ရေး၊ အချုပ်အခြာအာဏာကို အပြန်အလှန်လေးစားရေးစသည့်မူနှင့် စံများ (Principles and norms) ထားရှိလိုက်နာပြီး ငြိမ်းချမ်းရေးကို ထိန်းထားနိုင်ခဲ့သည်။ ၁၉၇၆ခုနှစ် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် (1976 Treaty of Amity and Cooperation) ကို တန်ဖိုးထား လိုက်နာခဲ့ကြသည်။ ညှိနှိုင်းတိုင်ပင်မှု၊ ထိပ်တိုက်ရင်ဆိုင်မှုမပြုရေး၊ အားလုံးသဘောတူညီမှုတည်ဆောက်ခြင်းအားဖြင့် အဆိုပါမူများကို ထောက်ခံခဲ့ကြသည်။ တစ်နည်းအားဖြင့်အဆိုပါမူများကိုအာဆီယံနည်းလမ်း(ASEAN Way) ဟူ၍ ခေါ်ဆိုကြပါသည်။

အာဆီယံ၏ သော့ချက်ကျသော ဒုတိယအောင်မြင်မှုမှာ နိုင်ငံအဆင့်နှင့် ဒေသဆိုင်ရာအဆင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်နိုင်ခြင်းဖြစ်ပါသည်။ အရှေ့တောင်အာရှဒေသအတွင်း ပစ်ခတ်တိုက်ခိုက်မှုချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခဲ့ခြင်း၏ အကျိုးဆက်အဖြစ် စီးပွားရေးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ အာဆီယံသည် ဒေသဆိုင်ရာနိုင်ငံရေးကိုသာမက ကမ္ဘာ့နိုင်ငံရေးကိုပါ အထောက်အကူပြုခဲ့သည်။ ထိုကဲ့သို့ နိုင်ငံရေးတည်ငြိမ်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်းက ဒေသ၏ကုန်သွယ်ရေး၊ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI)နှင့် စီးပွားရေးအကူအညီ (Economic assistance) များကို တိုးတက်ကောင်းမွန်စေခဲ့သည်။ အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) ကို တည်ထောင်ခဲ့ခြင်းကလည်း ဒေသ၏ယှဉ်ပြိုင်နိုင်မှုကို တိုးတက်စေခဲ့သည်။ ထို့ပြင် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှင့် ကုန်သွယ်ရေးကျဆင်းနေချိန်မျိုးတွင် အရှေ့တောင်အာရှဒေသအနေဖြင့် ခုခံတုံ့ပြန်နိုင်ခဲ့ပါသည်။

တတိယအောင်မြင်မှုမှာ အာရှ-ပစိဖိတ်ဒေသအတွင်း ဒေသဆိုင်ရာဆွေးနွေးပွဲနှင့်ပူးပေါင်းဆောင်ရွက်မှု( Regional dialogue and cooperation) များတွင် ပိုမိုပါဝင်လာနိုင်ခြင်းဖြစ်သည်။ အာဆီယံသည် စီးပွားရေးအင်အားကြီးမားသော နိုင်ငံကြီးအားလုံးနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။ အာဆီယံ၏ဗဟိုချက်ကျမှု (ASEAN Centrality)ဟူသော သဘောတရားကို မောင်းနှင်အားအဖြစ် လက်ကိုင်ထားပြီး အားလုံးပါဝင်ပြီး စည်းမျဉ်းစည်းကမ်းအခြေခံသော ဒေသဆိုင်ရာပေါင်းစည်းမှုကို ပုံဖော်နေပါသည်။ အာဆီယံသည် နှစ်နိုင်ငံနှင့် နိုင်ငံစုံပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များ(Bilateral and multilateral mechanisms) ကိုလည်း အကောင်အထည်ဖော်နေပါသည်။ ဥပမာအားဖြင့် ဆွေးနွေးဘက်ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်(Dialogue Partnership)၊အာဆီယံ +၃ (ASEAN Plus Three)၊ အာဆီယံဒေသဆိုင်ရာဖိုရမ် (ASEAN Regional Forum)၊ အရှေ့အာရှထိပ်သီးအစည်းအဝေး (East Asia Summit)နှင့် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး ( ASEAN Defence Minister's Meeting)တို့ကို တွေ့မြင်နိုင်သည်။

### စိန်ခေါ်မှုများ

အာဆီယံ၏ ပထမဆုံးသော စိန်ခေါ်မှုမှာ ဒေသဆိုင်ရာလုံခြုံရေးပတ်ဝန်းကျင် (Regional security environment) ပြောင်းလဲနေခြင်းနှင့် အမေရိကန်နှင့်တရုတ်တို့၏ အားပြိုင်နေခြင်းဖြစ်သည်။ အာဆီယံသည် ကြားနေဝါဒကို ကျင့်သုံးသွားမည်ဖြစ်သော်လည်း လက်ရှိပြိုင်ပွဲသည် ပိုမိုရှုပ်ထွေးလာနိုင်သည်။ အာဆီယံဒေသသည် အခြားသောဒေသ သို့မဟုတ် အခြားသောနိုင်ငံများနှင့် အပြန်အလှန်ပိုမိုမှီခိုပြီး ကမ္ဘာ့စီးပွားရေးနှင့် ပေါင်းစည်းလျက်ရှိပါသည်။ လက်ရှိအခြေအနေအရ အာဆီယံနိုင်ငံများသည် မိမိ၏လုံခြုံရေးအတွက် အင်အားကြီးနိုင်ငံတစ်နိုင်ငံကို အားကိုးအားထားပြုရန် လိုအပ်သကဲ့သို့ မိမိ၏စီးပွားရေးအတွက် အခြားအင်အားကြီးနိုင်ငံကို အားထားပူးပေါင်းရန် လိုအပ်သည့်အနေအထားဖြစ်နေသည်။ ဤပါဝါပြိုင်ပွဲက အာဆီယံအဖွဲ့ဝင်နိုင်ငံများကို နှစ်ခြမ်းကွဲသွားစေနိုင်သည်။ ထိုမျှသာမက ဒေသဆိုင်ရာပေါင်းစည်းရေးအစီအစဉ်ကို ဦးစားပေးဆောင်ရွက်နေသာ အာဆီယံအသင်းကြီး၏ ဦးတည်ချက်ကိုလည်း ပြောင်းလဲသွားစေနိုင်သည်။

မဟာအင်အားကြီးနိုင်ငံများ၏ ပြိုင်ဆိုင်မှုက တောင်တရုတ်ပင်လယ်အရေးကို ဖြစ်ပေါ်စေပြီး အာဆီယံကို ရိုက်ခတ်လျက်ရှိသည်။ အာဆီယံအနေဖြင့် ကြိုတင်လုပ်ဆောင်သည့် ချဉ်းကပ်နည်း (Proactive approach) ကို ကျင့်သုံးပြီး သတိကြီးစွာထားနေရသည်။ အဘယ်ကြောင့်ဆိုသော် စာဒကတက်ပြီး တောင်းဆိုသူများနှင့် စာဒက မတက်ဘဲ မတောင်းဆိုသူများကြားတွင် အမြင်အမျိုးမျိုး ကွဲပြားနိုင်သောကြောင့်ဖြစ်ပါသည်။ထို့ပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံများကြားတွင်လည်း ယင်းတို့၏ဆက်ဆံရေးပေါ်မူတည်ပြီး ဦးစားပေးမှု အမျိုးမျိုးရှိနေနိုင်သည်။ ဥပမာ-တရုတ်နိုင်ငံသည် ကြီးမားသော အိမ်နီးချင်းနိုင်ငံဖြစ်ပြီး အဓိကကုန်သွယ်ဖက်နိုင်ငံ ဖြစ်နေခြင်းမျိုးကို ဆိုလိုသည်။

အာဆီယံအတွက်ဒုတိယစိန်ခေါ်မှုမှာ ပုံမှန်မဟုတ်သောနိုင်ငံဖြတ်ကျော်လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ (Non-traditional and transnational security concerns) ဖြစ်သည်။ ၎င်းတို့မှာ သဘာဝဘေးအန္တရာယ်၊ ရာသီဥတုပြောင်းလဲမှု၊ အကြမ်းဖက် အစွန်းရောက်ဝါဒ၊ ပင်လယ်ဓါးပြမှု၊ မူးယစ်ဆေးဝါးကုန်သွယ်မှု၊ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများ (Public health emergencies) နှင့် ဒုက္ခသည်စီးဆင်းမှု (Refugee flows) တို့ ဖြစ်ကြပါသည်။ အာဆီယံသည် အဆိုပါကိစ္စရပ်များအတွက် ပေါ်လစီညှိနှိုင်းရန်နှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် အစီအစဉ်များအား ရေးဆွဲ ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ သို့သော်လည်း အတိုင်းအတာတစ်ခုထိသာ အောင်မြင်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဝင်ရောက်မစွက်ဖက်ရေးမူ (Non- interference)နှင့် အားလုံး၏သဘောတူညီချက်ကို အခြေခံသော ဆုံးဖြတ်ချက် ချမှတ်ခြင်း (Consensus based decision making) တို့ကို လေးစားလိုက်နာခြင်းကြောင့်ဖြစ်သည်။ ထို့ပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကြိုးပမ်းလုပ်ဆောင်ချက်များသည်လည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူညီကြပေ။ အာဆီယံနိုင်ငံများ၏

> လက်ရှိအခြေအနေအရ
> အာဆီယံနိုင်ငံများသည် မိမိ၏
> လုံခြုံရေးအတွက်
> အင်အားကြီးနိုင်ငံတစ်နိုင်ငံကို
> အားကိုးအားထားပြုရန် လိုအပ်သကဲ့သို့
> မိမိ၏စီးပွားရေးအတွက်
> အခြားအင်အားကြီးနိုင်ငံကို
> အားထားပူးပေါင်းရန်
> လိုအပ်သည့်အနေအထားဖြစ်နေ ......

နိုင်ငံအလိုက် ပေါ်လစီချမှတ်ကျင့်သုံး မှုနှင့် ဒေသဆိုင်ရာ ကတိကဝတ်ထားရှိမှုမတူညီသောကြောင့် ဖြစ်သည်။ ထို့ကြောင့် အာဆီယံသည် နိုင်ငံအဆင့်တွင် ဒေသဆိုင်ရာကတိကဝတ်များအား လိုက်နာအကောင်အထည်ဖော်စေရေးအတွက် ပေါင်းစပ်ညှိနှိုင်းမှုမှာ အားနည်းနေကြောင်း တွေ့ရှိရသည်။

တတိယစိန်ခေါ်မှုမှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြားတွင်လည်းကောင်း၊ အာဆီယံအဖွဲ့ဝင် နှစ်နိုင်ငံအကြားတွင်လည်းကောင်း ဖြေရှင်းရန် ခက်ခဲသောတင်းမာမှုများ (Unsolved tensions) ဖြစ်သည်။ အာဆီယံသည် အသိုက်အဝန်း တည်ဆောက်ရေးဖြစ်စဉ် (Community-building process) ကို တောင့်တင်းခိုင်မာအောင် ဆောင်ရွက်ပြီးဒေသဆိုင်ရာ ကိုယ်ပိုင်လက္ခဏာ (Regional identity) ကို အားကောင်းအောင် ဆောင်ရွက်နေပါသည်။ ထို့ကြောင့် အဖွဲ့ဝင်နိုင်ငံများသည် အပြန်အလှန်တာဝန်ယူမှုနှင့် ယုံကြည်မှုတို့ဖြင့် နှစ်နိုင်ငံတင်းမာမှုများ (Bilateral tensions) ကို ဖြေရှင်းပြီး တိုးတက်မှုကို ရှေးရှုသင့်သည်။ အဆိုပါ ပြဿနာများသည် အလွယ်တကူ ဖြေရှင်းမရသော အခြေအနေဖြစ်ပါသည်။ သို့သော်လည်း အဖွဲ့ဝင်နိုင်ငံများသည် သံတမန်နည်းလမ်း၊ စည်းမျဉ်းစည်းကမ်းအခြေခံသော နည်းလမ်းနှင့် ခိုင်မာသော ဖြေရှင်းနည်းများကို အသုံးချသင့်ပါသည်။ ထို့ပြင် ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ် (TAC)၊ အာဆီယံ ပဋိညာဉ်စာတမ်း (ASEAN Charter) နှင့် နိုင်ငံတကာဥပဒေ (International Law) တို့ဖြင့် တင်းမာမှုများကို ဖြေရှင်းသင့်ပါသည်။

### လာမည့်နှစ် ၅၀ ကို မျှော်တွေးခြင်း

အာဆီယံသည် လျှောက်လမ်းခဲ့သော နှစ်ပေါင်း ၅၀ အတွင်း အားနည်းချက်နှင့် ဝေဖန်ထောက်ပြစရာ အချက်ရှိနေဆဲဖြစ်သည်။ သို့သော်လည်း အဆိုပါနှစ်ပေါင်း ၅၀ ကာလအတွင်း အာဆီယံသည် ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ တည်ငြိမ်မှုနှင့် ငြိမ်းချမ်းရေး (Regional and International Peace and Stability) ကို များစွာ အထောက်အကူပြုခဲ့သည်။ အရှေ့တောင်အာရှနိုင်ငံများအသင်းကြီး(အာဆီယံ)သည် တဖြည်းဖြည်းတိုးတက်ပြီး အောင်မြင်မှုများအပေါ်တွင် ကျေနပ်မနေဘဲ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး၊ နိုင်ငံရေး၊လူမှုရေးဖြစ်ပေါ်တိုးတက်မှုများနှင့် အတူလိုက်ပါလက်တွဲပူးပေါင်းဆောင်ရွက်သွားကြမည် ဖြစ်ပါသည်။

၂၀၂၅ ခုနှစ် အာဆီယံမျှော်မှန်းချက်နှင့်အညီ အာဆီယံသည် ပြည်ပကို ဦးစားပေးသောဒေသ (Outward-looking region) အဖြစ် ဆက်လက်ရပ်တည်သွားမည်ဖြစ်သည်။ ဒေသဆိုင်ရာလုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို စိန်ခေါ်လာသော ကိစ္စရပ်များကို ပူးပေါင်းတုံ့ပြန်ဖြေရှင်းသွားပါမည်။ ဤမျှော်မှန်းချက်ကို အကောင်အထည်ဖော်ရန်အတွက် အဓိကအချက်နှစ်ချက်ကို ဆောင်ရွက်ရန်လိုအပ်သည်။ ပထမအချက်မှာ ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာဇာတ်ကောင် (Regional and global player) အဖြစ် ဆောင်ရွက်ရန် အာဆီယံ၏ စည်းလုံးညီညွတ်မှုကိုဆက်လက်ထိန်းသိမ်းရန်ဖြစ်သည်။ ဒုတိယအချက်မှာ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံချင်း၏ ဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်မြှင့်တင်ရန်ဖြစ်သည်။ အားကောင်းသော အာဆီယံအဖွဲ့ကြီးတွင် အားနည်းသော အဖွဲ့ဝင်နိုင်ငံအချို့လည်း ပါဝင်နေသည်။ ထို့ကြောင့် အာဆီယံအဖွဲ့ဝင်နိုင်ငံတိုင်းသည် တစ်နိုင်ငံချင်း၏ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်သင့်ပါသည်။

လာမည့် နှစ် ၅၀ ၏ အောင်မြင်မှုကို တိုင်းတာရာတွင် ကြေညာချက်အသစ်၊ မျှော်မှန်းချက်၊ အသေးစိတ် စီမံချက် စသည်တို့၏ အရေအတွက် တိုးပွားလာမှုနှင့်တိုင်းတာမည်မဟုတ်ပေ။ အာဆီယံဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရာတွင် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ မည်ကဲ့သို့လိုက်ပါဆောင်ရွက်သည်ဟူသောအချက်ဖြင့်သာ တိုင်းတာသွားမည်ဖြစ်ပါသည်။

**Source: Louie Sane C.Merced, FSI, June 28, 2017**

# မိုးဦးအစကောင်းမွန်သဖြင့် အိန္ဒိယနိုင်ငံတွင် ပဲစိုက်ဧက ၂၃ ရာခိုင်နှုန်း တိုးတက်

အိန္ဒိယနိုင်ငံတွင် မိုးဦးအစကောင်းမွန်သဖြင့် ပဲမျိုးစုံစိုက်ဧက ၂၃ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း Business Standard သတင်းတွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံ အနောက်တောင်ပိုင်းရှိ နေရာဒေသအများအပြားတွင် မုတ်သုံမိုးဦး ဝင်ရောက်လာသည်နှင့် အမျှ ပဲမျိုးစုံစိုက်ပျိုးမှုသည် တစ်နှစ်ထက် တစ်နှစ်တိုးတက်လာခဲ့ရာ ယခုနှစ်တွင် ၂၃ ရာခိုင်နှုန်း တိုးတက်စိုက်ပျိုးနိုင်ခဲ့ကြောင်း အဆိုပါ သတင်းတွင် ဖော်ပြထားသည်။

ယခင်နှစ်ပဲစိုက်ရာသီက ပဲမျိုးစုံစိုက်ပျိုးသည့်ဧရိယာသည် ဟက်တာ ၃ ဒသမ ၃၉သန်းရှိခဲ့သော်လည်း ယခုနှစ် ပဲမျိုးစုံစိုက်ပျိုးချိန်တွင် ဟက်တာ ၄ ဒသမ ၁ သန်းအထိ စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်သည်။

ပဲစိုက်တောင်သူတို့အနေဖြင့် ဈေးနှုန်းများ အလွန်အမင်းကျဆင်းမှုကို ထိန်းချုပ်ရန် ပဲစိုက်ပျိုးမှုဧရိယာကို လျှော့ချလာမည်ကို စိုးရိမ်ပူပန်ခဲ့ကြသည်။



ပြီးခဲ့သည့်နှစ် ပဲစိုက်ရာသီက ပဲစိုက် ဧရိယာစုစုပေါင်းမှာ ဟက်တာ ၃၇ ဒသမ ၁၂ သန်းရှိခဲ့သော်လည်း ယခုနှစ်တွင်မူ ပဲစိုက်ဧရိယာဟက်တာပေါင်း ၄၀ ဒသမ ၄သန်းရှိခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ထို့ပြင်စပါးစိုက်ဧရိယာသည် ဟက်တာ ရှစ်သန်းနီးပါးရှိခဲ့ရာ ယခင်နှစ်ကထက် ခြောက်ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတစ်ဝန်းတွင် နွေရာသီသီးနှံများကို နှစ်စဉ် အိန္ဒိယနိုင်ငံ အနောက်တောင်ပိုင်း ဒေသများသို့ မုတ်သုံမိုး စတင်ဝင်ရောက်ချိန်ဖြစ်သည့် ဇူလိုင်လမှ စတင်စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။

အဆိုပါရာသီတွင် စပါး၊ပဲတီစိမ်း၊ ပဲနီလေး၊ မတ်ပဲ၊ ပဲပုပ်၊ နေကြာနှင့်ဝါတို့ကို အဓိကသီးနှံအဖြစ်စိုက်ပျိုးလျက်ရှိကြသည်။

ယခုနှစ်တွင် အိန္ဒိယနိုင်ငံတစ်ဝန်း၌ မုတ်သုံရာသီသည် ပုံမှန်အတိုင်းရှိမည်ဟု ခန့်မှန်းထားသဖြင့် အိန္ဒိယအစိုးရအနေဖြင့် ၂၀၁၇-၁၈ သီးနှံရာသီတွင် အခြားသော ဟင်းသီးဟင်းရွက်များနှင့် သစ်သီးဝလံပန်းမန်များလည်း အမြောက်အများ ထွက်ရှိမည်ဟု ခန့်မှန်းထားကြောင်း သတင်းတွင် ဖော်ပြထားသည်။

ပြီးခဲ့သည့် ဇွန်လအတွင်းက မိုးရွာသွန်းမှုသည် ပုံမှန်ရွာသွန်းသည်ထက် လေးရာခိုင်နှုန်း ပိုမိုရွာသွန်းခဲ့သဖြင့် ယခုနှစ် မုတ်သုံရာသီ အလယ်လောက်တွင် မိုးရေချိန်သည် ခန့်မှန်းထားသည်ထက် ငါးရာခိုင်နှုန်းခန့် ပိုမိုရရှိနိုင်ကြောင်း ခန့်မှန်းထားသည်။

ယခုနှစ် သီးနှံရာသီကုန်ဆုံးချိန်တွင် စပါးတန်ချိန် ၇ ဒသမ ၉၈ သန်းထွက်ရှိရန် ခန့်မှန်းထားပြီး ပဲမျိုးစုံတန်ချိန် ၄ ဒသမ ၄၁ သန်းထွက်ရှိမည်ဟု ခန့်မှန်း ထားသည်။ နှံစားသီးနှံကုန်ကြမ်းတန်ချိန် ၈ ဒသမ ၀၈သန်း၊ ဆီကြိတ်သီးနှံ တန်ချိန် ၇ ဒသမ ၂၈သန်း၊ ကြံတန်ချိန် ၄ ဒသမ ၇၉သန်း၊ ဝါ တန်ချိန် ၇ ဒသမ ၁၈သန်းထွက်ရှိရန် ခန့်မှန်းထားကြောင်း သိရသည်။

## ပြင်သစ်နိုင်ငံက ဇီဝလောင်စာဆီထုတ်လုပ်ရာတွင် စားအုန်းဆီ ထည့်သွင်းအသုံးပြုခြင်းကို တင်းကျပ်စွာတားမြစ်

ဇီဝလောင်စာဆီ ထုတ်လုပ်ရာတွင် စားအုန်းဆီထည့်သွင်း အသုံးပြုခြင်းကို တင်းကျပ်စွာ တားမြစ်လိုက်ကြောင်း ပြင်သစ်နိုင်ငံပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဝန်ကြီး နီကိုလပ်စ်ဟော့လ်က ဇူလိုင်လ ၆ ရက်က ထုတ်ဖော်ပြောကြားခဲ့သည်။

ပြင်သစ်နိုင်ငံသည် စားအုန်းဆီကို လွန်ခဲ့သည့် အချိန်ကာလများက အခြားသောကိစ္စရပ်များတွင် ထည့်သွင်းအသုံးမပြုရန် ကန့်ကွက်ထားခဲ့သည်။

၂၀၁၂ ခုနှစ်ကတည်းက ပါလီမန်တွင် အဆိုပါကိစ္စနှင့်ပတ်သက်၍ သတိပေးစာများ အများအပြား ရှိနေခဲ့ပြီး ဆီအုန်းစိုက်ပျိုးခြင်းသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသည်ဟူသော အကြောင်းပြချက်များဖြင့် အစားအစာများတွင် ထည့်သွင်းအသုံးပြုပါက အထူးအခွန်များ ကောက်ခံရန် အဆိုပြုထားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့သည် ကမ္ဘာပေါ်တွင် စားအုန်းဆီ စိုက်ပျိုးထုတ်လုပ်တင်ပို့သည့် အကြီးဆုံးသော နိုင်ငံနှစ်နိုင်ငံဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုစည်းမျဉ်းများကို ချိုးဖောက်နေသည့် နိုင်ငံများဖြစ်သည်ဟု ဟော့လ်က ဆိုသည်။

"ကျွန်တော်တို့ စားအုန်းဆီကို ဇီဝလောင်စာဆီ ထုတ်လုပ်ရာမှာ ထည့်သွင်းအသုံးပြုတာကို ပိတ်ပင်တားမြစ်လိုက်ပါပြီ"ဟု ရာသီဥတုပြောင်းလဲခြင်းနှင့် သက်ဆိုင်သည့်သရုပ်ပြသည့်ပွဲတွင် ဟော့လ်က ပြောကြားခဲ့သည်။

ပြင်သစ်နိုင်ငံတွင်းသို့ သစ်တောပြုန်းတီးမှုကို ဖန်တီးနေသည့် ပဲပုပ်ဆီနှင့် စားအုန်းဆီတင်သွင်းမှုကို ရပ်တန့်စေလိုကြောင်း ၎င်းက ပြောကြားခဲ့သည်။

ထို့ပြင် ပရိုတိန်းဓာတ်ကြွယ်ဝစွာပါဝင်သည့် တိရစ္ဆာန်အစာများဖြင့် ထုတ်လုပ်ထားသည့်အချို့သောသွင်းကုန်ပစ္စည်းများနှင့် ပတ်သက်၍လည်း ဟော့လ်က ဝေဖန်ပြောကြားခဲ့သည်။

ဘရာဇီးနိုင်ငံက တင်သွင်းလျက်ရှိသည့် ထုတ်ကုန်တစ်မျိုးတွင် တိရစ္ဆာန်အစာများဖြင့် ထုတ်လုပ်ထားသဖြင့် အဆိုပါ ထုတ်ကုန်များသည် အမေဇုန်မုတ်သုံသစ်တောကို ပျက်စီးစေနိုင်သဖြင့် အဆိုပါ ဘရာဇီးထုတ်ကုန်ကိုလည်း ပြင်သစ်နိုင်ငံတွင်းသို့ တင်သွင်းနေမှုကို ပိတ်ပင်စေလိုကြောင်း ပြောကြားခဲ့သည်။

အဆိုပါ ဘရာဇီးထုတ်ကုန်၏ အမည်ကိုမူ ဟော့လ်က ထုတ်ဖော်ပြောကြားခြင်းမပြုခဲ့ချေ။ သို့သော် ဘရာဇီးနိုင်ငံသည်ပြင်သစ်နိုင်ငံသို့ပရိုတိန်းဓာတ်ကြွယ်ဝသည့် ပဲပိစပ်များကို တိရစ္ဆာန်အစာအဖြစ် တင်သွင်းလျက်ရှိသည်။

ဥရောပ၏ အကြီးဆုံးသော ဇီဝလောင်စာဆီထုတ်လုပ်လျက်ရှိသည့် ကုမ္ပဏီတစ်ခုဖြစ်သည့် Avril Group က ဟော့လ်၏ ဝေဖန်ချက်ကို ကြိုဆိုကြောင်း ပြောကြားခဲ့သည်။

အဆိုပါ Avril Group သည် ပြင်သစ်နိုင်ငံသို့ ဇီဝလောင်စာဆီတင်သွင်းလျက်ရှိရာ ၂၀၁၀ ခုနှစ်က တစ်နှစ်အတွင်း တန်ချိန် သုံးသိန်းတင်သွင်းခဲ့ရာမှ ၂၀၁၆ခုနှစ်တွင် တန်ချိန် ၁ ဒသမ ၁ သန်းအထိတိုးမြှင့်ကာ တင်သွင်းခဲ့ကြောင်း သိရသည်။

## တောင်ဆူဒန်နိုင်ငံ၏ ကုန်သွယ်မှုမူဝါဒများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်း အကူအညီပေးအပ်

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(World Trade Organization-WTO)သည် တောင်ဆူဒန်နိုင်ငံ၏ကုန်သွယ်မှုမူဝါဒများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅သန်း ကူညီ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ပထမ အဆင့်အနေဖြင့် အမေရိကန်ဒေါ်လာ ကိုးသိန်းကို ပေးအပ်သွားမည်ဖြစ်ကြောင်း၊ အဆိုပါငွေပမာဏဖြင့် နိုင်ငံ၏ ကုန်သွယ်မှုမူဝါဒများကို လေးနှစ်အတွင်း လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း တောင်ဆူဒန်နိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ကုန်သွယ်မှုမူဝါဒများ ရေးဆွဲ ရာတွင် တောင်ဆူဒန်နိုင်ငံအနေဖြင့် ၂၀၁၆ ခုနှစ်မှစတင်၍ အဖွဲ့ဝင်အဖြစ်ပါ ဝင်ခဲ့သည့် East African Community အဖွဲ့အတွင်း ပြည်တွင်းရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတကာကုန်သွယ်ရေး လုပ်ငန်းများ လုပ်ဆောင်ရာတွင် ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးတို့ကို ထည့်သွင်းရေးဆွဲကြရမည်ဖြစ်ကြောင်း၊ ယခုအခါတွင် အရှေ့အာဖရိကနိုင်ငံများအနေဖြင့် အိမ်နီးချင်းဆူဒန်နိုင်ငံ၏ ကုန်သွယ်မှုမူဝါဒများအတိုင်း ကျင့်သုံးလျက်ရှိကြောင်း၊ ၎င်းက ပြောကြားခဲ့သည်။

တောင်ဆူဒန်နိုင်ငံ၏ ကုန်သွယ်မှုမူဝါဒများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Multi-donor Program များစွာရှိသည့် EIF (Enhanced Integrated Framework) က ရန်ပုံငွေ ပံ့ပိုးပေးသွားမည်ဖြစ်သည်။

အဆိုပါ Program သည် ဖွံ့ဖြိုးမှု အနည်းဆုံးသောနိုင်ငံများအား ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်းပေါ်တွင် အလွယ်တကူလျှောက်လှမ်းနိုင်ရန် အထူးအလေးထား၍ အကူအညီပေးလျက်ရှိသည့် အစီအစဉ်ဖြစ်သည်။

ထို့ပြင် ဆင်းရဲသောနိုင်ငံများအား စီးပွားရေးပိုမိုတိုးတက်လာစေရန်နှင့် စဉ် ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဆင်းရဲနွံတွင်းမှ လွတ်ကင်းစေရန်အတွက် အကူအညီပေးခြင်းဖြစ်ကြောင်း သိရသည်။

ယခုအခါတွင် အဆိုပါအစီအစဉ်တွင် ကမ္ဘာတစ်ဝန်းလုံးရှိ ဆင်းရဲသောနိုင်ငံများအနက် နိုင်ငံပေါင်း ၄၉ နိုင်ငံ အား ရန်ပုံငွေများ ပံ့ပိုးကူညီပေးလျက်ရှိရာ အမေရိကန်ဒေါ်လာသန်း ၂၅၀ အထိကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ပြောကြားချက်အရ သိရသည်။ **မယ်သီတာ**

## ကုန်စည်နှင့်ဝန်ဆောင်မှုခွန်ကို စတင်ကျင့်သုံးချိန်မှစ၍ ပဲမျိုးစုံအပါအဝင် အခြေခံကုန်စည်များ၏ ဈေးနှုန်းများ ကျဆင်း

အိန္ဒိယနိုင်ငံတစ်ဝန်းတွင် ကုန်စည်နှင့် ဝန်ဆောင်မှုခွန်ကို စတင်ကျင့်သုံးချိန်မှစတင်၍ ပဲမျိုးစုံအပါအဝင် အခြေခံ ကုန်စည်များ၏ ဈေးနှုန်းများ ကျဆင်းလာခဲ့ကြောင်း တိုင်းမ်အော့ဖ် အိန္ဒိယသတင်းစာတွင် ဖော်ပြထားသည်။

ကုန်စည်နှင့် ဝန်ဆောင်မှုခွန်ကို မကျင့်သုံးမီက ပဲမျိုးစုံ အပါအဝင် အခြေခံ ကုန်စည်များ၏ကုန်ဈေးနှုန်းများသည် ဇူလိုင်လဆန်းပိုင်းအထိ မြင့်တက်လာခဲ့သည်။ သို့သော် ယခုရက်ပိုင်းအတွင်း အဆိုပါအခွန်စနစ်ကို စတင်ကျင့်သုံးချိန်မှစတင်ကာ အခြေခံစားသောက်ကုန် ကုန်စည်များနှင့် ပဲမျိုးစုံတို့၏ ဈေးနှုန်းများ ကျဆင်းလာခဲ့ကြောင်း အိန္ဒိယနိုင်ငံတစ်ဝန်းရှိလက်လီလက်ကား ရောင်းဝယ်ဖောက်ကားသူများက ပြောကြားခဲ့သည်။

အဆိုပါအခွန်စနစ်ကြောင့် ဇွန်လ ၃၀ ရက်က ပဲစင်းငုံတစ်ကီလိုလျှင် ရူပီး ၇၀ဖြင့် ရောင်းချခဲ့သော်လည်း ယခုအခါတွင် ပဲစင်းငုံတစ်ကီလိုလျှင် ရူပီး ၆၀ဖြင့် ရောင်းချလျက်ရှိသည်ဟု ဆိုသည်။

ယင်းကဲ့သို့ ဈေးနှုန်းများ ကျဆင်းလာမှုနှင့်ပတ်သက်၍ သတင်းများ အမျိုးမျိုးထွက်ပေါ်နေမှုအပေါ် သက်ဆိုင်ရာအာဏာပိုင်များက စိုးရိမ်ပူပန် လျက်ရှိနေသည်ဟု ဆိုသည်။

ဆန်ဈေးနှုန်းမှာမူ အတက်အကျမရှိသော်လည်း လာမည့်ရက်သတ္တတစ်ပတ်အတွင်း ဆန်ဈေးများ အနည်းငယ်ကျဆင်းလာနိုင်သည်ဟု ဆန်ကုန်သည်များက ခန့်မှန်းပြောကြားခဲ့သည်။

"ဈေးကွက်ထဲမှာ အိန္ဒိယလူမျိုးတွေနေ့စဉ်စားသုံးနေတဲ့ ပဲစင်းငုံနဲ့ ပဲတီရွှေဝါလိုမျိုး မရှိမဖြစ်ပဲတွေရဲ့ဈေးနှုန်းတွေဟာ ဆက်လက်ကျဆင်းလာနိုင်ပါတယ်။ ကုန်သွယ်မှုနဲ့ ဝန်ဆောင်မှုခွန် ငါးရာခိုင်နှုန်း ကောက်ခံလိုက်တဲ့အတွက် သကြားတစ်ကီလိုရဲ့ ဈေးနှုန်းလည်း မြင့်တက်လာခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ လေ့လာချက်အရဆိုရင်တော့ စားသုံးသူတွေဟာ ကုန်ဈေးနှုန်းတွေ ကျဆင်းလာတဲ့အတွက် ပျော်နေကြတာကို မြင်တွေ့ခဲ့ရပါတယ်။ ဒါပေမဲ့ ဟင်းသီးဟင်းရွက်လိုမျိုးအဓိက စားသောက်ကုန်တွေကတော့ ဈေးကျဆင်းသွားခြင်း မရှိပါဘူး"ဟု အန်ဒရာပရာဒေ့ရှ်ပြည်နယ်အတွင်းရှိ ဈေးတစ်ဈေးမှ ဈေးတာဝန်ခံတစ်ဦးက ပြောကြားခဲ့သည်။

မောင်ဆု-စုစည်းတင်ပြသည်

# JPM

CAR SALE CENTER

Email- jpmautocenter@gmail.com
Web: www.jpmmotors.com

DRIVE *in the* RAINY SEASON

HOT LINE
09 253008800



အရည်အသွေး ကောင်းမွန်သော ကားအမျိုးအစား အစုံစိတ်ကြိုက်ရွေးချယ်ဖို့ JPM နဲ့ဆက်သွယ်စို့။

အမှတ်(၄၂-အေ)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ (5 Movie ရုံးချုပ်အနီး၊ ဆွေထိုင်းစားသောက်ဆိုင်ရှေ့) Ph: 01 860 3921 ~ 22

# MOE NANTAW

## TRANSPORTATION CO.,LTD

CONTAINER & GENERAL CARGO TRANSPORT SERVICES







▲ CONTAINER & GENERAL CARGOES ▲ MACHINERIES & EQUIPMENT
▲ PROJECT CARGOES

No. 78/82, Room No. 101, Botahtaung Zay Street, (3)Qtr,
Botahtaung Tsp, Yangon.
Ph : 01-201814, 201815, 203401, 203098, 09 5162622, 09 8633771,
(Res) 01-376694
aungmoe2772@gmail.com

# Solahart®

hot water free from the sun®

## Solahart Commercial Heat Pumps




Models 9530180C,9530250C,9530500C (Top Discharge)



ကမ္ဘာ့ချန်ပီယံ Aung La NSang
အောင်ပွဲအတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း
ကမ္ဘာ့အလယ်မှာ "မြန်မာဟေ့" လို့
ဟစ်ကြွေးခွင့်ရအောင်...
ပြိုင်ဘက်ကို အထူးကြိုးစား အနိုင်ယူခဲ့တဲ့
One Championship မစ်ဒယ်ဝိတ်တန်း
ကမ္ဘာ့ ချန်ပီယံအသစ်စက်စက်
Aung La NSang ရဲ့အောင်ပွဲအတွက်
LION အားဖြည့်အချိုရည်က
အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။
LION
ENERGY DRINK




Find us on Facebook
(၂၁)ရာစုခေတ်သစ်နည်းပညာဖြင့်ထုတ်လုပ်ထားပြီး၊ ဥရောပတွင်လူကြိုက်အများဆုံးဖြစ်သည့်၊
သဘာဝအတိုင်း ကျန်းမာရေးနှင့်ညီညွတ်၊ အထူးသင့်လျော်သည့် David Snow®
David Snow®
THE BEST BRAND OF VINYL FLOOR & ECO WOOD
EVERYONE'S
FAVOURITE BRAND
နယ်ကိုယ်စားလှယ်ယူလိုသူများဆက်သွယ်စုံစမ်းနိုင်ပါသည်။
VINYL FLOOR
VINYL ROLL
DECKING FLOOR
CEILING
WALL PANNEL
များကိုစိတ်ကြိုက်ရွေးချယ်၊ ခင်းကျင်းနိုင်ပါသည်။
Head Office : No.25/26, Pyi Htaung Su Road, 26 Quarter,South Dagon Township, Yangon, Myanmar.
E-mail: davidsnow.myanmar@gmail.com.
Hot-Line: 09787228903, 09787228934

COMMERCE
INTERNATIONAL

# ထိုင်းအစိုးရ၏ အမိန့်ထုတ်ပြန်မှုကြောင့် ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်း လုပ်သားများ အစုအပြုံလိုက် ထွက်ခွာ



ထိုင်းအစိုးရ၏ ဥပဒေသစ်အရပြင်းထန်သော အရေးယူ ဆောင်ရွက်မည့် အစီအစဉ်ကို စိုးရွံ့ပြီး တရားမဝင်မြန်မာရွှေ့ပြောင်းလုပ်သား ၁၀၀၀၀ ကျော်တို့ အိမ်ပြန်ကြရမည်ဖြစ်ကြောင်း ဗန်ကောက်ပို့စ်သတင်းတွင် ဖော်ပြထားပါသည်။

တာ့ခ်ခရိုင်၊ မဲဆောက် တစ်ဖက်ကမ်း၊ မြဝတီနယ်စပ် စစ်ဆေးရေးဂိတ်ရှိ မြန်မာအာဏာပိုင်တို့အနေဖြင့်လည်း ပြန်လာမည့် အလုပ်သမား ၁၀၀၀၀ ကျော်ကို လက်ခံနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ မြဝတီနယ်စပ်သို့ ရောက်ရှိလာသော အလုပ်သမား ၈၄၉၁ ဦးမှာ နယ်စပ်ကိုဖြတ်ကျော်၍ မြန်မာနိုင်ငံဘက်သို့ပြန်လည် ဝင်ရောက်သွားမည်ဟု မျှော်လင့်ကြောင်း၊ မြန်မာအာဏာပိုင်များ အနေဖြင့်လည်း တရားမဝင်လုပ်သားများအား ပြန်လာကြရန် တိုက်တွန်းထားကြောင်း၊ ၎င်းတို့အား မည်သည့် အရေးယူမှုကိုမျှ ပြုလုပ်မည်မဟုတ်ကြောင်းကတိပေးထားသည်ဟု ဖော်ပြထားပါသည်။

ဇွန် ၂၃ ရက်တွင် စတင်အသက်ဝင်ခဲ့သည့် ဥပဒေအသစ်သည် လုပ်သားများအပေါ် အဆင့်အတန်းမီစွာစီမံခန့်ခွဲနိုင်ရန်နှင့် အပြည်ပြည်ဆိုင်ရာ လူမှုအဖွဲ့အစည်းများအတွင်း လူကုန်ကူးမှုနှင့် အလွဲသုံးမှုအပေါ် ရှောင်ရှားရန် ရည်ရွယ်ထုတ်ပြန်ခဲ့ခြင်း ဖြစ်ပါသည်။ အဆိုပါဥပဒေတွင် ပြင်းထန်သော ပြစ်ဒဏ်များ ထည့်သွင်းဖော်ပြထားရှိပြီး လူမှုရေးအရသော် လည်းကောင်း၊ ရာဇဝတ်မှုအရသော် လည်းကောင်း တရားမဝင် ရွှေ့ပြောင်းလုပ်သားများအား ငှားရမ်းသုံးစွဲသော အလုပ်ရှင်များအတွက် ဒဏ်ကြေးကို ဘတ်လေးသိန်းမှ ရှစ်သိန်းအထိ သတ်မှတ်ထားရှိပါသည်။

မြန်မာ ရွှေ့ပြောင်း လုပ်သားများ သာမက မဲဆောက်ခရိုင်ရှိ စီးပွားရေးလုပ်ငန်းရှင်များအတွက်လည်း အကျိုးသက်ရောက်မှုရှိခဲ့ပြီး ယခုဥပဒေတွင် ပါဝင်သည့် ပြင်းထန်သော ပြစ်ဒဏ်ကြောင့် လုပ်သားအင်အား လျော့နည်းမှုကိုဖြစ်ပေါ်စေမည်ဟု ဖော်ပြထားရှိပါသည်။ တစ်ချိန်တည်း၌ပင် မဲဆောက်ရဲတပ်ဖွဲ့၏ အကြီးအကဲဖြစ်သူ ဗိုလ်မှူးကြီး Passakorn Klunwan မှ ၎င်းအနေဖြင့် စည်းမျဉ်းစည်းကမ်းအတိုင်း အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ရွှေ့ပြောင်းလုပ်သားများအပေါ် တံစိုးလက်ဆောင်တောင်းခံသော အရာရှိများကိုလည်း ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ယခင်ပြဌာန်းထားရှိသော ပုဒ်မ (၄၄) သည် လက်ရှိဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အသက်ဝင်နေဆဲ ဖြစ်ပြီး ယခု အမိန့်အရ အရေးယူ ဆောင်ရွက်မှုကို နှောင့်နှေးစေနိုင်ကြောင်း၊ အလုပ်သမားဝန်ကြီးဌာနတွင် ဇွန် ၃၀ ရက်က ပြုလုပ်ခဲ့သော လုပ်သားအင်အား လျော့နည်းမှုပြဿနာ ဖြေရှင်းရေး အစည်းအဝေးတွင် ဒုတိယဝန်ကြီးချုပ် Wissanu Krea-ngam က ပြောကြားခဲ့ပါသည်။

အဆိုပါ အစည်းအဝေးမှ ဆုံးဖြတ်ချက်အား ဝန်ကြီးချုပ်ထံသို့ တင်ပြသွားမည်ဖြစ်ပါသည်။ Mr.Wissanu က ပုဒ်မ (၄၄) တွင် အလုပ်ရှင်နှင့် ရွှေ့ပြောင်းအလုပ်သမားများ အနေဖြင့် ထိုင်းနိုင်ငံ ရွှေ့ပြောင်းအလုပ်သမားများ ဥပဒေတွင် အမိန့်ချမှတ်ပြီး ရက် ၁၂၀ အတွင်းထုချေခွင့်ပေးထားကြောင်း ပြောကြားပါသည်။ ပုဒ်မ (၄၄)၊ ပုဒ်မ (၁၀၁)၊ ပုဒ်မ (၁၀၂)၊ ပုဒ်မ (၁၂၂) တို့တွင် ပြဌာန်းချက်များအရ ပြင်းထန်သော အရေးယူဆောင်ရွက်မှုသည် နှောင့်နှေးဦးမည် ဖြစ်ပါသည်။ အလုပ်ရှင်နှင့် ရွှေ့ပြောင်းအလုပ်သမားများသည် တရားမဝင်လူကုန်ကူးမှု ဥပဒေကို ချိုးဖောက်ခြင်းမရှိပါက တရားဝင်အရေးယူခြင်းပြုမည် မဟုတ်သေးကြောင်း ပြောကြားပါသည်။ ပုဂ္ဂလိကကဏ္ဍအနေဖြင့် အစိုးရအား ရွှေ့ပြောင်းလုပ်သားများ မှတ်ပုံတင်ဗဟိုဌာနများ ဖွင့်လှစ်ပေးရေးနှင့် အကျိုးဆောင် ကိုယ်စားလှယ်များ တရားဝင်ထားရှိပေးရေး တောင်းဆိုသွားသင့်ကြောင်း အကြံပေးခဲ့ပါသည်။ အလုပ်ရှင်များအနေဖြင့် ရွှေ့ပြောင်းလုပ်သားများ မိခင်နိုင်ငံသို့ ပြန်လည်ထွက်ခွာသွားရာ၌ လည်းကောင်း၊ ခွင့်ဖြင့် ပြန်ရာ၌လည်းကောင်း လျော်ကြေးပေးရခြင်း ကိစ္စရပ်အပေါ် ပြန်လည်စဉ်းစားပေးရန် အစိုးရသို့ တောင်းဆိုထားကြောင်း၊ ကဏ္ဍအသီးသီး၌ ထိုင်းနိုင်ငံအလုပ်ရှင်နှင့် ရွှေ့ပြောင်းလုပ်သားများ ဥပဒေအသစ်အား ပညာပေး ပြောကြားရန်လည်း တောင်းဆိုထားကြောင်း ဖော်ပြထား ရှိပါသည်။

Mr.Wissanu ပြောကြားသော မှတ်ပုံတင်ဌာနအသစ်သည် မြန်မာ၊ လာအို၊ ကမ္ဘောဒီးယားတို့အကြား လက်မှတ်ရေးထိုးထားသော MoU ကို မလိုက်နာခြင်း ဖြစ်နိုင်သော်လည်း အခြားသော အကြံပြုချက်များကိုမူ ထည့်သွင်းစဉ်းစားသွားမည်ဟု ပြောကြားခဲ့ပါသည်။

**သောင်းနိုင်(တာချီလိတ်)**
**သတင်းရင်းမြစ် -(၂-၇-၂၀၁၇) ရက်နေ့ထုတ် ထိုင်းနိုင်ငံ Bangkok Post သတင်းစာပါ “Decree Spurs Migrant Worker Exodus” သတင်း**

# One Belt One Road စီမံကိန်းတွင် ဂျာမနီနိုင်ငံပါဝင်လာခြင်းကို တရုတ်သမ္မတ ရှီကျင့်ဖျင်ကြိုဆို

တရုတ်နိုင်ငံက ဦးဆောင်ပြီး လုပ်ဆောင်လျက်ရှိသည့် One Belt One Road စီမံကိန်းတွင် ဂျာမနီနိုင်ငံပါဝင်လာခြင်းကို တရုတ်သမ္မတ ရှီကျင့်ဖျင်က ကြိုဆိုကြောင်း ပြောကြားခဲ့သည်။

အဆိုပါ OBOR စီမံကိန်းတွင် ဂျာမနီနိုင်ငံ၏ အဓိကဆိပ်ကမ်းမြို့ဖြစ်သည့် ဟမ်းဘတ်မြို့ပါဝင်နေသဖြင့် အဆိုပါစီမံကိန်းတွင် ဂျာမနီနိုင်ငံပါဝင်လာခြင်းဖြင့် နှစ်နိုင်ငံအကြား ဆက်ဆံရေးတိုးမြှင့်လာရေးအတွက် အထောက်အကူပြုနိုင်ကြောင်း သမ္မတရှီက ထပ်မံပြောကြားခဲ့သည်။



တရုတ်နိုင်ငံသမ္မတရှီကျင့်ဖျင်သည် ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့တွင် ကျင်းပလျက်ရှိသည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဟမ်းဘတ်မြို့သို့ ရောက်ရှိစဉ် ဟမ်းဘတ်မြို့တော်ဝန်နှင့်တွေ့ဆုံအပြီးတွင် ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

သမ္မတရှီကျင့်ဖျင်သည် ဂျာမနီနိုင်ငံ ဘာလင်မြို့သို့ ဇူလိုင် ၅ ရက်ကရောက်ရှိခဲ့ရာ ဟမ်းဘတ်မြို့တော်ဝန် မစ္စတာ Olaf Scholz က သွားရောက်ကြိုဆိုခဲ့သည်။

သမ္မတရှီကျင့်ဖျင်နှင့် မြို့တော်ဝန် Scholz တို့ တွေ့ဆုံစဉ် သမ္မတရှီကျင့်ဖျင်က ယနေ့အချိန်အခါသည် တရုတ်- ဂျာမနီ၊ တရုတ်-ဥရောပ ပူးပေါင်းဆောင်ရွက်မှုအတွက် အလားအလာကောင်းတစ်ရပ်အဖြစ် ရှိနေပါကြောင်း၊ ဟမ်းဘတ်မြို့သည်ပထဝီအနေအထားအရ အာရှနှင့်ဥရောပကို ဆက်သွယ်ပေးလျက်ရှိသဖြင့် တစ်မူထူးခြားသည့်အနေအထားတွင် ရှိနေပါကြောင်း၊ ထို့ပြင် ဟမ်းဘတ်မြို့သည် တရုတ်နိုင်ငံက ဆောင်ရွက်မည့် တရုတ်-ဥရောပရေကြောင်း ပိုးလမ်းမကြီးတွင်လည်း အချက်အချာကျသည့်ဒေသတစ်ခု ဖြစ်နေပါကြောင်း၊ သို့သော် တရုတ်-ဥရောပ ရထားဖြင့်ကုန်စည်ကူးသန်းပို့ဆောင်ရေးတွင် အရေးပါသည့် လမ်းကြောင်းတစ်ခုအဖြစ်တည်ရှိနေပါကြောင်း ရှီကျင့်ဖျင်က ပြောကြားခဲ့သည်။ ယခုကဲ့သို့တရုတ်နိုင်ငံက ဆောင်ရွက်လျက်ရှိသည့် OBOR စီမံကိန်းတွင် ဂျာမနီနိုင်ငံပါဝင်လာခြင်းသည် ပြီးခဲ့သည့်နှစ်က တရုတ်နိုင်ငံ ဟန်ဇူးမြို့တွင်ကျင်းပခဲ့သည့် ဂျီ-၂၀ထိပ်သီးအစည်း အဝေးမှရရှိခဲ့သည့် အကျိုးကျေးဇူးများပင်ဖြစ်သည်ဟုဆိုသည်။ ယင်းသည်ပင်လျှင် ဟမ်းဘတ်၏ ဝိသေသလက္ခဏာပင်ဖြစ်သည်ဟု ၎င်းက ထပ်မံပြောကြားခဲ့သည်။

ဟမ်းဘတ်မြို့သည် ဂျာမနီ-တရုတ်နှင့် တရုတ်-ဥရောပကုန်သွယ်ရေးတွင် အကောင်းဆုံးသော အနေအထားတွင် ရှိနေကြောင်း၊ ထို့ပြင် ဟမ်းဘတ်မြို့သည် OBOR စီမံကိန်းကိုလည်း အထောက်အကူပေးနေကြောင်း၊ ထို့ကြောင့် တရုတ်နိုင်ငံက ဆောင်ရွက်လျက်ရှိသည့် OBOR စီမံကိန်းတွင် ပါဝင်ဆောင်ရွက်လိုကြောင်း ဟမ်းဘတ်မြို့တော်ဝန်က ပြောကြားခဲ့သည်။

ဟမ်းဘတ်မြို့သည် တရုတ်နိုင်ငံနှင့် နယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဂျာမနီနှင့်တရုတ်နိုင်ငံတို့အကြား၊ ဥရောပနှင့်တရုတ်နိုင်ငံတို့အကြား ဆက်သွယ်ရာတွင် အထောက်အကူပြုလျက်ရှိကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

**မောင်ဆု**